JOURNAL OF THE MYANMAR ACADEMY OF ARTS AND SCIENCE

Myanmar(Language)

Vol. XVIII, No.6D, August, 2020

Myanmar Academy of Arts and Science

Journal of the Myanmar Academy of Arts and Science

Vol. XVIII, No.6D

Contents

Myanmar (Language)

Sr.No.	Title	Page
၁	**တင်တင်ထွေး၊** *ရင်းမြစ်ဗေဒလေ့လာမှုနှင့် မြန်မာဘာသာစကား ပညာရှင်များ အမြင်	၁
၂	**အမ်ဆိုင်းဘူ၊** ဂျိန်ဖော့ဘာသာစကားရှိ စကားထာများ	၁၇
၃	**အေးအေးမြင့်၊** မြန်မာစကားပုံများနှင့် လူမှုဆက်ဆံရေးနောက်ခံများ	၃၅
၄	**ဖြူဖြူငြိမ်းသွယ်၊** မြန်မာစာအရေးအသား ထုံးမီစံမျဖြစ်စေရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ချက်များ	၅၁
၅	**မောင်မောင်ဦး၊** တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်ချက်	၆၃
၆	**မွန်မွန်အောင်၊** မျက်မှောက်ခေတ် မြန်မာသတင်းစာနှင့် ဂျာနယ်များတွင် တွေ့ရသော မြန်မာဝါကျ အထားအသိုအမှားများကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာချက်	၈၃
၇	**ဝင်းဝင်းခိုင်၊** ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ သိမှတ်ဖွယ်ဝေါဟာရများ	၁၀၁
၈	**နန်းဝေစံ၊** ဘာသာစကားထိတွေ့မှုပုံစံများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်း	၁၂၃
၉	**မြသီတာဝင်း၊** မြန်မာစကား အသုံးအနှုန်းအယူအဆကွဲပြားမှု လေ့လာချက်	၁၄၁
၁၀	**ယဉ်လွင်လွင်ထူး၊** မျက်မှောက်ခေတ်လူငယ်တို့၏ ခေတ်ပြိုင်ဘာသာစကား သုံးစွဲမှု	၁၅၅
၁၁	**နီနီအေး၊** လူငယ်သုံးဗန်းစကားများလေ့လာချက်	၁၇၁
၁၂	**ယဉ်ယဉ်စိုး၊** ရှမ်းဆောင်းပါး(၃)ပုဒ်မှ စကားလုံးများကို ဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်း	၁၈၇
၁၃	**အေးနန္ဒာ၊** KG ကလေးများအတွက် သင်ရိုးသစ်သင်ကြားရေး ကဗျာများမှ စကားသံဖွဲ့ပုံလေ့လာချက်	၂၀၃
၁၄	**သီရိဇော်၊** မြန်မာဘာသာစကားရှိ အထူးပြုများလေ့လာခြင်း	၂၂၁
၁၅	**ခင်ချောစု၊** ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသရှိ တိုင်းလွယ်လူမျိုးတို့၏ နေ့စဉ်သုံးစကားလေ့လာချက်	၂၄၁
၁၆	**ခင်စန္ဒာတိုး၊** နတ်ရှင်နောင်ရတုကဗျာများမှ ခွဲထားများနှင့် အတဗေဒအမြင်	၂၅၃

Sr.No.	Title	Page
၁၇	**မြင့်မြင့်ခိုင်၊** ပေါရာဏနှင့် မြန်မာဒေသိယစကား	၂၆၉
၁၈	**တင်မျိုးဟန်၊** ဆရာကြီးမင်းသုဝဏ်၏ မြန်မာဘာသာစကားအမြင်	၂၈၃
၁၉	**အိအိထွေး၊**တက္ကသိုလ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းသုံးဝေါဟာရများ လေ့လာချက်	၂၉၉
၂၀	**ထက်ထက်စိန်ဝင်း၊** နောက်လိုက်ပစ္စည်းနှင့်အဆက်အစပ်	၃၁၇
၂၁	**ခင်ခင်လတ်၊** ကုန်းဘောင်ခေတ် မြန်မာကျောက်စာများမှ ကြိယာပုဒ်များ ဖွဲ့စည်းပုံလေ့လာချက်	၃၂၇
၂၂	**ညိမ်းညိမ်း၊** ရာဇကုမာရ်ပျူကျောက်စာကို အနက်ဖွင့်ခြင်း	၃၄၃
၂၃	**ခင်နီမော်အောင်၊** ရုံးသုံးဘာသာစကားနှင့် စံဘာသာစကား	၃၅၇
၂၄	**လွင်နီနီခိုင်၊** မြန်မာလူနာမည်နှင့် စကားပေါင်းဖွဲ့ခြင်း	၃၆၉
၂၅	**ရွှေရည်မြတ်မွန်၊** နေဝင်းမြင့်၏ ဝတ္ထုတိုများမှ ဝါကျဖွဲ့ဟန်	၃၈၃
၂၆	**သူရိန်ဝင့်ဝင့်ဟန်၊** ဝေါဟာရတ္ထပကာသနီကျမ်းလာ ပဋိပက္ခဝေါဟာရများ လေ့လာချက်	၄၀၃
၂၇	**နန်းသူဇာသိန်းထူး၊** ကရင်ရိုးရာ လက်ဖက်ထုပ်ကမ်းခြင်းဓလေ့နှင့် အနက်ဆက်သွယ်မှုသဘော	၄၁၃
၂၈	**တိုးတိုးဝင်း၊** မြေလတ်တက္ကသိုလ် ကျောင်းသားသုံးမြန်မာစကား	၄၂၉
၂၉	**သင်းသင်းဝေ၊** သံဖြူဇရုပ်မြို့နယ်ရှိ ကျေးရွာအမည်များကို ဘာသာဗေဒ အမြင်ဖြင့် လေ့လာချက်	၄၄၅
၃၀	**ဇင်မာထွေး၊** ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ထွက်မိန့်ခွန်း(၂)ရပ်အားဟန်ဗေဒ (ဘာသာ) ရှုထောင့်မှလေ့လာချက	၄၅၉
၃၁	**သန်းသန်းအေး၊** မြန်မာဘာသာစကား၏ အနက်ဆက်စပ်ခြင်း	၄၈၇
၃၂	**ထွန်းအောင်ကျော်၊** မြန်မာဘာသာစကားကို စကားစဉ်ပုံစံဘာသာစကားအဖြစ် ရှုမြင်သုံးသပ်ခြင်း	၅၀၁
၃၃	**အိအိချော၊** ပင်းယခေတ်ကျောက်စာများမှ နာမ်ပစ္စည်းအသုံးများလေ့လာချက်	၅၁၃
၃၄	**ခင်ချိုလတ်၊** ထိုင်းနိုင်ငံခရီးသွားဒေသများအကြောင်းကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာသုံးသပ်ခြင်း	၅၃၁
၃၅	**စိုးစိုးနိုင်၊** လော်ဝေါတိုင်းရင်းသားတို့၏ ဓလေ့သုံးစကားများ	၅၅၃
၃၆	**နုနုသိန်း၊** ရှမ်းစကားထာများကိုသိမြင်မှုဆိုင်ရာ အတ္ထဗေဒရှုထောင့်မှလေ့လာချက်	၅၇၁

Sr.No.	Title	Page
၃၇	**လူတောင်၊** မတ်ဝမ်ဘာသာစကားတွင် တွေ့ရသော မွေးစားစကားလုံးများ	၅၉၁
၃၈	**တင်တင်မွန်း၊** အနောက်စကောကရင် စာအရေးအသားစနစ်	၆၀၁
၃၉	**အိအိမွန်၊** ရခိုင်ဘာသာစကား၌ ကြိယာဝိသေသနပြဿနာ	၆၁၅
၄၀	**မြမြဝင်း၊** တီးတိန်ဓိမီးဘာသာစကား၏ ဝဏ္ဏတည်ဆောက်ပုံလေ့လာချက်	၆၃၅
၄၁	**မိန္ဓယ်သန်း၊** မြန်မာနှင့်မွန် မျိုးပြစကားလုံးများနှိုင်းယှဉ်လေ့လာချက်	၆၄၇
၄၂	**ခင်သန္တာကျော်၊** ကြော်ငြာဘာသာစကားကို ရေးဟန်ပညာဖြင့်လေ့လာခြင်း	၆၆၁
၄၃	**ညွန့်ညွန့်ဝေ၊** နဝဒေး၏ရတုကဗျာများမှ အနက်ပြစကားလုံးများ	၆၇၅
၄၄	**ခင်ပပထွန်း၊** မြန်မာ့ရွှေချည်ထိုး လုပ်ငန်းသုံးဝေါဟာရများ လေ့လာချက် (လူမှုဘာသာဗေဒ)	၆၈၇
၄၅	**စန်းစန်းအေး၊** သီတာသောင်ခြေဦးဝတ္ထုမှ စကားလုပ်ဆောင်ချက်များကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာချက်	၇၁၇
၄၆	**ဦင်မော်ဝင်း၊** မမြင်ရသောအနက်များ	၇၃၁
၄၇	**အေးအေးမွန်၊** မြန်မာ့လက်မှု လုပ်ငန်းဆိုင်ရာ ဝေါဟာရများ	၇၄၉
၄၈	**ခင်မာဆွေ၊** မြန်မာဘာသာစကားမှပစ္စည်း စကားလုံးများ၏အရေးပါမှု	၇၆၇
၄၉	**စဃယ်၊** ဖလမ်းချင်းဘာသာစကား၏ စကားသံဖွဲ့ပုံလေ့လာချက်	၇၈၁
၅၀	**ဝါဝါလွင်၊** မြန်မာဘာသာစကားရှိ ကြိယာရှေ့ထောက်ပစ္စည်းများ	၇၉၃
၅၁	**ဥမ္မာခင်၊** ရှေးမွန်လုံးချင်း သရသင်္ကေတများ	၈၀၇
၅၂	**လေးငုံ၊** မြန်မာဘာသာစကားနှင့် ဟောပြောမှုဆိုင်ရာအတတ်ပညာ (သို့မဟုတ်) ဘာသာ စကားစွမ်းရည် (လူမှုဘာသာဗေဒလေ့လာချက်)	၈၂၃
၅၃	**နန်းမြမြဝင်း၊** မြေပြန့်ချင်းဘာသာစကား၏ စကားသံကို ဆန်းစစ်ခြင်း	၈၃၉
၅၄	**နေလင်း၊** မြန်မာဘာသာစကားရှိ လိင်ညွှန်းစကားများကို စကားလုံးဖွဲ့ပုံ ရှုထောင့်မှ လေ့လာခြင်း	၈၆၇
၅၅	**တင်ဝင်း၊** စကားပြောစိစစ်မှုဆိုင်ရာ သဘောလက္ခဏာရပ်များ လေ့လာချက်	၈၇၉

Edition
2020, August, 1000 Copies

Copyright

Ministry of Education

Published by

Dr Aung Min (00322) Chairman, Journal Publication Committee,
Myanmar Academy of Arts and Science

ISSN 2520-0186
LCCN 2003-323143

Printed by

U Win Aung (00171), Manager,
Universities Press, Yangon, Myanmar

ရင်းမြစ်ဗေဒလေ့လာမှုနှင့် မြန်မာဘာသာစကား ပညာရှင်များအမြင်*

တင်တင်ထွေး[၁]

ဓာတ်မ်းအကျဉ်း

ဤစာတမ်းသည် ဘာသာဗေဒလေ့လာမှုနယ်ပယ်တစ်ခုဖြစ်သော ရင်းမြစ်ဗေဒလေ့လာမှု (Etymology) နှင့် မြန်မာဘာသာစကား ပညာရှင်များ၏ လေ့လာမှုအမြင်ကိုဆက်စပ် ဖော်ထုတ်တင်ပြ လိုခြင်း ဖြစ်ပါသည်။ အလေ့လာခံအဖြစ် ဝေါဟာရအဖွင့်ကျမ်းများနှင့် ဘာသာစကားဆိုင်ရာဆောင်ပါး အချို့ကို သတ်မှတ်လေ့လာထားပါသည်။ ဤသို့လေ့လာခြင်းအားဖြင့် မြန်မာပညာရှင်ကြီးများ၏ ဝေါဟာရကြံဆချက်များသည် အနောက်တိုင်းဘာသာဗေဒ ပညာရှင်များ၏ ဘာသာဗေဒလေ့လာမှု များနည်းတူ စနစ်ကျနစွေ့စပ်သေချာသော ကြံဆချကများဖြစ်ကြောင်းသိရှိစေပြီး ဝေါဟာရအဖွင့် ကျမ်းများ၏ ဂုဏ်ရည်ကို ဖော်ထုတ်တင်ပြရန်ရည်ရွယ်ပါသည်။ ဤစာတမ်းသည်မြန်မာ ဝေါဟာရတို့၏ အနက်အရင်းအမြစ်ကို လေ့လာသိရှိစေနိုင်သည့်နည်းတူ မြန်မာရင်းမြစ်အဘိဓာန်များ ပေါ်ထွန်းစေရေး အတွက်လည်း အထောက်အကူပြုနိုင်လိမ့်မည် ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ– ရင်းမြစ်ဗေဒ၊ ဝေါဟာရအဖွင့်ကျမ်း၊ အနက်အဓိပ္ပာယ်၊ စာလုံးပေါင်း သတ်ပုံ၊ ဘာသာဗေဒ၊ သမိုင်းဘာသာဗေဒ၊ မွေးစား စကားလုံး၊ ဝေါဟာရရင်းမြစ်၊ သမိုင်းကြောင်းလေ့လာမှု။

နိဒါန်း

မြန်မာဘာသာစကားအတွင်းရှိ စကားလုံးဝေါဟာရတိုင်း၏ အနက်အဓိပ္ပာယ်ကို ဘာသာစကား တတ်ကျမ်းသူတိုင်း မသိနိုင်ပါ။ သိမယောင်ယောင်နှင့်မသိသော ဝေါဟာရပေါင်းများစွာ ရှိနိုင်ပါသည်။ ယနေ့ခေတ်တွင် မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော "မြန်မာအဘိဓာန်"ထဲတွင် အလွယ်တကူရှာဖွေသိရှိနိုင်သော်လည်း ရှေးအခါကမူသိလိုသော ဝေါဟာရ၏အနက်အဓိပ္ပာယ်ကို ရှာဖွေဖို့ရန် အားထားစရာ အဘိဓာန်ကျမ်းများ မပေါ်ပေါက်ခဲ့သေးပေ။ ထိုအခြေအနေတွင် ရှေးပညာရှင်တို့သည် မြန်မာဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကို ဝေါဟာရအဖွင့်ကျမ်းများတွင် အားထုတ်ကြံဆ ဖွင့်ဆိုခဲ့ကြပေသည်။

"ဝေါဟာရ" ဆိုရာ၌ရည်ညွှန်းအနက်[၂] (ဝါ) အဘိဓာန်အနက်ရှိသော စကားလုံးမျိုးကို ညွှန်းဆိုပါသည်။ ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကို ဖော်ထုတ်ရာတွင် စကားလုံးတို့၏ ဖြစ်နိုင်ရာနေရာနှင့် အခြေအနေအရပ်ရပ်ကိုစူးစမ်း၍ ဖော်ထုတ်ပေးရသည်။ အချို့စကားလုံး ဝေါဟာရများသည် အခြားသော ဘာသာတို့မှ မွေးစားယူထားသော ဝေါဟာရများဖြစ်ကြသည်။ အချို့စကားလုံး ဝေါဟာရတို့သည် မူလ အနက်သာမက အသုံးပြုသူတို့၏ လူမှုအခြေအနေ၊ ပြောသူနှင့်နာသူအကြားရှိခံစားမှု၊ စကား အတွဲအစပ် ဖြင့် အနက်ပြောင်းခြင်းစသော ဂယက်အနက်[၃]များလည်း ရှိနိုင်ပေရာ ထိုအနက်အဓိပ္ပာယ် သဘောတရား များကိုခြုံငုံမိအောင် ပညာရှင်များက ကြံဆဖွင့်ဆိုခဲ့ကြပေသည်။ မြန်မာဘာသာစကား ပညာရှင်များက ဝေါဟာရ၏ အနက်အဓိပ္ပာယကို ဝေါဟာရအဖွင့်ကျမ်းများတွင် ဖွင့်ဆိုကြပါသည်။ အနောက်တိုင်းတွင် ဘာသာဗေဒနှင့်နီးနွယ်ကာ အတ္ထဗေဒပညာရပ်ဖြင့် လေ့လာမှုများပြုခဲ့ကြသည်။ ဝေါဟာရ၏အနက် အဓိပ္ပာယ်ကြံဆရာတွင် အတ္ထဗေဒပညာရပ်သည် အရေးပါသကဲ့သို့ ရင်းမြစ်ဗေဒသည်လည်း အရေးပါ

---

[၁] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ လားရှိုးတက္ကသိုလ်

[၂] referential meaning

[၃] connotative meaning

* Best Paper Award Winning Paper in Myanmar(Language)(2019)

သောပညာရပ်ဖြစ်ပါသည်။ ထို့ကြောင့် ရင်းမြစ်ဗေဒ၏သဘောနှင့် မြန်မာပညာရှင်တို့၏ ကြံဆချက်များကို လေ့လာတင်ပြသွားမည် ဖြစ်သည်။

သုတေသနနောက်ခံ

ဘာသာဗေဒလေ့လာမှုနယ်ပယ်တစ်ခုဖြစ်သော ရင်းမြစ်ဗေဒလေ့လာမှု (Etymology) ကိုလေ့လာခြင်း၊ Jean, Aitchison ၏ *General Linguistics* စာအုပ်ကိုလေ့လာဖတ်ရှုခြင်း၊ မြန်မာဘာသာ စကားပညာရှင်များ၏ ဝေါဟာရအဖွင့်ကျမ်းများ၊ ဘာသာစကားဆိုင်ရာစာအုပ်များ၊ ဆောင်းပါးများဖတ်ရှုခြင်း၊ ဘာသာဗေဒရင်းမြစ်ဗေဒလေ့လာမှုနှင့် မြန်မာဘာသာ ရင်းမြစ်ကြံဆမှုတို့ကို နှိုင်းယှဉ်လေ့လာခြင်း၊ Internet အကိုးအကားတို့ရှာဖွေခြင်း တို့ပြုလုပ်ပါသည်။

စာပေလေ့လာဆန်းစစ်ချက်

ရင်းမြစ်ဗေဒလေ့လာမှုပညာနှင့်ပတ်သက်၍ မြန်မာဘာသာစကားဆိုင်ရာ စာအုပ်များမပေါ်ထွက်သေးပါ။ ဘာသာဗေဒ၊ သဒ္ဒဗေဒ၊ အတ္ထဗေဒဆိုင်ရာစာအုပ်များ ပေါ်ထွက်ခဲ့သော်လည်း ရင်းမြစ်ဗေဒဆိုင်ရာ စာအုပ်စာတမ်းမရှိသေးပါ။ ဒေါက်တာကိုလေး၏ "ဘာသာစကားလေ့လာမှု" စာအုပ်တွင် အနည်းငယ်မျှသာ ခေါင်းစဉ်ငယ်တစ်ခုအဖြစ် ဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤသုတေသနစာတမ်းသည် လေ့လာမှုနယ်ပယ်အသစ် ဖြစ်ပါသည်။

သုတေသနမေးခွန်း

- မြန်မာဘာသာစကားလေ့လာမှုတွင် ရင်းမြစ်ဗေဒ (**Etymology**) လေ့လာမှုမျိုးရှိသလား။
- ထိုလေ့လာမှုမျိုး ဘယ်အချိန်ကစခဲ့သလဲ။
- ရင်းမြစ်ဗေဒ အဘိဓာန်များပေါ်ထွက်ရန် လိုအပ်နေကြောင်း
- ရင်းမြစ် အဘိဓာန်များ ပေါ်ထွက်ခြင်း၏ အကျိုးရလဒ်

၁။ ရင်းမြစ်ဗေဒ[၀]၏အဓိပ္ပာယ်

ရင်းမြစ်ဗေဒဟူသော ဝေါဟာရသည် ဂရိဘာသာစကား etymon မှ ဆင်းသက်လာပြီး root, true meaning ဟု အဓိပ္ပာယ်ရပါသည်။ ရင်းမြစ်ဗေဒကို

> 'စကားလုံးတို့၏ မူလအရင်းအမြစ်ကို လေ့လာသောပညာရပ်ဖြစ်သည်။ စကားလုံးတို့၏ သမိုင်းကြောင်းနှင့် အနက်အဓိပ္ပာယ်ပြောင်းလဲလာမှု တို့ကိုလေ့လာသည့် ပညာရပ်ဖြစ်သည်။"[၂]

ဟု ဖွင့်ဆိုနိုင်သည်။

၂။ ရင်းမြစ်ဗေဒလေ့လာမှု

ရင်းမြစ်ဗေဒလေ့လာမှုကို ၁၇ ရာစုခန့်ကပင် "ဆာသောမတ်ဘရောင်း"[၁] ဆိုသူကစတင်လေ့လာမှုပြုခဲ့သည်။ ဆာသောမတ်ဘရောင်းသည် ရင်းနှီးကျွမ်းဝင်ပြီးသော စကားလုံးများနှင့် အနက်ရင်းမြစ်

[၀] Etymology

[၂] Dictionary of Language and Linguistics, 1972, 79.

မသိသေးသော စကားလုံးများ၏ အနက်အဓိပ္ပာယ် အပြည့်အဝတို့ကို သိရှိနိုင်ရန်အတွက် လည်းကောင်း၊ ရှေးနှင့်ခေတ်စကားလုံးတို့၏ အနက်အဓိပ္ပာယ် ပြောင်းလဲမှုတို့ကိုလည်းကောင်း အရင်းအမြစ်သိရှိနိုင်ရန် လေ့လာမှုပြုခဲ့သည်။ သို့ရာတွင် သူ၏လေ့လာမှုများတွင် ယုတ္တိမတန်သောအချက်များ၊ အားနည်းချက်များ ရှိနေခဲ့သည်။

၁၉ ရာစုတွင်ဒဿနပညာရှင် ဖရန်ရစ်နက်ဇေချီ[2] အကျင့်စာရိတ္တပိုင်းဆိုင်ရာကို အခြေခံသော သဘောလက္ခဏာများကိုဖော်ထုတ်လျက် စိတ်ပညာနှင့်နီးနယ်ကာ ရင်းမြစ်ကြဆချက်များပြုခဲ့သည်။ သို့သော် ဖရန်ရစ်နက်ဇေချီနှင့် နောက်ပါ ရင်းမြစ်ပညာရှင်တို့၏ လေ့လာမှုများသည်လည်း မှားယွင်းမှုများ ရှိခဲ့သည်။

၂၀ ရာစုတွင် အတွေးအခေါ်ပညာရှင် ဂျက်ကွက်ဒရီဒါ[3]က စကားလုံးများ၏ ရင်းမြစ်အနက် အဓိပ္ပာယ်သဘောကို ထောက်ပြဆွေးနွေးခဲ့သည်။ ဂျကကွက်ဒရီဒါသည် ဝေါဟာရအဆင့်ဆင့် ဆင်းသက် လာပုံကိုဖေယားဆွဲကာ လေ့လာတင်ပြခဲ့သည်။ ဂျက်ကွက်ဒရီဒါ၏ လေ့လာမှုသည်သင့်တင့် လျောက်ပတ်ပြီး စနစ်ကျသဖြင့် ရင်းမြစ်ဗေဒလေ့လာမှုသည် ပိုမိုထင်ရှားလာသည်။

(၂၀၀၀)ခုနှစ်တွင် 'ဝေါတာစကိတ်'[4] က "The Concise Dictionary of English Etymology" စာအုပ်၊ (၂၀၀၅) ခုနှစ်တွင် 'အနာတိုလီ လီဘာမင်'[5] က "Word Origins . , and How We know Them; Etymology for Every one" စာအုပ်တို့ကိုထုတ်ဝေခဲ့သည်။ နောက်ပိုင်းတွင် ရင်းမြစ် အဘိဓာန် များပင် ပေါ်ထွက်ခဲ့ပြီဖြစ်သည်။

အနက်အဓိပ္ပာယ်ကို လေ့လာသော အတ္ထဗေဒပညာရှင်တို့သည် စကားလံးတို့၏အနက်အဓိပ္ပာယ် ပြောင်းလဲမှုကို လေ့လာရာတွင်လည်းကောင်း၊ စကားလုံးတို့၏ မူလရင်းမြစ်ကိုဖော်ထုတ်ရာ၌ လည်းကောင်း ရင်းမြစ်ဗေဒလေ့လာမှုကို လက်ကိုင်ပြုခဲ့ကြသည်။ ရင်းမြစ်ကိုလေ့လာရာတွင် –

၁။ စကားလုံးတို့၏ သမိုင်းကြောင်းကိုလေ့လာခြင်း

၂။ အခြားဘာသာစကားတို့မှ မွေးစားသောစကားလုံးများကို လေ့လာခြင်း

၃။ ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကိုလေ့လာပြီး ထိုဝေါဟာရတို့၏ အခြေအနေဆက်စပ်မှုများကို လေ့လာခြင်း

၄။ မျိုးနွယ်တူဘာသာစကား ဆင်းသက်လာမှုကို အခြေခံ၍ စကားလုံးရင်းမြစ်ကိုလေ့လာခြင်း

၅။ မယဉ်ကျေးသောစကားလုံးများကို ယဉ်ကျေးအောင် သုံးနှုန်းပြောဆိုခြင်းဖြင့် မူလစကားလုံး၏ အနက်ရင်းမှန် ကို ရှာဖွေခြင်း

၆။ ဗန်းစကားများမှ နေ့စဉ်သုံးစကားများအဖြစ် ရောက်ရှိသွားသော စကားလုံးတို့၏ အနက်အရင်း အမြစ်ကို လေ့လာခြင်း[6]

စသည့်အချက်များကိုအခြေခံ၍ လေ့လာမှုပြုကြသည်။

ဘာသာစကားတစ်ခုအတွင်း၌ပင် အချိန်ကာလပြောင်းလဲသည်နှင့်အမျှ မူလစကားလုံး၏အနက်

---

[1] Browne, Thomas, Sir
[2] Nietzsche, Friendrich
[3] Derrida, Jacque
[4] Skeat, Walter .W
[5] Liberman , Anatoly
[6] http; // en. Wikipedia. org /wiki/ Etymology

အဓိပ္ပာယ်များလည်း ပြောင်းလဲတတ်သည်။ ထို့ကြောင့် ရင်းမြစ်ဗေဒပညာရှင်တို့က စကားလုံးတို့၏ သမိုင်းကြောင်းနှင့် အနက်အဓိပ္ပာယ်ပြောင်းလဲမှုတို့ကို လေ့လာခဲ့ကြသည်။ သာဓကအားဖြင့် – အင်္ဂလိပ် ဘာသာစကားတွင်

old English	Modern English
mete (food in general)	meat (animals flesh used as food)

ဟူ၍စကားလုံးတစ်ခု၏ မူရင်းအနက်သည် ခေတ်ကာလပြောင်းလဲလာသည်နှင့် မူရင်းအနက်မှရွေ့လျော သွားသည့် သဘောကိုတွေ့နိုင်သည်။ စကားလုံးတစ်လုံးကို အခြားစကားလုံး တစ်လုံးနှင့်ပေါင်းစပ် လိုက်လျှင်လည်း အနက်အဓိပ္ပာယ် ပြောင်းလဲတတ်သည်။

အင်္ဂလိပ်ဘာသာစကားတွင် မူလက

groom မြင်းထိန်း၊ အစေခံလုပ်သား ဟု

အနက်ရှိသော်လည်း နောက်ပိုင်းတွင်

bride groom သတို့သား[၁]

ဟူသည့်သာဓကကိုကြည့်လျှင် မူရင်းစကားလုံး၏ အနက်အရင်းအမြစ်ကိုသိမြင်ရန် ခက်ခဲသဖြင့် ရင်းမြစ် ဗေဒ ပညာရှင်များက စူးစမ်းလေ့လာဖော်ထုတ် ခဲ့ကြခြင်းဖြစ်သည်။

၃။ မြန်မာဘာသာစကားပညာရှင်များ၏ ဝေဟာရရင်းမြစ်ဆိုင်ရာလေ့လာမှု

မြန်မာဘာသာဖြင့် ရေးသားပြုစုခဲ့ကြသော ဘာသာစကားဆိုင်ရာ ကျမ်းများ၊စာအုပ်များစွာ ရှိပါ သည်။ ထိုကျမ်းများစွာတွင် etymology ကို မြန်မာပြန်ဆိုထားချက်ကို မတွေ့ရှိရပါ။

ဦးဖိုးလတ်က "ရင်းမြစ်"[၂] ဟုလည်းကောင်း၊ ဦးဖေမောင်တင်က "စကားလုံး၏အရင်းအမြစ်"[၃] ဟုလည်းကောင်း၊ မြကေတုက "စကား၏အရင်းအမြစ်"[၄] ဟုလည်းကောင်း၊ ဒေါ်သန်းဆွေက "ဝေါဟာရ အရင်းအမြစ်"[၅]ဟုလည်းကောင်း၊ မောင်ခင်မင် (ဓနုဖြူ)က"ဝေါဟာရတို့၏ အရင်းအမြစ်"[၆]ဟု လည်းကောင်း၊ မောင်သာနိုးက "စကားလုံးရင်းမြစ်"[၇] ဟုလည်းကောင်းသုံးခဲ့ကြသည်။ အထက်ပါ အထောက်အထားများအရ **"စကားလုံးအရင်းအမြစ်"၊ "ဝေါဟာရအရင်းအမြစ်"** ဟူ၍သာ မြန်မာပညာရှင် အများက သုံးနှုန်းရေးသားခဲ့ကြကြောင်း တွေ့နိုင်သည်။ Biology ကိုဇီဝဗေဒ၊ philosophyကို ဒဿနိက ဗေဒ၊ semantics ကို အတ္ထဗေဒ၊phonetics ကို သဒ္ဒဗေဒစသည့် အသုံးမျိုးဖြင့် etymology ကိုလည်း **ရင်းမြစ်ဗေဒ** ဟု ခေါ်ဝေါ်သင့်သည် ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် phonology ကိုဝဏ္ဏဗေဒ (စကားသံဖွဲ့မှုပညာ)ဟု ပြန်ဆိုသုံးစွဲကြသကဲ့သို့ etymology ကိုလည်း **ရင်းမြစ်ဗေဒ (ရင်းမြစ်ပညာ)** ဟု ခေါ်ဝေါ်သတ်မှတ်နိုင်မည် ထင်ပါသည်။

---

[၁] Aitchison, 1972, 145.
[၂] ဖိုးလတ်၊ဦး၊ ၁၉၆၂၊ ၈။
[၃] ဖေမောင်တင် ၊ဦး၊ ၁၉၅၈၊ ၄၁ ။
[၄] မြကေတု၊ ၁၉၆၈၊ ၄၄၁ ။
[၅] သန်းဆွေ၊ဒေါ် ၊ ၁၉၈၀၊ ၂၄၅။
[၆] ခင်မင်၊ မောင်၊ ၁၉၉၂၊ ၂၃။
[၇] သာနိုး၊မောင် ၊ ၂၀၀၁၊ ၂၀၃။

မြန်မာဘာသာစကားတွင် ရင်းမြစ်ဗေဒလေ့လာမှုကို ဝေါဟာရအဖွင့်ကျမ်းများ ပေါ်ပေါက်လာသည့် အချိန်ကတည်းက စတင်ခဲ့သည်ဟုဆိုနိုင်ပါသည်။

မြန်မာသက္ကရာဇ် ၁၁၃၁ ခုနှစ်တွင် ပေါ်ထွက်လာခဲ့သော ဒုတိယကျော်အောင်စံထားဆရာတော်၏ **ဝေါဟာရတ္ထပကာသနီကျမ်း**သည် မြန်မာအက္ခရာ အရေးအသားဆိုင်ရာ၊ စာလုံးပေါင်းသတ်ပုံဆိုင်ရာ၊ သဒ္ဒါဆိုင်ရာ၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် ဝေါဟာရတို့၏ အနက်ရင်းမြစ်တို့ကိုပါ ကြံဆပြထားသည့်ကျမ်းဖြစ်သည်။ 'ဂေါ်သဇင်'၊ 'လှေသင်းဘော'၊ 'ဆည်းဆာ'စသည့် ဝေါဟာရတို့၏ အနက်ရင်းကို ဖော်ထုတ် ကြံဆပုံမျိုး ဖြစ်သည်။

ဝေါဟာရဝိပွလ္လာသလက္ခဏဒီပကကျမ်းတွင်လည်း ဝေါဟာရပေါင်း ၁၄၈၄ လုံးတို့၏အနက်ကို ကြံဆဖွင့်ဆိုခဲ့သည်။ ကျမ်းပြုသူသည် ပါဠိ–သက္ကတမှလာသော ဝေါဟာရတို့၏အနက် အရင်းအမြစ်ကိုပြသကဲ့သို့ အသံပြောင်းလဲပုံ၊ အက္ခရာပြောင်းလဲပုံတို့ကိုပါ ဆက်စပ်ပြခဲ့သည်။

လှေသင်းအတွင်းဝန်ဦးချိန်၏ **ဝေါဟာရလိနတ္ထိပနီကျမ်း**တွင် ပါဠိ–သက္ကတမှလာသော ဝေါဟာရတို့၏ရင်းမြစ်ကို ဖော်ထုတ်ဖွင့်ဆိုပြထားသည်။ ထိုကျမ်းသည်ဝေါဟာရ ရင်းမြစ်ကြံဆရာတွင် သက္ကတ၊ မာဂဓဘက် ဆွဲလွန်းသည်ဟု နှောင်းခေတ်ပညာရှင်တက မှတ်ချက်ချခဲ့ကြသည်။ နှောင်းခေတ်ပညာရှင်များ မှတ်ချက်ချသည့် အတိုင်းပင် သက္ကတ၊ မာဂဓဘက်ဆွဲလွန်းသည့် ဝေါဟာရများပါဝင်သည်။

သာဓကအားဖြင့် – ဝါရိ (မာဂဓ) > ရေ ၊ ဂဂန (မာဂဓ) > ကောင်းကင်
မေဓနီ (မာဂဓ) > မြေ ဖြစ်လာသည်ဟု ကြံဆ ပုံမျိုးဖြစ်သည်။

မြန်မာဝေါဟာရတို့၏ အရင်းအမြစ်ကိုဖော်ထုတ်ဖွင့်ဆိုပြီး မြန်မာနှင်မျိုးနွယ်တူဘာသာစကားများနှင့်ဆက်စပ်ကာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ခဲ့သောပညာရှင်မှာ ဦးဖိုးလတ်ဖြစ်သည်။ ဦးဖိုးလတ်သည် **မြန်မာလအမည်များ၊ မြန်မာနေ့အမည်များနှင့် နှစ်အမည်များ၊ မြန်မာစကား အဖွင့်ကျမ်း (၃)တွဲ**တို့ တွင် မြန်မာဝေါဟာရများကို နှစ်ပေါင်းများစွာ သုတေသနပြုပြီး အရင်းအမြစ်ကျကျ ဖော်ထုတ်ဖွင့်ဆိုခဲ့ သည်။

ဦးကောသလ္လ၏ **ဖြဟ္မနီရူတ္တိနယသင်္ဂဟ**နှင့် **မြန်မာစကားလုံးပြောင်းထုံးကျမ်း**တွင်လည်း ဝေါဟာရတို့၏ အနက်နှင့်ရင်းမြစ်တို့ကို လေ့လာဖော်ထုတ်ထားသည်။ မြန်မာ**စကားလုံးပြောင်းထုံးကျမ်း** ပထမတွဲကိုပုံနှိပ်မူအဖြစ် ၁၉၈၅ ခုနှစ်တွင်စာပေပေါင်းကူး ပုံနှိပ်တိုက်တွင်ရိုက်နှိပ်ခဲ့ပြီး 'က' မှ'လွှမ်း'အထိ ဝေါဟာရများ၏ အနက်ကိုဖွင့်ဆိုထားပါသည်။ ထိုဝေါဟာရအဖွင့်ကျမ်းများသာမက

ဦးလူဖေဝင်း၏ **မြို့ရွာရပ်ကွက်ဆိုင်ရာမွန်အမည်များ (၁၉၁၇)**
ဗိုလ်မှူးဘသောင်း (မောင်သုတ)၏ **မြန်မာစာမြှင့်ချင်လွန်းလို့ (၁၉၆၀)**
ဒေါ်သန်းဆွေ၏ **ပုဂံခေတ်ဘွဲ့အမည်များ (၁၉၆၂)**
ဦးတင်လှ၏ **ဘာသာနှင့်စာပေ (၁၉၆၆)**
မြကေတု၏ **စာပေတန်ဆောင် (၁၉၆၇)**
ဒေါ်သန်းဆွေ၏ **အတွင်းသက်သေ (၁၉၈၀)**
မင်းသုဝဏ်၏ **ပန်းနှင့်ပင်စည် (၁၉၈၅)**
မောင်သာနိုး၏ **မြန်မာ့စကားနဲ့စာပေ (၂၀၀၁)** စသည့် ဝေါဟာရကြံဆမှုဆိုင်ရာ စာအုပ်၊ စာတမ်း၊ ဆောင်းပါးများတွင်လည်း ရင်းမြစ်ကြံဆလေ့လာမှုများကို များစွာတွေ့ရသည်။

ဦးလူဖေဝင်း၏ **"မြို့ရွာရပ်ကွက်ဆိုင်ရာ မွန်အမည်များ"**တွင် ကမာရွတ်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ သင်္ကန်းကျွန်းစသည့် မွန်အမည်များက အနက်အရင်းအမြစ်နှင့်တကွ လေ့လာဖော်ထုတ်ပြခဲ့သည်။

ဒေါ်သန်းဆွေ၏ **"ပုဂံခေတ်ဘွဲ့အမည်များ"**စာတမ်း၌ ပုဂံခေတ်က ဘွဲ့အမည်များ၏ ရင်းမြစ်ဖြစ်သော ပါဠိဝေါဟာရများ၏အနက်ကို ကြံဆဖော်ထုတ်ပြခဲ့သည်။**"မြန်မာဘာသာစကား၊ မန်မာကျောက်စာစာတမ်း ဆောင်းပါးများ"** မှ **"အတွင်းသင်္ဘော"** ဆောင်းပါးတွင် ဒေါ်သန်းဆွေက ပုဂံခေတ် 'ကလသာအိုး'၊ 'ကပ္ပိယကုဋ္ဌိ ' ဝေါဟာရတို့၏ရင်းမြစ်ကို ဖော်ထုတ်ပြခဲ့ပါသည်။

မြကေတု၏ **"စာပေတန်ဆောင်"**စာအုပ်တွင် **'နှပ်'** ဝေါဟာရ၏ရင်းမြစ်ကို ကြံဆပြုပုံကိုလည်း တွေ့ရသည်။ **"မွန်စကားမှ ကောက်ယူမွေးစားထားသော မြန်မာဝေါဟာရစကားလုံးများ"** ဆောင်းပါးတွင် **'ကန္ဒား'**၊ **'ကတော'**၊ **'တလား'**၊ **'ကတုတ်'**၊ **'ဒိုက်သရော** စသည့် မွန်ဝေါဟာရများ၏ အနက်အရင်းအမြစ်ကို ဖော်ထုတ်တင်ပြထားသည်။ ဝေါဟာရင်းမြစ်ဆိုင်ရာ အယူအဆနှင့်စပ်လျဉ်း၍ မောင်သာနိုးက **"မြန်မာ့စကားနဲ့စာပေ"** စာအုပ်တွင်**"စကားလုံးရင်းမြစ်ဆိုတာ"**[၁] ဟူသော ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။ ထိုဆောင်းပါးတွင် ရှေးပညာရှင်အချို့သည် စကားလံးအသစ်အဆန်းတစ်ခုတွေ့လျှင် သူတို့ကျွမ်းဝင်သော ပါဠိဘာသာနှင့် ချိန်ထိုးကြည့်တတ်ကြောင်း၊ ကိုလိုနီခေတ်တွင်ပေါ်လာသော အင်္ဂလိပ်စကား magazine ကိုပါဠိဘက်ဆွဲကာ **'မဂ္ဂဇ'** မှ လာသည်ဟုဖွင့်ဆိုကြကြောင်း၊ **'မဂ္ဂင်း'**မှာ ပြင်သစ်စကား magasin မှ လာကြောင်း၊ ထိုပြင်သစ်စကား magasin မှာလည်း အာရဗီစကား makhzin မှလာ၍ **"သိုလှောင်ရုံ"**ဟု အဓိပ္ပာယ်ရကြောင်း၊ သို့ဖြစ်၍မိမိသန်ရာကို ဆွဲတွေး၍မကြံဆသင့်ကြောင်း ဖော်ပြခဲ့ သည်။

ထို့ကြောင့် မြန်မာဘာသာစကားလေ့လာမှုတွင် စကားလုံးအရင်းအမြစ်လေ့လာမှုကို မြန်မာ ပညာရှင်များ အာရုံစူးစိုက်ခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။

၃၊ ၁ ။ စကားလုံးတို့၏ သမိုင်းကြောင်းကိုလေ့လာခြင်း

"မြန်မာဘာသာစကား၊ မြန်မာကျောက်စာစာတမ်း၊ ဆောင်းပါးများ" စာအုပ်တွင် ဒေါ်သန်းဆွေက

> "ဝေါဟာရဟူသည် ခေတ်၏လိုအပ်ချက်အလျောက် ထိုခေတ်အကြံဉာဏ်ရှင်များက ဖြည့်ဆည်းဖန်တီးပေးခဲ့သော စကားစုများပင် ဖြစ်သည်။
>
> ထိုဝေါဟာရတို့သည် နှောင်းခေတ်အဆက်ဆက် ခေတ်သူခေတ်သားများ၏ အလိုဆန္ဒကိုလိုက်၍ အသုံးနယ်ပိုမိုကျယ်ပြန့် လာသည်လည်းရှိ၏။ အသုံးနယ်ကျဉ်းမြောင်း သွားသည်လည်းရှိ၏။ တိမ်မြုပ်ရာမှတစ်ဖန် ပေါ်ထွန်းလာပြန်သည်လည်း ရှိ၏။" "ဝေါဟာရသမိုင်းကိုလေ့လာရာတွင် ထိုဝေါဟာရ၏ ခေတ်အဆက်ဆက် စာလုံးပေါင်းသမိုင်း၊ ထိုဝေါဟာရ၏အရင်းအမြစ်တို့ကို စနစ်တကျကြံဆနိုင်ရန် အခြေခံပညာကျယ်ပြန့်မှု၊ ညှိနှိုင်းဆင်ခြင်ဉာဏ် ရင့်သန်မှု၊ စိတ်ပါဝင်စား ဇွဲလုံလရှိမှုတို့ လိုအပ်ပေသည်။"[၂]

ဟု လမ်းညွှန်ပြထားသည်။ ထိုလမ်းညွှန်ချက်သည် ဝေါဟာရသမိုင်းလေ့လာမှုတွင် အရေးပါသော လမ်းညွှန်ချက် တစ်ခုဖြစ်ပါသည်။

စကားလုံးတို့၏စတင်ဖြစ်ပေါ်ရာသည် နှစ်ပေါင်းများစွာကြာမြင့်ပါက ထိုစကားလုံးတို့၏မူလ

---

[၁] သာနိုး၊မောင် ၊ ၂၀၀၁၊ ၂၀၄ ။

[၂] သန်းဆွေ၊ ဒေါ်။ ၁၉၈၀၊ ၃၀၀။

အနက်ရင်း အမှန်ကိုသိမြင်ရန် ခက်ခဲပါသည်။ ထို့ကြောင့် စကားလုံးစတင်ဖြစ်ပေါ်ရာ မူလရင်းမြစ်ကို လေ့လာခဲ့ကြသည်။

ဦးဖိုးလတ်၏ **"မြန်မာစကားအဖွင့်ကျမ်း"**တွင် ထိုသဘောကြံဆချက်များကို တွေ့ရှိရသည်။ မြန်မာဘာသာရှိ **'တောင်'၊ 'မြောက်'** ဝေါဟာရ၏အနက်ကိုဖွင့်ဆိုရာ၌ ပုဂံခေတ်က မြောက်ကို **'မွန်ဩက်'**[၁] ဟုရေးသားကြောင်း၊ မြန်မာတို့၏မူရင်းနေထိုင်ရာဒေသသည် အာရှတိုက်အလယ် ဟိုအင်ဟိုမြစ် အဖျားပိုင်းနှင့် ဗယန်ခရဉလခေါ် အရှေ့အနောက် သွယ်တန်း၍နေသော တောင်၏စပ်ကြား၌ ရှိခဲ့ကြောင်း၊ ဟိုအင်ဟိုမြစ်သည် တောင်မှမြောက်သို့ စီးဆင်းသောမြစ်ဖြစ်ရာ မြစ်၏အောက်ဘက်ရှိအရပ်ကို **'မြစ်အောက်'**ဟုခေါ်ရာမှ **'မြောက်'** ဖြစ်လာကြောင်း ကျောက်စာမှတ်တမ်းများဖြင့် သမိုင်းကြောင်းအရ ကြံဆပြထားပုံကို တွေ့နိုင်ပါသည်။

ထို့အတူပင် **'ခွက်ခွင်း၊လင်းကွင်း'**[၂] ဟူသော ဝေါဟာရ၏အနက်ကိုဖွင့်ဆိုရာတွင် **'ခွက်ခွင်း၊ လင်းကွင်း'** သည် တီးခတ်စရာ၊တူရိယာဟု လူတိုင်းသိပြီးဖြစ်သော်လည်း ထိုစကား၏ရင်းမြစ်နှင့် အနက်ကိုဆင်ခြင်ရန် ရှိပေသေးသည်ဟု အစချီကာ **'ခွက်ခွင်း၊ လင်းကွင်း'**၏ စကားလုံးသမိုင်းကြောင်းကို လေ့လာပြထားပါသည်။

"ခွက်ခွင်း" ကိုပုဂံခေတ် ၊တောင်ဂူနီကျောက်စာတွင် " ပသာသညကာ ငါသူရိန်၊ခွက်ခွင်သည်ကာ ငဖျူ" ဟူသောအရေးကို စတင်တွေ့ရကြောင်း၊ ခွက်ခွင်းဟုခေါ်လာသည်မှ အင်းဝခေတ်လောက် ရောက်သောအခါ နေမိဘုံခန်းပျို့(ပိုဒ်ရေ–၅၅)၌ "သံဖြားညည်းညည်း၊ နရည်းလိုလို၊သံချိုရူပ်ရူပ်၊ စည်းစုပ်လင်းကွင်း၊ ခရသင်းနှင့်" ဟူ၍ "လင်းကွင်း"ဟုခေါ်လာကြောင်း၊ **ခွက** မှ **လင်း** ဖြစ်လာပုံကို မွန်ဘာသာရှိ **"လောင်ဆောင်"** ဟူသောသဒ္ဒါအရ "လောင်" သည် "တီးခတ်သည်" ဟောကြောင်း၊ လောင် ကို လင်း ဟုပြောင်းလဲယူကာ "ခွက်ခွင်း" တွင်ပါသော နောက်ပုဒ် "ခွင်း" နှင့်တွဲဖက်၍ "လင်းခွင်း" ဖြစ်လာ ကြောင်း၊ "လင်းခွင်း" မှ "လင်းကွင်း" ဖြစ်လာကြောင်း၊ထို့အပြင် "ခွင်း" ကို "ကွင်း" ဟုအစားထိုးလာကြောင်း၊ "ကွင်း"၏ အဓိပ္ပာယ်မှာ "အခြည်အကွင်း၊မျက်ကွင်း၊ကွင်းပြင်"ဆိုရာ၌ "ဝန်း၊ ဝိုက်၊ ဝိုင်း" ဖြစ်ကြောင်း၊ ထို့ကြောင့် လင်းကွင်း၏အနက်မှာ "တီးစရာအဝိုင်း" ဖြစ်ကြောင်း၊ "ခွက်ခွင်း"သည် မူလမြန်မာအခေါ်ဖြစ်၍ "လင်းကွင်း" သည် အနက်အသံပြောင်း၊ပဝတ္တိအခေါ်၊ မွန်–မြန်မာကပြား အခေါ်ဖြစ်ကြောင်း စကားလုံး၏သမိုင်းကြောင်း၊ အသံပြောင်းလဲပုံ တို့ကို ကြံဆပြထားပါသည်။

ဦးဖိုးလတ်၏ကြံဆချက်သည် တွေးဆဖွယ်ဖြစ်သော်လည်း စကားလုံး၏ဖြစ်ပေါ်မှု သမိုင်းကြောင်းကို ခြေရာကောက် လေ့လာမှုပြုခဲ့သည်ကို တွေ့နိုင်ပါသည်။

၃၊ ၂။ မွေးစားစကားလုံးများ၏အရင်းအမြစ်ကိုဖော်ထုတ်ခြင်း

မွေးစားစကားလုံးများ၏ ရင်းမြစ်ကိုလေ့လာရာတွင် ဝေါဟာရအဖွင့်ကျမ်းများ၌ ပါဠို၊ ဥက္ကတဘာသာမှ မွေးစားစကားလုံးများ၏ အရင်းအမြစ်ကိုဖော်ထုတ်ခြင်းနှင့် အခြားဘာသာတို့မှ မွေးစားစကားလုံးများ၏ အရင်းအမြစ်ကို ဖော်ထုတ်ခြင်းဟူ၍ တွေ့ရှိရပါသည်။

မြန်မာဘာသာစကားအတွင်းသို့ အများဆးဝင်ရောက်ခဲ့သော မေးစားစကားလုံးများမှာ ပါဠို၊ သက္ကတစကားလုံးများ ဖြစ်ပါသည်။ **ဒါန၊ သီလ၊ မေတ္တာ၊ ပညာ**စသည့် စကားလုံးတို့မှာ တိုက်ရိုက်

---

[၁] ဖိုးလတ်၊ဦး ၊ ၁၉၆၂၊ ၂၇၃။
[၂] ဖိုးလတ်၊ဦး ၊ ၁၉၆၄၊ ၈၅။

မွေးစားထားသော စကားလုံးများဖြစ်၍ **ကုသိုလ်၊ ကာရန်၊ နိဗ္ဗာန်**စသည့် စကားလုံးတို့သည် အသွင်ပြောင်း မွေးစားယူထားသော စကားလုံးများဖြစ်သည်။

ဘာသာခြားများမှ မွေးစားစကားလုံးများ၏ အရင်းအမြစ်ကြံဆပုံကို **ဝေါဟာရတ္ထုပကာသနီကျမ်း၊ မြန်မာစကားအဖွင့်ကျမ်း**နှင့် **မြန်မာစကားလုံးပြောင်းထုံးကျမ်း၊ ဝေါဟာရဝိပ္ပလ္လာသလက္ခဏဒီပကကျမ်း**နှင့် **ဝေါဟာရလီနတ္ထဒီပနီကျမ်း** တို့တွင် ပညာရှင်တို့၏ကြံဆချက်များကို တွေ့မြင်နိုင်ပါသည်။ ထိုအဖွင့်ကျမ်းတို့တွင်ပါဠိ၊ သက္ကတမှ ဆင်းသက်လာသော မွေးစားစကားလုံးများနှင့် အခြားဘာသာများမှမွေးစားယူသော မွေးစားစကားလုံးများ၏ရင်းမြစ်ကို ကြံဆဖွင့်ဆိုပြထားပါသည်။ ဝေါဟာရတ္ထုပကာသနီ ကျမ်းတွင် ဒုတိယကျော်အောင်စံထား ဆရာတော်သည် **'ဂေါ်သဇင်'**၏အနက်ကိုဖွင့်ဆိုရာတွင် –

> "ထိုပန်း၏အမည် သဇင်ဟူသည်သာ မူလ၊ ထိုတွင်မန်တို့အလို ပန်းကိုကောက်ဟူ၍ ခေါ်သည်ကို မွန်လို ပီပြင်ခက်၍ မြန်မာမှုအဆိုအမန့်သာရာ ကောက်သဇင် ဆိုသောအရာ ရွေ့လျောပြန်၍ ကော်သဇင် ဆိုမိန့်လေသည်။"[၁]

ဟူ၍ **'ဂေါ်သဇင်'**တွင် ပါဝင်သော **'ဂေါ် '**၏ မူလရင်းမြစ်သည် မွန်မှဆင်းသက်ကြောင်း ကြံဆပုံကို တွေ့နိုင်ပါသည်။

ထို့အတူပင် ဦးဖိုးလတ်၏ မြန်မာစကားအဖွင့်ကျမ်းတွင် **'ကျက်သရေ'** [၂] ဟူသော ဝေါဟာရ၏အနက်ကိုဖွင့်ဆိုရာတွင် **'ကျက်သရေ'** သည် မွန်ဘာသာ **'ကျာက်ဂြိ'** မှလာကြောင်း၊ **'ကျာက်'** သည် ကျိုက်ထီးရိုး၊ ကျိုက်ဒေးရုံတို့တွင်သုံးနေသော **'ဘုရား'** ဟု အဓိပ္ပာယ်ရကြောင်း၊ **'ဂြိ'** သည် သက္ကတမှလာပြီး **"တင့်တယ်ခြင်း၊ မင်္ဂလာရှိခြင်း"** ဟု အဓိပ္ပာယ်ရကြောင်း၊ မွန်တို့က **'ကျာက်ဂြိ'** ဟု ရေးသားခေါ်ဝေါ်ခြင်းကို မြန်မာတို့က **'ကျက်သရေ'** ဟူ၍ သုံးနှုန်းလာကြကြောင်း ကြံဆဖော်ထုတ်ခဲ့ပါသည်။ ထို **'ကျက်သရေ'** စကားလုံးသည် ယနေ့ခေတ်တွင် အနက်ရင်းအမှန် တိမ်ငုပ်လျက် မြန်မာစကားကဲ့သို့ပင် မှတ်ထင်လျက်ရှိရာ ဦးဖးလတ်၏ကြံဆချက်ကြောင့် စကားလုံး၏ အရင်းအမြစ်အမှန်ကို သိမြင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မွေးစားစကားလုံးများ၏ အရင်းအမြစ်ကိုပညာရှင်များစွာက ဖော်ထုတ်လေ့လာခဲ့ကြပါသည်။

၃၊၃။ မျိုးနွယ်တူဘာသာစကားဆင်းသက်လာမှုကိုအခြေခံ၍ စကားလုံးရင်းမြစ်ကို လေ့လာခြင်း

မြန်မာဘာသာစကားသည် တိဗက်–တရုတ် ဘာသာစကားမျိုးရိုးကြီးမှ ဆင်းသက်လာသော တိဗက်– မြန်မာ မျိုးခွဲတွင်ပါဝင်သည့် ဘာသာစကားတစ်ခုဖြစ်သည်။ မြန်မာဘာသာစကားနှင့် မျိုးနွယ်တူသော ဘာသာစကားများမှာ တိဗက်၊ တရုတ်၊ ကချင်၊ လရှီ၊ အင်းသား၊ ထားဝယ်၊ တောင်ရိုး စသည်တို့ဖြစ်သည်။သို့ဖြစ်၍ ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကိုဖွင့်ဆိုရာ၌ မျိုးနွယ်တူဘာသာစကားတို့နှင့်ဆက်စပ်၍ လေ့လာကြပါသည်။

ဘာသာစကားမျိုးနွယ်တူစကားလုံးအရင်းအမြစ်တို့ကို သုတေသနပြု ဖော်ထုတ်ခဲ့သူမှာ ဦးဖိုးလတ်ဖြစ်ပါသည်။ ဦးဖိုးလတ်သည် မြန်မာစကားအဖွင့်ကျမ်းသုံးတွဲတွင် ဝေါဟာရပေါင်း ၂၈၅ လုံး၏အနက်ကို နှစ်ပေါင်းများစွာ သတေသနပြုကာ ရင်းမြစ်တို့ကို ကြံဆဖော်ထုတ်ခဲ့ပါသည်။

သာဓကအားဖြင့် မြန်မာတို့အသုံးတွင်ကျယ်စွာသုံးနှုန်းလျက်ရှိသော **ငါးပိ၊ ငံပြာရည်**[၂] ဝေါဟာရကို ဖွင့်ဆိုရာတွင် **'ငါးပိ'** ဟူသော ဝေါဟာရ၏အနက်ကို

---

[၁] ကျော်အောင်စံထား၊ ၁၉၆၆၊ ၂၈၁။

[၂] ဖိုးလတ်၊ဦး ၊ ၁၉၆၄၊ ၉၀ ။

ပိ = ထောင်း၊ ထု၊ ချေ ထားသောငါး၊ ငါးထောင်း၊ ငါးကြေ ဟူသောအနက်ရှိကြောင်းကို မျိုးနွယ်တူဘာသာစကားများဖြစ်သော

တရုတ် – **"ပိ၊ ဖိ"**၊

ထိုင်း – **"ပိုး၊ ဗီး"**

ရှမ်း – **"ပိက်၊ ပိတ်"** အစရှိသည့် ဘာသာစကားများနှင့်နှိုင်းယှဉ်လေ့လာပြခဲ့သည်။

'ငံပြာရည်' ဟူသော ဝေါဟာရကိုဖွင့်ဆိုရာတွင်လည်း **'ငံပြာရည်'**သည် ထိုင်းစကား **'နာ့ံပ္လာ'** / n a pl ā /မှလာကြောင်း၊ **'နာံ'**/ n a /မှာ**'ရေ'**၊ **'အရည်**ဟုအနက်အဓိပ္ပာယ်ရှိ၍ **'ပ္လာ'** / pl a / မှာ **'ငါး'** ဟအဓိပ္ပာယ်ရကြောင်း၊ ထို့ကြောင့် **'နာ့ံပ္လာ'**/ n a pl ā /**(ငံပြာ)** ၏အနက် အဓိပ္ပာယ်မှာ **ငါးမှထွက်သော အရည်**ဟုအဓိပ္ပာယ်ရကြောင်း၊ ထိုဝေါဟာရ၏ အနက်အရင်းအမြစ်ကို မြန်မာတို့မသိ၍ **ငံသော အရသာ ရှိသည်အရည်ဖြစ်၍ 'ငံပြာ'၏နောက်တွင် 'ရည်'ကိုထည့်ကာ ငံပြာရည်ဟုခေါ်ကြကြောင်း** ကြံဆပြထား ပုံမှာ မှတ်သားဖွယ်ရာပင်ဖြစ်သည်။

'ကတွတ်၊ ပင်း' *ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ဦးဖိုးလတ်၏ကြံဆချက်ကိုဖော်ပြလိုပါသည်။*

"ရွှေမန်းဆို တောင်တော်ဦးက ၊ကြူးလှာတဲ့ မိုးသံငယ်၊ အုန်းညံခြိမ့်ကြွေးလေ့ ။
တာတော်ခွင်၊ ရေဝင်အောင်ရွှေကတွတ်ကို ၊ ပင်းလွှတ်ခဲ့လေး ။ "

ဟူသောလယ်ဝန်မင်းဦးစီရေးစပ်ခဲ့သည့် ရေဘိုဗုံကြီးသံသီချင်းတွင် "ကတွတ်၊ပင်း"ဆိုသည်မှာ ရှေးတောင်သူ လယ်သမားကြီးများသုံး စကားဖြစ်ကြောင်း၊ ယခုခေတ်တွင် 'ကတွတ်'ကို သုံးလျက်ရှိသော်လည်း 'ပင်း' ကို အသုံးနည်းသွားကြောင်း၊ အင်းဝခေတ်ပျို့ ကဗျာများကို အထောက်အထားပြု၍ "ကတွတ်" တွင်ပါဝင်သော က ပုဒ် မှာ "ကဆန်၊ကုတို့၊ ကစွန်း၊ ကညို့ " ဆိုသကဲ့သို့ "ရေ" ကိုဟောကြောင်း၊ "တွတ်" ပုဒ်မှာ "တတွတ်တွတ် ပြော၊ရွတ်၊ ဆို၊ မြည်" ဆိုသကဲ့သို့ "တတွတ်တွတ် ထွက်ဝင်စီးဆင်း" အနက်ဖြစ်ကြောင်း၊ ထို့ကြောင့် "ရေထွက်စီးဝင်၊ စီးဆင်းသောအပေါက်ကို "ကတွတ်ပေါက်၊ ကတွတ်" ဟုခေါ်ကြောင်း ကြံဆပြထားပါသည်။

"ပင်း" ၏အနက်နှင့်ပတ်သက်၍ အနွယ်တူ ဘာသာစကားများဖြစ်သော တရုတ်၊ ရှမ်း၊ကချင် စကားများ နှင့်ဆက်စပ်ကြံဆပြထားသည်။

တရုတ်	ဖိင်၊ပိင်	အကာအရံ ၊အဆီးအတား၊ အဖုံးအပိတ်
ရှမ်း	ပန်	ဆီးတား၊ ပိတ်ဆို့
ကချင်	ဖင်	နားပင်း

ဟူသော အနက်များရှိကြောင်း၊တရုတ်– ထိုင်း ဘာသာတို့တွင် "ပင်း" သည် "တားဆီး၊ ပိတ်ဆို့" ဟော မိတ်တူပုဒ်များ ရှိကြောင်း၊ တိဗက်– မြန်မာ ဘာသာတို့၌လည်း"နားပင်း" ဟူသော မိတ်တူပုဒ်များ တွေ့ရကြောင်း၊ ကျောက်ဆည်နယ် စစ်တမ်းများအရ "ဆည်ကျွန်ပငသား" ဟူသောအခေါ်လည်းရှိကြောင်း အကိုးအထောက်များကိုပြကာ "ပင်း" သည် ကတွတ်နှင့် ဆက်သွယ် အသုံးပြုသောစကားဖြစ်ကြောင်း၊

[] ဖိုးလတ် ၊ဦး၊ ၁၉၆၄ ၊ ၃၁ ။

"တားဆီး၊ပိတ်ဆို့"သော အနက်ရကြောင်း မျိုးနွယ်တူဘာသာစကားများ ဆင်းသက်လာပုံတို့ကို အခြေခံ၍ စကားလုံးများ၏အရင်းအမြစ်များက ကြဆပြထားပုံတို့ကို တွေ့မြင်နိုင်ပါသည်။

ထိုကြောင့် မြန်မာဘာသာစကားပညာရှင်များသည် တိဗက်–တရုတ် မျိုးရိုးအနွယ်တူမှ ဆင်းသက်လာသော စကားလုံးများ၏အရင်းအမြစ်များကို အာရုံစူးစိုက်ကြဆမှုတို့ ပြုခဲ့ကြောင်းကို တွေ့မြင်နိုင်ပါသည်။

၃၊၄။ ဝေါဟာရတို့၏ အခြေအနေဆက်စပ်မှုများကို လေ့လာပြီး အနက်အဓိပ္ပာယ်ကို လေ့လာခြင်း

ဝေါဟာရတို့၏အနက်အဓိပ္ပာယ်ကို လေ့လာကြဆရာတွင် မွန်၊ ပါဠိ၊ သကတ၊ တိဗက်၊ တရုတ်တို့မှဆင်းသက်လာသော မွေးစားစကားလုံးများ၏ အနက်ရင်းမြစ်ကိုသာမက တစ်ခါတစ်ရံ ဝေါဟာရတို့၏အခြေအနေဆက်စပ်မှုတို့ကိုလေ့လာ၍ အနက်အဓိပ္ပာယ်ကြဆရသည်လည်း ရှိပါသည်။

ဤနေရာတွင် ဝေါဟာရအနက်ကြဆရာ၌ ရင်းမြစ်မပေါ်လွင်၊အနက်ငုပ်နေသော ဝေါဟာရတို့ကိုလည်း နီးစပ်ရာပါဠိ၊ သက္ကတတို့မှ ဆွဲယူခြင်းမပြုဘဲ မြန်မာစကားလုံး၊ မြန်မာအနက်ကိုသာ ကြံစည်၍ အနက်ဖွင့်ဆို ရခြင်းမျိုးလည်းရှိပါသည်။ သာဓကအားဖြင့် **"ဆည်းဆာ"** ဟူသောဝေါဟာရကို မြန်မာအဘိဓာန်တွင်**"သက္ကတ– သံဈာ"** ဟု ရင်းမြစ်ဖော်ပြထားသော်လည်း ဝေါဟာရတ္ထပကာသနီကျမ်းတွင် ဒုတိယကျော်အောင်စံထားဆရာတော်က

> "အမြိတ်အဆာ၊ အပြစ်အဆာ၊ နေရောင်ဆည်းဆာ၊ တန်ဆာ၊ မွတ်ဆာ၊ခြေဆာသည် ဟူသော စကားခွန်းတို့၌ ဆလိမ်သက်သက် ဆိုမိန့်သောအရာ ဖြစ်၏။"
>
> "ဆည်း– ဟူသည်ကား နေရောင်သည် တက်နေသို့လည်းအားမကြး၊ မွန်းယိမ်းသည်မှ စ၍ ချုပ်ဝင်သည်တိုင်အောင် တရွေ့ရွေ့လျော့နည်း သွားသည်ကိုရည်၍ ဆုံ့ဆည်း သိမ်းဆည်း သောအနက်၊ အရောင်အမြိတ်အဆာ ဟူသောအနက်ဖြင့် ဆည်းဆာယူသင့်၏။" [၁]

ဟူ၍**"အလင်းရောင်များ သိမ်းဆည်းသော နေဝင်ချိန်ကို "ဆည်းဆာ"** ဟုဖွင့်ဆိုထားပါသည်။ ဆည်းဆာ၏ရင်းမြစ်ကို သက္ကတမှမပြဘဲ မြန်မာဆန်ဆန်အနက်ကြဆပုံကို စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။

ဦးဖိုးလတ်၏ "မြန်မာစကားအဖွင့်ကျမ်း"၌**'ခင်ပွန်း'**[၂] ဟူသောဝေါဟာရ ဖွင့်ဆိုရာတွင်တွေ့နိုင်ပါသည်။

> "အဆွေခင်ပွန်းဆိုသည်၌ ခင်ပွန်းကို "မိတ်ဆွေ၊ ခင်မင်ရင်းနှီးသူ"အနေဖြင့်သုံးလျက်ရ၍ လင်ခင်ပွန်း၊ ခင်ပွန်းလင် ဆိုသည်၌ ခင်ပွန်းကို "လင်ယောကျ်ား၊ အရှင်လင်"အနေဖြင့် သုံးလျက် ရှိချေသည်။"[၃]

ဟူ၍ အနက်နှစ်မျိုးရပုံကို ဖော်ပြခဲ့သည်။

သာဓကအနေဖြင့် – "အမိ အဖ ဆြာ ခင်ပွန်း " (၅၅၈ ခု၊ ရှင်ပင်ဗောဓိကျောက်စာ)

"ခင်ပွန် အတည်မဟိမယ် ခရကာ " (၅၈၉ ခု၊အနန္တသူကျောက်စာ)

---

[၁] ကျော်အောင်စံထား ၊ ၁၉၆၆ ၊ ၃၁၉ ။
[၂] ဖိုးလတ်၊ဦး ၊ ၁၉၆၂ ၊ ၁၂၈။
[၃] ဖိုးလတ်၊ဦး ၊ ၁၉၆၂၊ ၁၂၉ ။

ကျောက်စာအကိုးထောက်များဖြင့်ပြကာ အဆက်အစပ်အရ ရှင်ပင်ဗောဓိ ကျောက်စာတွင် "ချစ်ခင်ရင်းနှီးသောသူ၊ ချစ်ကျွမ်းဝင်သူ၊ မိတ်ဆွေ"အနက်သဘောရ၍၊ အနန္တသူကျောက်စာတွင် "အရှင်၊ သခင်၊ လင်ယောကျ်ား"ဟု အနက်သဘောရကြောင်း အခြေအနေဆက်စပ်မှုတို့ကိုမူတည်၍ အနက်အဓိပ္ပာယ်ကွဲပြားပုံကို ကြံဆပြခဲ့သည်။

ထို့နောက် 'ခင်ပွန်း'တွင် 'ခင်'ပုဒ်နှင့် 'ပွန်း'ပုဒ်တို့ကိုခွဲ၍ အနက်ကြံဆပြခဲ့သည်။

"ခင် ၏ အနက်မှာ ချစ်ခင်၊ ခင်မင်၊ ခင်တွယ်စသည် ချစ်မေတ္တာသက်ဝင်ဟောဖြစ်၍ ...
ပွန်း၏အနက်မှာ ပွန်းတီးဆိုသည်၌ ရင်းနှီး၊ ကောင်းစွာသိကျွမ်း၊ ကျွမ်းဝင်ဖြစ်၍ "[၁]

ဟူ၍အနက်ရှိပုံကို ကြံဆပြထားပါသည်။

မြန်မာစကားလုံးပြောင်းထုံးကျမ်းတွင် ဆရာတော်ဦးကောသလ္လ က "တာ" [၂]ဝေါဟာရ၏အနက်ကို ဖွင့်ဆိုရာတွင် – "လိုမပါသော်၊ မတာကိုယ်ချင်း၊ ရက်ရောပြင်း၍ " (ရွှေ –၁၄)

"အကြင်သူ၏တာ၌ တောသားပြေးလွတ်လေအံ့၊" (ပါ –၅၃)

"အဝန့်ကျိုးနွံ၊ တန်ခိုးလျှံဖြင့်၊ တာခံခွန်ဆက်" (ဥပရာ– ၃၆)

ဟူသော အကိုးအထောက်များကိုဖော်ပြကာ "တာ" ၏အနက်သည်

– စာနာသည်၊ ချင့်နှိုင်းသည်။
– အတိုင်းအတာ၊ အပိုင်းအခြား။
– အတွက်၊ဝန်၊လုပ်ငန်း၊တာဝန်။

ဟူသောအနက်များရှိကြောင်း အခြေအနေအဆက်အစပ်များအရ ဝေါဟာရစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆို ကြံဆပြခဲ့ပုံကို တွေ့မြင်နိုင်ပါသည်။

၃၊ ၅။ မယဉ်ကျေးသောစကားလုံးများကို ယဉ်ကျေးအောင် သုံးနှုန်းပြောဆိုခြင်းဖြင့် မူလစကားလုံး၏ အနက်ရင်းမှန်ကို ရှာဖွေခြင်း

အချို့သော စကားလုံးများ၏ နောက်ကွယ်တွင် ခံစားမှုအငွေ့အသက်များ ယှဉ်တွဲနေလေ့ရပါသည်။ ထိုစကားလုံးမျိုးကို ကြားလိုက်ရုံနှင့် ကြားသူ၏စိတ်ထဲတွင် ခံစားမှုတစ်မျိုးမျိုးပေါ်ပေါက်လာတတ်သည်။ ထိုသို့သောစကားလုံးများ၏ နောက်ကွယ်တွင် ယှဉ်တွဲကပ်ပါလျက်ရှိသော ခံစားမှုသဘောကို ဂယက်အနက်[၃] ဟုခေါ်သည်။အိမ်ထောင်သက်မွေးမှုနှင့်ဆိုင်သောစကားလုံးများ၊ အလေးအပေါ့ စွန့်မှုနှင့်ဆိုင်သော စကားလုံးများ၊ အနာရောဂါဘေးအန္တရာယ်နှင့်ဆိုင်သော စကားလုံးများတွင်ရိုင်းသော၊ ကြမ်းသော၊ ကြောက်မက်ဖွယ်ကောင်းသော ဂယက်အနက်များ ယှဉ်တွဲနေသည့်အတွက် ထိုစကားလုံးများအစား ယဉ်ကျေးသော၊ နားခံသာသော စကားလုံးများကို အစားထိုးသုံးနှုန်းလာကြသည်။ ထိုစကားလုံးများကို "အယဉ်သုံးစကား" ဟုခေါ်သည်။

ဦးဖိုးလတ်၏ မြန်မာစကားအဖွင့်ကျမ်း၌ 'ကျွန်'[၄] ဟူသော ဝေါဟာရဖွင့်ဆိုရာတွင် တွေ့နိုင်သည်။

"သက်ဦးဆံပိုင်ဘုရင်တို့လက်ထက်၌လည်း တိုင်းသူပြည်သားများကို ကျွန်တော်မျိုးများ
ဟု ခေါ်ဆိုလျက်"

---

[၁] ကောသလ္လ၊ ၁၉၈၅ ၊ ၃၇၃ ။
[၂] ဖိုးလတ်၊ဦး၊ ၁၉၆၂၊ ၁၀၉။

ဟု ပြဆိုကာ ရှေးအခါက ဘုရင်အား မင်း၊ မှူးမတ်၊ ပြည်သူတို့က မိမိကိုယ်ကို နှိမ့်ချကာ 'ကျွန်တော်'ဟု သုံးရကြောင်း၊ ကျောက်စာများအရ ပုဂံခေတ်တွင် ကျွန်လူတန်းစားရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

> "ကျွန်ပုဒ်သည် ပြုသူ၊ လုပ်သူ၊ ဆောင်ရွက်သူ၊ လုပ်သားဟူ၍ မူလအနက်ရှိသည်ကို လည်းကောင်း၊ လောကဓမ္မတာ တိုင်းကြီးပြည်ကြီးသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအရ မိမိကိုယ်ကို နှိမ့်ချပြောဆိုသုံးစွဲသောအလေ့ရှသည်ကိုလည်းကောင်း၊ ထောက်သော် မြန်မာဘာသာ၌ 'ကျွန်တော်၊ ကျွန်မ၊ ကျွန်ုပ်'ဟု ပြောဆိုသုံးစွဲသောစကားများကြောင့် မိမိတို့မှာ မည်သို့မှ နစ်နာမှု၊ ဂုဏ်ငယ်မှု၊ အသရေယုတ်မှု မရှိပါ။"[၁]

ဟူ၍ ဖော်ပြခဲ့ပေသည်။ ဆိုလိုသည်မှာ 'ကျွန်တော်၊ ကျွန်မ၊ ကျွန်ုပ်'တို့သည် အစေခံ၊ လုပ်သားတို့ကို နှိမ့်ချခေါ်ဝေါ်သော ဝိသေသအနက်ရှိခဲ့ရာမှ ယနေ့ခေတ်တွင် မိမိကိုယ်ကိုရည်ညွှန်းသော စကားအဖြစ် မည်သူမဆိုသုံးစွဲနေသော ယေဘုယျအနက်သဘောရှိကြောင်းကို ပြဆိုခြင်းပင်ဖြစ်သည်။ နှိမ့်ချခေါ်ဝေါ်သော ရိုင်းသောအသုံးမှယဉ်ကျေးသောစကားလုံးအဖြစ်ပြောင်းလဲလာမှု သဘောကို တွေ့မြင်နိုင်ပါသည်။

၃၊ ၆။ ဗန်းစကားများမှ နေ့စဉ်သုံးစကားများအဖြစ် ရောက်ရှိသွားသော စကားလုံးတို့၏ အနက်အဓိပ္ပာယ်အမြင်ကို လေ့လာခြင်း

ဗန်းစကားဆိုသည်မှာ ခေတ်အလိုက် လူငယ်များတီထွင်ပြောဆိုရာမှ အသုံးတွင်ကျယ်လာသော စကားမျိုးဖြစ်သည်။ ခရီးဆောင်မြန်မာအဘိဓာန်တွင် —

> "န– အချင်းချင်းနားလည်အောင်ပြောဆိုသုံးနှုန်းရာမှ အသုံးကျယ်ပြန့်လာသည့် ပေါ်ပင် စကား။"[၂]

ဟုဖွင့်ဆိုပါသည်။ရင်းမြစ်ဗေဒလေ့လာမှုတွင် ဗန်းစကားများကို လေ့လာခြင်းသည်လည်းနယ်ပယ် တစ်ခု အပါအဝင် ဖြစ်သည်။ယနေ့ခေတ်တွင် ဗန်းစကားများ အမြောက်အမြားပေါ်ထွက်လျက်ရှိရာ ဗန်းစကားများ၏ရင်းမြစ်အမှန်ဖော်ထုတ်မှုသည် စိတ်ဝင်စားဖွယ်ဖြစ်သည်။

ဆရာတော်ဦးကောသလ္လ၏မြန်မာစကားလုံးပြောင်းထုံးကျမ်းတွင် **"ကာလသား၊ကာလသမီး"** ဝေါဟာရနှင့်ပတ်သက်၍

> "လူပျို၊ အပျိုဟောတည်း။ **ဤဝေါဟာရသည် အင်းဝခေတ်နေဝင်ချိန်၌** စတင်ပေါ်ပေါက်သည်ဟု ယူဆရသည်။ ဝန်ကြီးပဒေသရာဇာ၏သူဇာပျို၌ ကာလမီးမိုး၊ ကာလမိုးမီး ဟူသောအသုံးများကို တွေ့ရသောကြောင့်တည်း။" "ဤဝေါဟာရများကား ကာလသမီးခေါ် အပျိုဟောပုဒ်တို့ပင်တည်း။ တိဗက်စကားရင်းမှလာ၍ ယင်းမျိုးသက် ဘာသာတို့၌ မ–ဆုံးပြောင်းပုဒ်တို့နှင့်သုံးခဲ့ကြသည်။ မြန်မာဘာသာ၌ မီး–မောင်း–မိန်း ဟူသောအနက်တူ ဆုံးပြောင်းတွဲများရှိရာ မိုးမီးကိုလည်းအမ ဟောဆုံးပြောင်းတွဲ ယူသင့်ရာသည်။"[၃]

ဟုကြံဆပြထားပါသည်။ ဆရာတော်၏ကြံဆချက်ကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ခေတ်ပေါ် ဗန်းစကားတို့၏အနက်ရင်းကို အားထုတ်စဉ်စားကြံဆခဲ့သည်မှာ ထင်ရှားပါသည်။

---

[၁] ဖိုးလတ်ဦး၊ ၁၉၆၂၊ ၁၁၁။
[၂] ခရီးဆောင်မြန်မာအဘိဓာန်၊ ၁၉၉၉၊ ၂၃၁ ။
[၃] ကောသလ္လ၊ ၁၉၈၅၊ ၁၀ ။

ခေတ်ပေါ်ဗန်းစကားများအနက် **"ဟပ်ကော့"** ဟူသောစကား၏ အနက်အဓိပ္ပာယ်ကို ဆရာအောင်သင်းကြဲဆပြထားခဲ့ပုံကို တင်ပြလိုပါသည်။ ဆရာအောင်သင်းက"တိုလီမိုလီစာပေ" ဟူသော စာအုပ်တွင်

> "ဒီစကားက စစ်သည်ရဲဘော်များ သုံးသောစကားဖြစ်ပေမည်။ ရိုင်ဖယ်သေနတ်တွင် မောင်းတုံးနောက်ဖက်၌ ကျည်ရိုက်မောင်းတံရှိသည်။ ထိုမောင်းတံကို အပြည့်တင်ထားမှ ပစ်လို့ရသည်။ တစ်ဝက်သာ ဆွဲတင်ထားလိုက်လျှင် မောင်းတုံးကိုလည်း မ လို့မရ၊ မောင်းခလုတ်ကိုလည်း ဖြုတ်လို့မရ၊ အပြည့်ပြန်တင်ပြီးမှ လှုပ်ရှားလို့ရသည်။ ထိုသို့ မောင်းတစ်ဝက်တင်ထားသည်ကို အင်္ဂလိပ်လို (half cocked)ဟုခေါ်သည်။"[၁]

ဟု ကြဲဆပြထားပါသည်။ယနေ့ခေတ်တွင် တစ်စုံတစ်ရာ မတင်မကျဖြစ်နေလျှင် "ဟပ်ကော့ကြီး" ဟု ဗန်းစကားအဖြစ် ပြောဆိုနေကြပေသည်။ ထိုဗန်းစကား၏ အနက်ရင်းမှန်ကို ဆရာအောင်သင်း၏ ဖော်ထုတ် တင်ပြမှုကြောင့် သိမြင်ခွင့်ရပါသည်။

၃၊ ၇ ။ စကားလုံးရင်းမြစ်လေ့လာမှု ၏ အားနည်းချက်၊အားသာချက်

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာဘာသာစကား ပညာရှင်များ၏စကားလုံးရင်းမြစ် လေ့လာမှုသည် အနောက်တိုင်းရင်းမြစ်ဗေဒ လေ့လာမှုများကဲ့သို့ပင် စနစ်တကျလေ့လာခဲ့ကြကြောင်း တွေ့နိုင်သည်။ မိမိတို့အားသန်ရာရွေထောင့်များမှ လေ့လာပြုကြသည်။ ထိုသို့လေ့လာခြင်းအားဖြင့် ဝေါဟာရတို့၏သမိုင်းကြောင်း၊ မည်သည့်ဘာသာစကားတို့မှ မွေးစားထားပုံ၊ ဝေါဟာရတို့၏ မူလရှိရင်း အနက်၊ ပြောင်းလဲလာသော အနက်၊ ဗန်းစကားများ၏အနက်ရင်း အနက်မှန်တို့ကို သိရှိစေခြင်းဟူသော အကျိုးရလဒ်များကို ရရှိစေပါသည်။

သို့သော် ပညာရှင်များ၏ကြဲဆချက်များသည် တစ်ဦးနှင့်တစ်ဦးကြဲဆပုံ အမြင်တူသည်လည်း ရှိ၏။ မတူသည်လည်း ရှိ၏။မွေးစားစကားလုံးအဖြစ် မွေးစားယသည့် ရင်းမြစ်ဘာသာစကားကိုပင် တွေးကြံရာ၌ အယူအဆကွဲသည်များလည်းရှိပါသည်။အနက်အဓိပ္ပာယ်ကောက်ယူပုံ လွဲသည်များလည်း ရှိပါသည်။

သာဓကပြရလျှင် **'ကန်တော့'** ဟူသောဝေါဟာရကို ဖွင့်ဆိုရာတွင် အယူအဆမတူသည်ကို တွေ့ရှိရသည်။ 'ကန်တော့' ဝေါဟာရအပေါ် ဒုတိယကျော်အောင် စံထားဆရာတော်၊ ဦးဖိုးလတ်နှင့် ဦးကောသလတို့၏ ကြဲဆဖွင့်ဆိုပုံ မတူညီသည်တို့ကို နှိုင်းယှဉ်ဖော်ပြပါမည်။

ဒုတိယကျော်အောင် စံထားဆရာတော် က–

> "ကန်တော့သည် ဟူသည်ကား အရေ့ဘက် အရှင်ဥက္ကံသမာလာဆရာတော်အကျော်သည် 'ကန်တော့'ဟူသည်တွင် 'ကန်'ကို န–သတ်ယူတော်မူ၍ လှေကို ထိုးဝါး၊ တက်၊ လက်ဖြင့် ကျောက်ကန်တွန်းလှန်၏သို့၊ အကုသိုလ်ကံကိုကန်၍ ကုသိုလ်ကကို တော့သည်၊ တည်ရပ်စေသည် ဟူသောအရကို ယူတော်မူသည်။ ဤ၌ ကန် – သည်ကား အကုသိုလ်၊ တော့ – သည်ကား ကုသလ်ကံ ဖြစ်၏။"[၂]

---

[၁] အောင်သင်း ၊ ၂၀၀၄ ၊ ၄၄ ။

[၂] ကျော်အောင်စံထား၊ ၁၉၆၆၊ ၃၅၅။

ဟူ၍ န–သတ်နှင့်ကန်တော့အနက်ကိုဖော်ပြပြီး သေးသေးတင် 'ကံတော့'၏ အနက်ကိုလည်း

> "ကံတော့သည် ဟူ၍ 'ကံ'ကို သေးသေးတင်ယူလည်း သင့်ရာ၏။ ကံ၏အရကို ကုသိုလ်ကံယူလျှင် ပူဇော်ကံတော့ခြင်းကြောင့်ဖြစ်သော ထိုကုသိုလ်ကံကိုမိမိ၌ မြဲစေသည်၊ တော့သည်–ဟူ၍ ယူသင့်၏။ အကုသိုလ်ကံယူလျှင် ပဒုဋ္ဌစိတ်ဖြင့် ပြစ်မှားချေ၍ဖြစ်သော အကုသိုလ်ကံသည် ဖြစ်ပြီးစေတနာသာ ကံမည်၏။ ထိုနောက် ထပ်ပွားခြင်းမရှိ၊ သင့်အံ့သို့ရှိ၏။"[၁]

ဟူ၍ တွေးကြံပြခဲ့ပေသည်။ ဆရာတော်ကြံဆပြသည်မှာ

ကန်တော့	=	ကန်	+	တော့
	=	အကုသိုလ်ကံကိုကန်	+	ကုသိုလ်ကံကို တည်စေ၊ ရပ်စေ
ကံတော့	=	ကံ	+	တော့
	=	ကုသိုလ်ကံကို	+	မြဲစေ၊ တည်စေသည်။
	=	အကုသိုလ်ကံကို	+	ရပ်တန့်စေသည်။ ဟူ၍ ဖြစ်သည်။

ဦးဖိုးလတ်က မြန်မာဘာသာ 'ကန်တော့'[၂] ဆိုသော စကားကဲ့သို့ ရှေးမွန်ဘာသာတွင် 'ကိန္နောအ်' ဆိုသော စကား၊ တရုတ်ဘာသာတွင် ခေါ်ထော် (k'ou To'u) ဟူသောစကားတို့ ရှိကြောင်း၊ ယင်းတို့အနက် မွန်နှင့်မြန်မာတို့သည် တရုတ်တို့ထံမှယူသည်ဟု ယုံကြည်ကြောင်း သူ၏အယူအဆကို ဖော်ပြခဲ့သည်။တရုတ်စကား 'ခေါ်ထော်'တွင် 'ခေါ်'သည် "ကျောက်ကန်၊ ယက်ကန်" ဆိုသော 'ခေါက်၊ ခိုက်၊ ရိုက်' အနက်ရကြောင်း၊'ထော်' ၏အနက်မှာ"ဦးခေါင်း"ဖြစ်ရာ'ခေါ်ထော်'၏အနက်မှာ "ဦးခိုက်"ဟု တိုက်ရိုက်ပေါ်ထွက်လျက်ရှိကြောင်း၊ တစဖန် တရုတ်တို့၏ဦးခိုက် အရိုအသေပြုခြင်းအလေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင် ပျံ့နှံ့ကျော်ကြားခဲ့ကြောင်း မျိုးနွယ်တူဘာသာစကားနှင့် ရင်းမြစ်ကိုလေ့လာကြံဆ ပြခဲ့ပါသည်။

မြန်မာစကားလုံးပြောင်းထုံးကျမ်းတွင် 'ကန်တော့'ဝေါဟာရကို ဆရာတော် ဦးကောသလ္လက

"ကန်တော့ = ကလအ် = (ကလော့) မွန်၊ အရိုအသေပြုသည်။"[၃]

ဟူ၍ ဖွင့်ဆိုထားပါသည်။

မြန်မာဝေါဟာရအဖွင့်ကျမ်းများလာ ပညာရှင်တို့၏ 'ကန်တော့'ဝေါဟာရအပေါ် ကြံဆဖွင့်ဆိုပုံကို လေ့လာလျှင် ဒုတိယကျော်အောင်စံထား ဆရာတော်သည် မြန်မာအနက်နှင့် တွေးကြံခဲ့ကြောင်း တွေ့ရှိရပါသည်။ ဦးဖိုးလတ်ကမူ တရုတ်မွေးစားစကားလုံး ရင်းမြစ်ကိုကြံဆပြီး 'ကန်တော့' ဝေါဟာရ၏သမိုင်းကြောင်းကို လေ့လာမှုပြုခဲ့သည်။ ဆရာတော် ဦးကောသလ္လကမူ မွန်စကားရင်းမြစ်မှလာကြောင်း ဖော်ပြခဲ့သည်။

ကန်တော့'ဝေါဟာရကို ခရီးဆောင်မြန်မာအဘိဓာန်တွင်

"ကြို– လက်အုပ်ချီ၍ အရအသေပြုသည်။ ဦးညွတ်သည်။"[၄] ဟူ၍ ဖွင့်ဆိုပါသည်။

---

[၁] ကျော်အောင်စံထား၊ ၁၉၆၆၊ ၃၅၆

[၂] ဖိုးလတ်၊ဦး ၊ ၁၉၆၂၊ ၅၁။

[၃] ကောသလ္လ၊ ၁၉၈၅၊ ၃၀။

ထိုကြံ့ဆချက်များအနက် မည်သည့်ကြံ့ဆချက်သည်သင့်လျော်သည်ဟု ဤစာတမ်းတွင် ဝေဖန်သုံးသပ်ခြင်းမပြုလိုပါ။ အဘယ်ကြောင့်ဆိုသော် ဤစာတမ်းသည် ရင်းမြစ်ဗေဒ၏ လေ့လာမှုသဘောကို ပေါ်လွင်အောင် တင်ပြခြင်းသာ ဖြစ်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် စကားလုံးရင်းမြစ် လေ့လာမှုသည် ပညာရှင်များ၏ အယူအဆများ ကွဲလွဲနိုင်သောကြောင့် အားနည်းချက်များရှိပါသည်။

ခြုံငုံသုံးသပ်ချက်

ဝေါဟာရတို့၏အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ရင်းမြစ်ဗေဒလေ့လာမှုသည် အဓိကကျကြောင်း တွေ့မြင်နိုင်သည်။ ရင်းမြစ်ဗေဒခေါ်သည့် စကားလုံးရင်းမြစ်ကိုလေ့လာသော ပညာရပ်သည် အနောက်တိုင်းတွင် ၁၇ ရာစုခန့်က စတင်ပေါ်ထွန်းခဲ့ပြီး ၂၀ရာစုတွင် ထင်ရှားခဲ့သည်။ မြန်မာတွင် မြန်မာသက္ကရာဇ် ၁၁၃၁ (အေဒီ–၁၇၆၉) ခုနှစ်ခန့်ကပင် ဝေါဟာရအဖွင့်ကျမ်းများတွင် ပညာရှင်များက စကားလုံးရင်းမြစ်ကို စတင်လေ့လာခဲ့ပြီး ဖြစ်ကြောင်းတွေ့နိုင်ပါသည်။ အခြေခံလေ့လာသည့် အလေ့လာခံအချက်များသည်လည်း တူညီကြောင်းတွေ့ရသည်။ ထို့ကြောင့် မြန်မာဘာသာစကားလေ့လာမှုတွင် မြန်မာ ပညာရှင်များ၏ ရင်းမြစ်အနက် ကြီဆလေ့လာမှုသည် အနောက်တိုင်းပညာရှင်များ နည်းတူ စနစ်တကျ လေ့လာမှုများ ရှိခဲ့ပြီးဖြစ်ကြောင်း သုံးသပ်မိပါသည်။

ဝေါဟာရတို့၏အနက်အဓိပ္ပာယ်ကို လေ့လာသောအတ္ထဗေဒပညာရပနည်းတူ လေ့လာမှုနယ်ပယ်ကျယ်ပြန့်သည့်အပြင် စကားလုံးတို့၏သမိုင်းကြောင်းကိုလေ့လာသော သမိုင်းဘာသာဗေဒနှင့်လည်း ဆက်နွယ်လျက်ရှိကြောင်း သုံးသပ်မိပါသည်။

သို့သော် သမိုင်းဘာသာဗေဒနှင့် ရင်းမြစ်ဗေဒလေ့လာမှု နှစ်မျိုးစလုံးတွင် **"အကိုးအထောက်ခိုင်မာမှုသည်အရေးကြီးသည်"** ဟူသောအချက်မှာမူတူညီပါသည်။ ရေးထုံးဆိုင်ရာ ရှေးဟောင်းစာ၊ အက္ခရာအရေးအသား၊ အသုံးတွင်ခဲ့သည့်ခေတ်၊ စာပေအကိုးအကား၊ မည်သည့်ဘာသာစကားမှ ဆင်းသက်လာသည်၊ မွေးစားလာသည်၊ မည်သို့ပြောင်းလဲသွားသည်ဟူသော မိမိ၏လေ့လာမှု ခိုင်မာအောင်ပြဆိုရန်မှာ သမိုင်းဘာသာဗေဒလေ့လာမှုနှင့် ရင်းမြစ်ဗေဒလေ့လာမှု၏အဓိက အရေးပါသော အချက်ဖြစ်ပါသည်။ ထို လေ့လာမှုနှစ်ရပ်သည် ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကို ကြံ့ဆရာတွင်မရှိမဖြစ် အရေးပါသော လေ့လာမှု ပညာရပ်များလည်းဖြစ်ကြောင်း အထင်အရှားတွေ့မြင်နိုင်ပါသည်။

နိဂုံး

ဤစာတမ်းတွင် ခေတ်အဆက်ဆက် မြန်မာဘာသာစကားကို လေ့လာကြံ့ဆခဲ့ကြသော မြန်မာပညာရှင်များ၏ ဘာသာစကားအမြင်သည် အနောက်တိုင်းဘာသာဗေဒပညာရှင်များနည်းတူ နည်းစနစ်တကျလေ့လာမှုများရှိခဲ့ ကြောင်းတွေ့နိုင်ပါသည်။ မြန်မာပညာရှင်များ၏ဘာသာစကားဆိုင်ရာ ကြံ့ဆချက်အမြင်များကို ဝါဟာရအဖွင့်ကျမ်း များ၊စာတမ်းများ၊ဆောင်းပါးများတွင် လေ့လာတွေ့ရှိနိုင်သည့်အပြင် ဝေါဟာရတစ်ခုကို အနက်ဖွင့်ဆိုရာတွင် မိမိတို့အားသန်ရာ ရှုထောင့်စုံမှ တွေးဆဖွင့်ဆိုခဲ့ကြသော ပညာရှင်ကြီးများ၏ ဝေါဟာရအဖွင့် ကျမ်းဂုဏ်ရည်တို့ကိုလည်း တွေ့နိုင်သည်။ ဘာသာစကား လေ့လာမှုတွင် အနောကတိုင်းသီအိုရီ၊ နည်းစနစ်များကိုအခြေခံ၍ မြန်မာဘာသာစကားကိုလေ့လာ ဖော်ထုတ်နိုင်

[၁] ခရီးဆောင်မြန်မာအဘိဓာန်၊ ၁၉၉၉၊ ၁၆။

သည့်အပြင် အခြားသောနိုင်ငံများနှင့် ဘာသာစကားများတွင် ရင်းမြစ်ဗေဒအဘိဓာန်များ ပေါ်ထွက်နေပြီ ဖြစ်သည်။ "Oxford Dictionary of English Etymology", "The Concise Dictionary of English Etymology" စသော အင်္ဂလိပ်ရင်းမြစ်အဘိဓာန်များအပြင် ဂရိ၊ ဂျာမန်၊ ဟန်ဂေရီ၊ ပြင်သစ်၊ စပိန်စသော ဘာသာစကားဆိုင်ရာ ရင်းမြစ်အဘိဓာန်များ၊ ဗန်းစကားဆိုင်ရာ ရင်းမြစ်အဘိဓာန်များ၊ သချိုင်္ဘပညာရပ်ဆိုင်ရာ ဝေါဟာရရင်းမြစ်အဘိဓာန်များလည်း ပေါ်ထွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အဘိဓာန်ပြုစုသော ပညာရှင်တို့သည် ရင်းမြစ်ဗေဒကိုလက်ကိုင်ပြု၍ ပိုမိုတိကျသော ဝေါဟာရတို့၏ အရင်းအမြစ်ကိုဖော်ထုတ်ပြီး အနက်အရင်းအမှန်များကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုပြုစုမည်ဆိုပါက **မြန်မာရင်းမြစ်ဗေဒအဘိဓာန်များ** ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ကျမ်းကိုးစာရင်း

ကောသလ္လ၊ ဦး၊ ဆရာတော်။ (၁၉၈၅)။ ***ဗြဟ္မနိုဂုတ္တာနယသင်္ဂဟခေါ် မြန်မာစကားလုံး ပြောင်းထုံးကျမ်း။*** ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်။

ကျော်အောင်စံထား၊ ဒုတိယ၊ ဆရာတော်။ (၁၉၆၆)။ ***ဝေါဟာရတ္ထပကာသနီကျမ်း***။ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

ခရုံးဆောင်မြန်မာအဘိဓာန်။ (၁၉၉၉)။ ရန်ကုန်၊ မြန်မာစာအဖွဲ့။

တင်လှ၊ ဦး (မဟာဝိဇ္ဇာ)။ (၁၉၆၆)။ ***ဘာသာနှင့်စာပေ***။ ရန်ကုန်၊ အောင်မြေစာပေတိုက်။

ဖိုးလတ်၊ ဦး။ (၁၉၆၂)။ ***မြန်မာစကားအဖွင့်ကျမ်း (ပထမတွဲ)***။ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်။

ဖိုးလတ်၊ ဦး။ (၁၉၆၃)။ ***မြန်မာစကားအဖွင့်ကျမ်း (ဒုတိယတွဲ)***။ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်။

ဖိုးလတ်၊ ဦး။ (၁၉၆၄)။ ***မြန်မာစကားအဖွင့်ကျမ်း(ဖြည့်စွက်တွဲ)***။ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်။

ဘသောင်း၊ ဗိုလ်မှူး၊ (မောင်သုတ)။ (၁၉၇၂)။ ***မြန်မာစာ မြင့်ချင်လွန်းလို့***။ ရန်ကုန်၊ ဇွဲပုံနှိပ်တိုက်။

မဟာဇေယသန်္ဓာ (လှေသင်းအတွင်းဝန် ဦးချိန်)။ (၁၉၆၀)။ ***ဝေါဟာရလီနတ္ထဒီပနီ***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မြကေတု။ (၁၉၆၇)။ ***စာပေတန်ဆောင် (ပထမအကြိမ်)***။ ရန်ကုန်၊ နှလုံးလှစာပေတိုက်။

မြန်မာအဘိဓာန်။ (၁၉၉၁)။ရန်ကုန်၊ မြန်မာစာအဖွဲ့။

ဝေါဟာရဝိပုလ္လာသလက္ခဏာဒီပကကျမ်း။ (၁၉၆၄)။ ရနကုန်၊ စာပေဘဏ္ဍာဖြန့်ချိရေး။ (လက်ဆေပ်စက်စာမူ)

သာနိုး၊ မောင်။ (၂၀၀၁)။ ***မြန်မာ့စကားနဲ့စာပေ (ပထမအကြိမ်)***။ ရန်ကုန်၊ မြင့်မြတ်သူပုံနှိပ်တိုက်။

သန်းဆွေ၊ ဒေါ်။ (၁၉၈၀)။ ***မြန်မာဘာသာစကား မြန်မာကျောက်စာ စာတမ်းဆောင်းပါးများ***။ ရန်ကုန်၊ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန။

အောင်သင်း ။ (၂၀၀၄)။ ***တိုလီမိုလီစာပေ***။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

Aitchison, Jean. (1972). ***General Linguistics.*** London, The English Universities Press ,Ltd.

Hartman, R.R.K & Stork, F.C. (1972). ***Dictionary of Language and Linguistics.***

London, Applied Science publishers Ltd.

www. wikipedia. org. / Etymology

ဂျိန်ဖော့ဘာသာစကား၌ စကားထာများ

အမ်ဆိုင်းဘူ*

စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာနိုင်ငံမြောက်ပိုင်း၊ မြစ်ကြီးနားမြို့တွင်နေထိုင်ကြသော ကချင်တိုင်းရင်းသားများအနက် ဂျိန်ဖောမျိုးနွယ်စုတို့၏ဘာသာစကား၌ စကားထာများကို သုတေသနပြုထားသောစာတမ်းဖြစ်ပါသည်။ စကားထာများမှတစ်ဆင့် တိုင်းရင်းသားမျိုးနွယ်စုတို့၏ဓလေ့ရိုးရာကို တွေ့မြင်နိုင်ပါသည်။ ဂျိန်ဖောမျိုးနွယ်စုတို့၏ နေ့စဉ်သုံးစကားတွင် သုံးစွဲနေသောစကားများထဲမှ စကားထာများကို စာတစ်စောင်ပေတစ်ချပ်အဖြစ် သုတေသနပြုထားသူ မရှိသေးပါ။ စကားထာ၏သဘောကပင် စကားကိုပရိယာယ်ဖြင့် ပြောဆိုရသည့်အတွက် ဆိုလိုချက်ကို ဖော်ထုတ်နိုင်ရန် ခဲယဉ်းလှပါသည်။ ထိုသို့ ဖော်ထုတ်နိုင်ခြင်းမရှိပါက ယင်းစကားများသည် ပျောက်ကွယ်သွားနိုင်ပါသည်။ ထို့ကြောင့် ဂျိန်ဖော့ဘာသာစကား၌ စကားထာများကို ဘာသာစကားရှုထောင့်မှ စနစ်တကျသုတေသနပြုထားခြင်းဖြစ်ပါသည်။ သုတေသနပြုရာတွင်လည်း ကွင်းဆင်းလေ့လာမှု၊ ဆွေးနွေး မေးမြန်းမှု၊ အသံသွင်းယူမှု၊ ဓာတ်ပုံအထောက်အထားများရယူမှု စသည်ဖြင့် သုတေသနဆိုင်ရာ အချက်အလက်များကို စုဆောင်းခဲ့ပါသည်။ ဤသို့ လေ့လာခြင်းဖြင့် ဂျိန်ဖော့တိုင်းရင်းသားတို့၏စာပေဖွံ့ဖြိုးမှုနှင့် ဘာသာစကားအကျိုးဖြစ်ထွန်းမှုတို့အတွက် ရည်ရွယ်ပါသည်။

သော့ချက်ဝေါဟာရများ – *ကချင်၊ ဂျိန်ဖော့၊ ဘာသာစကား၊နေ့စဉ်သုံးစကား၊ စကားထာ၊ ဝေါဟာရ၊ တိုင်းရင်းသား၊ မျိုးနွယ်စု*

နိဒါန်း

ဤစာတမ်းသည် မြန်မာနိုင်ငံမြောက်ပိုင်း၊ မြစ်ကြီးနားမြို့တွင်နေထိုင်ကြသော ကချင်တိုင်းရင်းသားများအနက် ဂျိန်ဖော့မျိုးနွယ်စုတို့၏ ဘာသာစကား၌ စကားထာများကို သုတေသနပြုထားသော စာတမ်းဖြစ်ပါသည်။ စကားထာဟူသည် ဆလိုသည့်အနက်အဓိပ္ပာယ်ကို ဝှက်ကာမေးမြန်းသည့် ဉာဏ်စမ်းအမေးသဘောဖြစ်သည်။ စကားထာသည် ဘာသာစကားတိုင်း၌ရှိသည်။ ထိုစကားထာများမှ တစ်ဆင့် လူမျိုးတို့၏ရိုးရာဓလေ့များနှင့် ယဉ်ကျေးမှုများကို တွေ့မြင်နိုင်ပါသည်။ ယခုတင်ပြသော စာတမ်းတွင်လည်း ဂျိန်ဖော့မျိုးနွယ်စုတို့၏ စကားထာများမှတစ်ဆင့် ၎င်းတို့၏ရိုးရာဓလေ့များကို ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်အဖြစ် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဤသို့လေ့လာခြင်းဖြင့် တိုင်းရင်းသားတို့၏ရိုးရာဓလေ့ယဉ်ကျေးမှုများနှင့် ၎င်းတို့၏ဘာသာစကား အကျိုးဖြစ်ထွန်းမှုတို့ကို ရည်ရွယ်ပါသည်။

၁။ သုတေသနအင်္ဂါရုပ်များ

ဤစာတမ်းကိုပြုစုရာတွင် သုတေသနအင်္ဂါရုပ်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် အောက်ပါသုတေသနဆိုင်ရာ အချက်အလက်များနှင့်အညီ ပြုစုထားပါသည်။

(က) စာပေလေ့လာဆန်းစစ်မှု
(ခ) ပြုစုရခြင်း၏ရည်ရွယ်ချက်
(ဂ) လေ့လာမှုနယ်ပယ်နှင့် အမေးခံပုဂ္ဂိုလ်များ
(ဃ) သုတေသနနည်းလမ်း
(င) သုတေသနအစီအစဉ်

* လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မြစ်ကြီးနားတက္ကသိုလ်

(က) စာပေလေ့လာဆန်းစစ်မှု

ဂျိန်ဖော့ဘာသာစကားရှိ စကားထာများနှင့် ပတ်သက်၍ ရှေ့ကလေ့လာခဲ့ကြသူများနှင့် လေ့လာခဲ့ကြသော အချက်အလက်များကို စာတမ်းတစ်စောင်၏ အင်္ဂါရုပ်ဇင်အညီ အကျဉ်းမျှတင်ပြပါမည်။

- ဘီဇက်ဇော်လီ။ ၂၀၁၆။ WUNPAWNG လို့ခေါ်တဲ့ကချင်လူမျိုး။ ရန်ကုန်။ ပန်းလက်ဆောင်စာပေ။
- မရန်ဘောက်လာ။ ၂၀၁၃။ ခေတ်အမြင်နှင့်ကခင်ယဉ်ကျေးမှု။ မဂ္ဂယ်ရှိန်ရာစာပေ၊ ကချင်စုရပ်ကွက်၊ မြစ်ကြီးနားမြို့။
- မဲဇာ။ ၁၉၆၃။ ကချင်ရိုးရာသုတပဒေသာ။
- မင်းနိုင်၊ ဦး။ ၁၉၆၃။ သွေးချင်းတို့ပျော်သည့်မြေစာအုပ်။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ် တိုက်။
- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ။ ၁၉၇၁။ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသား ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ကချင်)။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။
- W. J. S. CARRAPIETT ။ ၁၉၂၉။ မြန်မာနိုင်ငံကချင်လူမျိုးများ။ Rangoon. Supdt., Govt. Printing and Stationary, Burma.
- HANSON, OLA. 1913. THE KACHINS. CAMBRIDGE LIBRARY COLLECTION.

ကချင်တိုင်းရင်းသားများအနက် ဂျိန်ဖော့မျိုးနွယ်စုတို့၏ သမိုင်းကြောင်း၊ နေထိုင်ရာဒေသ၊ စီးပွားရေး၊ ဘာသာစကားနှင့်စာပေ၊ ယဉ်ကျေးမှုနှင့်ရိုးရာဓလေ့ စသည်တို့ကို အထက်ပါစာအုပ်များတွင် လေ့လာရေးသားထားသော်လည်း ကချင်တိုင်းရင်းသား ဂျိန်ဖော့မျိုးနွယ်စုတို့၏ ရိုးရာဓလေ့ကိုထင်ဟပ်နေသော စကားထာများနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ လေ့လာထားသည်ကိုမတွေ့ရပါ။ ထို့ကြောင့် ဤစာတမ်းသည် အသစ်တွေ့ရှိချက်များကို ဖော်ပြထားသော သုတေသနစာတမ်း တစ်စောင် ဖြစ်ပါသည်။

(ခ) ဖြစ်ရသော ရည်ရွယ်ချက်

တိုင်းရင်းသားတိုင်း၊ မျိုးနွယ်စုတိုင်း မိမိတို့၏ရိုးရာဓလေ့ကို ထင်ဟပ်နေသော စကားထာများကို မှတ်တမ်းတင်ထားရန် လိုအပ်ပါသည်။ ရိုးရာဓလေ့များ မှေးမှိန်ပျောက်ကွယ်သွားသည့်တိုင် ယင်းဓလေ့နှင့်ပတ်သက်ပြီး မှတ်တမ်းတင်ထားသော စကားထာများ ကျန်နေသေးသည့်အတွက် ရိုးရာဓလေ့ကို ပြန်လည်ဖော်ထုတ်နိုင်ပါသည်။ ထို့ကြောင့်ကချင် တိုင်းရင်းသားများအနက် ဂျိန်ဖော့မျိုးနွယ်စုတို့၏ နေ့စဉ်သုံးစကားများမှ စကားထာများကို သုတေသနပြုရခြင်း ဖြစ်ပါသည်။

(ဂ) လေ့လာမှုနယ်ပယ်နှင့် အဓိကခံပုဂ္ဂိုလ်များ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင်နေထိုင်ကြသော ကချင်တိုင်းရင်းသားမျိုးနွယ်စု (၆)စုရှိသည့် အနက် ဂျိန်ဖော့မျိုးနွယ်စုတို့၏ ဘာသာစကားမှ ရိုးရာဓလေ့ထင်ဟပ်နေသော စကားထားများကို အလေ့လာခံအဖြစ် သတ်မှတ်ပြီး နယ်ပယ်ကန့်သတ်ထားပါသည်။

တွေ့ဆုံမေးမြန်းခဲ့သော ပုဂ္ဂိုလ်များမှာ ကချင်စာပေနှင့်ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကချင်အဘိဓာန်ပြုစုရေးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘာသာရေးမှ ဆရာတော်များ၊ တောင်ယာလုပ်သူများနှင့် ဒေသခံများကို စကားထာများနှင့်ပတ်သက်၍ အခါအားလျော်စွာ မေးမြန်းခြင်းများ၊ မှတ်သားမှုများ ပြုလုပ်ခဲ့ပါသည်။

(ဃ) သုတေသနနည်းလမ်း

အချက်အလက်ရရှိရေးအတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များနှင့်၊ကျေးလက်ဒေသများသို့ သွားရောက်ပြီး ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ဓာတ်ပုံအထောက်အထားများရယူခြင်းဖြင့်လည်းကောင်း၊ နှုတ်ပြောစကားများကို အသံသွင်းယူပြီး ပြေပြစ်ဆီလျော်မှုရှိစေရန် အချိတ်အဆက်မိစေရန် စကားပြေဖြင့်ဖော်ပြထားပါသည်။ ဂျိန်ဖော့မျိုးနွယ်စု၏ ဘာသာစကားမှ ရိုးရာဓလေ့ထင်ဟပ်နေသော စကားထားများကွယ်ပျောက်ရသည့်အချက်ကို ပြဿနာတစ်ရပ်အဖြစ် အဓိကထားပြီး ဖြေရှင်းရာတွင် သုတေသနနည်းနာများအနက် အချက်အလက်ကောက်ယူ စုဆောင်းနည်းကိုအသုံးပြုထားပါသည်။

(င) သုတေသနအစီအစဉ်

ဂျိန်ဖော့ဘာသာစကားအတွင်းရှိ ရိုးရာဓလေ့ကို ထင်ဟပ်နေသော စကားထာများကိုလေ့လာတင်ပြရာတွင်

- ဂျိန်ဖော့လူမျိုးနှင့် နေထိုင်ရာဒေသ
- ဂျိန်ဖော့ဘာသာစကားနှင့် ရိုးရာဓလေ့
- စကားထာ
- ဂျိန်ဖော့လူမျိုးတို့၏ နေ့စဉ်သုံးစကားများမှ စကားထာများ
- ခြုံငုံသုံးသပ်ချက်

ဟူ၍ ခွဲခြားတင်ပြသွားမည် ဖြစ်ပါသည်။

၂။ ဂျိန်ဖော့လူမျိုးနှင့်နေထိုင်ရာဒေသ

ကချင်လူမျိုးတို့သည် ရှေးယခင်ကာလက မြန်မာနိုင်ငံမြောက်ပိုင်း ဒေသအနှံ့အပြားနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသအနှံ့အပြား၊ စစ်ကိုင်းတိုင်း၊ အိန္ဒိယအာသံပြည်နယ်တို့တွင် ပြန့်နှံ့နေထိုင်လာခဲ့ကြသည်။ ကချင်လူမျိုးတို့သည် တိဗက်မြန်မာအနွယ်ဝင်များဖြစ်ကြပြီး သီးခြားဘာသာစကား၊ ယဉ်ကျေးမှုအစဉ်အလာဖြင့် အခြားသောတိုင်းရင်းသားများနှင့်အတူ အေးအတူပူအမျှ နေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးတစ်မျိုး ဖြစ်ပါသည်။

သက္ကရာဇ် (၁၄၄၂) ခုနှစ်ခန့်က ရေးထိုးခဲ့သော မြန်မာကျောက်စာများတွင် ကချင် တောင်တန်းဒေသ၌နေထိုင်ကြသော တိုင်းရင်းသားများကို ခရွေးရရစ်ငသတ်ဖြင့် ရေးထိုးထားသည်။ "ကခြင်"ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ ဤနောက်ပိုင်းတွင် မြန်မာစာပေများ၌ "ကချင်" ဟူ၍လည်းကောင်း၊ "သိန်းဖော" ဟူ၍လည်းကောင်း ဆက်လက်ခေါ်ဝေါ်ခဲ့ပြန်သည်။ ၁၉ ရာစုပိုင်းသို့ ရောက်သောအခါတွင်လည်း မြန်မာများသာမက ဥရောပတိုက်သားများကပါ ကချင်တောင်တန်းများအားလုံးကို ကချင်ဟူ၍ခေါ်ဝေါ်သုံးစွဲခဲ့ရာ (၁၈၉၁)ခုနှစ်အထိ ဖြစ်လေသည်။ သက္ကရာဇ် (၁၉၀၀)ပြည့်နှစ်နောက်ပိုင်းတွင် ပေါ်ပေါက်လာသော ဘာသာစကားဆိုင်ရာပညာရှင်များက ကချင်တောင်တန်းဒေသရှိ တိုင်းရင်းသားများကို ယင်းတို့ ပြောဆိုသုံးနှုန်းသော စကားအလိုက်ခွဲခြားရာတွင် ဂျိန်ဖော့စကားပြောသူများသာ ကချင်အဖြစ် ကျန်ရစ်၍ အခြားမရူစကား၊ ရဝမ်စကား၊ လီဆူစကား ပြောသူများနှင့် ထိုစကားအုပ်စုများတွင် ပါဝင်သောသူ အားလုံးမှာ လူမျိုးတစ်မျိုးစီ ဖြစ်ခဲ့ရလေသည်။ ထိုသို့ကွဲပြားလာခြင်းကိုပင် အချို့သောပညာရှင်များက လက်ခံခဲ့

သဖြင့် ဒုတိယကမ္ဘာစစ်အပြီးတွင် ပေါ်ပေါက်ခဲ့သော မြန်မာစာပေကျမ်းများ၌ ဂျိန်ဖော့နှင့် သိန်းဖောကိုသာ ကချင်အဖြစ် လက်ခံခဲ့ကြသည်။[၁]

ကချင် ဟူသောဝေါဟာရမှာ မြေပြန့်မြန်မာများက ခေါ်ဝေါ်သောအမည်ဖြစ်သည်။ ကချင် လူမျိုးများကမူ ယင်းတို့ကိုယ်ကို ယင်းတို့ 'ဂျိန်ဖော့' ဟူ၍ ခေါ်ဝေါ်သုံးစွဲကြသည်။ တရုတ်များကမူ 'ယေဂျင်' ဟူ၍ ခေါ်ဆိုကြသည်။ အချို့တရုတ်များက 'ရှန်ထို' ဟူ၍ခေါ်ဝေါ်ကြသည။ မြန်မာရာဇဝင်သမိုင်းများတွင် 'သိမ်းဖော' ဟူ၍ခေါ်ဝေါ်ကြသည်။ အာသံနယ်ဖက်တွင် ကချင်အနွယ်ဝင်တို့ကို 'စင်းဖိုး' ဟူ၍ ခေါ်ဝေါ်သည်။ ရှမ်းများက ကချင်အနွယ်ဝင်တို့ကို 'ခန်ဂ' ဟူ၍ ခေါ်ဆိုကြသည်။ လူ အများစုက ဂျိန်ဖော့များကို 'ကချင်' လမျိုးများဟူ၍ သိရှိနားလည်ထားကြသည်။[၂]

ဂျိန်ဖော့အုပ်စု၏ ခံယူချက်အရ ဂျိန်ဖော့ဟူသောစကား၏ အဓိပ္ပာယ်မှာ 'လူ'ဟူ၍ဖြစ်သည်။ ယင်းတို့၏စကားဖြင့် 'မရာ'ဖြစ်သည်။ ဂျိန်ဆိုင်ဖော့ဆိုင် ဟူ၍လည်းခေါ်သည်။ အဓိပ္ပာယ်မှာ အတည်တကျဖြစ်ပြီး အမြင်ကျယ်လာသည်ဟုဆသည်။ ထို့ကြောင့် ဂျိန်ဖောဟူသည် အတည်တကျဖြစ်ပြီး အမြင်ကျယ်လာသောလူများဟု အဓိပ္ပာယ်ကောက်နိုင်သည်။

ထို့ပြင် ကချင်ဘာသာစကားဖြင့် ကချင်လူမျိုးကို 'ဂျိန်ဖော့' ဟုခေါ်သည်။ 'ဂျိန်' ဟူသည် 'အိုးအိမ် အတည်တကျနေထိုင်၍ ကြွယ်ဝချမ်းသာခြင်း' ဖြစ်၍ 'ဖော့' ဟူသည် 'အသိပညာ ဗဟုသုတပွင့်လင်းခြင်း' ဖြစ်သည်။ ထိုကြောင့် 'ဂျိန်ဖော့' ဟူသည့်စကားမှာ 'အိုးအိမ်အတည်တကျ နေထိုင်၍ ချမ်းသာကြွယ်ဝပြီး၊ အသိပညာထွန်းကားသောလူမျိုး' ဟု အဓိပ္ပာယ်ရပါသည်။[၃]

ကချင်ပြည်နယ်တွင် တိုင်းရင်းသားလူမျိုးပေါင်း(၁၀)မျိုးခန ရှိရာ ဂျိန်ဖော့တို့သည်လူဦးရေအများဆုံးဖြစ်၍ အတိုးတက်ဆုံးလည်းဖြစ်သည်။ မြစဖျားအထက်ဖက် (မြောက်ဘက်)တွင် နေထိုင်သော ဂျိန်ဖော့များကို ခရူးဟုခေါ်ဆိုကြပြီး အောက်ဖက် (တောင်ဘက်)တွင် နေထိုင်ကြသောအနွယ်များကို ဂျိန်ဖော့ဟုခေါ်ဆိုကြသည်။

ဦးမင်းနိုင်၏ သွေးချင်းတို့ပျော်သည့်မြေစာအုပ်တွင် ခရူးနှင့်ဂျိန်ဖော့လူမျိုးစု နေထိုင်ရာ ဒေသ 'ခတ်ခုကို ဒူးလင်းဟုလည်း ခေါ်ဆိုသည်။ ဒူးလင်းတို့သည် တြိဂံနယ်အထက်၊ ပူတာအိုအတွင်းပိုင်း ဆွမ်ပရာဗွမ်တောင်တန်း၊ ကားမိုင်းနယ်၊ မလိခမြစ်ဖျား လက်ဝဲဖက်ကမ်းခြေမှသည် ကောင်းလူစခန်းအထိ ကျေးရွာများတွင် ပြန့်ပွားနေထိုင်လျက်ရှိကြသည်။ ဂျိန်ဖော့အနွယ်ဝင်တို့မှာ မရစ်၊ မရန်၊ အင်ခွန်၊ လဖိုင်၊ လထော်၊ မဂေါင်၊ ဒူးလင်း၊ ဂျဆင်းဟူ၍ရှစ်မျိုးရှိသည်။ လဖိုင်တို့သည် မိုင်းလင်းအနောက်ဖျားနှင့် ရှမ်းပြည်မြောက်ပိုင်း တိုင်အောင်ပျံ့နှံ့လျက်ရှိပြီး မရစ်တို့သည် တြိဂံနယ်မြေ၊ ဟူးကောင်းဒေသ လိုင်ဆိုင်းနှင့် ကားမိုင်းနယ်များတွင် နေထိုင်လျက်ရှိသည်။ ဂျိန်ဖော့အများစုတသည် ဗန်းမော်ခရိုင်တောင်တန်းဒေသ၊ မြစ်ကြီးနားခရိုင်တောင်တန်းဒေသများ၊ ဟူးကောင်းတောင်ကြားဒေသ၊ ခန္တီးနယ်အတွင်းပိုင်း၊ နန်းပမောက်မြစ်အရှေ့ဖက်ကမ်း၊ ကသာခရိုင်အတွင်းပိုင်းနှင့် ကချင်တောင်တန်းဒေသများတွင် အခြေစိုက်နေထိုင်လျက်ရှိကြ၍ မိုးမိတ်၊ ခိုတောင်၊ မြောက်သိန္နီ၊ ကိုးကန့်၊ ကျိုင်းတုံ၊ ကွတ်ခိုင်နယ်များတိုင်အောင် ပျံ့နှံ့လျက် ရှိကြောင်း[၄] ဖော်ပြထားပါသည်။

---

[၁] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီ၊ ၁၉၇၁၊ စာ– ၆၁၊ ၆၂။
[၂] မင်းနိုင်၊ဦး၊၁၉၆၃၊ စာ– ၃၈။
[၃] ဖဂါယော်၊ ဦး၊ စာ– ၅။
[၄] မင်းနိုင်၊ ဦး၊ ၁၉၆၃၊ စာ– ၄၄။

အထက်တွင်ဖော်ပြခဲ့သော အကြောင်းအရာများမှာ ဂျိန်ဖော့သည် ကချင်တိုင်းရင်းသား မျိုးနွယ်စု (၆)စုမှ တစ်မျိုးဖြစ်ကြောင်း၊ ဂျိန်ဖော့ဟူသော အဓိပ္ပာယ်နှင့်ငင်းတ၏ နေထိုင်ရာဒေသတို့ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

၂။ ၁။ ဂျိန်ဖေ့ဘာသာစကားနှင့် ရိုးရာဓလေ့

ကချင်ပြည်နယ်တွင်နေထိုင်ကြသော ကချင်တိုင်းရင်းသားတို့၏ဘာသာစကားကို သေချာဆန်းစစ်လိုက်ပါက ရှေးဟောင်းတိဗက်လူမျိုးတို့၏ ဘာသာစကားမှ ဆင်းသက်ပေါက်ဖွားလာသည် ဟု ဆိုသည်။

ဦးဖေမောင်တင်၏ ဘာသာလောကကျမ်းစာအုပ်တွင် 'တိဗက်မြန်မာ မူလမျိုးရိုးမူကား တောင်တန်းကြီးများမှ ဗြဟ္မပုတြမြစ် ထွက်ပေါ်လာသော နေရာသို့ရောက်သော် သုံးစုပြား၏။ တစ်စုသည် ဗြဟ္မပုတြမြစ်ကို ဆန်တက်ပြီးလျှင် တိဗက်ပြည်သို့ ရောက်၏။ ဒုတိယအစုကား ယင်းမြစ်ကို စုန်ဆင်း၍ အာသံပြည်သို့ ရောက်၏။ တတိယအစုကား ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်တို့ကို စုန်ဆင်း၍ မြန်မာပြည်သို့ ရောက်၏။'[၁] ဟူ၍ ဖော်ပြထားပါသည်။

ကချင်စကားမှာ မြန်မာစကားနှင့်လည်း အလွန်နီးစပ်နေပြန်သည်။ အခြေခံစကားလုံးများ အနက် လေးပုံတစ်ပုံခန့်မှာ မြန်မာစကားလုံးများနှင့် ကိုက်ညီနေသည့်အပြင် သဒ္ဒါမှာလည်း မြန်မာသဒ္ဒါအတိုင်း ဖြစ်နေပြန်သည်။ ကချင်စကားတွင်မရှိသော ဝေါဟာရများကိုလည်း မြန်မာဝေါဟာရအတိုင်း သုံးစွဲနေပြန်သည်။ သို့ဖြစ်ခြင်းကြောင့် ကချင်စကားသည် တိဗက်စကားနှင့် မြန်မာစကားကို ဆက်စပ်ပေးရာပေါင်းကူးတံတားဖြစ်သည်ဟု ဆိုနိုင်သည်။

ကချင်လူမျိုးတို့ ပြောဆိုသုံးနှုန်းသောစကားများမှာ နေရာဒေသ၊ အမျိုးအနွယ်နှင့် စကား အုပ်စုကိုလိုက်၍ ကွဲပြားခြားနားတတ်ရာ တခါတရံတွင် တောင်တစ်တောင်၌ စကားတစ်မျိုးထွန်း သည်ဟု ဆိုရလောက်အောင်ပင် သုံးနှုန်းသောစကားများ ပေါကြွယ်လှသည်။ ဂျိန်ဖော့စကား တစ်မျိုးတည်းကိုပင် အာသံနယ်စပ်နှင့် ဟူးကောင်းချိုင့်ဝှမ်းဒေသများတွင် တစ်မျိုး၊ မေခ၊ မလိခ မြစ်ဝှမ်းတွင်တစ်မျိုး၊ အရှေ့ဘက် တရုတ်ပြည်နယ်စပ်တစ်လျှောက်တွင် တစ်မျိုးပြောဆိုသည်ကိုတွေ့ရသည်။ သို့သော် အခြေခံအားဖြင့် ကချင်လူမျိုးတို့၏ဘာသာစကားကို လေးမျိုးခွဲခြားနိုင်သည်။ ယင်းတို့မှာ ဂျိန်ဖော့စကား၊ မရူစကား၊ ရဝမ်စကားနှင့် လီဆူစကားတို့ဖြစ်သည်။

ဂျိန်ဖော့စကားမှာ ကချင်ပြည်နယ်တွင် လူသုံးအများဆုံးသော ဘာသာစကားဖြစ်သည်။ (၁၈၉၅) ခုနှစ်လောက်ကစ၍ ဟင်ဆန်ဆိုသူ အမေရိကန်သာသနာပြုဆရာကြီးက ရောမအက္ခရာ များကို အသုံးပြု၍ ဂျိန်ဖော့စာကို တီထွင်ပေးခဲ့သည်။ အခြားစာပေမရှိသေးသော ကချင်လူမျိုးများ ကလည်း ဂျိန်ဖောစာပေကို သင်ကြားလေ့လာခဲ့ကြရာမှ ဂျိန်ဖော့စာတတ်သူများ ပေါများလာကာ ဂျိန်ဖော့စကားမှာ လူသုံးများသော စကားရပ် ဖြစ်လာခဲ့သည်။ သို့ရာတွင် ဂျိန်ဖော့စကားမှာ နေရာဒေသကိုလိုက်၍ လေယူလေသိမ်း၊ အသံအနေအထား ကွဲပြားကြသည်။ သာမန် ဂျိန်ဖော့၊ ခခူး ဂျိန်ဖော့၊ ဂေါင်ရီ ဂျိန်ဖော့၊ ဟးကောင်းဂျိန်ဖော့၊ ဒူရင် ဂျိန်ဖော့နှင့် ထိန်နိုင်း ဂျိန်ဖော့တို့သည် ဂျိန်ဖော့စကားတစ်မျိုးတည်းကို သုံးစွဲကြသော်လည်း အသံအနေအထားတို့သည် အနည်းအကျဉ်း စီ ကွဲပြားကြသည်။[၂]

---

[၁] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ စာ– ၁၄။

[၂] မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီ၊ ၁၉၇၁၊ စာ– ၃၉။

ကချင်လူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံများအရ ကျင်းပသောပွဲလမ်းများမှာ မနောပွဲ၊ ဗကာက်သစ်စားပွဲ၊ အိမ်သစ်တက်ပွဲ၊ အသုဘပွဲ၊ ကလေးကင်ပွန်းတပ်ပွဲ စသည့်ပွဲများကို ကျင်းပလေ့ရှိသည်။ ထိုပွဲများအနက်မနောပွဲမှာ အကြီးကျယ်ဆုံး အခမ်းနားဆုံးဖြစ်သည်။ ရှေးအကျဆုံး ရိုးရာပွဲလမ်းလည်းဖြစ်သည်။ မနောပွဲသည် ထိုနယ်မြေဒေသအတွင်းရှိသော ကျေးရွာသားအားလုံး နှင့်တကွ အနွယ်အားလုံးနှင်လည်းသက်ဆိုင်သောပွဲဖြစ်၍ အနည်းဆုံးလေးရက်မှ ရှစ်ရက်အထိ ကြာမြင့်တတ်သည်။ မနောပွဲမှာ မဒိုင်နတ်ခေါ် ကောင်းကင်နတ်ကို မူတည်၍ကျင်းပသော နတ်ကနားပွဲတစ်ရပ်ဖြစ်သော်လည်း ကောင်းကင်နတ်နှင့်တကွ ပူဇော်ပသရသောအခြားနတ်များမှာ အလွန်များပြားလှပါသည်။ မနောပွဲပြီးလျှင် ကောက်သစ်စားပွဲသည် အခမ်းနားဆုံးဖြစ်သည်။ ကချင်ယဉ်ကျေးမှုတင် အရေးပါသော ရိုးရာပွဲတစ်မျိုးဖြစ်ပါသည်။ ကောက်သစ်စားပွဲကို အိမ်ထောင်စုအလိုက် ကျင်းပသကဲ့သို့ တစ်ရွာလုံးစုပေါင်း၍လည်း ကျင်းပသည်။ သားငါး၊ အရက်ခေါင်ရည်စသော စားသောက်ဖွယ်ရာများကို ဦးစွာစုဆောင်းပြီး ရွာလုံးကျွတ် ကောက်သစ်စားပွဲနေ့တစ်နေ့သတ်မှတ်၍ တစ်ခမ်းတစ်နား ကျင်းပလေ့ရှိသည်။[၁]

ယခုအချိန်အခါတွင် ကောက်သစ်စားပွဲကို ကျေးဇူးတော်ချီးမွမ်းရာနေ့ (THANKS GIVING DAY) အဖြစ် နိုဝင်ဘာလတွင် ကျင်းပနေဆဲဖြစ်ပါသည်။ ကျန်ရှိသောရိုးရာပွဲတော်များကိုလည်း အချိန်အခါအလိုက် ကျင်းပလေ့ရှိပါသည်။

၃။ စကားထာ

စကားထာဟူသည် လူမျိုးတစ်မျိုး၏ နေထိုင်ရာဒေသပတ်ဝန်းကျင်၊ စားသောက်မှုဓလေ့၊ စရိုက်၊ အတွေးအခေါ်နှင့် ရိုးရာယဉ်ကျေးမှု စသည်တို့ကိုအခြေပြု၍ ပေါ်ပေါက်လာသော ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်၌ တွေ့မြင်ရသည့်အရာများကို အနက်အဓိပ္ပာယ်ဝှက်ကာ တစ်ဦးနှင့်တစ်ဦးမေးမြန်းကြသည်။ စကားထာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပတ်သက်၍ အမျိုးမျိုးဖွင့်ဆိုခဲ့ကြသည်ကို တွေ့နိုင်ပါသည်။

မြန်မာအဘိဓာန်စာအုပ်တွင်

စကားထာ /ဇဂထာ/ န– အနက်အဓိပ္ပာယ်ကိုမြှုပ်ထားသောဉာဏ်စမ်းစကား။ ပဟေဠိ။ (သွားတော့ခွေခွေ၊ နေတော့စင်းစင်း။)

စကားထာဝှက် / ဇဂထာဝှက်/ ကြို– ဖြေဆိုရန်စကားထာတစ်ခုခုကိုဆိုသည်။

ဟု ဖွင့်ဆိုထားပါသည်။[၂]

မြန်မာ့စွယ်စုံကျမ်း အတွဲ(၃) တွင်

'စကား၏အနက်အဓိပ္ပာယ်ကို ကွယ်ဝှက်၍ပုစ္ဆာထုတ်ခြင်းသည် စကားထာဖြစ်သည်။ ဤသို့ပုစ္ဆာထုတ်ခြင်းကို စကားထာဝှက်သည်'ဟု ဆိုထားပါသည်။[၃]

စကားထာဟူသောဝေါဟာရ၏အနက်ကို အချို့ပညာရှိများက'စကား+ အတ္ထ= စကတ္ထ' ၊ ထိုမှတစ်ဆင့် 'စကားထာ' ဟူ၍ဖြစ်လာကြောင်း ပြောပါသည်။ အဓိပ္ပာယ်မှာ စကားထာ၏ အနက်ဟု ဆိုလိုပါသည်။ အချို့ပညာရှိများကလည်း 'စကား+ ထပန' ဟူသည့် ပုဒ်နှစ်ခုကို မြန်မာအသံဖြင့် ပေါင်း၍

---

[၁] ဘောက်လာ၊ မရန့်(မဟာဝိဇ္ဇာဂုဏ်ထူး)၊ ၂၀၀၃၊ စာ၊ ၇၉။
[၂] မြန်မာစာအဖွဲ့၊ မြန်မာအဘိဓာန်၊ ၂၀၀၈၊ စာ– ၉၁။
[၃] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၃)၊ ၁၉၅၆၊ စာ– ၂၉၅။

ဖတ်လျှင် 'စကားထာပနာ' ဟု ရသည်ဖြစ်ရာ အတိုကောက်အားဖြင့် စကားထာဟု တွင်လာကြောင်း ပြောပါသည်။ အခြားပညာရှိကြီးများကလည်း 'စကားထာဟူသည်မှာ စကား၏အထာကိုဆိုလိုကြောင်း၊ မြန်မာစကားတွင် သူ့အထာကိုယ့်အထာဟု ပြောလေ့ပြောထရှိကြရာ အထာဆိုသောပုဒ်၏အနက်မှာ အနေအထားသဘောသရုပ်ကို ဆိုလိုကြောင်း၊ ကျွန်တော်သူ၏အထာကို ကောင်းစွာသိပါသည်' ဟ ပြောသောစကားတွင်အထာမှာ ထိုပုဂ္ဂိုလ်အနေအထား၊ သဘောသရုပ်ကိုဆိုလိုကြောင်း သို့ဖြစ်၍ စကားထာဟူသည်မှာ အကြင်စကားရပ်တစ်ခု၏ အနေအထား သဘောသရုပ်ကိုကြည့်၍ အဖြေကို ထုတ်ဖော်ရသည့် စကားမျိုးဖြစ်ကြောင်း မိန့်ဆိုကြပါသည်။

ကြည်ဦးက စကားထာဟူသောဝေါဟာရကို မြန်မာ့ရိုးရာစကားထာများ စာအုပ်တွင်–

> 'မြန်မာစကားထာဟူသည်မှာ ရှေ့တွင်ဖော်ပြလတ္တံ့သော မဟော်သဓာဝတ္ထု၊ ဓမ္မပဒဝတ္ထု စသည့် ပါဠိစာပေများမှ အခြေခံ၍လာသည်မှာ မှန်သော်လည်း မြန်မာနိုင်ငံ၏ ရေမြေ သဘာဝ၊ မြန်မာ့စားဝတ်နေမှုဘဝ၊ မြန်မာ့ယဉ်ကျေးမှု အလေ့အထများနှင့်ဆီလျော်စွာ နှစ်ပေါင်းများစွာကစတင်၍ အသုံးတွင်လာခဲ့သော ရိုးရာမြန်မာမှုစစ်စစ်တစ်ခုဖြစ်သည်'

ဟု ဆိုထားပါသည်။

ထို့ကြောင့် စကားထာဆိုသည်မှာ မိမိဆိုလိုသည့်အနက်အဓိပ္ပာယ်ကို ဝှက်ကာမေးမြန်းပြီး ဖြေဆိုမည့်သူကလည်း ထိုအဖြေကို သေသေချာချာစဉ်းစားပြီး ဖြေဆိုရသည့် ဉာဏ်စမ်းကစားနည်းတစ်မျိုးပင် ဖြစ်သည်။

ရှေးအခါက စကားထာဝက်သည်ကို မဖြေနိုင်လျှင်ပန်းပေးသည်ဟုဆိုရသည်။ ထိုအခါ စကားထာ ဝှက်သူက အဖြေကိုပြောပြရသည်။ စကားထာဝှက်ခြင်းသည် မြန်မာတို့၏ရှေးဟောင်း ဓလေ့ဖြစ်သည်။ အခြားလူမျိုးတို့သည်လည်း တစ်ဦးနှင့်တစ်ဦးဉာဏ်စမ်းရန် စကားထာဝှကတတ်၏။ စကားထာကို မိန်းကလေးများကစတင်ဝှက်၍ ယောကျ်ားကလေးများက ဖြေကြရသည်။ မဟောသဓ ဇာတ်တော်တွင် ဘုရားအလောင်း မဟောသဓာသည် အမရာကိုတွေ့ရာဝယ် အမည်ကိုမေးလေ၏။ အမရာကထို အမေး ကိုဖြေရာ၌ 'ကျွန်ုပ်၏အမည်သည် ဖြစ်ဆဲ၊ ဖြစ်ပြီး၊ ဖြစ်လတ္တံ့သော ကာလသုံးပါးတွင် မရှိသော အမည်ပါတည်း' ဟု စကားထာဝှက်၍ဆို၏။ ဤတွင်မဟောသဓက ကာလသုံးပါး၌ မရှိသော အမည်ကား အမရာဖြစ်၏ဟု စကားထာ၏ အဖြေမှန်ကို ဖော်လိုက်၏။ အမရာကား မသေခြင်းကို ဆိုလိုသည်။ ထို့အပြင်အမရာက မိမိ၏ဖခင်သည် သန်ျိုင်းကုန်း၌ လယ်လုပ်ကြောင်းကို စကား ဖြောင့်ဖြောင့်မဆိုဘဲ လူတို့တစ်ကြိမ်ရောက်က တစ်ခေါက်ပြန်မလာသောအရပ်၌ လယ်လုပ်ပါသည်ဟု စကားထာဖြင့်ဝှက်၍ ဆို၏။ ဤသည်မှာ မိန်းကလေးများကမေး၍ ယောကျ်ားကလေးများကဖြေသော စကားထာနမူနာဖြစ်ပါ သည်။

မြန်မာမှုတွင်တွေ့ရသော စကားထာအမျိုးအစားများကို မြန်မာ့စွယ်စုံကျမ်း အတွဲ(၃) တွင်

၁။ ကာရန်အားဖြင့်ဝှက်သောစကားထာ

၂။ ဥပမာအားဖြင့်ဝှက်သောစကားထာ

၃။ အနက်အားဖြင့်ဝှက်သောစကားထာ

၄။ စကားလိမ်အားဖြင့်ဝှက်သောစကားထာနှင့်

၅။ သချ်ာအားဖြင့်ဝှက်သောစကားထာ

ဟူ၍ ခွဲခြားဖော်ပြထားသည်ကို တွေ့ရပေသည်။ မှားသည်ဟူ၍ကားမဆိုလိုပါ။ သို့ရာတွင် အမျိုးအစားခွဲခြားပုံ မရှင်းလင်းဘဲ ထွေးရောယှက်တင်ဖြစ်၍နေပေသည်။ ထို့ကြောင့် မြန်မာစကားထာများကို အမျိုးအစားအားဖြင့် (၆) မျိုးခွဲခြား ဖော်ပြထားသည်။ ယင်းတို့မှာ

၁။ စကားထာရိုးရိုး

၂။ စကားလိမ်

၃။ စကားဝှက်

၄။ ပုစ္ဆာစကားထာ

၅။ သရဲ်ာစကားထာ

၆။ ပုံပြင်စကားထာ

တို့ဖြစ်ပါသည်။[၁]

ထို့ကြောင့် စကားထာဟူသည်မှာ ဆိုလိုသည့်အနက်အဓိပ္ပာယ်ကို ဝှက်ကာမေးမြန်းသောဉာဏ်စမ်းကစားနည်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၄။ ဂျိုနဗော့လူမျိုးတို့၏ နေ့စဉ်သုံးစကားများမှ စကားထာများ

လူတို့သည် သဘန်အားဖြင့် ဝေါဟာရတို့၏အနက်ကို အလေးမထား အာရုံမစိုက်ဘဲအမှုမဲ့အမှတ်မဲ့ ပြောဆိုတတ်ကြသည်။ ခက်ခဲသောအရာတို့ကို လွယ်ကူအောင်လုပ်တတ်ကြသကဲ့သို့ စကားလုံးများကိုလည်း အခါအားလျော်စွာ လွယ်ကူအောင် သုံးစွဲတတ်ကြသည်။ ရာစုနှစ်ပေါင်း များစွာကပင်ရှိနေသည့် ဘိုးဘေးဘီဘင်ဘာသာစကားများမှ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။ ထို့ပြင်ဂျိုန်ဖော့ဘာသာစကားတွင်လည်း ဖန်တီးပြောဆိုသုံးစွဲသော စကားလုံးများရှိသကဲ့သို့ အခြားဘာသာစကားများမှ မွေးစားထားသောစကားလုံးများလည်း များစွာရှိပါသည်။ ယင်းစကားလုံးများကို လူတို့ကနေ့စဉ်သုံး စကားအဖြစ် သုံးစွဲနေကြသည်။ ထို့ကြောင့် နေ့စဉ်သုံးစကားဆိုသည်မှာ လူအများနေ့စဉ်သုံးစကားအဖြစ် ပြောဆိုသုံးစွဲနေသောစကားဟု သဘန်အားဖြင့်ဖွင့်ဆိုနိုင်ပါသည်။ နေ့စဉ်သုံးစကားများကို သဘန်အားဖြင့်ခွဲခြားကြည့်လျှင်

၁။ ဥပစာအဖြစ် ပြောဆိုသုံးစွဲနေကြသော ဥပစာစကားများ

၂။ လူမှုကိစ္စအမျိုးမျိုးကို အခြေပြုပြီး ပေါပေါက်လာသော ဓလေ့သုံးစကားများ

၃။ ခေတ်ကာလအလျောက် ပေါ်ပေါက်လာသော ဗန်းစကားများ

၄။ သက်ဆိုင်ရာ 'စံ' ဘာသာစကားမှ သွေဖည်သော ဒေသိယစကားများ

၅။ ပုံခိုင်းနှိုင်း၍ပြောဆိုသော စကားပုံများ

၆။ ရှေးယခင်မှစ၍ ပြောဆိုခဲ့သော မှတ်သားဖွယ်ရာ ဆိုရိုးစကားများ နှင့်

၇။ ဆိုလိုသည့်အနက်အဓိပ္ပာယ်ကို ဝှက်ကာပြောဆိုသော စကားထာများ

ဖြစ်ကြပါသည်။

[၁] ကြည်ဦး၊ မြန်မာ့ရိုးရာစကားထာများ၊ ၁၉ ၊ စာ– ၁၆။

ယခုဤစာတမ်းတွင် ဂျိန်ဖော့မျိုးနွယ်စု၏ ရိုးရာဓလေ့ကိုထင်ဟပ်စေသော စကားထာများကိုသာ တင်ပြထားခြင်း ဖြစ်ပါသည်။

1. Kaw Kaw hte Bu Bu hpa rai ta - N Hkyau

ကောက်ကောက်လုံးလုံးဘာတဲ့တုံး– တံစဉ်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် နေထိုင်ကြသော ဂျိန်ဖော့မျိုးနွယ်စုတို့သည် တောင်ပေါ်ဒေသ တွင်နေထိုင်ကြပြီး တောင်ယာစိုက်ပျိုးရေးကို အဓိကထား လုပကိုင်ကြသည်။ ထိုသို့လုပ်ကိုင်ရာတွင် လည်း တစ်နှစ်နှင့်တစ်နှစ် စိုက်ပျိုးသည့်နေရာမတူညီဘဲ ရွှေ့ပြောင်းလုပ်ဆောင် ကြသည်ကိုတွေ့ရသည်။ ထိုသို့ ရွှေ့ပြောင်းတောင်ယာလုပ်ဆောင်ခြင်းသည် သစ်တောပြုန်းတီးမှုကို ဖြစ်စေသောကြောင့် နောက်ပိုင်းအချို့ဒေသ (ဆဒုံးမြို့နယ်၊ လောခေါင်မြို့နယ်နှင့် ထောဂေါမြို့နယ်) များတွင် လှေကားထစ် စိုက်ပျိုးမှုကို[◌] အစားထိုးလုပ်ဆောင်လာသည်ကို တွေ့ရပါသည်။တောင်ယာ စိုက်ပျိုးရေးလုပ်ငန်းကို ဖေဖော်ဝါရီ လနှင့်မတ်လအချိန်မှစတင်၍ လုပ်ဆောင်ကြသည်။ ရှေးဦးစွာတောင်ယာအဖြစ် လုပ်ကိုင်မည့် နေရာမှ တောသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းရသည်။ ထိုသို့ ခုတ်ထွင်ရှင်းလင်းရာတွင် တောသစ်ပင် များကို အမြစ်မှခုတ်ထွင်ရှင်းလင်းခြင်းမျိုး မဟုတ်ဘဲ မြေပေါ်သို့ငုတ်အနည်းငယ်ချန်ကာ ခုတ်လဲရသည်။ ထိုကဲ့သို့ ခုတ်ထွင်ရှင်းလင်းထားသော အကိုင်းအခက်အလက်များကို မြေပေါ်တွင် တစ်လခန့်အခြောက်ခံ ထားပြီး ဧပြီလလယ်အချိန်မှစ၍ မီးရှို့လေသည်။ ဤသို့မီးရှို့လိုကသောအခါ ခုတ်ထွင်ရှင်းလင်းထား သော အကိုင်းအခက်များသာမက မြေပေါ်တွင်ပေါက်နေသော မြက်ပင်များပါမကျန် အားလုံးလောင်ကျွမ်း သွားပြီး မြေမှာ မြေမွ ဖြစ်လာသည်။ ထိုမြေယာပေါ်တွင် မေလပထမအပတ်နှင့် ဒုတိယအပတ်အတွင်း မိုးကျလာသည်နှင့်တပြိုင်နက် စပါးကို စတင်စိုက်ပျိုးလေသည်။

တောင်ယာစပါးစိုက်ပျိုး (mam ting ai) ရာတွင် လယ်ယာစပါးစိုက် (mam hkai ai) သကဲ့သို့ မျိုးစေ့ကိုပျိုးထောင်ပြီး ပျိုးပင်များကို စနစ်တကျစီတန်း၍ စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ (ရှေးယခင်အခါက တုတ်ချွန်) ယခုအခါချွန်ထက်သော သံဆူးကောက်ဖြင့် မြေကိုအနည်းငယ်ဆွကာ စပါးမျိုးစေ့ကို ထည်ကာ စူးထိုးစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးသည်။ တောင်ယာစပါး စိုက်ပျိုးခြင်းနှင့်အတူ အသီးအနှံများ ကိုလည်း စိုက်ပျိုးလေ့ရှိသည်ကို တွေ့ရသည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလကို နောက်ဆုံးထား၍ စပါးများကို ရိတ်သိမ်းကြသည်။ ထိုသို့ ရိတ်သိမ်းရာတွင် တံစဉ်ကိုအသုံးပြု၍ ရိတ်သိမ်းကြသည်။ တံစဉ်၏အသွားကို သံဖြင့်ပြုလုပ်ထားပြီး အသွားတွင်လွှသွားကဲ့သို့ အသွားကျဲကျဲမဟုတ်ဘဲ အသွားစိတ်စိတ်ဖော်ထား သောကြောင့် အလွန်ထက်သည်။ ကွေးကောက်ကိုင်းညွတ်သော အသွားတံနှင့်လိုက်ဖက်စွာ လက်ကိုင်ရိုး ကို လုံးလုံးရှည်ရှည် ပြုလုပ်ကြသည်။ လက်ကိုင်ရိုးသဏ္ဌာန်မှာ ဓားရိုးနှင့်ခပ်ဆင်ဆင်တူသည်။ ယင်း လက်ကိုင်ရိုးကို တောထဲတွင်ပေါက်သော ကျစ်ကျစ်သေးသေးသဏ္ဌာန်ရှိသောဝါး (namkawa–ချင်ဝါး)၏ အသားထူ၍အပေါက်မကျယ်သော အရင်းပိုင်းကိုခုတ်ဖြတ်ပြီး သော်လည်းကောင်း၊ ကျွဲချိုကို ဝက်စာ ချက်သည့်အိုးတွင် ထည့်ပြုတ်ပြီး မိမိလိုချင်သည့်ပုံစံကို ပုံသွင်းယူခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်ကြ ပါသည်။ ထိုတံစဉ်ကို မြက်ရိတ်ရာတွင်လည်းကောင်း၊ စပါးရိတ်ရာတွင် လည်းကောင်း အသုံးပြုကြသည်။ မိမိတို့အစဉ်အသုံးပြုသော တံစဉ်၏သဏ္ဌာန်ကိုယူ၍ “ကောက်ကောက် လုံးလုံးဘာတဲ့တုန်း” ဟူသော စကားထာကို ဂျိန်ဖော့မျိုးနွယ်စုတို့က ဖန်တီးထားသည်ကို တွေ့ရပါသည်။ ဤစကားထာသည် အနက် အဓိပ္ပာယ်ကိုဝှက်ကာ မေးမြန်းသည့် စကားထာရိုးရိုး ဖြစ်ပါသည်။

[◌] မြန်မာ့ဆရာယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီ၊ ၁၉၇၁၊ စာ– ၈၈။

2. Yi ya u hpum hpa- Nai

တောင်ယာမှာဝပ်တဲ့ကြက်မ–ပိန်းဥ

ဂျိန်ဖော့မျိုးနွယ်စုတို့သည် တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးသူများ ဖြစ်ကြသည်။ စိုက်ပျိုးရာတွင် တောင်ယာ၏ ဘေးတစ်ဖက်တစ်ချက်ရှိ မြေလွတ်မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး ဟင်းသီးဟင်းရွက်၊ အသီးအနှံများကို စိုက်ပျိုးလေ့ရှိပါသည်။

"တောင်ယာမှာဝပ်တဲ့ကြက်မ" ဟူသောစကားထာသည် တောင်ယာစိုက်ပျိုးမှုကိုအခြေခံ၍ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ပိန်းပင်အမျိုးမျိုးရှိသည်။ စား၍မရသောပိန်းရိုင်းပင်၊ အရိုးကိုချက်စားသောပိန်းရိုးပင်နှင့် ဥကိုချက်စားသော ပိန်းပင်တို့ဖြစ်သည်။ ဂျိန်ဖောမျိုးနွယ်စုတို့၏ အစားအသောက်တွင်ပိန်းဥသည် မပါမဖြစ်ဟုဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပိန်းဥကိုအချဉ်ဟင်းအဖြစ် လည်းကောင်း၊ အသီးအနှံ၊ အရွက်များနှင့်ရောနှော၍လည်းကောင်း၊ သရေစာအဖြစ်လည်းကောင်း စားသုံးကြသည်။ ထို့ကြောင့် ပိန်းဥကိုနောက်ပိုင်းတွင် စီးပွားဖြစ် စိုက်ပျိုးလာကြသည်ကို တွေ့ရပါသည်။ ပိန်းပင်ကို မြေပြန့်၌သာစိုက်ပျိုးကြသည်။ ထိုသို့စိုက်ပျိုးရာတွင် စနစ်တကျတန်းစီပြီးသော် လည်းကောင်း၊ အကွက်ချပြီးသော်လည်းကောင်း စိုက်ပျိုးကြပါသည်။ မိုးတွင်းအခါတွင် ပိန်းရွက်ကြီးများမှာစိမ်းစိုပြီး အရွက်ဖားဖားနှင့် ရှိနေသည်။ ပိန်းဥပင်ကို ဆောင်းအကုန်နွေအကူးအချိန်၌ တူးယူလေ့ရှိသည်။ ပိန်းဥ၏ အရောင်မှာ နီညိုရောင်၊ အမည်းရောင်စသည်ဖြင့် အမျိုးမျိုးရှိသည်။ ပိန်းဥပင်ရင့်လေလေ ပိန်းရိုး၊ ပိန်းရွက်များမှာ ညှိုးနွမ်းခြောက်သွေ့ပြီး ကြွေကျသွားသည်။ ထိုအခါမြေကြီးထဲရှိ ပိန်းဥများ၏ဖြစ်တည်ပုံမှာ မိခင်ကြက်မကြီးက ကြက်ပေါက်ကလေးများကို ဝပ်နေသောသဏ္ဌာန်ကဲ့သို့ ဖြစ်နေပါသည်။ ထိုအခြင်းအရာကို တွေ့မြင်ပြီးနောက် ဆိုလိုသည့်အနက်အဓိပ္ပာယ်ကို မြှုပ်ကာမေးမြန်းပြောဆိုသည့် စကားထာအဖြစ် အသုံးပြုလာသည်ကို တွေ့မြင်ရပါသည်။ ဤစကားထာသည် ဥပမာအားဖြင့်ဂုက်ကာ မေးမြန်းသည့် စကားထာအမျိုးအစား ဖြစ်ပါသည်။

3. Sa wa maga de kan kaw si, wa ma ga de rai jang hkru ai hpa – Hka n htung.

သွားတော့ဗိုက်ဆာ လာတော့ဗိုက်ဝ– ဝါးကျည်တောက်

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဂျိန်ဖော့မျိုးနွယ်စုတို့သည် မြေပြန့်ကုန်းပြင်မြင့်တွင် မနေထိုင်ဘဲ မြင့်မားသော တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည်။ ထိုတောင်ပေါ်ဒေသတွင် နေထိုင်ခြင်းမှာ ၎င်းတို့၏အသက်အန္တရာယ် ကာကွယ်မှုနှင့်လုံခြုံမှုတို့အတွက် လိုအပ်သောကြောင့် ရေပေါပေါများများရရှိသည့်နေရာများကို လျစ်လျူရှုကာ တောင်ထိပ်ဖျားပေါ်တွင် ကျေးရွာအများစုကို တမင်တကာရည်ရွယ်ချက်ရှိရှိ တည်ကာနေထိုင်ကြခြင်းဖြစ်သည်။ ထိုနေရာများသည် သွားရောက်ရန် ခက်ခဲသည်နှင့်အမျှ ရေရရှိရန်လည်း မလွယ်ကူပေ။ ရေရရှိသည့်နေရာမှာ ကျေးရွာနှင့်အတော်ပင် အလှမ်းဝေးသည် တောင်အောက်စမ်းချောင်းတစ်ခုမှ ရရှိလေ့ရှိသည်။ (ပူပြင်းသောကာလများ၌ စမ်ချောင်းတွင်ရေ အနည်းငယ်သာရှိတတ်သည်။ ထိုအချိန်မျိုးတွင် ရေခဲပရန်တာဝန်ယူရသော အမျိုးသမီးအဖို့တစ်စက်ချင်း ကျနေသောရေကို အောက်တွင်ခံထားသော ရေအိုးပြည့်အောင် အလှည့်ကျ စောင့်ဆိုင်းရ သည်။)[၁] ထိုနေရာသို့ သွားကာ ရေခပ်ဆင်းရသည်။ ထိုသို့ရေခပ်ဆင်းရာတွင် အခေါင်းကျယ်ပြီး အဆစ်ကျဲသော ဝါးပိုးဝါး(wa ra)များကို ရေပုံးအဖြစ် အသုံးပြုကြသည်။ ထိုဝါးပိုးဝါးများကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလအချိန်တွင်

[၁] C.M. ENRIQUEZ, MAJOR၊ ၁၉၃၃၊ စာ– ၆၊ ၇။

ခုတ်ယူလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်သည် ဝါးပိုးဝါ၏ အရည်အသွေးမှာ အရင့်ဆုံး၊ အမာဆုံး၊ အကောင်းဆုံးဖြစ်၍ အသုံးပြုရန်အသင့်တော်ဆုံးအချိန် ဖြစ်သည်။ ထိုဝါးပိုးဝါးကို အသုံးပြု၍ ရေပုံးပြုလုပ်ရာတွင် မိမိတို့သယ်ယူရာတွင် အဆင်ပြေမည့် အနေအထား ပုံသဏ္ဌာန်ကို ပြုလုပ်ယူကြသည်။ ဦးစွာရေပုံးပြုလုပ်ရာတွင် ဝါးပိုးဝါး၏အရင်းပိုင်းကို ရေပုံးတစ်ပုံးအတွက် ၂ပေခွဲခန့် ဖြတ်တောက်ရသည်။ ရေခပ်ရန်နှင့် အိမ်တွင်ရေသိုလှောင်ထားရန် ထည့်စရာမှာ ဝါးကျည်တောက်များသာဖြစ်သည်။ တောင်ပေါ်ဒေသတွင် နေထိုင်သော ဂျိန်ဖော့မျိုးနွယ်စုတို့၏အိမ်ရှိ ရေခပ်သည့် ဝါးကျည်တောက်နှင့် ရေသိုလှောင်စရာအဖြစ် အသုံးပြုသောဝါးကျည်တောက်များ၏ ပုံသဏ္ဌာန်ကိုကြည့်ခြင်းဖြင့် ထိုအိမ်ရှိ အမျိုးသားတို့၏အရည်အချင်းကို မြင်နိုင်သည်ဟု ရှေးလူကြီးများက ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် အရည်အချင်းမရှိသော၊ မညှာတာသော အမျိုးသားအချို့တို့သည် ဝါးကျည်တောက်ကို တစ်လံအရွယ် ဖြတ်တောက်ထားသောကြောင့် ရေခပ်သည့်အမျိုးသမီးများအဖို့ များစွာအဆင်မပြေမှုကို ကြုံတေ့ရသည်။ ထိုတစ်လံအရွယ်ရှိသော ဝါးကျည်တောက်ကို ကြိမ်ခြင်းတောင်း ထဲတွင်ထည့်၍ သယ်ဆောင်မရသည့်အတွက် လက်နှစ်ဖက်ဖြင့် ပွေ့ချီ၍သော်လည်းကောင်း၊ ကျောနောက် ဘက်တွင်ချီပး၍သော်လည်းကောင်း သယ်ဆောင်ရသောကြောင့်ဖြစ်သည်။ အိမ်ရှိဝါးကျည်တောက်များ ညီညီညာညာ လှလှပပစီစီရီရီ ဖြစ်နေလျှင် ထိုအိမ်ရှိအမျိုးသားသည် ရေခပ်သည့်အမျိုးသမီးအပေါ် ညှာတာသည့်သဘောထား၊ အလုပ်လုပ်ရာတွင် သေသေသပ်သပ်လုပ်တတ်သည့် သဘောရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံကချင် လူမျိုးများစာအုပ်တွင်မူ "အချင်း ၄လက်မ၊ အရှည်၄ပေခန့်ရှိသော ဝါးကျည်တောက် ၃–၄ခုတွင် ရေများဖြည့်ကာ သူမ၏ခြင်းတောင်းတွင်ထည့်ကာ တောင်ပေါ်ရှိသူမ၏ အိမ်သို့ တစ်နေ့လျှင် ၂ကြိမ် မှ၃ကြိမ်အထိ သယ်ယူရသည်"[၀] ဟုဖော်ပြထားသည်။ ထို့ကြောင့် တောင်ပေါ်ဒေသတွင် နေထိုင်သော ဂျိန်ဖော့မျိုးနွယ်စုတိုင်းပင် ထိုဓလေ့အရရေခပ်ခြင်းကို ပြုလုပ်ကြသည်။ တောင်အောက်သို့ ဆင်း၍ ရေခပ်ရာတွင် ဝါးကျည်တောက်ဘူးများကို နောက်လွယ်ပလိုင်းထဲတွင် ထည့်၍ရေခပ်လေ့ ရှိကြသည်။ ထိုသို့ရေခပ်ဆင်းသည့်အလေ့မှ အနက်အဓိပ္ပာယ်ကိုဝှက်ကာ "သွားတော့ဗိုက်ဆာ၊ လာတော့ဗိုက်ဝ" ဟူသော ဂျိန်ဖော့မျိုးနွယ်စုတို့၏ ရေခပ်ဆင်းသည့် ရိုးရာဓလေ့ကို ထင်ဟပ်စေသောစကားထာ ဖြစ်လာသည်ကိုတွေ့ရပါသည်။ ဤစကားထာသည် အနက်အဓိပ္ပာယ်ကို ဝှက်ကာမေးမြန်းသည့် စကားထာအမျိုးအစားတွင် ပါဝင်သည်။

4. Hkum ting a myi tu tim n mu ai wa hpa– Htingga

တစ်ကိုယ်လုံးမှာမျက်စိရှိသော်လည်း မမြင်နိုင်– ကြိမ် / ဝါး ခြင်းတောင်း

ကချင်ပြည်နယ်တွင် နေထိုင်ကြသော ကချင်တိုင်းရင်းသားတို့၏ မရှိမဖြစ် အိမ်အသုံးအဆောင်ပစ္စည်းမှာ ဖျာနှင့်တောင်းတို့ဖြစ်သည်။ ကချင်လူမျိုးတို့သည်ဝါး၊ ကြိမ်တို့ဖြင့် ဖျာရက်လုပ်ရာတွင်များစွာကျင်လည်၍ တောင်းရက်လုပ်ရာတွင်အနုစိပ်ပြီး လက်ရာပြောင်မြောက်လှသည်။[၂] ကချင်လူမျိုးတို့သည် တောင်းကိုပုံစံအမျိုးမျိုး ရက်လုပ်ကြသည်။ ကခင်အမျိုးသားများသည် တောင်ယာခုတ်သွားလျှင် ဓားနှင့် အသုံးအဆောင်အချို့ထည့်သည့် ပလိုင်းအငယ်စား (n htu shang pyat)ကို သယ်ဆောင် လေ့ရှိသည်။ ထိုပလိုင်းအငယ်စားကိုဝါး သမဟုတ် ကြိမ်ဖြင့်ရက်လုပ်သည့်အတွက် ဝါးခြင်းဓားလွယ် (သို့မဟုတ်) ကြိမ်ခြင်းဓားလွယ်ဟုခေါ်သည်။ ကချင်အမျိုးသမီးများ သယ်ဆောင်လေ့ရှိသော ရှင်နွဲခေါ်နောက်လွယ်ပလိုင်းမှာ အပိတ်ရက်လုပ်ထားသော တောင်းမျိုးဖြစ်သည်။ ထိုနောက်လွယ်ပလိုင်းကို ရက်လုပ်ရာ

[၀] C.M. ENRIQUEZ, MAJOR၊ ၁၉၃၃၊ စာ– ၆။

[၂] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီ၊ ၁၉၂၉၊ စာ– ၁၀၀။

တွင် အလွန်လက်ဝင်၍ အနုစိတ်ပြုလုပ်ရသည်။ ထို့ကြောင့် နောက်လွယပလိုင်းကို အကြမ်းမသုံးပေ။ ကချင်အမျိုးသမီးများသည် ထိုနောက်လွယပလိုင်းကို နဖူးတွင်ချိတ်၍ သော်လည်းကောင်း၊ ပခုံးထက်၌ ဘေးတစောင်းထား၍ သော်လည်းကောင်း လွယ်ကြသည်။ ကြိမ်ဖြင့်ရက်လုပ်ထားသော က ခေါ် တောင်းမျိုးမှာ အပိတ်ရက်လုပ်ထားခြင်းမဟုတ်ဘဲ အပေါက်ကလေးများ နှင့်ဖြစ်သည်။ ထိုတောင်းသည် အလွန်ခိုင်ခံ့သောကြောင့်အနု၊ အကြမ်းနှစ်မျိုးလုံးအသုံးပြုနိုင်သည်။ ယင်းကြိမ်ခြင်းတောင်းကို ထင်းခွေသွားရာတွင်လည်းကောင်း၊ ရေခပ်ဆင်းသည့်အခါတွင် ဝါးကျည်တောက်များကို ထည့်၍သော်လည်းကောင်း အသုံးပြုနိုင်သည်။ ယင်း က ခေါ် တောင်းမျိုးကို ကချင်လူမျိုးတိုင်း ခရီးသွားရာတွင် ယူသွားလေ့ရှိသည်။ တောင်ယာမှ စပါးနှင့်အခြားသီးနှံများကို သယ်ယူရာတွင်လည်းကောင်း၊ အမျိုးသမီးများ၏ အသုံးအဆောင်ပစ္စည်းများကို ထည့်ရာတွင်လည်းကောင်း ထိုကြိမ်ခြင်းတောင်းကိုပင် အသုံးပြုသည်။ ထိုသို့အသုံးပြုပုံကို မြန်မာနိုင်ငံကချင်လူမျိုးများစာအုပ်တွင် "Shingnoi ခေါ်ရှင်နွိုင်းခြင်းတောင်း (ပလိုင်း)ကို ဆန်၊ စပါးနှင့်အဝတ်အစားများ သယ်ယူရန်အတွက် အသုံးပြုကြသည်။ Htingga ကြိမ်ခြင်း တောင်းကို ထင်းနှင့်ရေထည့်ထားသော ဝါးကျည်တောက်များအား သယ်ယူရာတွင် အသုံးပြုသည်။"[၁] ဟုဖော်ပြထားပါသည်။ ကချင်လူမျိုးတို့သည် မိမိတို့၏မရှိမဖြစ် အသုံးအဆောင်တစ်ခုဖြစ်သော ထိုကြိမ်ခြင်းတောင်းကို နေ့စဉ်အသုံးပြုရာမှ တောင်း၏ပုံစံကိုကြည့်ကာ အနက်အဓိပ္ပာယ်ကိုဂုက်ကာ 'တစ်ကိုယ်လုံးမှာ မျက်စိရှိသော်လည်း မမြင်နိုင်' ဟူသော စကားထာကိုဖွဲ့ထားခြင်းဖြစ်ပါသည်။ ဤစကားထာသည် အနက်အဓိပ္ပာယ်ကို ဂုက်ကာမေးမြန်းသည့် စကားထာအမျိုးအစားဖြစ်သည်။

5. La wa ngan (4) ka naung hkat ai hpa ta – n ta dap kawp

အားကောင်းမောင်းသန်ယောကျ်ားကြီး (၄)ယောက်ပြိုင်တွန်းနေတာဘာလဲ– ဧည့်ခန်းမရှိမီးဖို

ဂျိန်ဖော့မျိုးနွယ်စုတို့သည် တောင်ပေါ်ဒေသတွင် အများဆုံးနေထိုင်ကြသည်။ ၎င်းတို့သည် ထိုဒေသတွင်နေထိုင်ရင်း ဆိုးရွားသောရာသီဥတုဒဏ်ကိုလည်း ကြံ့ကြံခိုင်ရင်ဆိုင်နိုင်သူများဖြစ်သည်။ တောင်ပေါ်ဒေသတွင်နေထိုင်သော ဂျိန်ဖော့မျိုးနွယ်စုတို့၏အိမ်မှာ ခြေတံရှည်ပုံစံအိမ်များဖြစ်ကြသည်။ အိမ်တင်း၌လည်း ဧည့်ခန်းမတွင် မီးဖိုထားလေ့ရှိသည်။ ထိုသို့မီးဖိုထားခြင်းမှာ အအေးဒဏ်ကိုခုခံကာကွယ်ရန်အတွက်လည်းကောင်း၊ သက်ကြီးဝါကြီးပုဂ္ဂိုလ်များ ရေနွေးကြမ်းသောက်ရင်း စကားဝိုင်းဖွဲ့ပြောဆိုရန်အတွက်လည်းကောင်း ဖြစ်သည်။ ထိုမီးဖို၌ ရေနွေးသာကျိသည်။ ချက်ပြုတ်စားသောက်ခြင်းမပြု။ မီးဖိုချောင်ရှိမီးဖို၌သာ ချက်ပြုတ်စားသောက်ကြသည်။ မီးဖို၏ပုံသဏ္ဌာန်မှာ လေးထောင်ပုံစံဖြစ်သည်။ သစ်သားတုံး (သို့မဟုတ်)ဝါးလုံးကိုအသုံးပြု၍ လေးထောင့်ပုံဖော်ပြီး ထိုအကွက်ထဲတွင် မြေကြီးများထည့်၍ မီးဖို ဖိုနိုင်ရန်ပုံဖော်ထားသည်။ ယင်းမီးဖို၏ ပတ်ပတ်လည်တွင် လူများလဲလျောင်း၍ သော်လည်းကောင်း၊ ထိုင်၍သော် လည်းကောင်း ဝိုင်းဖွဲ့၍ နေကြသည်။ သို့သော် အိမ်ပေါ်အဝင်ဝတံခါး ဧည့်ခန်း၏ဘယ်ဘက် ခြမ်းတွင် လူတစ်ကိုယ်စာလဲလျောင်းနိုင်သည့် အကယ်အဝန်းရှိသောနေရာသည် အိမ်ရှင်အမျိုးသား၏ နေရာဖြစ်သည်။ ထိုနေရာနှင့်ကပ်လျက်အိပ်ခန်းသည် အိမ်ရှင်ဇနီးမောင်နှံ၏ အိပ်ခန်းဖြစသည်။ အိမ်ကိုအလည်လာသည့် ဧည့်သည်များသည် ကျန်သည့်သုံးနေရာတွင် မိမိနှစ်သက်ရာနေရာတွင် ထိုင်နိုင်သည်။ လဲလျောင်းနိုင်သည်။ သို့သော်အိမ်ရှင်၏နေရာတွင် မထိုင်ရ၊ မလဲလျောင်းရပေ။ ထိုနေရာ၌ မတော်တဆထိုင်မိသော်လည်းကောင်း၊ လဲလျောင်းမိသော် လည်းကောင်း အလျော်တောင်းခံရသည်။ အခနမသင့်လျှင် ဓားနှင့်ပင်အခုတ်ခံရနိုင်သည်။ ဤသည်မှာဂျိန်ဖော့မျိုးနွယ်စု

[၁] C.M. ENRIQUEZ, MAJOR, မြန်မာနိုင်ငံကချင်လူမျိုးများ၊ ၁၉၃၃၊ စာ– ၁၈။

တို့၏ရိုးရာဓလေ့ဖြစ်သည်။ တောင်ပေါ်ဒေသရှိ ဂျိန်ဖော့မျိုးနွယ်စုတို့၏ အိမ်တိုင်းတွင်မီးဖိုရှိသည်။ ထိုအခြင်းအရာကိုအမှီပြု၍ 'အားကောင်းမောင်းသန် ယောကျ်ားကြီး (၄)ယောက် ပြိုင်တွန်းနေတာ ဘာလဲ' ဟူသောစကားထာကိုဖန်တီးခဲ့ကြသည်။ ယင်းစကားထာကို လေ့လာကြည့်ခြင်းဖြင့် ဂျိန်ဖော့မျိုးနွယ်စုတို့၏ရိုးရာဓလေ့ကို ဗဟုသုတဖြစ်ဖွယ် မှတ်သားသိရှိရပါသည်။ ဤစကားထာသည် ဥပမာအားဖြင့် ၇က်သော စကားထာအမျိုးအစား ဖြစ်သည်။

6. Yi wa jum tum hpa – Yu hku

တောင်ယာတဲမှာ အသုံးပြုသော ဆားဘူး – ကြွက်တွင်း

အစားအစာချက်ပြုတ်စားသောက်ရာ၌ ဆားသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ဆားအနည်းငယ်ကို တောင်တန်းနယ်ပယ်ရှိ ဆားတွင်းများ (သို့မဟုတ်) ဆား စမ်းချောင်းများမှ ရရှိသော်လည်း အလွန်နည်းပါးပြီး အရည်အသွေးညံ့ဖျင်းသောကြောင့် ဆားဟူ၍ ခေါ်ဆိုနိုင်စရာမရှိပေ။ တောင်ပေါ်သားများသည် သူတို့စားသုံးရန် ဆားများကိုခရိုင်အတွင်းရှိ မြို့ကြီးများမှအချိန်မှန်မှန် ရရှိကြသည်။ သို့မဟုတ် နယ်စပ်ကိုဖြတ်ကျော်သွားရောက်ကာ တရုတ်တို့ထံမှ ရရှိကြသည်။ တြိဂံဒေသဟူးကောင်းနှင့် ပူတာအို ခရိုင်တို့မှ ရာပေါင်းများစွာသော ကချင်တို့အား မြစ်ကြီးနား၊ မိုးကောင်း (သိမဟုတ်)ကားမိုင်းမြို့များသို့ သွားရောက်ကာ တစ်နှစ်အတွက်ဆားများ ဝယ်ယူလျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ ကချင် တောင်တန်းဒေသတွင် ဆားဓာတ်ပါသော စမ်းချောင်းအနည်းငယ်ရှိသည်။ ဖြိတိသျှတို့ အာဏာသက်ရောက်ခြင်းမရမီ ကချင်များသည် စမ်းချောင်းမှရေကိုကျိုချက်၍ ဆားရအောင်ပြုလုပကြသည်။ သို့မဟုတ်လျှင် တရုတ်ပြည်မှ ဆားကိုဝယယူရရှိကြသည်။ ယခုအခါ မြေပြန့်လွင်ပြင်တွင် ဆားများစျေးနှုန်းသက်သာနေပြီဖြစ်၍ မည်သည့် ကချင်ကမှ ကိုယ်တိုင်ဆားချက်ခြင်း မပြုကြတော့ပေ။ ထုပြင်တရုတ်ပြည်မှလည်း ဆားအနည်းငယ်သာ ဝယ်ယူကြသည်။ ဆားများကို ယနေ့ခေတ်ကဲ့သို့ ဘူးထဲသိထည့်၍ အသုံးပြုခြင်းမျိုး မရှိသေးပေ။ ဝါးပိုးဝါးမှ ဝါးဆစ်တစ်ဆစ်ကို ထည့်စရာဘူးအဖြစ်အသုံးပြုရန် အနေတော် ဖြတ်တောက်သည်။ ခရီးလှည့်လည် သွားလာသည့်အခါမျိုးတွင် ဆားကိုဖက်ဖြင့်ထုပ်ပိုး၍ ယူဆောင်သွားလေ့ရှိသည်။ တောင်ယာတဲတွင် အသုံးပြုသောအခါ ဆားကိုဝါးပိုးဝါးဖြင့် ပြုလုပထားသော ဘူးတွင်ထည့်ကာ အသုံးပြုကြသည်။ ထိုသို့အသုံးပြုပုံကိုအခြေခံ၍ တောင်ယာတဲ အနီးပတ်ဝန်းကျင်ရှိ ကြွက်တွင်းများကို ထည့်စရာဘူးအဖြစ်သတ်မှတ်ကာ ဤစကားထာကို ဖန်တီးခဲ့ကြသည်။ ယင်းစကားထာကို လေ့လာကြည့်ခြင်းဖြင့် တောင်ပေါ်ဒေသတွင်နေထိုင်သော ဂျိန်ဖောမျိုးနွယ်စုတို့သည် ဝါးဆစ်များကို ထည့်စရာဘူးအဖြစ်အသုံးပြုကြောင်းတေ့ရသည်။ ဤစကားထာသည် ဥပမာအားဖြင့်၇က်သော စကားထာ အမျိုးအစား ဖြစ်သည်။

7. Yi ya sum bra hpa - Shagyi

တောင်ယာထကခူယားကောင်— မုယောစပါး (ကောက်စပါးတစ်မျိုး။ ဘာလီ။ မုယောစေ့ တစ်လျား ရှိသောအတိုင်းအတာ။ မွန်၊ မ+ ပါ၊ ယဝ)

တောင်ပေါ်ဒေသတွင်နေထိုင်သော ဂျိန်ဖော့မျိုးနွယ်စုတို့သည် တောင်ယာစိုက်ပျိုးသည့် အချိန်တွင် မိမိတောင်ယာ၏ အစပ်နေရာနား၊ တောင်ယာအလယ် လျှောက်လမ်း၏ လက်ဝဲလက်ယာ၊ တောင်ယာတဲပတ်ပတ်လည်နှင့် တောင်ယာတဲ၏အဝင်လမ်းတစ်လျှောက်တွင် မုယောစပါးနွယ်ဝင် (Shagyi/ Yagyi) ကိုစိုက်ပျိုးလေ့ရှိပါသည်။ တောင်ယာစပါးရိတ်သိမ်းပြီးချိန် ထိုမုယောစပါး နွယ်ဝင်ကိုလည်း ရိတ်သိမ်း

ကြသည်။ ထိုမှယောစပါးနွယ်က စပါးစိုက်သကဲ့သို့ အများအပြားစိုက်ပျိုးလေ့မရှိပေ။ ဘိန်းစေ့ အရွယ်အစားဖြစ်သည်။ ထိုအပင်မှရသောအစေ့ကို ကောက်ညှင်းနှင့်သော်လည်းကောင်း၊ ထမင်းနှင့်သော်လည်းကောင်း နှယ်၍သရေစာအဖြစ် သုံးဆောင်ကြပါသည်။ နိဝင်ဘာလ ကျေးဇူးတော်ချီးမွမ်းပွဲတွင် ဟင်းသီးဟင်းရွက်၊ အသီးအနှံများနှင့် အလှဆင်ရာတွင် အပင်ကိုအသုံးပြုပါသည်။ ထိုအပင်၏သဏ္ဌာန်မှာ ခူယားကောင်ကဲ့သို့ အမွှေးထူထူ ရှည်ရှည်မျောမျော သဏ္ဌာန်ဖြစ်ပါသည်။ ဤအခြင်းအရာကို ကြည့်၍ 'တောင်ယာထဲက ခူယားကောင်' ဟူသော စကားထာကို တီထွင်ခဲ့ဟန်တူပါသည်။ ဤစကားထာသည် ဥပမာအားဖြင့်ဝှက်သော စကားထာအမျိုးအစားဖြစ်သည်။

ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံမြောက်ပိုင်း၊ မြစ်ကြီးနားမြို့တွင်နေထိုင်ကြသော ကချင်တိုင်းရင်းသားများအနက် ဂျိန်ဖော့မျိုးနွယ်စုတို့၏ ဘာသာစကားမှ ရိုးရာဓလေ့များ ထင်ဟပ်နေသော စကားထာများကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ "ကောက်ကောက်လုံးလုံးဘာတဲ့တုန်း" ဟူသောစကားထာတွင် ဂျိန်ဖော့မျိုးနွယ်စုတို့၏ တောင်ယာစိုက်ပျိုးရာတွင် လုပ်ဆောင်သည့် လုပ်ဆောင်မှုဓလေ့အဆင့်ဆင့်ကို လည်းကောင်း၊ "တောင်ယာမှာဝပ်တဲ့ကြက်မ"ဟူသော စကားထာတွင် ဂျိန်ဖော့မျိုးနွယ်တို့၏ စားသောက်မှုဓလေ့ကိုလည်းကောင်း၊ "သွားတော့ဗိုက်ဆာ၊ လာတော့ဗိုက်ဝ" ဟူသော စကားထာတွင် တောင်ပေါ်ဒေသ၌ထိုင်သော ဂျိန်ဖော့မျိုးနွယ်စုတို့၏ ရေခပ်ဆင်း သည့်ဓလေ့ကိုလည်းကောင်း၊ "တစ်ကိုယ်လုံးမှာ မျက်စိရှသော်လည်းမမြင်နိုင်" ဟူသောစကားထာတွင် ဂျိန်ဖော့မျိုးနွယ်စုတို့၏ မရှိမဖြစ် အသုံးအဆောင်ဖြစ်သော ကြိမ်/ဝါးခြင်းတောင်း ၏ရက်လုပ်ပုံနှင့် အသုံးဝင်ပုံကိုလည်းကောင်း၊ "အားကောင်းမောင်းသန် ယောကျ်ားကြီး (၄)ယောက် ပြိုင်တွန်းနေတာဘာလဲ" ဟူသော စကားထာတွင် တောင်ပေါ်ဒေသတွင် နေထိုင်ကြသော ဂျိန်ဖော့မျိုးနွယ်စတို့၏အိမ်တိုင်းတွင် ဧည့်ခန်းမ၌မီးဖိုထားရှိသောဓလေ့၊ ထိုမီးဖို အနီးတွင် ထိုင်သောအခါ အိမ်ရှင်အမျိုးသား၏နေရာတွင် မထိုင်ရသောဓလေ့နှင့် ထိုင်မိသည့်အခါ အလျော်တောင်းခံရသော ဓလေ့ကိုလည်းကောင်းစသည်ဖြင့် ကချင်တိုင်းရင်းသား ဂျိန်ဖော့မျိုးနွယ်စုတို့၏ စကားထာများမှ ၎င်းတို့၏ရိုးရာဓလေ့များကို စိတ်ဝင်စားဖွယ် လေ့လာသိရှိရပါသည်။ ယခုလေ့လာတင်ပြထားသော ဂျိန်ဖော့ဘာသာစကားရှ စကားထာများမှာ အနက်အဓိပ္ပာယ်ကိုဝှက်ကာ မေးမြန်းသော စကားထာများနှင့် ဥပမာအားဖြင့် ဝှက်ကာမေးမြန်းသော စကားထာများသာ ဖြစ်ပါသည်။

နိဂုံး

ဂျိန်ဖော့ဘာသာစကားရှိ စကားထာများကိုလေ့လာရာတွင် ၎င်းတို့၏ရိုးရာဓလေ့များ ထင်ဟပ်နေသော စကားထာအချို့ကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ အချို့သောစကားထာများနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာမှုပြုကာ မှတ်တမ်းများစုဆောင်းပြီး ဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုသို့ လေ့လာတင်ပြခြင်းဖြင့် ကချင်တိုင်းရင်းသား ဂျိန်ဖော့မျိုးနွယ်စုတို့၏ စာပေဖွံ့ဖြိုးမှုနှင့် ဘာသာစကား အကျိုးဖြစ်ထွန်းမှုကို ရည်ရွယ်၍ ဤစာတမ်းကိုပြုစုရခြင်း ဖြစ်ပါသည်။

ကျမ်းကိုးစာရင်း

၁။ ဖေမောင်တင်၊ ဦး။ ၁၉၅၈။ ဘာသာလောကကျမ်း။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

၂။ ဘီဇက်ဇော်လီ။ ၂၀၁၆။ WUNPAWNG လို့ခေါ်တဲ့ကချင်လူမျိုး။ ရန်ကုန်။ ပန်းလက်ဆောင်စာပေ။

၃။ မနမ်ဖန်၊ ဦး။ ၂၀၀၂။ Kachin– English Dictionary ။ ရန်ကုန်။ တန့ဆိုတေပုံနှိပ်တိုက်။

၄။ မနမ်ဖန်၊ ဦး။ ၂၀၁၄။ Myanmar– Kachin– English Dictionary ။ ရန်ကုန်။ မြင့်ပုံနှိပ်တိုက်။

၅။ မရန်ဘောက်လာ။ ၂၀၁၃။ ခေတ်အမြင်နှင့်ကချင်ယဉ်ကျေးမှု။ မဂ္ဂယ်ရှိန်ရာစာပေ၊ ကချင်စုရပ်ကွက်၊ မြစ်ကြီးနားမြို့။

၆။ မဲဇော။ ၁၉၆၃။ ကချင်ရိုးရာသုတပဒေသာ။

၇။ မင်းနိုင်၊ ဦး။ ၁၉၆၃။ သွေးချင်းတို့ပျော်သည့်မြေစာအုပ်။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

၈။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ။ ၁၉၇၁။ ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာလေ့ထုံးစံများ (ကချင်)။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

၉။ W. J. S. CARRAPIETT ။ ၁၉၂၉။ မြန်မာနိုင်ငံကချင်လူမျိုးများ။ Rangoon. Supdt, Govt. Printing and Stationary, Burma.

၁၀။ MAJOR C. M. ENRIQUEZ / ၁၉၃၃။ RACE OF BUMAR မြန်မာနိုင်ငံလူမျိုးစုများ။ DELHI: MANAGER OF PUBLICATION. Secong Edition.

၁၁။ L. C. Hka Lum, Dr ။ ၂၀၁၈။ မြန်မာ– အင်္ဂလိပ်– ကချင်အိတ်ဆောင်အဘိဓာန်။ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာနနှင့်ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်

၁၄။ Thida Moe & Lillian Kha Nau. 2006. TRILINGUAL ILLUSTRATED DICTIONARY. Yangon. Sutpan Offset.

အင်္ဂလိပ်ဘာသာ

1. HANSON, OLA. 1913. THE KACHINS. CAMBRIDGE LIBRARY COLLECTION.

2. O. HANSON, Rev. 1954. A DICTIONARY OF THE KACHIN LANGUAGE. Rangoon, Baptist Board of Publication.

အင်တာနက်အကိုးအကား

1. https: // www. encyclopedia.com.

2. https: // en.mwikipedia.org, wiki, Riddle.

3. https: // en.oxforddictionaries.com riddle.

နောက်ဆက်တွဲ(က)

ဆက်လက်ဖော်ပြရန် ကျန်ရှိနေသော ဂျိန်ဖော့ဘာသာစကားရှိစကားထာများ

- Ja hpawt daw lagaw (4) shani daw lagaw (2) shana daw lagaw (3) - Masha
- Sum tsan pala hpa rai ta - Myi
- N mai lang sum doi hpa rai ta – Lapu
- Naw kaji yang gaw hpyen hkin hpun kaba yang gaw shang gan kawoi ai hpa – Majap
- Magra yang gaw hprut, kabye yang gaw lut - Hka
- Lai shagu hkrap ai hpa ta - Chyinghka
- Lung pu makau grup kaw shakum kum da ai hpa - N gup hte a wa
- Nang shawng ngai shawng nga n na galoi mung ka shun ai hpa - Lagaw lahkam
- Nga nga ai gaw chye ai, rai tim yu yang gaw n mu ai hpa - N bung
- Lung pu kata mam katsap ai gaw hpa - Shing let
- N dung mai pung hkum gaw hpa- Nga hkyi sum pum
- N dum mai bau sa gaw hpa - Lagat tsip
- Kade khatam sat tim n si ai - Hka hte N bung
- Bum n tsa kaw hka wan taw nga ai lapu hpa - Bung hkaw
- Gayin yu magang hpraung magang hpa - Na
- Masawn shabawn gun hkawm ai gaw hpa – Dum si
- Hka jaw tim n madi ai hpa - Nai lap
- Hta lang n mai ai kabrang gaw hpa rai ta - Lam num braw
- Yi ya magwi hpa - Yi wa
- Shani shana jaw tim n chye hkru ai hpa - Pun htau

နောက်ဆက်တွဲ (ခ)

ကချင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့

ကချင်အာဘိဓာန်ပြုစုရေးအဖွဲ့

တောင်ယာထဲက ခူယားကောင်

ယောက်ျားကြီးလေးယောက်ပြိုင်တွန်းနေတာဘာလဲ။

တစ်ကိုယလုံးမှာမျက်စိရှိသော်လည်းမမြင်နိုင်

တောင်ယာစပါးစိုက်ရန်ခွဲဝေနေပုံ

တောင်ယာစပါးစိုက်နေပုံ

စပါးစိုက်စဉ်အသုံးပြုသော သံကောက်တုတ်ချွန်

ကောက်ကောက်လုံးလုံးဘာတဲ့တုန်း။

တောင်ယာစိုက်သူများနှင့် တွေ့ဆုံစဉ်

မြန်မာစကားပုံများနှင့် လူမှုဆက်ဆံရေးနောက်ခံများ

အေးအေးမြင့်*

ဓာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစကားပုံများရှိ လူမှုဘာသာဗေဒအမြင်ရှုထောင့်မှ သုတေသနပြုထားသောစာတမ်းဖြစ်ပါသည်။ စကားပုံအသုံးများကို လူမှုဝန်းကျင်အသီးသီး၌ တွင်ကျယ်စွာ ပြောဆိုသုံးစွဲနေကြသည်။ လူမှုဘာသာဗေဒအရလေ့လာလျှင် စကားပုံအသုံးများကို လည်းကောင်း၊ စကားပုံကထမ်းဆောင်သော တာဝန်များကိုလည်းကောင်း၊ စကားပုံအသုံးကြောင့် စကားရပ်ကို ပိုမိုသဘောပေါက်စေနိုင်မှုကို လည်းကောင်း ရည်ရွယ်၍တင်ပြရခြင်းဖြစ်ပါသည်။ ဘာသာစကားတိုင်းတွင်စကားပုံများရှိပြီး လူမျိုးတစ်မျိုးစီ၏ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကိုသိရှိစေလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာစကားပုံကိုလူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာရခြင်းသည် ဘာသာစကားလေ့လာသူများအတွက် လေ့လာဖော်ထုတ်ထားခြင်းဖြစ်ပါသည်။ ထိုသို့လေ့လာဖော်ထုတ်ရာတွင် လူမှုရေးဆိုင်ရာ အချကအလက်များစနစ်တကျပြုစုထားသော သုတေသနများမှ အချက်အလက်များပေါ် အခြေခံလျက် "ရှိပြီးသားအချက်အလက်များအပေါ် အခြေခံ၍လေ့လာနည်း"ကို အသုံးပြုထားပါသည်။

သော့ချက်စကားလုံး– စကားပုံ၊ ဘာသာစကား၊ လူမှုဘာသာဗေဒ။

နိဒါန်း

ဤသုတေသနစာတမ်းသည် ဘာသာစကားနယ်ပယ်မှ မြန်မာစကားပုံများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာသောစာတမ်းဖြစ်ပါသည်။ လူမှုဘာသာဗေဒသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြား ဆက်စပ်မှုကို လေ့လာသည့်ပညာရပ်ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း၌ ဘာသာစကားများက မည်သည့်အကြောင်းရင်း၊ မည်သည့်အခြေအနေများတွင် မည်ကဲ့သို့အသုံး ပြုနေပုံကိုလေ့လာခြင်းဖြစ်ပါသည်။ မြန်မာစကားပုံများသည် မြန်မာဘာသာစကား၏ အဆင်တန်ဆာတစ်ခုဖြစ်ရာ စကားပုံအသုံးများနှင့် လူ့အဖွဲ့အစည်းကြား မည်သို့ဆက်စပ်နေသည်ကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာဆန်းစစ်တင်ပြခြင်း ဖြစ်ပါသည်။

စကားပုံများသည် တိုတိုရှင်းရှင်းနှင့်လိုရင်းကို ထိရောက်အောင် ပုံဆောင်ပြောဆိုနိုင်သော စကားရပ်များဖြစ်သည်။ စကားပုံအသုံးများကို လူမှုဝန်းကျင်အသီးသီး၌ တွင်တွင်ကျယ်ကျယ် ပြောဆိုသုံးစွဲနေကြောင်းတွေ့ရှိရပါသည်။ လူမှုဘာသာဗေဒအရလေ့လာလျှင် စကားပုံအသုံးကြောင့် စကားရပ်ကို ပိုမို သဘောပေါက် စေနိုင်မှုများကိုလည်းကောင်း လေ့လာလိုစိတ်များ ဖြစ်ပေါ်ခဲ့ရပါသည်။ ထို့ကြောင့်လည်း ဤစာတမ်းကို ရွေးချယ်၍တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့လေ့လာရာတွင် စကားပုံအသုံးတူသော်လည်း စကားပုံများ၏ စကားဖြစ်ရပ်နယ်ပယ်များကွဲပြားနေပါသည်။ စကားပုံအသုံးများ၏ တန်ဖိုးကြောင့် စကားဖြစ်ရပ်၏ ဆိုလိုချက်ကို ပိုမိုပေါ်လွင်စေခြင်း၊ လူမှုဩဇာသက်ရောက်မှုများကို တွေ့ရှိရခြင်းစသည့်အတွေ့ အကြုံများကိုတွေ့ရပါသည်။

* ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

ဤစာတမ်းကိုလေ့လာခြင်းဖြင့် လူမှုဝန်းကျင်၌ လက်တွေ့သုံးနှုန်းပြောဆိုသော စကားပုံ များသည် ဘာသာစကားနယ်ပယ်မှ ဘာသာစကားဆိုင်ရာ နည်းနာများကို သိရှိနိုင်သော အထောက်အကူများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

(က) သုတေသနမေးခွန်းနှင့် ပြဿနာအချို့

လူမှုဆက်ဆံရေးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော စကားပုံများကို လေ့လာပြုစုရာတွင် အောက်ဖော်ပြပါ သုတေသနမေးခွန်းနှင့် ပြဿနာအချို့ကို တွေ့ကြုံနိုင်ပါသည်။

၁။ စကားပုံ၏အဓိပ္ပာယ်နှင့် စကားပုံများမည်ကဲ့သို့ ပေါ်ပေါက်လာသနည်း။

၂။ စကားပုံတွင် လူမဆက်ဆံရေးအရ စကားပုံများဖြင့် မည်သို့ဖွဲ့စည်းထားသနည်း။

၃။ စကားပုံတို့ကို မည်သည့်အခြေအနေအချိန်အခါတွင် ပြောဆိုအသုံးပြုလေ့ရှိကြသနည်း။

၄။ စကားပုံများအရှည်တည်တံ့စေရန် မည်ကဲ့သို့ ထိန်းသိမ်းသင့်သနည်း။

အထက်ပါမေးခွန်းများအနက် စကားပုံနှင့်ပတ်သက်သည့် လူမှုဆက်ဆံရေး ဖွင့်ဆိုသတ်မှတ်ချက် များနှင့် လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာတင်ပြသွားပါမည်။ စကားပုံကိုလူမှုဆက်ဆံရေးတွင် အခက်အခဲ ပြဿနာမရှိသော်လည်း ကျန်မေးခွန်းများအတွက် အဖြေရှာရာတွင် အောက်ပါပြဿနာများကို တွေ့ရှိရပါသည်။

၁။ စကားပုံများ မည်သို့ပေါ်ပေါက်လာသည်ဆိုရာတွင် ရှေးပညာရှိတို့၏ အယူအဆအမျိုးမျိုး ရှိနိုင်ခြင်း။

၂။ စကားပုံကို မည်သည့်အခြေအနေအချိန်အခါတွင် ပြောဆိုလေ့ရှိသနည်းဆိုရာ၌ အသုံးပြုသူ တို့၏ တစ်ဦးနှင့်တစ်ဦး အယူအဆတူညီမှု မရှိနိုင်ခြင်း။

၃။ စကားပုံများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းနိုင်မည့် နည်းနာများလိုအပ်ခြင်း။

တို့ကို တွေ့ရှိရပါသည်။

အဆိုပါမေးခွန်းနှင့်ပြဿနာကို အဖြေရှာ ဖော်ထုတ်နိုင်ရန်အတွက် စာအုပ်စာတမ်းများ၊ ပညာရှင် ဆရာကြီး၊ ဆရာမကြီးများ၏ လမ်းညွှန်အကြံပေးမှုနည်းနာများကိုယူ၍ တင်ပြပြုစုထားပါသည်။

(ခ) စာပေလေ့လာဆန်းစစ်ချက်

"မြန်မာစကားပုံများနှင့် လူမှုဆက်ဆံရေးနောက်ခံများ"ကို လူမှုဘာသာဗေဒ"အမြင်ဖြင့် လေ့လာ ထားသော စာတမ်းနှင့်ပတ်သက်၍ စာပေလေ့လာတွေ့ရှိချက်များကို တင်ပြပါမည်။ ဤစာတမ်းပြုစုရာ တွင် အထောက်အကူပြုနိုင်မည့် ပါရဂူဘွဲ့အတွက်တင်သွင်းသောကျမ်း၊ မဟာသုတေသန ဘွဲ့အတွက် တင်သွင်းသောကျမ်း၊ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်းများကို လေ့လာ ဖတ်ရှုမှတ်သားခဲ့သည်။ ထိုသို့လေ့လာသောအခါ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်းအဖြစ်

(၁) မြန်မာစကားပုံများကို အတ္ထဗေဒအမြင်ဖြင့် လေ့လာခြင်း၊ မသန်းသန်းအေး၊ (၂၀၀၇)။

(၂) မွန်စကားပုံများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်း၊ မစောမြတ်မိုး၊ (၂၀၁၁)။

စသည်တို့ကို တွေ့ရှိရပါသည်။

မသန်းသန်းအေး၏ "မြန်မာစကားပုံများကို အတ္ထဗေဒအမြင်ဖြင့်လေ့လာခြင်း"ကျမ်းတွင် မြန်မာစကားပုံများ၏ အနက်သဘောကို အစဉ်အလာလေ့လာမှု လမ်းကြောင်းမှခွဲထွက်၍ ဘာသာဗေဒတွင် ပါဝင်သော သရုပ်ဖော်ဘာသာဗေဒ ပညာဖြင့်လေ့လာကာ မြန်မာစကားပုံများ၏ ဘာသာစကား တာဝန်များ၊ အနက်ရိုး၊ ဥပစာအနက်၊ ဂယကအနက်စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာလေ့လာထားသည်ကို တွေ့ရပါသည်။

မစောမြတ်စိုး၏ "မွန်စကားပုံများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်း" ကျမ်းတွင် မွန်စကားပုံများ၏ စကားသံများ၊ အဓိပ္ပာယ်များ၊ စကားအသုံးအနှုန်းများကို အခြေခံ၍ လည်းကောင်း၊ မွန်စကားပုံနှင့် သဘောဆင်တူသည့် မြန်မာစကားပုံများကိုလည်းကောင်း၊ လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားသည်ကို တွေ့ရပါသည်။

မဟာသုတေသနကျမ်းများတွင်မူ မြန်မာစကားပုံနှင့်ပတ်သက်၍ လေ့လာသုတေသနပြုထားသည်ကို မတွေ့ရပေ။

မဟာဝိဇ္ဇာကျမ်းများအဖြစ်–

(၁) မြန်မာစကားပုံ ၁၀၀၏ သဒ္ဒါဖွဲ့စည်းပုံကို လေ့လာခြင်း၊ မခင်အေးကြူ၊ (၁၉၇၂)။
(၂) မြန်မာစကားပုံအချို့မှရရှိသော ရသနှင့်အလင်္ကာလေ့လာချက်၊ မသိမ့်သိမ့်ငယ်၊(၁၉၉၅)။

စသည်တို့ကို တွေ့ရှိရပါသည်။

မခင်အေးကြူ၏ "မြန်မာစကားပုံ၁၀၀၏ သဒ္ဒါဖွဲ့စည်းပုံကိုလေ့လာခြင်း" ကျမ်းတွင်မြန်မာစကားပုံတို့၏ စကားလုံးဖွဲ့ပုံ၊ ပုဒ်ဖွဲ့ပုံ၊ ဝါကျဖွဲ့ပုံစသည်ဖြင ဘာသာဗေဒရှုထောင့်မှ ခွဲခြမ်းစိတ်ဖြာလေ့လာထားသည်ကို တွေ့ရှိရပါသည်။

မသိမ့်သိမ့်ငယ်၏ "မြန်မာစကားပုံအချို့မှ ရရှိသောရသနှင့်အလင်္ကာကျမ်း"တွင် မြန်မာ စကားပုံအချို့မှ ရသနှင့်အလင်္ကာမြောက်သောအဖွဲ့များကို အတ္ထဗေဒရှုထောင့်မှ လေ့လာထားသည်ကို တွေ့ရှိရပါသည်။

ထိုသို့ မြန်မာစကားပုံများကို လေ့လာသူတို့သည် မိမိတို့နှစ်သက်ရာရှုထောင့်မှ ပုံစံအမျိုးမျိုးဖြင့် လေ့လာခဲ့ကြပါသည်။ သို့သော် "မြန်မာစကားပုံများနှင့် လူမှုဆက်ဆံရေး နောက်ခံများ"ကိုမူ မည်သူမျှ သီးသန့်လေ့လာ ဖော်ထုတ်ထားခြင်း မရှိသေးပါ။

(၈) ပြုစုရသောရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည်နှင့်အမျှ တိုင်းရင်းသားတို့တွင် ယင်းတို့နှင့် သက်ဆိုင်သောစကားပုံများရှိကြမည်။ ထို့အတူ မြန်မာလူမျိုးတို့တွင်လည်း စကားပုံများရှိကြပါသည်။ မြန်မာတို့တွင် ရှိသောစကားပုံများကို လေ့လာကြရာတွင် လေ့လာသူတို့သည် မိမိတို့နှစ်သက်ရာရှုထောင့်က ပုံစံအမျိုးမျိုးဖြင့် လေ့လာခဲ့ကြသော်လည်း လူမှု ဆက်ဆံရေးများဖြင့် ပြောဆိုထားသော စကားပုံများကိုမူမည်သူမျှ လေ့လာခဲ့ဖူးခြင်းမရှိသေးပါ။ ထို့ကြောင့်ဤစာတမ်းသည် မြန်မာဘာသာစကား၏ လူမှုဆက်ဆံရေး နောက်ခံလေ့လာမှုအတွက် အထောက်အပံ့ ဖြစ်မည်ဟုမော်လင့်မိပါသည်။

(ဃ) လေ့လာမှုနယ်ပယ်

မြန်မာစကားပုံစာအုပ်တွင်ပါဝင်သည့် လူမှုဆက်ဆံရေးရှိသောစကားပုံများကို မည်သို့လေ့လာရမည်ကို စဉ်းစားရွေးချယ်ပါသည်။ လူမှုဆက်ဆံရေးနောက်ခံများဖြင့် ဖွဲ့စည်းတည်ဆောက်ထား သောစကားပုံများ၏အသုံးကို တစ်စုတစ်စည်းတည်းစုပေါင်း၍ အားလုံးသိရှိစေလိုသောကြောင့် မြန်မာစကားပုံတို့တွင် လူမှုဆက်ဆံရေးနောက်ခံရှိပုံကို လူမှုဘာသာဗေဒရှုထောင့်က တင်ပြလို သော ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကိုပြုစုရခြင်း ဖြစ်ပါသည်။

(င) အချက်အလက်ကောက်ယူစုဆောင်းခြင်း

သုတေသနဆိုင်ရာ အချက်အလက်များရရှိရေးအတွက် ၁၉၉၆(က) မြန်မာစာအဖွဲ့က ထုတ်ဝေခဲ့သော 'မြန်မာစကားပုံ'စာအုပ်မှအချက်များ၊ ၂၀၀၉ခုနှစ်တွင် မောင်ခင်မင် (ဓနုဖြူ) လမင်းနှင့် ပိုးစုန်းကြူး (မြန်မာစကားအသုံးအနှုန်းစာစု)၊ ဒေါက်တာခင်အေး၊ အတ္ထဗေဒနိဒါန်း၊ လယ်တွင်းသား စောချစ်၏ ဥပဓိရုပ်ဝတ္ထု၊ မြန်မာစာအဖွဲ့မှထုတ်သော မြန်မာအဘိဓာန်၊ သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထု၊ ဦးလတ်၏ ရွှေပြည်စိုးဝတ္ထု၊ သိန်းဖေမြင့်၏ ဝတ္ထုတိုပေါင်းချုပ်၊ ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒမိတ်ဆက်နှင့် လူမှုဘာသာဗေဒသဘောတရားများကို လေ့လာတင်ပြမည်။ လူမှုရေးနှင့်ဆက်စပ်နေသော စကားပုံများကို ဤစာတမ်းတွင် လေ့လာတင်ပြထားပါသည်။

(စ) ပြုစုပုံအဆင့်ဆင့်

ဤသုတေသနစာတမ်းတွင် လူမှုဆက်ဆံရေးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော စကားပုံများကို မြန်မာစကားပုံစာအုပ်တွင် ရေးသားထားသည့်အတိုင်း တိုက်ရိုက်ကိုးကားတင်ပြထားပါသည်။ လူမှုဆက်ဆံရေးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော စကားပုံများကိုတင်ပြရာတွင် လူမှုဘာသာဗေဒ၏ပညာရပ်ကို အသုံးပြုဖော်ပြထားပါသည်။

(ဆ) သုတေသနအစီအစဉ်

လူမှုဆက်ဆံရေးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောစကားပုံကို လေ့လာရာတွင်

၁။ စကားပုံဝေါဟာရနှင့် ဖွင့်ဆိုချက်

၂။ လူမှုဘာသာဗေဒသဘောသဘာဝ

၃။မြန်မာစကားပုံများနှင့် လူမှုနောက်ခံများဟူ၍ အပိုင်း(၃)ပိုင်းခွဲကာ လေ့လာတင်ပြထားပါသည်။

စကားပုံဝေါဟာရနှင့်ဖွင့်ဆိုချက်များ

ဘာသာစကားတိုင်း၌ မိမိတို့လူမျိုးအလိုက် အတွေ့အကြုံ၊ ခံစားချက်များပေါ်မူတည်ကာ စကားပုံများရကြပါသည်။ စကားကိုတိုတိုရှင်းရှင်းနှင့် လိုရင်းရောက်စေရန် စကားပုံများသည် ထိရောက်သော အပြောစကားပင်ဖြစ်၏။ လူမှုအဖွဲ့အစည်းအတွင်း၌ လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုရာတွင် အရေး(သို့မဟုတ်)အပြော ဘာသာစကားတစ်ရပ်ရပ်ဖြင့် ပြောဆိုလေ့ရှိကြပါသည်။

ဘာသာစကားအသုံးတစ်ခုဖြစ်သော စကားပုံများကို အရေးနှင့်အပြောနှစ်ရပ်လုံး၌ ဆောင်ရန်၊ ရှောင်ရန်အဖြစ် အသုံးပြုကြပါသည်။ စကားပုံများနှင့်ပတ်သက်၍ ပညာရှင်အသီးသီးက အဓိပ္ပာယ်များ

ဖွင့်ဆိုပြခဲ့ကြပါသည်။ လမင်းနှင့်ပိုးစုန်းကြူး (မြန်မာစကားအသုံးအနှုန်းစာစု)စာအုပ်တွင် မောင်ခင်မင် (ဓနုဖြူ)က–

> "စကားပုံသည် ပုံခိုင်းသောစကားဖြစ်သည်။ ပုံခိုင်းပြောဆိုသည်ဖြစ်စေ၊ ပုံခိုင်းရေးသား သည်ဖြစ်စေပုံခိုင်းသည့် သဘောပါလျှင် စကားပုံဟုမှတ်ယူနိုင်သည်။"[၁]

ဟု စကားပုံ၏သဘောကို ဖွင့်ဆိုပြပါသည်။

ထို့ပြင် မြန်မာအဘိဓာန်၌လည်း–

> "စကားပုံဟူသည် လူအများဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်းပြောဆိုလေ့ရှိ သော ထိရောက်ကျစ်လျစ်ပြေပြစ်သည့်စကား"[၂]

ဟု ဖွင့်ဆိုထားသည်။ မြန်မာ့စကားပုံကျမ်း (၁၉၉၆)၌

> "စကားပုံဟူသည် လူအများဆင်ခြင် မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်းအသုံးပြုလေ့ ရှိသော ထိရောက်ကျစ်လျစ်သည့်စကားရပ်"[၃] (စာ– ၁)

ဟု ဖွင့်ဆိုထားပါသည်။

စကားပုံများသည် ဘာသာစကား၏ အဆင်တန်ဆာများဖြစ်ကြသည်။ လူမှုအဖွဲ့အစည်း တွင်း၌ စကားပုံများဖြင့် ပြောဆိုသောစကားရပ်များသည် လူမှုအခြေအနေများ ဖြစ်ရပ်များ၊ လူမှုသဘောထား များနှင့်ဆက်စပ်နေကြသည်။ ထို့ကြောင့် ထိုဆက်စပ်နေသော စကားရပ်များသည် စကားပုံအသုံးများ ကြောင့် မည်သို့ပေါ်လွင် ထင်ရှားလာရကြောင်း၊ မည်သည့်အခြေအနေဖြစ်ကြောင်း၊ လူမှုဝန်းကျင်၌ မည်သို့အကျိုးပြုနေကြောင်း စကားပုံတန်ဖိုးများ ပေါ်လွင်လာစေရန်အတွက် လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်းဖြစ်ပါသည်။

လူမှုဘာသာဗေဒသဘောသဘာဝ

လူမှုဘာသာဗေဒဟူသည် ဘာသာဗေဒပင်စည်မှ ဖြာထွက်လာသော အခက်အလက်တစ်ခုဖြစ် သည်။ ဘာသာဗေဒသည် ဘာသာစကားများကို သိပ္ပံနည်းကျလေ့လာသောပညာရပ်ဖြစ်သည်။ ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ အဆက်အစပ်များကို လေ့လာသောပညာရပ်မှာ လူမှု ဘာသာ ဗေဒဖြစ်သည်။ လူမှုဘာသာဗေဒနှင့်ပတ်သက်၍ အတ္ထဗေဒနိဒါန်းစာအုပ်တွင် ဒေါက်တာခင်အေးက–

> "ဘာသာဗေဒနှင့် အခြားပညာရပ်များ ဆက်စပ်လေ့လာသော ပေါင်းစပ်ပညာရပ် နယ်ပယ်များလည်းရှိသည်။ လူမှုရေးပညာနှင့် ဘာသာဗေဒပညာပေါင်းစပ်သော လူမှု ဘာသာဗေဒ"[၄]

ဟူ၍ ပေါင်းစပ်ပညာရပ်တစ်ခုဖြစ်ကြောင်း ပြဆိုထားပါသည်။

ဘာသာစကားအသုံးပြုသူများသည် လူမှုအခြေအနေအမျိုးမျိုးနှင့် ဘာသာစကားကို လိုက်လျော ညီထွေစွာ အသုံးပြုနေကြောင်းဖော်ပြရာ၌ လူမှုဘာသာဗေဒ မိတ်ဆက်စာအုပ်တွင်ဒေါက်တာ အောင်မြင့်ဦး က–

---

[၁] ခင်မင်၊ **မောင်** (ဓနုဖြူ)၊ ၂၀၀၉၊ ၉၄။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁။
[၃] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၁။
[၄] ခင်အေး၊ **ဒေါက်တာ**၊ ၂၀၀၄၊ ၇။

> "ကွဲပြားသော လူမှုအစများသည်ဘာသာစကားကို ကွဲပြားသောနည်းလမ်းများဖြင့် အသုံးပြုလေ့ရှိကြသည်။ တစ်ဖန်လူတိုင်းလူတိုင်းသည် ကွဲပြားသောလူမှုအခြေအနေ အမျိုးမျိုးတွင် ဘာသာစကားကို ကွဲပြားစွာအသုံးပြုလျက်ရှိကြသည်။"[၁]

ဟူ၍ တွေ့ရပါသည်။

> ထို့ကြောင့် လူမှုဘာသာဗေဒပညာရပ်ကို ယင်းစာအုပ်တွင်ပင် ဒေါက်တာအောင်မြင့်ဦးက
>
> "ဘာသာဗေဒ၏ အကိုင်းအခက်တစ်ခုဖြစ်သော လူမှုဘာသာဗေဒသည် ထိုသို့သော ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ အပြန်အလှန် ဆက်စပ်မှုကို လေ့လာသော ပညာ"[၂]

ဟူ၍ ဖွင့်ဆိုထားပါသည်။

လူမှုဘာသာဗေဒဖြင့် လေ့လာဆောင်ရွက်နိုင်သော အချက်များနှင့်ပတ်သက်၍ လူမှုဘာသာဗေဒသဘောတရားစာအုပ်တွင် ဒေါက်တာအောင်မြင့်ဦးက–

> "လူမှုဘာသာဗေဒသည် ဘာသာစကားအသုံးကို လူမှုဆိုင်ရာထူးခြားသောသွင်ပြင်တစ်ရပ်အဖြစ် ဖော်ပြရန်နှင့် ယင်းသွင်ပြင်များသည် မည်သည့်နေရာတွင် ဖြစ်နိုင်ခြေရှိသည်တို့ကို ဖော်ပြခြင်းတို့နှင့် သက်ဆိုင်သည်။ လူမှုဘာသာဗေဒသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရ ကျိုးကြောင်းဆက်စပ်သော ချိတ်ဆက်မှုများကိုခိုင်မာစွာဖော်ထုတ်နိုင်ရန် ကြိုးပမ်းသည်"[၃]

ဟူ၍ တွေ့ရပါသည်။

ထို့ကြောင့် လူမှုဘာသာဗေဒသဘောသဘာဝမှာ လူ့အဖွဲ့အစည်းအတွင်းရှိ ဆက်သွယ်ပြောဆိုနေသော ဘာသာစကားနှင့် လူမှုအခြေအနေအရပ်ရပ်တို့ကို သိပ္ပံနည်းကျ ဆက်စပ်လေ့လာသည့် လူမှုသိပ္ပံပညာရပ်ဟု ဆိုနိုင်ပါသည်။

မြန်မာစကားပုံနှင့်လူမှုနောက်ခံများ

မြန်မာလူမျိုးတို့သည် ဘာသာစကားရှိ အရေးအပြောနှစ်မျိုးစလုံးတွင် စကားပုံများနှင့်ပုံခိုင်းရေးသားပြောဆိုတတ်ပါသည်။ မြန်မာစကားပုံများတွင် မြန်မာလူမှုရေး၊ မြန်မာဓလေ့ထုံးစံစသည့် လူမှုနောက်ခံအဆက်အစပ်များ ထင်ဟပ်နေပါသည်။ စကားပုံအသုံးများဖြင့် လူမှု ဆက်ဆံရေးနောက်ခံ၊ လူ့သဘာဝနောက်ခံများတွင် မည်သို့ပြောဆိုသုံးနှုန်းသည်ကို ထုတ်ဖော်တင်ပြပါမည်။

စကားပုံအသုံးများနှင့် လူမှုနောက်ခံဝန်းကျင်သည် တိုက်ရိုက်ဆက်စပ်နေပါသည်။ ဆရာနှင့်နီးသူသည် ဆရာနှင့်ပတ်သက်သော စကားပုံဖြင့်ပုံခုင်း၍ တပည့်နှင့်နီးသူသည်တပည့်နှင့် ပတ်သက်သော စကားပုံဖြင့် ပုံခိုင်းလေ့ရှိကြပါသည်။ အများအားဖြင့် စကားပုံအသုံးကွဲပြားသော်လည်း စကားပုံ၏ဆိုလိုရင်းနှင့်ရည်ရွယ်ချက်မှာ အတူတူပင်ဖြစ်ပါသည်။ သာဓကအားဖြင့် လူမှုပတ်ဝန်းကျင်တွင် ဆရာနှင့်နီးသူက "ဆရာမပြနည်းမကျ"ဟု ပုံခိုင်းကြသည်။ တပည့်နှင့်နီးသူက "တပည့်မကောင်း ဆရာခေါင်း"ဟု ပုံခိုင်းကြပါသည်။ လူတို့၏နောက်ခံဝန်းကျင် နှင့်လူမှုဝန်းကျင်တွင် တွေ့ရသည့်အတွေ့အကြုံ၊ အတွေး

---

[၁] အောင်မြင့်ဦး၊ **ဒေါက်တာ**၊ ၂၀၀၃၊ ၉။

[၂] –ယင်း–။

[၃] အောင်မြင့်ဦး၊ **ဒေါက်တာ**၊ ၂၀၀၅၊ ၃။

အခေါ်ပေါ်မူတည်ကာ ပြောဆိုသုံးနှုန်းလေ့ရှိပါသည်။ စကားပုံများသည် လူမှုဝန်းကျင်နှင့် တိုက်ရိုက် ပတ်သက်နေပါသည်။

လူမှုဘာသာဗေဒသည် "ဘာသာစကား"နှင့် "လူ့အဖွဲ့အစည်း"ကြားရှိ အပြန်အလှန် ဆက်စပ်မှုကို လေ့လာသောပညာရပ် ဖြစ်သည်။ လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာရခြင်းသည် လူမှုနောက်ခံများကြောင့် ဖြစ်ပါသည်။ လူမှုနောက်ခံများတွင် အသက်မွေးဝမ်းကျောင်းမှုအရဖြစ်စေ၊ ဝါသနာအရဖြစ်စေ၊ ဌပ်ကိုင် ဆောင်ရွက်သည့်လုပ်ငန်းတာဝန်များ၊ ပညာအရည်အချင်း၊ အသက်အရွယ်၊ ယောကျ်ား၊ မိန်းမ စသည်တို့ ပါဝင်ပါသည်။ ထို့အတူ ဘာသာစကား၏ အဓိပ္ပာယ်သည် နှုတ်မြွက်စကား၏ ဝါကျ၊ ပုဒ်စု၊ ပုဒ်၊ စကားလုံးပုံစံတို့အပေါ်တွင်သာ လုံးလုံးတည်မှီသည်မဟုတ်ဘဲ လူမှုနောက်ခံ၊ အခြေအနေအရပ်ရပ်နှင့် ဆက်စပ်နေသည် ထိုစကား၏လုပ်ငန်းဆောင်တာများ အပေါ်တွင်လည်း တည်မှီနေသည်။ တစ်နည်း အားဖြင့် လူမှုအခြေအနေ အရပ်ရပ်၏ စကားအဆက်အစပ်ပေါ်တွင်မူတည်သည်။

ထို့ကြောင့် လူမှုဘာသာဗေဒသည် လူ့အဖွဲ့အစည်းအတွင်းရှိ ဘာသာစကားများကို မည်ကဲ့သို့ အသုံးပြုကြောင်း လေ့လာသည့်ပညာရပ် ဖြစ်ပါသည်။ ဤသုတေသနစာတမ်းတွင် မြန်မာ့လူ့အဖွဲ့အစည်း အတွင်းရှိ လူမှုနောက်ခံအခြေအနေ အရပ်ရပ်အပေါ်မူတည်ကာ စကားပုံများ၏အသုံးကို လေ့လာ မည်ဖြစ်ပါသည်။ လေ့လာရာတွင် လူမှုဆက်ဆံရေးနောက်ခံ၊ လူ့သဘာဝ နောက်ခံအလိုက် စကားပုံများကို အမျိုးအစားခွဲ၍ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

မြန်မာစကားပုံများနှင့် လူမှုဆက်ဆံရေးနောက်ခံ

မြန်မာစကားပုံများသည် လူတို့၏အတွေ့အကြုံများကို အခြေခံကာပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် မြန်မာစကားပုံများနှင့် လူမှုဆက်ဆံရေး ဆက်နွယ်မှုများရှိလာခဲ့သည်။ ထို့ကြောင့် လူမှုဆက်ဆံရေး နယ်ပယ်တွင် အခြေအနေ၊ အချိန်အခါကိုလိုက်၍ စကားပုံအသုံးများဖြင့် ထည့်သင်း ပြောဆိုတတ်ကြ သည်မှာ ဓလေ့ထးစံတစ်ရပ် ဖြစ်နေပါသည်။ မြန်မာစကားပုံများနှင့်လူမှုဆက်ဆံရေးကို မိဘသားသမီး ဆိုင်ရာ၊ ဆရာတပည့်ဆိုင်ရာ၊ အိမ်ထောင်ရေးဆိုင်ရာများကို အမျိုးအစားခွဲ၍ တင်ပြပါမည်။

မိဘသားသမီးဆိုင်ရာစကားပုံများ

မိဘသားသမီးဆက်ဆံရေးသည် လူမှုဝန်းကျင်တွင် တွေ့ကြုံနေရသော လူ့အရေးကိစ္စတစ်ခု ဖြစ်သည်။ မိဘကသားသမီးအပေါ်ထားရှိသော မေတ္တာ၊ တာဝန်ဝတ္တရားများနှင့် သားသမီးတို့ လိုက်နာ အပ်သော ကျင့်ဝတ်များ အပြန်အလှန်ရှိနေကြပါသည်။ ဤသို့ အပြန်အလှန်ဆက်ဆံရာမှ တွေ့ကြုံခံစား ရမှုများအပေါ်မူတည်ကာ မိဘသားသမီးဆိုင်ရာ စကားပုံအသုံးများဖြင့် ပုံဆောင်ပြောဆိုမှုများ ရှိလာပါ သည်။

မိဘသားသမီးဆိုင်ရာစကားပုံများမှ "ခလုတ်ထိမှအမိတ"၊ "သားသမီးမကောင်း မိဘ ခေါင်း"၊ "အမိမဲ့သားရေနည်းငါး"စကားပုံများ၏အသုံးနှင့် လူမှုနောက်ခံဆက်စပ်မှုများကို ဖော်ထုတ်တင်ပြပါမည်။

ခလုတ်ထိမှအမိတ

ဤစကားပုံ၏ အဓိပ္ပာယ်ကို မြန်မာစကားပတွင်

> "ဖြောင့်ဖြူးသောလမ်းကို လျှောက်နေစဉ် မိခင်ကို သတိမရ၊ ခလုတ် တိုက်မိသောအခါမှ အမယ်လေးဟုအမိကို တသကဲ့သို့ ဒုက္ခနှင့်ကြုံတွေ့ရခါမှ ကိုးကွယ်ရာကို သတိရသည်။"[၁]

ဟု ဆိုလိုသည်။ မိဘများသည် သားသမီးများ၏ အားကိုးရာဖြစ်သည်။ မိဘတို့၏မေတ္တာရိပ်သည် အေးမြသည်။ လုံခြုံနွေးထွေးသည်။ ဒုက္ခနှင့်ကြုံတွေ့ရချိန်များတွင် မိဘကိုတမ်းတတတ်သောသဘောဖြင့် ပြောဆိုလေ့ရှိပါသည်။

ဦးလတ်၏ "ရွှေပြည်စိုး"ဝတ္ထုဌ္ဌ ဇာတ်ဆောင်သည် မိဘများကို ပူဆွေးဒုက္ခရောက်ချိန်တွင် တမ်းတသောသဘော၊ အကူအညီရယူလိုသောသဘောဖြင့် ဤစကားပုံသုံးကာ ပြောဆိုသည် ကို–

> "ခင်ခင်ထားမူကာ အထိန်းတော်ကြီးကို အကြိမ်ကြိမ်မေးပါသော်လည်း အကြောင်းခြင်းရာကို တစ်စုံတစ်ရာမျှမသိရ၍ မချိတရိဖြစ်ရသည်ကတစ်မျိုး၊ လောကဌ္ဌလည်း အတိဒုက္ခနှင့် တွေ့ဆုံကြရသောအခါ အမိအဖကိုတောင့်တစမြဲ ဓမ္မတာဖြစ်ရကား "ခလုတ်ထိမှအမိတ" ဟူ၍ လောကဝေါဟာရ စကားအစဉ်အတိုင်း ခင်ခင်ထားသည် စိတ်ဒုက္ခရောက်တိုင်း ရောက်တိုင်းသာလွန်၍ အမိအဖကိုသိလိုသည့်အရေးနှင့် ပူဆွေးဒုက္ခဖြစ်ရသည်။"[၂]

ဟူ၍ ပြောဆိုသည်ကို တွေ့ရပါသည်။

ဤစကားဖြစ်ရပ်ဌ္ဌ ဇာတ်ဆောင်သည် စိတ်ဒုက္ခရောက်ခန်တွင် မိခင်ဖခင်တို့အား တမ်းတသည့် သဘောကို ရည်ညွှန်းထားပါသည်။ ဤစကားပုံအသးကို ဒုက္ခရောက်ချိန်မှာ မိဘကိုတမ်းတသည့် ဇာတ်ဆောင်၏ အားငယ်မှုကို ဖော်ပြရာဌ္ဌသုံးထားပါသည်။

လူတို့သည် ဒုက္ခနှင့်ကြုံတွေ့လာသည့်အခါ အနီးစပ်ဆုံးအားကိုးရာကို ရှာတတ်ကြသည်။ သားသမီးတို့သည် မိမိတို့၏အနီးကပ်ဆုံးအားကိုးရာမှာ မိဘများဖြစ်သည်။ ထို့ကြောင့်မိဘများကို တမ်းတကြသည်။

သားသမီးမကောင်းမိဘခေါင်း

ဤစကားပုံ၏အဓိပ္ပာယ်ကို မြန်မာစကားပုံတွင်

> "သားသမီးမလိမ္မာလျှင် မိဘတွင်တာဝန်မကင်းသကဲ့သို့ ငယ်ရွယ်သူမလိမ္မာလျှင် အုပ်ထိန်းသူများတွင် တာဝန်ရှိသည်။"[၃]

ဟု ဆိုလိုပါသည်။ ဤစကားပုံအသုံးသည် မိဘသားသမီးဆက်ဆံရေးကို အခြေခံကာ သုံးလေ့ရှိပါသည်။ မိဘတို့တွင် မိဘဝတ္တရားများရှသကဲ့သို သားသမီးများတွင်လည်း သားသမီးဝတ္တရားများ အသီးသီးရကြပါသည်။ မိဘ၏ကောင်းမွေ၊ ဆိုးမွေကို သားသမီးများ ဆက်ခံရသကဲ့သို့ သားသမီးတို့၏ ကောင်းကျိုး ဆိုးကျိုးကိုလည်း မိဘတို့က တာဝန်ယူကြရစမြဲဖြစ်သည်။

ထို့ကြောင့် စာပေများတွင် သားသမီးများ၏လုပ်ရပ်သည် မိဘများနှင့်သက်ဆိုင်ကြောင်း ပြောဆိုလေ့ရှိပါသည်။ ကောင်းသည့် လုပ်ရပ်ပြုသည့် သားသမီးများအတွက် မိဘတို့မှာ ချီးမွမ်းခြင်းခံရသည်။ သားသမီးတို့၏ မကောင်းသောအပြုအမူ အပြောအဆိုအနေအထိုင်များအတွက် မိဘများမှာ မျက်နှာမရဘဲ ဝေဖန်ကဲ့ရဲ့ခံရသောသဘောများတွင် ဤစကားပုံသုံးကာ ပြောဆိုလေ့ရှိပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၃၄။
[၂] လတ်၊ **ဦး**၊ ၁၉၅၂၊ ၁၈၆။
[၃] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၂၃၅။

မောင်ခင်မင် (ဓနုဖြူ)၏ "လမင်းနှင့်ပိုးစုန်းကြူး" မြန်မာစကားအသုံးအနှုန်းနှင့် စာစုများ စာအုပ်မှ မိဘနှင့်သားသမီးဆောင်းပါးတွင် စာရေးသူက စာဖတ်သူများကို–

> "မိဘသည်သားသမီးကို ကျောင်းမပို့မီကတည်းက လိမ္မာအောင်သင်ပြဆုံးမရသော လက်ဦးဆရာဖြစ်သည်။ လက်ဦးဆရာမည်ထက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖဟု၊ ရှင်မဟာရဋ္ဌသာရက ကိုးခန်းပို့တွင် မိန့်ကြားခဲ့သည်။ သားသမီးမလိမ္မာလျှင် သားသမီးမကောင်း မိဘခေါင်းဆိုသကဲ့သို့ မိဘမှာတာဝန်ရှိသည်။"[၁]

ဟူ၍ အသိပေးထားသဖြင့် လက်ဦးဆရာဖြစ်သော မိဘများသွန်သင်ဆုံးမမှုရှိရန်လိုအပ်ပုံ၊ သားသမီးများ၏ဆိုးပြစ်များကိုလည်း တာဝန်ယူကြရန်လိုအပ်ပုံကို ရည်ညွှန်းထားပါသည်။ ဤစကားပုံ အသုံးသည် မိဘနှင့်သားသမီးကြားရှိ လမူဆက်ဆံရေးဆက်နွယ်မှု အခြေအနေကိုထင်ဟပ်ပြသော သဘောဖြင့် သုံးထားပါသည်။

လူမှုနယ်ပယ်တွင် မိဘသားသမီးဆက်ဆံရေးသည် ထာဝရတည်ရှိနေမည့် လူ့အရေး ကိစ္စတစ်ရပ်ဖြစ်သည်။ ထို့ကြောင့်လည်း ဤစကားပုံအသုံးသည် မိဘသားသမီးဆက်ဆံရေး နယ်ပယ်တွင် အသုံးတွင်ကျယ်လျက်ရှိသည်။ သားသမီးများမကောင်းသည့် အပြုအမူ၊ အပြောအဆိုများအတွက် မိဘ၏တာဝန်ဖြစ်ကြောင်း ဖော်ပြရာတွင် ပုံဆောင်သုံးထားကြောင်း တွေ့ရပါသည်။

အမိမဲ့သားရေနည်းငါး

ဤစကားပုံ၏အဓိပ္ပာယ်ကို မြန်မာစကားပုံတွင်

> "အမိမသားသည်လည်းကောင်း၊ ရေနည်းရာမှာနေရသောငါးသည် လည်းကောင်း ဆင်းရဲဒုက္ခရောက်ရသကဲ့သို့ ခိုကိုးရာမဲ့သူသည် ဆင်းရဲဒုက္ခရောက်ရသည်ဟု ဆိုလိုပါသည်။"[၂]

ဟု ဖွင့်ဆိုပြထားပါသည်။

မောင်ခင်မင်(ဓနုဖြူ)၏ "လမင်းနှင့်ပိုးစုန်းကြူး" မြန်မာစကားအသုံးအနှုန်းစာစုများ စာအုပ်တွင် ဤစကားပုံကို–

> "အမိမဲ့သောသား၏ ညှိုးနွမ်းသိမ်ငယ်သော အခြေအနေကိုရေနည်းနေသည့် ရေကန်ရေအိုင်တွင်မှီခိုနေရသည့် ငါးနှင့်ခိုင်းနှိုင်းကာ အမိမဲ့သားရေနည်းငါးဟု စကားပုံဆိုထုံးပြုကြသည်။"[၃]

ဟု ဖွင့်ဆိုပြထားပါသည်။

လူမှုဝန်းကျင်တွင် မိဘတို့၏ဂုဏ်ကျေးဇူးကို မြင်းမိုရ်တောင်၊ သမုဒ္ဒရာ၊ ကျယ်ဝန်းလှသော ကောင်းကင်ပြင်စသည်ဖြင့် အမျိုးမျိုးခိုင်းနှိုင်းဖွင့်ဆိုမှုများ ပြုခဲ့ကြပါသည်။ ထို့ကြောင့် အမိ၏မေတ္တာရိပ်မည်မျှအေးချမ်းကြောင်း မေတ္တာစိတ် မည်မျှနွေးထွေးကြောင်း သားသမီးတိုင်း နားလည်သဘောပေါက်သင့်ပါသည်။ မိဘနှင့်မခွဲမခွာ ငယ်စဉ်မှစ၍အတူနေကာ ကြီးပြင်းရသူများမှာ မေတ္တာတည်းဟူသော

---

[၁] ခင်မင်၊ **မောင်** (ဓနုဖြူ)၊ ၂၀၀၉၊ ၉။
[၂] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၂၆၅။
[၃] ခင်မင်၊ **မောင်** (ဓနုဖြူ)၊ ၂၀၀၉၊ ၁၂၂။

လုံခြုံမှုရကြမြဲဖြစ်ပါသည်။ သို့သော်အမိမဲ့သားသည် ငယ်စဉ်မှစ၍ ဒုက္ခရောက်ကြရသည်။ ထို့အတူ အမိကဲ့သို့ အားထားရသောခိုကိုးရာ၊ အကြီးအကဲမရှိလျှင်လည်း လူမှုဝန်းကျင်တွင် ဒုက္ခရောက်ကြရပါသည်။

မိဘသားသမီးဆိုင်ရာ လူမှုဆက်ဆံရေးစကားပုံများကို လေ့လာခြင်းဖြင့် "ခလုတ်ထိမှ အမိတ" စကားပုံအသုံးသည် မိဘသားသမီးအခြေခံကာ ဆရာတပည့်၊ ကြီးသူနှင့် ငယ်သူတို့ ကြား ဖြစ်ရပ်ဖြစ်စဉ် အခြေအနေပေါ်မူတည်ကာ သုံးစွဲနိုင်သည်ကိုတွေ့ရသည်။ မိဘသားသမီးဆိုင်ရာ အလေ့လာခံစကားပုံများမှ "သားသမီးမကောင်း မိဘခေါင်း" စကားပုံသည် အသုံးတွင်ကျယ်ဆုံး စကားပုံတစ်ခု ဖြစ်ပါသည်။ လူမှုဝန်းကျင်တွင် မိဘနှင့်သားသမီးတို့၏ ဆက်နွယ်မှုသည် ထာဝစဉ်တွေ့ကြုံဆက်ဆံနေရသည်။ လူတို့သည်အကောင်းအဆိုး ဒွန်တွဲနေလျက်ရှိရာ အဆိုးကိုပြုလုပ်သည့် သားသမီးများအတွက် ဒုက္ခဖြစ်ရသောမိဘ၊ ဆရာတို့ကိုသာ ရည်ညွှန်းခြင်းဖြစ်ပါသည်။ "အမိမဲ့သား ရေနည်းငါး"စကားပုံသည် အားကိုးမှီခိုထိုက်သူ၏ အရိပ်ကွယ်ပျောက်သွားလျှင် မှီခိုသူအားလုံး အကာအကွယ်မဲ့ကာ ဒုက္ခရောက်ကြရသည်။ ခိုကိုးရာမဲ့အတိ ဒုက္ခရောက်ကြရသည့်သူများအတွက် ရည်ညွှန်းထားခြင်းဖြစ်ရာ လူမှုဝန်းကျင် အသီးသီးတွင် အခြေအနေ၊ အခန်အခါအလျောက် ပြောဆိုသုံးနှုန်းနိုင်ပါသည်။

ဆရာတပည့်ဆိုင်ရာ စကားပုံများ

လူမှုဝန်းကျင်တွင် ဆုံးမလမ်းညွှန်မှုများ၊ ခံယူလိုက်နာမှုများပြုလုပ်ရာတွင် ဆရာတပည့် ဆိုင်ရာ စကားပုံများဖြင့် ပုံဆောင်ပြောဆိုလေ့ရှိပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ဆရာများကိုအနန္တော အနန္တဂိုဏ်းဝင် များဟု သတ်မှတ်လေ့ရှိပါသည်။ ရိုသေလေးစားလေ့ရှိပါသည်။ ဆရာတို့တွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ရှိပါသည်။ ဆရာတပည့်အခြေခံသော ဆက်ဆံရေးတွင် ကျင့်ဝတ်များကို လိုက်နာပါက ဖြောင့်ဖြူးသော ဆက်ဆံရေးဖြစ်လာသော်လည်း ကျင့်ဝတ်အသီးသီးကို လိုက်နာခြင်းမရှိပါက ဆက်ဆံမှုတွင် လိုက်လျောညီထွေမဖြစ်နိုင်တော့ပါ။ ထိုသို့ ဆက်ဆံပေါင်းသင်းရာမှ ဖြစ်ပေါ်လာသော အတွေ့အကြုံများပေါ်အခြေခံကာ ပေါ်ထွက်လာသော စကားပုံများဖြင့် ဆရာတပည့်ဆက်ဆံရေးတွင် ပုံဆောင်အသုံးပြုပြောဆိုမှုများ ရှိလာခဲ့ပါသည်။

ဆရာတပည့်ဆိုင်ရာ စကားပုံများမှ "ဆရာမပြနည်းမကျ"၊ "တပည့်မကောင်း ဆရာ့ခေါင်း"၊ "ဆရာကာပြန် အာခေါင်လှံစူး"စကားပုံများ၏အသုံးနှင့် လူမှုနောက်ခံဆက်စပ်မှုများကို ဖော်ထုတ်တင်ပြပါမည်။

ဆရာမပြနည်းမကျ

> ဤစကားပုံ၏အဓိပ္ပာယ်ကို မြန်မာစကားပုံတွင်
>
> "ဆရာက လက်ထပ်သင်ကြားမပေးလျှင် လက်ရေးလက်သားနည်းမကျ သကဲ့သို့ အတွေ့အကြုံရှိသူက၊မ်းကျင်သူက စနစ်တကျ ပြသပေးခြင်းမရှိလျှင် နည်းလမ်းမကျန ဖြစ်သည်။"[၁]

ဟု ဆိုလိုပါသည်။ "ငါးပိဖုတ်တောင် ဆရာမပြနည်းမကျ"၊ "ဆရာမပြ ငါးပိဖုတ်တောင် ည်းမကျ" ဟူ၍လည်း ပြောဆိုလေ့ရှိပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၆၅။

လူတို့သည် ယဉ်ကျေးစွာပြုမူ၊ ပြောဆိုနေထိုင်စားသောက်တတ်ရန် အထူးလိုအပ်ပါသည်။ ထိုသို့ ပြုမူ ပြောဆိုနေထိုင်ခြင်းတွင် လက်ဦးဆရာမိဘများထံ နည်းနာခံယူကြရသည်။ ကျောင်းနေသည့် အရွယ်တွင် စာပေသင်ကြားပို့ချပေးသော ဆရာများထံမှ နည်းနာယူကြရသည်။

မည်သည့်အတတ်ပညာမျိုးပင် ဖြစ်စေကာမူ ဆရာ၏ရှေ့ဆောင်လမ်းညွှန်မှု လိုအပ်ကြောင်း သတိပေးသည့်သဘော၊ လမ်းညွှန်သည့်သဘောဖြင့် ပြောဆိုလေ့ရှိပါသည်။ သာဓက

> "သားရေ ဆရာမတွက်ပြတဲ့ သချိၤပုစ္ဆာကို သေချာလိုက်ကြည့်နော်။ ဆရာမပြနည်းမကျတဲ့။"

ဤစကားအဆက်အစပ်အရ မိမိပြုလုပ်၍မရသည်ကို မိမိထက်တတ်သိ နားလည်သူထံနည်း နာခံယူမှ ရကြောင်း ရည်ညွှန်းထားပါသည်။ ဤစကားပုံအသုံးသည် တတ်သိနားလည်သည့် ဆရာမက နည်းလမ်း ပြမပေးပါက သားဖြစ်သူသည် သချိၤပစ္ဆာဖြေရှင်း၍ မရနိုင်သောအခြေအနေတွင် သုံးထားပါသည်။

"ဆရာမပြ နည်းမကျ"စကားပုံအသုံးသည် လူမှုဝန်းကျင်တွင် အများဆုံးအသုံးပြု ပြောဆိုသည့် စကားပုံဖြစ်သည်။ လူမှုကိစ္စတွင်သာမက စီးပွားရေး၊ ပညာရေးတို့တွင်လည်း အခြေအနေနှင့် လိုက်လျောညီထွေ အသုံးပြုနိုင်ပါသည်။

တပည့်မကောင်းဆရာ့ခေါင်း

ဤစကားပုံ၏ အဓိပ္ပာယ်ကို မြန်မာစကားပုံတွင်

> "တပည့်မလိမ္မာလျှင် ဆရာတွင် တာဝန်မကင်းသကဲ့သို့ ငယ်သူမလိမ္မာလျှင် ကြီးသူများတွင် တာဝန်မကင်းချေ"[၁]

ဟုဆိုလိုပါသည်။ ဤစကားပုံကို ဆရာနှင့်တပည့်ကြား ဆက်နွယ်မှုအပေါ် အခြေခံကာအသုံးပြုသော စကားပုံတစ်ခုဖြစ်ပါသည်။ လောကတွင် တပည့်ကောင်းများကြောင့် ဆရာတွင်ဂုဏ် တက်ရသကဲ့သို့ တပည့်ဆိုးများကြောင့် ဆရာတွင်ဂုဏ် ပျက်ရသည်များလည်းရှိပါသည်။ တစ်ခါတရံတပည့်များ၏ ပြုလုပ်သည့်ကိစ္စများအတွက် ဆရာ့မှာတာဝန်မကင်း ဖြစ်ရသည့်အခြေအနေမျိုးတွင် "တပည့်မကောင်း ဆရာ့ခေါင်း"ဟု ပုံဆောင်ပြောဆိုလေ့ရှိပါသည်။

လူမှုဝန်းကျင်ရှိ ငယ်ရွယ်သောတပည့်များ၊ စာသင်သားများသည် ကောင်းခြင်း၊ ဆိုးခြင်း ဟူသော စရိုက်များ ကွဲပြားခြင်း၊ အသိတရားရှိသူ၊ မရှိသူကွဲပြားခြင်းများ ရှိနေကြသည်။ ထိုသူတို့၏ဖြစ်ရပ်များသည် ကောင်းလျှင်ဂုဏ်တက်၍၊ မကောင်းလျှင် ဆရာသမားများမှာသာ ဂုဏ်ပျက်ကြရပါသည်။ တပည့်လိမ္မာများဖြစ်စေရန် ဆရာများ၏ တာဝန်သာဖြစ်ကြောင်း လမ်းညွှန်ဆုံးမသော သဘောမျိုးဖြင်လည်း ဤစကားပုံသုံးကာ ပြောဆိုလေ့ရှိပါသည်။ သာဓက

> သမီးတို့ ခဏခဏအတန်းချိန်တွေမှာ စာဝင်သင်တာနောက်ကျနေရင် သမီးတို့ တာဝန်ဆိုပေမဲ့ တပည့်မကောင်းဆရာ့ခေါင်းမို စည်းကမ်းတွေမပြောဘူးလား၊ သတိမပေးဘးလားနဲ့ဆရာမကြီးကိုပဲ အားလုံးကအပြစ်ပြောမှာ။ နောက်နေ့ကစသမီးတို့ အတန်းချိန်ကို မှန်မှန်ဝင်ပြီး စာသင်ရမယ်။

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၈၄။

ဤစကားအဆက်အစပ်အရ အထက်လူကြီး ဆရာမကြီးနှင့် လက်အောက်ငယ်သား ဆရာမငယ်တို့ ဆက်ဆံရေးတွင် ဆရာမငယ်များ၏ စည်းကမ်းပျက်သော အပြုအမူအတွက် လူကြီးတွင်တာဝန်ယူရသော သဘောကို ရည်ညွှန်းထားပါသည်။ ဤစကားပုံအသုံးကို ဆရာတပည့်ဆိုင်ရာ အခြေခံ၍သုံးသော်လည်း အထက်လူကြီးနှင့် အောက်လူငယ်တို့တွင်လည်း သုံးနိုင်ပါသည်။

ဆရာကာပြန် အာခေါင်လှံစူး

ဤစကားပုံ၏ အဓိပ္ပာယ်ကို မြန်မာစကားပုံတွင်

> "ဗျိုင်းကိုဆရာအဖြစ် အသိအမှတ်မပြုသော လှံကစားသမားသည် အာခေါင်လှံစူး၍ သေရသကဲ့သို့ ဆရာကို ဖက်ပြိုင်အံတုသူသည် နောက်ဆုံးတွင် ပျက်စီးရသည်။"[၁]

ဟုဆိုလိုသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် အနန္တောအနန္တငါးပါးကို ပြစ်မှားရန်ကြောက်ရွံ့ကြသည်။ ဆရာသည် အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့်အလျောက် ဆရာများကို ရိုသေလေးစားလေ့ ရှိကြပါသည်။ ဆရာကို ဖက်ပြိုင်အံတုလျှင် အဆုံးတွင်ပျက်စီးရတတ်ပါသည်။

လက်တွေ့လူမှုဝန်းကျင်တွင် မိသားစုတစ်စုအတွင်းမှာလည်း ဤစကားပုံသုံးကာ ဆရာသဘော သက်ဝင်သူများကို ပြန်လှန်မပြောသင့်သော အခြေအနေတွင် သုံးနှုန်းပြောဆိုပါသည်။ သာဓက

> သမီး... မေမေက စာမေးပွဲကျမှာစိုးလို့ စာကျက်ပါလို့ပြောနေတာ။ သမီးက အဲဒီဖုန်းကိုပဲ ဆောနေတယ်။ ဆော့နေတာကိုမသိမ်းဘဲနဲ့ မေမေကိုပြန်ခံပြောနေတယ်။ အဲဒါခံပြော စရာလား။ ဆရာအာခံ အာခေါင်လှံစူးမှာ သမီးမကြောက်ဘူးလား။

ဤစကားအဆက်အစပ်အရ သမီးစာမေးပွဲကျမှာ စိုးရိမ်သဖြင့် မေမေကတားမြစ်သောအခါ တယ်လီဖုန်းကို မသိမ်းဘဲပြန်ခံပြောနေသဖြင့် အသိတရားရစေရန် ပြောဆိုခြင်းကို ရည်ညွှန်းပါသည်။ ဤစကားပုံအသုံးသည် သမီးကမေမေအား ပြန်လှန်ပြောဆိုသော အခြေအနေကိုသုံးထားပါသည်။ ဤဖြစ်ရပ်တွင် မေမေစကားကိုနားမထောင်ဘဲ အံတုလျှင် သမီးစာမေးပွဲကိုကျကာ ဒုက္ခရောက်မည့်သဘောကို ဆိုလိုပါသည်။ ဤစကားပုံအသုံးကို ဆရာ့တပည့် ဆက်နွယ်မှုသာမက ကြီးသူငယ်သူများကြားတွင်လည်း သုံးနိုင်ပါသည်။

အိမ်ထောင်ရေးဆိုင်ရာစကားပုံများ

လူမှုဝန်းကျင်၌ခင်ပွန်းနှင့် ဇနီးအပြန်အလှန်ဆက်ဆံရေးတွင် စောင့်စည်းရသောကျင့်ဝတ်၊ ဆောင်ရွက်ဖွယ်ကိစ္စ၊ ပြုကျင့်အပ်သော လူမှုဝတရား အသီးသီးရှိကြသည်။ ထိုသို့လူမှုဝတ္တရားများကို ဆောင်ရွက်ရာ၌ လိုအပ်သည့်ကိစ္စနှင့် ကိုက်ညီစွာအိမ်ထောင်ရေးဆိုင်ရာ စကားပုံများဖြင့်သုံးနှုန်းပြောဆိုတတ်ကြပါသည်။

အိမ်ထောင်ရေးဆိုင်ရာ စကားပုံများမှ "စီးတဲ့ရေဆည်တဲ့ကန်သင်း"၊ "အသွင်မတူ အိမ်သူမဖြစ်"၊ "တစ်ပင်လဲမူတစ်ပင်ထူ" စကားပုံများ၏အသုံးနှင့် လူမှုနောက်ခံဆက်စပ်မှုများကို ဖော်ထုတ်တင်ပြပါမည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၆၄။

စီးတဲ့ရေဆည်တဲ့ကန်သင်း

ဤစကားပုံ၏ အဓိပ္ပာယ်ကို မြန်မာစကားပုံတွင်

> "စီးဝင်လာသော ရေကိုလယ်ကွင်းထဲ၌ တည်နေအောင် ကန်သင်းဆည်၍ ပိတ်ထားရသကဲ့သို့ အိမ်ထောင်တစ်ခုတွင် လင်ယောကျ်ားး ရှာဖွေ၍ရသော စီးပွားဥစ္စာကို မလေမလွင့်ရအောင် အိမ်ရှင်မဖြစ်သူက ထိန်းသိမ်းရသည်။"[၁]

ဟု ဆိုလိုပါသည်။

အိမ်ထောင်တစ်ခုတွင် စီးပွားဖြစ်ရန်၊ အလေအလွင့်မရှိအောင် ထိန်းသိမ်းရသကဲ့သို့ စည်းကမ်းတကျ သုံးစွဲတတ်ရမည်။ စီးပွားစုဆောင်းနိုင်မှ ချမ်းသာမည်ဖြစ်သည်။

လယ်တွင်းသားစောချစ်၏ "ဥပဓိရုပ်"ဝတ္ထုတွင်

> "စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသော စကားနှင့်အညီ မိမိပစ္စည်းကို သင့်တင့်လျော်ညီစွာ စိစိစစ်စစ်ရှိရမည်သာ ဖြစ်ပါသည်။ နမြောမရှိလျှင် ပစ္စည်းရှင်မဖြစ်နိုင်ပါ။"[၂]

ဟူ၍ တွေ့ရပါသည်။

ချွေတာသင့်သည့်နေရာ၌ ချွေတာ၊ စုဆောင်းသင့်သည့်နေရာ၌ စုဆောင်းမှ စီးပွားရေးပြေလည်သူဖြစ်မည်။ ထိုသို့မဟုတ်လျှင် မပြည့်စုံနိုင်ကြောင်း သတိပြုမိစေရန် ညွှန်ပြထားပါသည်။ မြန်မာလူမျိုးများသည် မိရိုးဖလာအစဉ်အလာဓလေထုံးစံများကို လက်ဆင့်ကမ်း အမွေအဖြစ် လိုက်နာထိန်းသိမ်းတတ်သူများဖြစ်သည်။ အိမ်ထောင်တစ်ခုတွင် ခင်ပွန်းသည်သည် စီးပွားရှာရသူ ဖြစ်သည်။ အိမ်ရှင်မသည် အိမ်ထောင့်တာဝန်ကို ထိန်းသိမ်းကြရသည်မှာ အစဉ်အလာတစ်ရပ်ကဲ့သို့ ဖြစ်နေသည်။ ခေတ်ကာလ အလျောက် လူမှုအနေအထားပြောင်းလဲသော်လည်း အများစုလက်ခံကျင့်ကြံနေထိုင်ကြဆဲ ဖြစ်ပါသည်။ စီးပွားရေးသာမက ကျန်းမာရေးထိန်းသိမ်းရေးသည်လည်း အိမ်ရှင်မ၏အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ ထိုသို့လိုက်နာ လက်ခံဆဲဖြစ်ကြောင်း လူမှုသဘောထားများကို တွေ့ရပါသည်။

အသွင်မတူအိမ်သူမဖြစ်

ဤစကားပုံ၏ အဓိပ္ပာယ်ကို မြန်မာစကားပုံတွင်

> "စရိုက်သွင်ပြင်မတူလျှင် ဇနီးမယားမဖြစ်နိုင်။ ထို့အတူ အမူအကျင့်မတူလျှင် အချင်းချင်း အတူတကွ ပေါင်းသင်းဆက်ဆံရန် မဖြစ်နိုင်။"[၃]

ဟု ဆိုလိုပါသည်။

အိမ်ထောင်တစ်ခု၌ စရိုက်သွင်ပြင်မတူလျှင် အဆင်မပြေဖြစ်နိုင်သည်။ စရိုက်ဟူသည် အနီးကပ်အတူတကွ ဆက်ဆံလာရသည့်အခါ အနည်းနှင့်အများ ကူးစက်မှု ရှိတတ်သည်။ တစ်ခါတရံ အဆိုးချင်း၊ အကောင်းချင်း တူညီမှုများကြံုတွေ့လာရသည့်အခါ ဤစကားပုံဖြင့်သုံးကာ ဝေဖန်ပြောဆိုသည့် သဘောမျိုးကိုတွေ့ရပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၅၉။
[၂] စောချစ်၊ **လယ်တွင်းသား**၊ ၂၀၀၄၊ ၇၀။
[၃] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၂၈၁။

ရှေးအစဉ်အလာ အတွေ့အကြုံများအရ အိမ်ထောင်မှုဆိုင်ရာ (သို့) လူမှုပေါင်းသင်း ဆက်ဆံရေး ဆိုင်ရာတို့၌ အသွင်တူမှသာ ရေရှည်ပေါင်းသင်းနိုင်ကြသည်ဟူသော အဆိုကို လက်ခံထားကြသည်။

ဆရာကြီး သိန်းဖေမြင့်၏ "ဦးနှဲ၏ပထမနိဒါန်း"၌

> "အသွင်မတူ အိမ်သူမဖြစ်ဟူသောစကားအရ ဆူဆူပူပူလုပ်တတ်သော သဘောရသော လူတစ်ယောက်သည် မိမိကဲ့သို့ဆူဆူပူပူလုပ်တတ်သော သဘောရှိသူနှင့်သာ ပေါင်းဖက် တတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်လေသည်။"[၁]

ဟူ၍ တွေ့နိုင်သည်။

ဤစကားပုံအသုံးသည် လူမှုဆက်ဆံရေးနယ်ပယ်၌ အသွင်မတူလျှင် အိမ်သူမဖြစ်နိုင် ကြောင်း၊ အသွင်တူ၍ အိမ်သူဖြစ်နေကြောင်း အပြန်အလှန်ပြုမူ ပြောဆိုသုံးနှုန်းလေ့ရှိကြပါသည်။ အိမ်ထောင်ရေး၌ သာမက မိတ်ဆွေချင်း ရေရှည်ပေါင်းသင်းဆက်ဆံရေးမှာလည်း အလားတူသဘောထားမျိုးရှိကြောင်း တွေ့ရပါသည်။ မိဘတို့ရွေးချယ်ပေးသူအား အသွင်မတူနိုင်မည်ကို စိုးရိမ်စိတ်၊ မနှစ်မြို့သည့် စိတ်မျိုး ရှိကြသည် လူမှုသဘောထားတစ်ရပ်ကိုလည်း တွေ့ရပါသည်။ ဤစကားပုံအသုံးကို လူမှုဝန်းကျင်၌ ဇနီး မောင်နှံများကြားရှိ ဆက်နွယ်မှုကို တွင်တွင်ကျယ်ကျယ် ထင်ဟပ်ပြနိုင်သော အသုံးတစ်ခုအဖြစ် တွေ့နိုင် ပါသည်။

တစ်ပင်လဲမှု တစ်ပင်ထူ

မြန်မာစကားပုံတွင် "တစ်ပင်လဲမှု တစ်ပင်ထူ"စကားပုံသည်

> "တိုင်တစ်တိုင်လဲသည့် နေရာတွင် ယင်းအစား စိုက်ထူရရိုးရှိသကဲ့သို့ အိမ်ထောင်သည် လင်နှင့်မယားတို့တင် အိမ်ထောင်ဖက်တစ်ဦး ကွယ်လွန်လျှင် အိမ်ထောင်သစ် ထူထောင် ရိုးရှိသည်။"[၂]

ဟု ဆိုလိုပါသည်။

အိမ်ထောင်ဖက်ခင်ပွန်း (သို့မဟုတ်) ဇနီးသည် ဆုံးပါးသွားသည့်အတွက် ကျန်ရစ်သူမှာ အကြောင်းကိစ္စ၊ အခြေအနေတစ်ရပ်ရပ်ကြောင့် အိမ်ထောင်သစ် ထူထောင်သူများရှိကြပါသည်။ ထိုသို့ ထူထောင်ခြင်းကို သိရှိရသည့်အပြင် နောက်ဆက်တွဲ အကျိုးဆက်များကိုလည်း ဤစကားပုံ စကား ဖြစ်ရပ်အရ သိနိုင်ပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ "မှာတော်ပုံ"ဝတ္ထု၌

> "ယခုတော့ကျွန်မမာ ဝင်းတော်မှူးမင်း ကွယ်လွန်အနိစ္စရောက်တဲ့နောက် တစ်ပင်လဲမှု တစ်ပင်ထူဆိုသလို လူတို့ထုံးစံရှိတာလဲတစ်ကြောင်း၊ တို့မိန်းမလည်း စကြာသနင်းမင်း၏ ရင်နှစ်ဖြစ်လင့်ကစား လင်မဲ့ငြားမူစီးပွားတွင်ကျယ် မတင့်တယ်ခဲ့လို့ဆိုတာလဲတစ်ကြောင်း အဲဒီလိုအကြောင်းကြောင်း၊ အဝဝတွေကြောင့် ပေါင်းရသင်းရပေမယ့် တစ်ယောက်သဘော နှင့်တစယောက်သဘော မတိုက်တော့ စိတ်အိုက်ရတာပဲ။"[၃]

ဟူ၍ တွေ့ရပါသည်။

---

[၁] သိန်းဖေမြင့်၊ ၁၉၉၈၊ ၁၀။
[၂] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၉၆။
[၃] မှိုင်း၊ သခင်ကိုယ်တော်၊ ၁၉၆၈၊ ၄၃။

ဤစကားဖြစ်ရပ်၌ အိမ်ထောင်သစ် ထူထောင်သူ (ခင်အုံ)က ဝန်စာရေးမောင်မောင်ရွှကို သူမ၏ လက်ရှိအခြေအနေကို ရင်ဖွင့်ပြနေခြင်းဖြစ်သည်။ အိမ်ထောင်သစ် ထူထောင်လိုက်ပြီးမှ အဆင်မပြေ ဖြစ်ရသောအိမ်ထောင်ရေးနောက်ခံ အခြေအနေကိုပါဖွင့်ဟပြထားသည်။ လူမှုဝန်းကျင်၌ဤသို့ အိမ်ထောင် သစ်ထူထောင်သူများ၏ ကြုံတွေ့ရတတ်သော နောက်ဆက်တွဲ အကျိုးဆက်များကိုပါ ဤစကားပုံ အသုံးနှင့် ဆက်စပ်တွေ့မြင်နိုင်ပါသည်။

ခြုံငုံသုံးသပ်ချက်

ဤသုတေသနစာတမ်းသည် မြန်မာစကားပုံများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာတင်ပြ ထားခြင်းဖြစ်ပါသည်။ ဤသို့ လေ့လာသည့်အခါ လူမှုဝန်းကျင်၌ ပြောဆိုရေးသားလျက်ရှိ မြန်မာစကားပုံ များ၏ လူမှုဩဇာသက်ရောက်မှု၊ အသုံးတန်ဖိုးမြင့်မားမှုတို့ကို တွေ့ရှိရပြီး ဆောင်ရန်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များကိုလည်း ဗဟုသုတပေးစွမ်းနင်ပါသည်။

မြန်မာစကားပုံအသုံးများကို လေ့လာသည့်အခါ မြန်မာစာအဖွဲ့မှ ထုတ်ဝေသော မြန်မာစကားပုံ များကိုအခြေခံ၍ လူမှုဝန်းကျင်၌ အသုံးပြုလျက်ရှိသော စကားပုံအသုံးများအားလူမှု ဘာသာဗေဒ အဆို အမိန့်များဖြင့် ချိန်ထိုးလေ့လာတင်ပြခြင်း ဖြစ်ပါသည်။

မြန်မာစကားပုံများဖြင့် ရေးသားပြောဆိုသည့် စကားဖြစ်ရပ်များသည် တစ်ဦးမှအများသို့ ပြော သည့်ပုံစံကို အများဆုံးတွေ့ရပါသည်။ စာရေးသူ၏ပြောကြားချက်ကို စာဖတ်ပရိသတ်များအား သိစေလို သောစေတနာဖြင့် ရေးသားထားခြင်းကြောင့်ဖြစ်ပါသည်။ လူမှုဝန်းကျင်၌ စကားပုံအသုံးပါ စကားဖြစ်ရပ် ဖြင့် ပြောကြားခြင်းများတွင် တစ်ဦးမှတစ်ဦးသို့ ပြောသည့်ပုံစံကို တွေ့ရပါသည်။

မြန်မာစကားပုံများနှင့် လူမှုအဆက်အစပ်ကို လေ့လာကြည့်သည့်အခါ ဘာသာစကားနှင့် လူ့အဖွဲ့ အစည်းကြားရှိ အဆက်အစပ်တို့သည် လူမှုရေးအခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေစွာ ဆက်စပ် အသုံးပြုနေကြောင်း တွေ့ရပါသည်။

စကားပုံသုံးစွဲသည် လူမှုနယ်ပယ်ကိုလေ့လာကြည့်လျှင် စကားပုံနှင့် ဆက်စပ်ပြောဆိုသူ များတွင် လူကြီး၊ လူလတ်ပိုင်းပြောဆိုမှုများ၍ ငယ်သူများပြောဆိုမှုနည်းပါသည်။ လူကြီးပိုင်းအချင်းချင်း၊ လူလတ်ပိုင်းအချင်းချင်း၊ လူကြီးကလူငယ်ကို ပြောဆိုမှုများပါသည်။ ပြောဆိုရာတွင် ကျောင်းဆရာများ၊ ကျေးလက်နေသများ၊ ပညာတတ်များ၊ လုပ်ငန်းရှင်များ၊ ဈေးသည်များစသည်ဖြင့် လူတန်းစားအလွှာ အသီးသီးတွင် စကားပုံနှင့် ဆက်စပ်ပြောဆိုကြောင်း တွေ့ရပါသည်။ အမျိုးသမီးသူငယ်ချင်းအချင်းချင်း၊ အမျိုးသားမိတ်ဆွေအချင်းချင်း၊ ခင်ပွန်းနှင့်ဇနီး၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်စသည်တို့ကြားတွင ဆက်စပ်ပြောဆိုမှုများအရ ကျားမမခွဲး ပြောဆိုကြပါသည်။

စကားပုံများကို ကြားဖူးနားဝရှိသူများ၊ ပုံဆောင်ပြောလေ့ ရှိသူများကြားတွင်သာ ဆက်စပ် ပြောဆိုလေ့ရှိပါသည်။ ခေတ်ကာလကွာဟလာသည်နှင့်အမျှ စကားပုံဖြင့်ဆက်စပ်ပြောဆိုမှုသည် ရှေးကထက်နည်းပါးသော်လည်း ယခုအခါဇာတ်လမ်း၊ သီချင်း၊ ဝတ္ထု၊ ဆောင်းပါးစသည်တို့တွင် အခြေအနေနှင့်လိုက်လျောညီထွေစွာ ဆက်စပ်ပြောဆိုရေးသားထားသဖြင့် လူမှုဝန်းကျင်တွင် စကားပုံများ ၏အခန်းကဏ္ဍသည် နေရာယူလျက်ရှိနေကြောင်းသိနိုင်ပါသည်။

ထို့ကြောင့် မြန်မာစကားပုံများနှင့် မြန်မာလူမှုသွင်ပြင်ကို ထင်ဟပ်ပြနိုင်သည့်အပြင် လူ့သဘာဝ များကိုလည်း ဖော်ထုတ်ပြနိုင်ပါသည်။ လူမှုဝန်းကျင်တွင် လူမှုဩဇာသက်ရောက်မှုရှိ သည့်အပြင် စကားပုံအသုံးများသည် ဘာသာစကားကို တစ်ဖက်တစ်လမ်းမှ အကျိုးသက်ရောက်မှုပေးနေကြောင်း တွေ့မြင်နိုင်ပါသည်။

နိဒါန်း

မြန်မာစကားပုံများနှင့် လူမှုဆက်ဆံရေးနောက်ခံများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်းဟူသော သုတေသနစာတမ်းခေါင်းစဉ်ဖြင့် သုတေသနပြုသူသည် ဉာဏ်စွမ်းရှိသရွေ့ လေ့လာတင်ပြထားပါသည်။ မြန်မာဘာသာစကားထဲ၌ပါဝင်နေသော မြန်မာစကားပုံများသည် နှစ်သက်ဖွယ် ကောင်းလှပါသည်။ ထို့အတူ မြန်မာစကားပုံဖြင့် ထည့်သွင်းပြောဆိုသော စကားရပ်တိုင်းသည် ဆိုလိုသည့်အနက်ကို တိုတိုရှင်းရှင်းနှင့် ထိထိမိမိရှိစေသည့်အတွက် စိတ်ဝင်စားဖွယ်ဖြစ်စေပါသည်။ လူမှုဝန်းကျင်၌ ခေတ်အလျောက်ပေါ်ထွက်နေဆဲ အသုံးပြုဆဲဖြစ်သော စကားပုံများကိုလည်း တေ့မြင်ရပါသည်။ ထို့ကြောင့် ဤသုတေသနစာတမ်းသည် မြန်မာစကားပုံများကို စိတ်ဝင်စားသူများ၊ လေ့လာလိုသူများအတွက် တစ်စတ်တစ်ဒေသ အထောက်အကူပြုနိုင်သည်ဟု ထင်မြင်ယူဆမိပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၀၉)။ ***လမင်းနှင့် ပိုးစုန်းကြူး (မြန်မာစကားအသုံးအနှုန်းစာစု)***။ ရန်ကုန်၊ ရာပြည့်စာပေ။

ခင်အေး၊ **ဒေါက်တာ**။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ခင်အေးကြူ၊ **မ**။ (၁၉၇၂)။ ***မြန်မာစကားပုံ၁၀၀၏ သဒ္ဒါဖွဲ့စည်းပုံကိုလေ့လာခြင်း***။ ရန်ကုန်တက္ကသိုလ်၊ မဟာဝိဇ္ဇာကျမ်း။

စောချစ်၊ လယ်တွင်းသား။ (၂၀၀၄)။ ***ဥပဓိရုပ်***။ ရန်ကုန်၊ ကောင်းသန့်ပုံနှိပ်တိုက်။

စောမြတ်နိုး၊ **မ**။ ***မွန်စကားပုံများကို လူမှုဘာသာဗေဒရှုထောင့်မှလေ့လာခြင်း***။ ရန်ကုန် တက္ကသိုလ်၊ ပါရဂူဘွဲ့ယူကျမ်း။

မြန်မာစာအဖွဲ့။ (၁၉၉၆)။ ***မြန်မာစကားပုံ***။ ရန်ကုန်တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်၊ (၃– ကြိမ်)***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မှိုင်း၊ **သခင်ကိုယ်တော**။ (၁၉၆၈)။ ***မှာတော်ပုံ***။ ရန်ကုန်၊ နံ့သာပုံနှိပ်လုပ်ငန်း။

လတ်၊ **ဦး**။ (၁၉၇၇)။ ***ရွှေပြည်စိုး***။ ရန်ကုန်၊ သွေးသောက်စာပေတိုက်။

သန်းသန်းအေး၊ **မ**။ (၂၀၀၇)။ ***မြန်မာစကားပုံများကို အတ္ထဗေဒအမြင်ဖြင့်လေ့လာခြင်း***။ ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့ယူကျမ်း။

သိန်းဖေမြင့်။ (၁၉၉၈)။ ***ဝတ္ထုတိုပေါင်းချုပ်သစ်***။ ရန်ကုန်၊ ရာပြည့်။

သိမ့်သိမ့်ငယ်၊ **မ**။ (၁၉၉၅)။ ***မြန်မာစကားပုံအချို့မှ ရရှိသောရသနှင့် အလင်္ကာလေ့လာချက်***။ ရန်ကုန်တက္ကသိုလ်၊ မဟာဝိဇ္ဇာကျမ်း။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၅)။ ***လူမှုဘာသာဗေဒသဘောတရား***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

မြန်မာစာအရေးအသား ထုံးမိစံမျှဖြစ်စေရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ချက်များ

ဖြူဖြူငြိမ်းသွယ်*

စာတမ်းအကျဉ်း

မြန်မာနိုင်ငံတွင် မြန်မာစာသည် ရှေးမြန်မာဘုရင်များလက်ထက်ကပင် ထီးသုံးနန်းသုံးစာ ဖြစ်ခဲ့သည်။ ကိုလိုနီလက်အောက်သို့ ကျရောက်ပြီးနောက် လွတ်လပ်ရေးပြန်လည်ရရှိချိန်မှစ၍ ယနေ့အထိ ရုံးသုံးစာအဖြစ် အခြေခံဥပဒေများအရ ပြဋ္ဌာန်းထားသည်။ ထီးသုံးနန်းသုံး ရုံးသုံးဖြစ်သော မြန်မာစာကို ထုံးမိစံမျှရေးသားရန် လိုအပ်ပါသည်။ အရေးအသား ချွတ်ချောလာပါက မြန်မာစာပျက်ယွင်းလာမည် ဖြစ်သည်။ ဤစာတမ်း၏ ရည်ရွယ်ချက်သည် ခေတ်အဆက်ဆက် မြန်မာစာအရေးအသား မပျက်ယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံများကို လေ့လာဆန်းစစ်ပြီး မျက်မှောက်ကာလတွင် မြန်မာစာအရေးအသား ချွတ်ချော်လာပုံ၊ မြန်မာစာမပျက်ယွင်းရလေအောင် မည်သို့ ထိန်းသိမ်း စောင့်ရှောက်သင့်ပုံတို့ကို အဖြေရှာရန်ဖြစ်သည်။ မြန်မာစာအရေးအသား ပျက်ယွင်းလာသည့် အကြောင်းအရင်းများကို ဤစာတမ်း၏ သုတေသနပြဿနာအဖြစ် ရှာဖွေဖော်ထုတ်ကာ ထုံးမိစံမျှဖြစ်အောင် မည်သို့ ထိန်းသိမ်း စောင့်ရှောက်ရမည်ကို ရလဒ်အဖြစ် အဖြေရှာထားသည်။ လေ့လာရာတွင် စာပေလေ့လာနည်း (literature survey method)၊ အမှားစိစစ်လေ့လာနည်း (error analysis)၊ သရုပ်ဖော် နည်း (descriptive method)တို့ကို အသုံးပြုပါသည်။

သော့ချက်ဝေါဟာရများ – မြန်မာစာအရေးအသား၊ ထီးသုံးနန်းသုံး၊ ရုံးသုံး၊ စာပေ လေ့လာနည်း၊ အမှားစိစစ်လေ့လာနည်း၊ သရုပ်ဖော်နည်း။

နိဒါန်း

ဘာသာစကား၊ စာအရေးအသားနှင့် စာပေအဆင်အတန်းသည် လူမျိုးတစ်မျိုး၏ စာပေအဆင့်အတန်းကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။ လူ့ယဉ်ကျေးမှုအဆင့်အတန်းမြင့်မား တိုးတက်လာခြင်းသည် ဘာသာစကားနှင့်စာအရေးအသားတို့ကြောင့်ဖြစသည်။ ထိုမှတစ်ဖန် လူမျိုးအလိုက်အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းနှင့် အနုပညာစွမ်းအားတို့မှတစ်ဆင့် ရှင်သန်ပေါက်ဖွားလာ သော စာပေတို့သည်လည်း လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည်။ အမျိုးကောင်းသားသမီးတိုင်းသည် မိမိဘာသာစကား၊ စာအရေးအသား နှင့် စာပေတို့ကို တမြတ်တနိုးလေးစားတန်ဖိုးထားကြသည်။ ဘာသာစကား၊ အရေးအသားနှင့်စာပေ နိမ့်ပါးကျဆင်းမသွားရလေအောင်၊ တိမ်မြုပ်ပျောက်ကွယ် မသွားရလေအောင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်း ဆောင်ရွက်ကြသည်။ အမြော်အမြင်ကြီးမားသော လူမျိုးတို့မှာမူ မိမိတို့ဘာသာစာပေ အရေးအသားတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားအောင် စွမ်းဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း မြန်မာစာသည် မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ ပေါ်ထွန်းလာခဲ့သည်။ သမိုင်းဖြစ်ရပ် အခြေအနေအမျိုးမျိုးကြားတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရှိခဲ့သလို နိမ့်ပါးကျဆင်းမှုများလည်းရှိခဲ့သည်။ နိမ့်ပါးကျဆင်းလာသည့် အခြေအနေမျိုးတွင် မြန်မာစာပေမတိမ်ကော မပျောက်ပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရသည်။ ဤစာတမ်းသည် ခေတ်အဆက်ဆက် မြန်မာစာအရေးအသား မပျက်ယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံများကို လေ့လာဆန်းစစ်ပြီး မျက်မှောက်ကာလတွင် မြန်မာစာအရေးအသား ချွတ်ချော်လာပုံ၊ မြန်မာစာမပျက်ယွင်းရလေအောင် မည်သို့ထိန်းသိမ်း

*ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်

စောင့်ရှောက်သင့်ပုံတို့ကို အဖြေရှာရန်ဖြစ်သည်။ မြန်မာစာအရေးအသား ပျက်ယွင်းလာသည့် အကြောင်းအရင်းများကို ဤစာတမ်း၏ သုတေသနပြဿနာအဖြစ် ရှာဖွေဖော်ထုတ်ကာ ထုံးမိစံမျှဖြစ်အောင် မည်သို့ထိန်းသိမ်း စောင့်ရှောက်ရမည်ကို ရလဒ်အဖြစ် အဖြေရှာထားသည်။ လေ့လာရာတွင် စာပေ လေ့လာနည်း (literature survey)၊ အမှားစိစစ်လေ့လာနည်း(error analysis)၊ သရုပ်ဖော်နည်း (descriptive method) တို့ကို အသုံးပြုပါသည်။

၁။ မြန်မာစာပေပေါ်ပေါက်လာပုံ

ပုဂံခေတ်တွင် မြန်မာစာအရေးအသား စတင်ပေါ်ပေါက်လာသည်။ မြန်မာစာအရေးအသားကို စတင်တီထွင်ရာတွင် ရှေးမြန်မာကြီးများသည် မြန်မာထက်စောသော မွန်စာအရေးအသားကို နည်းယူခဲ့ကြရသည်။ ဗျည်းအက္ခရာ၊ သရအက္ခရာတို့အတွက် မွန်စာအရေးအသားရှိ အက္ခရာများကိုယူငင်ကာ မြန်မာစကားသံနှင့်ကိုက်ညီအောင် မွမ်းမံပြင်ဆင်ကာ စာအရေးအသားကို တီထွင်ခဲ့ကြသည်။ ဗျည်းအက္ခရာကို လုံးချင်းဗျည်း၊ ဗျည်းတွဲ၊ အသတ်ဗျည်းများအဖြစ်လည်းကောင်း၊ သရအက္ခရာများကို လုံးချင်းသရ၊ ဗျည်းယှဉ်သရများ အဖြစ်လည်းကောင်းဖန်တီးကာ အက္ခရာများကို တွဲစပ်ရေးသားခြင်းဖြင့် မြန်မာစာအရေးအသား ပေါ်ပေါက်လာခဲ့သည်။ ဗျည်းများနှင့် သရများတွဲစပ်သည့်စနစ်ကို စနစ်တကျဖြစ်အောင် ဖန်တီးတီထွင်ခဲ့ကြသည်။

မြန်မာစာအရေးအသား စတင်ပေါ်ပေါက်စအချိန်တွင် ရေးထုံးတည်ငြိမ်အသားကျမှု မရှိသေးပါ။ ယပင့်၊ ရရစ်၊ လဆွဲ စသည့်ဗျည်းတွဲများ၊ အသတ်များ၊ သရအက္ခရာအသုံးများသည် တည်ငြိမ်မှု မရှိသေးပါ။ မည်သည့်စကားသံအတွက် မည်သည့် ဗျည်းအက္ခရာ၊ သရအက္ခရာကို အသုံးပြု၍ ရေးသားရမည်ကို ဒွိဟဖြစ်မှုများကို တွေ့ရပါသည်။ သာဓက– မွစသာ၊ မွေစ်သာ၊ ယုံကြည်၊ ယုံကြာည်စသည်ဖြင့် ပုဂံကျောက်စာများတွင် တွေ့ရပါသည်။

သို့ရာတွင် မြန်မာကျောက်စာများကို အချိန်ကာလအလိုက် လေ့လာခြင်းဖြင့် ရေးထုံး တည်ငြိမ်အောင် တစ်သမတ်တည်းဖြစ်အောင် အားထုတ်ကြိုးပမ်းခဲ့မှုများကို အထင်အရှား တွေ့မြင်နိုင်ပါသည်။ ပုဂံခေတ်နှောင်းပိုင်းသို့ အရောက်တွင် မြန်မာစာအရေးအသားသည် အတော်အတန် တည်ငြိမ်အသားကျလာခဲ့ပါသည်။

၂။ မြန်မာဘုရင်များလက်ထက် ကြိုးပမ်းဆောင်ရွက်ချက်များ

ပုဂံခေတ်တွင် စတင်ပေါ်ထွန်းလာခဲ့သော မြန်မာစာသည် ရှေးမင်းများအဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ရှေးမြန်မာမင်းများ လကထက်ကပင် နိုင်ငံအတွင်း မြန်မာစာအရေးအသား မှန်ကန်စေရေးအတွက် အမိန့်တော်များပြဋ္ဌာန်းကာ အလေးထားဆောင်ရွက်ခဲ့သော အစဉ်အလာများရှိခဲ့သည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရား လက်ထက် ၁၁၁၇ ခု တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် မြန်မာစာအရေးအသားနှင့်ဆိုင်သော အမိန့်တော်ပြန်တမ်း တစ်စောင် ထုတ်ပြန်ကြောင်း သိရသည်။ ထိုအမိန့်တော်မှတ်တမ်းအရ ဘုရင့်အမိန့်စာချွန်တော်ကို စာလုံးပေါင်းသတ်ပုံမှန်ကန်အောင် စနစ်တကျစိစစ်ပြီးမှသိရသည်။ ထိုသို့အရေးအသား စိစစ်နိုင်ရန်အတွက် ဘုရင်ကမှူးမတ်တစ်ဦးကို တာဝန်ပေးထားသည်။

ဘိုးတော်ဘုရား (ဗဒုံမင်း) သည် ၁၁၄၃ခု နတ်တော်လဆန်း ၁၃ ရက်တွင်လည်းကောင်း၊ ၁၁၄၅ခု ဒုတိယဝါဆိုလဆန်း ၅ ရက်တွင်လည်းကောင်း၊ ၁၁၆၈ခု ကဆုန်လပြည့်ကျော် ၉ ရက်တွင်

လည်းကောင်း၊ ၁၁၄၃ ခုတွင် ထုတ်ပြန်ခဲ့သော အမိန့်တော်ကို ၁၁၈၁ ခုတွင် ထပ်မံ၍လည်းကောင်း မြန်မာစာအရေးအသားကို ထိန်းသိမ်းစောင့်ရှောက်ရန် အမိန့်တော်ပြန်တမ်းများကို ထုတ်ပြန်ခဲ့သည်။ ထို အမိန့်တော်များတွင် မြန်မာစာအရေးအသား၊ မြန်မာစာလုံးပေါင်းသတ်ပုံ နှင့်ပတ်သက်၍ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံကိုတွေ့ရသည်။ ပဒုံမင်း၏ အမိန့်တော်တွင် –

> "အဆက်ဆက် ပညတ်မှတ်ထားပိုင်းခြား ပြဋ္ဌာန်းခဲ့သည့် ရေးထုံးအစဉ် ပျက်ယွင်းလျှင် အခေါ်သညာ အမှတ်အသား ပျက်ယွင်းရာသည်။ အခေါ်အမှတ်အသား ပျက်ယွင်းလျှင် လည်း အနက်အဓိပ္ပာယ်၊ ဝတ္ထု၊ တရားကိုယ် ကွဲလွဲဖောက်ပြန်ရာ သည်။ အနက် အဓိပ္ပာယ်၊ ဝတ္ထု၊ တရားကိုယ် ကွဲလွဲဖောက်ပြန်လျှင်လည်း တရားကျမ်းဂန် လမ်းမှန်မကျ တိမ်းယိမ်းသွေကွယ်ရာသည်။ အနက်အဓိပ္ပာယ်၊ တရားကျမ်းဂန်လမ်းမှန်မကျ တိမ်းယိမ်း သွေကွယ် ပြန်လျှင်လည်း သာသနာတော် သုံးပါးအရင်းပင်မ မူလဘူတဖြစ်သော ပရိယတ္တိမမ္မ ကွယ်ပဆုတ်ယုတ်ရာသည်။ ပရိယတ္တိမမ္မ ကွယ်ပ ဆုတ်ယုတ်လျှင်လည်း သာသနာတော်ကို မှီကုန်သောရဟန်းရှင်လူ ပြည်သူအပေါင်းတို့ အယူအကျင့်ပျက်ယွင်း၍ ဆင်းရဲခြင်းကြီးစွာ ရောက်ကြရာသည် ဖြစ်သည်။" (ခင်မင်၊၂၀၁၉၊စာ ၁၆၉)

ဟု မိန့်ဆိုထားသည်ကို မှတ်သားဖွယ် တွေ့ရသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တွင်လည်း ယခင်ဘေးတော် ဗဒုံမင်းလက်ထက်တွင် ထုတ်ပြန်သော မြန်မာစာရေးထုံးသတ်ပုံဆိုင်ရာ အမိန့်တော်ကိုရည်ညွှန်းပြီး ယခုအခါ ဆက်လက်လိုက်နာကြရန် အောက်ပါအတိုင်းအမိန့်တော် ထုတ်ပြန်ခဲ့သည်။

> "ဘေးတော်၊ ဘိုးတော်၊ ဘကြီးတော်၊ ခမည်းတော်၊ နောင်တော်မင်းတရားတို့ လက်ထက် အဆက်ဆက် လိုက်နာတော်မကြသော အမရပုရ ပထမမြို့တည်နန်းတည် ဘေးတော် မင်းတရားကြီး လက်ထက် ၁၁၄၃ခု– ၁၁၈၁ ခု နန်းစံ ၃၈ နှစ်ထုတ် အမိန့်တော်စာကို မမေ့မလျော့ အလေးအမြတ်ပြု၍ ဆက်လက်ဆောင်ရွက် လိုက်နာစီရင်ကြစေ။"
>
> (ခင်မင်၊၂၀၁၉၊ စာ ၁၇၁)

ကုန်းဘောင်ခေတ်၏ နောက်ဆုံးမင်းဆက် ဖြစ်သော သီပေါမင်းလက်ထက်တွင်လည်း ရှေးမြန်မာမင်းများအစဉ်အလာအတိုင်း မြန်မာစာအရေးအသား မှန်ကန်ထုံးမံစေရန် ပညာရှိ များနှင့် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး ထိုဆုံးဖြတ်ချက်အတိုင်း လိုက်နာရန် အမိန့်တော်ပြန်တမ်း ထုတ်ပြန်ခဲ့သည်။ ၁၂၄၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ ရက်တွင် တောင်ငယျာဥတော်၌ အစည်းအဝေးပြုလုပ်ပြီး ရေးထုံးသတ်ပုံသတ်ညွှန်းတို့နှင့်ပတ်သက်ပြီး စီရင်ချက်များချမှတ်သည်။ သီပေါမင်းလက်ထက် တောင်ငယျာဥ်တော် အစည်းအဝေးနှင့်ပတ်သက်၍ ဟံသာဝတီတိုက်ထုတ် မြန်မာမင်းလွှတ်တော်သုံးသတ်ပုံ စာစဉ်(၂)နိဒါန်းတွင် –

> "ရှေးမြန်မာမင်းအဆက်ဆက်တို့သည် သင့်လျော်ကောင်းမြတ်သော သတ်ပုံကျမ်း များကို လွှတ်တော်ရုံးတော်များမှအစ အများပြည်သူတို့ လိုက်နာသုံးစွဲစေရန် သတ်မှတ်ပြဋ္ဌာန်းပေးလေ့ရှိရာ နောက်ဆုံးသီပေါမင်းတရားလက်ထက် ၁၂၄၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ ရက်နေ့ တောင်ငယျာဥ်တော် အစည်းအဝေး တွင် မှူးမတ်စုံညီတို့ ညှိနှိုင်းပြဋ္ဌာန်းသော သတ်ပုံကျမ်းစာရင်းတွင် ယင်းကဝိလက္ခဏာ သံပေါက်လက်ာနှင့် ကဝိလက္ခဏာသတ်

အင်း အတိုကောက်တို့ကို ထည့်သွင်း၍ အသတ်ကာရန်ရေးနည်းများအတွက် လိုက်နာရန် ပြဋ္ဌာန်းခဲ့ပေသည်။" (၁၉၆၇၊ စာ ဆ)

ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ရှေးကစာဆိုတို့သည် ပျို့၊ မော်ကွန်းစသည့်ကဗျာများတွင် အသတ်ကာရန်တူယူ၍ လည်းကောင်း၊ အပင့်အရစ်ခွဲထားပြု၍လည်းကောင်း ရေးဖွဲ့ပြီး ရေးထုံးကို စံပြုထိန်းသိမ်းခဲ့သည်။

မြန်မာမင်းအဆက်ဆက်တွင် ပေါ်ထွက်ခဲ့သော ကျမ်းများကိုကြည့်လျှင် ပါဠိသဒ္ဒါကျမ်းများကို တွေ့ရသော်လည်း မြန်မာသဒ္ဒါနှင့် ပတ်သက်သောကျမ်းများ မတွေ့ရပေ။ မြန်မာသဒ္ဒါသဘော သက်ဝင်သောကျမ်းများကို ညောင်ရမ်းခေတ်၊ ကုန်ဘောင်ခေတ်တွင်မှ အထင်အရှားတွေ့ ရသည်။ ၁၇၄၈ ခုနှစ်တွင် ပထမကျော်အောင်စံထားဆရာတော်၏ ကဝိလက္ခဏာခေါ် သဒ္ဒါပရမတ် အဆုံးအဖြတ်ကျမ်း၊ တောင်တွင်းဆရာတော်၏ မြန်မာဝစ္စဝါစကကျမ်းနှင့် သဒ္ဒဗျူဟာကျမ်းတို့တွင် မြန်မာဘာသာကို ပါဠိသဒ္ဒါနည်းအရ ဝေဖန်စိစစ်ထားကြောင်း တွေ့ရပါသည်။ ၁၇၆၉ ခုနှစ်တွင် ဒုတိယကျော်အောင်စံထားဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများကို ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းဖော်ထုတ်ထားကြောင်း သိရပါသည်။ (ခင်မင်၊ ၂၀၀၅၊ စာ ၁၀၁)

ထို့ကြောင့် မြန်မာမင်းအဆက်ဆက်တင် ပါဠိသဒ္ဒါကို အခြေခံသော သဒ္ဒါကျမ်းများ ပေါ်ထွက်ခဲ့သောကြောင့် မြန်မာသဒ္ဒါအသုံးအနှုန်းနှင့် ပတသက်သော မှားယွင်းမှုများ နည်းပါးသည်ဟု ယူဆနိုင်ပါသည်။

၃။ ကိုလိုနီခေတ်မြန်မာစာ အခြေအနေနှင့် ကြိုးပမ်းဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် ဗြိတိသျှတို့၏ကိုလိုနီဘဝသို့ ကျရောက်ခဲ့ပြီးနောက် ရုံးသုံးဘာသာစကားသည် အင်္ဂလိပ်ဘာသာစကားဖြစ်သည်။ ဥပဒေများကို အင်္ဂလိပ်လိုရေးသားလာကြသည်။ ခက်ခဲသော ရာဇဝတ်မှုများကိုပင် အင်္ဂလိပ်လို လျှောက်လဲဆုံးဖြတ်ကြသည်။ ဆေးရုံများ၊ ကျောင်းများတွင် အင်္ဂလိပ် ဘာသာစကားနှင့်ပြောဆိုကြသည်။ မြန်မာဘာသာစကား၏ နယ်ပယ်သည် အဘက်ဘက်တွင် နိမ့်ကျကျဉ်းမြောင်းသွားပြီး အိမ်သုံးစကား ဆင်းရဲသားပြည်များသုံးသော ဘဝသို့ရောက်ခဲ့ရသည်။ ထိုအချိန်တွင် တို့ဗမာအစည်းအရုံးက "မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည်တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကိုခ၊မြှင့်ပါ၊ တို့စကားကိုလေးစားပါ" ဟူ၍ တပ်လှန့်နှိုးဆော် ကြွေးကြော်ခဲ့ကြပါသည်။

ကိုလိုနီခေတ်ပညာရေးအခြေအနေကိုကြည့်လျှင် နယ်ချဲ့လက်အောက်ခံ ပညာရေးစနစ် ဖြစ်သောကြောင့် အထက်တန်းကျောင်းများတွင် မြန်မာစာနိမ်ကျခဲ့ရသည်။ ၁၉၁၂ ခုနှစ် ဆယ်တန်းစာမေးပွဲ၌ မြန်မာဘာသာကို အပိုဘာသာအဖြစ်တစ်ခအဖြစ်သာ အသိအမှတ်ပြုခဲ့ ကြောင်းသိရပါသည်။ မြန်မာစာပေမယူဘဲ အခြားဘာသာတစ်ခုခုနှင့်အောင်လျှင် ကောလိပ်သို့ဝင်ခွင့်ပြုသည်။ နယ်ချဲ့ပညာရေးစနစ်၌ အင်္ဂလိပ်ဘာသာသင်ကျောင်းနှင့် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်ကျောင်းဟူ၍ နှစ်မျိုးသတ်မှတ်ပြီး ဆယ်တန်းအထိထားရှိခဲ့သည်။ အောင်လျှင် ကောလိပ်တက်ခွင့်ပြုသည်။ မြန်မာလိုသင်သော ကျောင်းများတွင် ကိုးတန်းအထိသာထားရှိပြီး အောင်လျှင်လည်း ကောလိပ်ဝင်ခွင့်မရှိပေ။ မြန်မာနိုင်ငံ၏ မြန်မာစာသည် အဆင့်အတန်းနိမ့်ကျခဲ့ရသည်။ ထို့ပြင် အထက်တန်းကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင်လည်း မြန်မာစာအုပ်များ သတ်သတ်မှတ်မှတ် ပြဋ္ဌာန်းထားခြင်း မရှိကြောင်း သိရပါသည်။

၁၉၂၄ ခုနှစ်တွင် ဆရာကြီးဦးဖေမောင်တင်သည် မြန်မာဘာသာနှင့် ပါဠိဘာသာပါမောက္ခ ဖြစ်လာသောအချိန်၌ မြန်မာစာသင်ကြားမှုစနစ် ချဲ့ထွင်ပေးရန် တက္ကသိုလ်ဆီးနိတ်အဖွဲ့သို့ တင်ပြ အရေးဆိုခဲ့ကြောင်း သိရပါသည်။ ဆရာကြီး၏ အဆိုပြုချက်ကြောင့် ကျောင်းသားတိုင်း မြန်မာစာတန်း နိမ့်ကို မသင်မနေရဘာသာရပ်အဖြစ် ဥပဒေထုတ်ခဲ့သည်။ ကျောင်းသုံးစာအုပ်ပြဋ္ဌာန်းရန် မြန်မာ စာအုပ်များ ဝယ်၍မရအောင် ရှားပါးနေသောအချိန်လည်းဖြစ်သည်။ ထို့ကြောင့် ရွေးဟောင်းစာပေ များ ပြန်လည်ဖော်ထုတ်ရန် ကြိုးပမ်းရသည်။ ထိုသို့ပြန်လည်ဖော်ထုတ်ရန်အတွက် သုတေသနအသင်း ကလည်း အထောက်အကူများစွာ ပေးခဲ့သည်။ ဆရာကြီးဦးဖေမောင်တင်၏ ကြိုးပမ်းမှု၊ သတေသန အသင်း၏ ကူညီဆောင်ရွက်မှုများကြောင့် ကျောင်းသုံးစာအုပ် အများအပြား ပေါ်ထွက်လာသည်။ ထို့ပြင် မြန်မာစာပေတိုးတက် မြင်မားရေးကို လိုလားသော ပြည်သူလူထုကလည်း ကူညီပေးခဲ့သည်။

ဆရာကြီး ဦးဖေမောင်တင်၏ ကြိုးပမ်းမှုကြောင့် ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်း ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ပုဂံဝန်ထောက် ဦးတင်ကိုခေါ်ယူ၍ စာသင်ကြားပို့ချစေခဲ့ပါသည်။ ၁၉၂၇–၂၈ ခုနှစ်တွင် မြန်မာစာမဟာဝိဇ္ဇာတန်း ဖွင့်လှစ်သင်ကြားနိုင်ခဲ့ သည်။ ၁၉၂၈ ခုနှစ်၊ ဥပစာတန်းတွင် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ကို စတင်သင်ကြားနိုင်သည်အထိ မြန်မာစာပေ သင်ကြားမှု တိုးတက်အောင်မြင်လာခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ဆယ်တန်း၌ မြန်မာစာကို မယူမနေရဘာသာအဖြစ် သတ်မှတ်ခဲ့သည်။ အထက်တန်း ကျောင်းများ၌လည်း ရွေးဟောင်းမြန်မာစာပေ၊ မြန်မာမှုဆိုင်ရာ စာအုပ်စာတမ်းများ ပို၍အသုံးပြုလာနိုင်သည်။ (မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၇၀ ခုနှစ်၊ စာ ၁၈)

ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ သတ်ပုံကျမ်းများ၊ ဝေါဟာရအဖွင့်ကျမ်းများ၊ သဒ္ဒါ ကျမ်းများ ပေါ်ထွက်လာသည်။ ဆရာမောင်သုတ (ဗိုလ်မှူးဘသောင်း)ကလည်း မြဝတီမဂ္ဂဇင်း တွင် 'မြနမာစာမြှင့်ချင်လွန်းလို့' ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးများရေးကာ ရေးထုံးသတ်ပုံကို ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်ကို တွေ့ရပါသည်။

ကိုလိုနီခေတ်တွင် အနောက်နိုင်ငံသားများက အုပ်ချုပ်ရေး၊ စီးပွားရေး၊ သာသနာရေး အဆင်ပြေ ချောမွေ့စေရန်အတွက် မြန်မာဘာသာစကားကိုလေ့လာပြီး မြန်မာသဒ္ဒါကျမ်းများပြုစုခဲ့ကြသည်။ ဘုန်းကြီးကျောင်း ပညာရေးစနစ်မှ အထက်တန်းပညာရေးစနစ်သို့ ပြောင်းလဲလာသော အခါ မြန်မာသဒ္ဒါ ကျမ်းများပြုစု၍ ကျောင်းများတွင် သင်ကြားလာကြသည်။ ထိုအချိန်မှစ၍ မြန်မာသဒ္ဒါစာအုပ်များ ပေါ်ထွက်လာသည်။ ထိုစာအုပ်များနှင့်ပတ်သက်၍ ဦးဖိုးစိန်က ဆိုဖးသည်။

> "မြန်မာစကားကို ပါဠိတတ်သူက ပါဠိသဒ္ဒါနှင့်ရေးသည်။ အင်္ဂလိပ်ဘာသာ တတ်သူက အင်္ဂလိပ်သဒ္ဒါနှင့်ရေးသည်။ သင့်သည်လည်းရှိ၏။ မသင့်သည်က များသောကြောင့် ယခုအခါ မြန်မာဘာသာစကားမှာ အမှား အများပင်တွေ့ရသည်။"
>
> (ခင်မင်၊ ၂၀၀၅ စာ ၁၀၂)

ထိုအချိန်တွင် ဝဇီရဗုဒ္ဓဦးဖိုးစိန်၏ မြန်မာစာစီစာကုံးကျမ်း၊ မြန်မာသဒ္ဒါနည်းအနက်နည်းကျမ်း ပေါ်ထွက် လာသည်။ ထိုကျမ်းများသည် မြန်မာဘာသာစကားကို မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ပြုစုထားသော ကျမ်းများဖြစ်ကြောင်း သိရပါသည်။ ထိုပြင် မြန်မာဘာသာစကားကို ဘာသာဗေဒနည်းဖြင့် စနစ်တကျ လေ့လာသောပညာရှင်များလည်း ပေါ်ထွက်ခဲ့သည်။ ဆရာကြီးဦးဖေမောင်တင်၊ မစ္စတာ ဂျေအေစတူးဝပ်

စသော ပညာရှင်များသည် မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်တွင် ဘာသာစကားဆိုင်ရာ ဆောင်းပါး များ ရေးသားခြင်း စာအုပ်များပြုစုခြင်းတို့ ပြုလုပ်လာကြသည်။

၄။ လွတ်လပ်ပြီးခေတ် မြန်မာစာ အခြေအနေနှင့် ကြိုးပမ်းဆောင်ရွက်ချက်များ

လွတ်လပ်ရေးရပြီးစအချိန်တွင် မြန်မာစာအရေးအသား အခြေအနေသည်များစွာ ဖွံ့ဖြိုးတိုးတက် လာခြင်းမရှိသေးပါ။ ထိုအခြေအနေမျိုးတွင် မြန်မာစာပညာရှင်ကြီးများသည် မြန်မာစာအရေးအသား ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းခဲ့ကြရသည်။ ထိုခေတ်တွင် မြန်မာဘာသာစကား၏ ပင်ကို သွင်ပြင်လက္ခဏာများကို ဖော်ထုတ်ထားသော ဆရာကြီးဦးဖေမောင်တင်၏ မြန်မာသဒ္ဒါကျမ်းများ ပေါ်ထွက်လာသည်။ အလယ်တန်း မြန်မာသဒ္ဒါ၊ အထက်တန်း မြန်မာသဒ္ဒါ၊ မြန်မာဝါကျဖွဲ့ထုံးကျမ်း၊ မြန်မာသဒ္ဒါနှင့်အသုံးအနှုန်းစသည့် စာအုပ်များထင်ရှားလာသည်။

၅။ မြန်မာစာအဖွဲ့ ပေါ်ပေါက်လာပုံအဆင့်ဆင့်နှင့် လုပ်ဆောင်ချက်များ

တော်လှန်ရေးကောင်စီခေတ်တွင် မြန်မာစာပေ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတို့ ထာဝစဉ် ရှင်သန်တည်တံ့စေရန်အတွက် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ၊ မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန်ကော်မရှင် ကိုဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။ ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် နေ့တွင် အဘိဓာန်နှင့်ရေးထုံးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၇၁ ခုနှစ်တွင် မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်ကို မြန်မာစာကော်မရှင် အမည်ဖြင့် ပြောင်းလဲဖွဲ့စည်း ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မြန်မာစာကော်မရှင်၊ မြန်မာစာရေးထုံးကျမ်း ပြန်လည်စိစစ်ပြုပြင်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၅ ခနှစ်၊ အောက်တိုဘာလတွင် မြန်မာစာကော်မရှင်ကို မြန်မာစာအဖွဲ့အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

မြန်မာစာအဖွဲ့ ဖွဲ့စည်းရာတွင် မြန်မာဗဟုသုတသရုပ်ကြွရာ၊ မြန်မာဝေါဟာရတို့၏စာလုံးပေါင်း သတ်ပုံ၊ အသံထွက်၊ အနက်အဓိပ္ပာယ်၊ သဒ္ဒါနှင့်ဝါကျဖွဲ့ထုံးတို့ ထုံးမီစံမျှ မှန်ကန်တိကျစေရန်နှင့် အခွန့်ရှည်စွာတည်တံ့စေရန်၊ မြန်မာစာဖွံ့ဖြိုးတိုးတက်စေရန်ဟူသော ရည်ရွယ်ချက်များထားရှိကြောင်း မြန်မာစာအဖွဲ့ ဥပဒေတွင်ပါရှိသည်။ (မြန်မာစာအဖွဲ့၊ ၁၉၈၆၊ စာ က)

၁၉၆၄ ခုနှစတွင် မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရင်၊ အဘိဓာန်နှင့် ရေးထုံးကော်မတီ ကိုဖွဲ့စည်း၍ (၂၀–၇–၁၉၆၄) မှ (၇–၄–၁၉၆၇)အထိ မြန်မာစာရေးထုံးကျမ်းကို စတင်ပြုစုခဲ့သည်။ ရေးထုံးကော်မတီသည် မြန်မာ့ရေးထုံးသမိုင်းကို လေ့လာခြင်း၊ ရေးထုံးကျမ်းအမျိုးမျိုးနှင့် ရေးထုံးများကို လေ့လာခြင်း၊ ညှိနှိုင်းပြုစုရမည့်မူများက ချမှတ်ခြင်းများပြုလုပ်ခဲ့ကြပါသည်။ စာရေးသားရာတွင် မှားလေ့ မှားထရှိသော စကားလုံးများ၊ စကားလုံးလွဲမှားပါက အနက်အဓိပ္ပာယ်ရှုပ်ထွေးစေနိုင်သော စကားလုံး များ၏ ရေးထုံးများကို ထည့်သွင်းပြုစုခဲ့ကြသည်။

မြန်မာစာကော်မရှင်၊ မြနမာစာရေးထုံးကျမ်းပြန်လည် စိစစ်ပြုပြင်ရေးအဖွဲ့က 'မြန်မာစာ ရေးထုံး ကျမ်း'ကို ပြန်လည်စစိစစ်ပြီးလျှင် ပညာရှင်များနှစ်သက်လက်ခံနိုင်အောင်၊ ရဟန်းရှင်လူ ပြည်သူတို့ ကျေကျေနပ်နပ်လက်ခသုံးစွဲနိုင်အောင် ခေတ်နှင့်အညီလိုအပ်သလို ဖြည့်စွက်နုတ်ပယ်ခြင်းများ ပြုလုပ်ခဲ့ သည်။ ထနောက် 'မြန်မာစာရေးထုံးကျမ်း'ကို 'မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း' ဟုပြောင်းလဲပြီး စကား လုံးများကို မြန်မာစာအဖွဲ့က အတည်ပြုထားသော အဘိဓာန်အကွရာစဉ် နည်းအတိုင်း စီစဉ်ဆောင်ရွက် ခဲ့ပါသည်။

'မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း' (မူကြမ်း)ကို မြန်မာစာအဖွဲ့ဝင်များထံသို့ ပေးပို့၍ အကြံဉာဏ် ကောင်းများကို တောင်းခံလဲ့သည်။ အဖွဲ့ဝင်ပညာရှင်များ၏ အကြံပေးချက်များ၊ ပြုပြင်စရာများကို အလေးအနက်ထားကာ ညှိနှိုင်းပြင်ဆင်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် 'မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း' ကို အတည်ပြုခဲ့ကြကြောင်း သိရှိရပါသည်။

၁၉၇၈ ခုနှစ်တွင် 'မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း' ကိုလမ်းညွှန်ကျမ်းအဖြစ် ပုံနှိပ်ထုတ်ဝေ ခဲ့ပါသည်။ မြန်မာစာအရေးအသား စည်းကမ်းတကျဖြစ်စေရန်အတွက် စာလုံးပေါင်းသတ်ပုံကို စိစစ် ပြင်ဆင်သတ်မှတ်ရာတွင် ရဟန်းရှင်လူ ပြည်သူများ၏အကြံပေးချက်များကို အလေးထား၍ ဆောင်ရွက် ခဲ့သည်။ ဤကျမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်၊ မွမ်းမံလိုသည်များကို ရဟန်းရှင်လူ ပြည်သူများကို မေတ္တာရပ်ခံခဲ့သောကြောင့် ပြည်သူများက ဝေါဟာရများပေးပို့ကာ ဝေဖန်အကြံပေးခဲ့ကြ သည်။ ၁၉၈၁ ခုနှစ်တွင် သတင်းစာများမှ ကြေညာ၍ ထပ်မံမေတ္တာရပ်ခံခဲ့သည်။

ဝေဖန်အကြံပြုချက်များအနက် သင့်လျော်သော အချက်များကိုလက်ခံ၍ ပြင်ဆင်မွမ်းမံရာတွင် ထည့်သွင်းခဲ့သည်။ မြန်မာစာအဖွဲ့သည် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို စိစစ်မွမ်းမံရာတွင်

(၁) အစဉ်အလာအရ ထိန်းသိမ်းခြင်း
(၂) ကျမ်းအကိုးအထောက် ခိုင်လုံခြင်း
(၃) ကြောင်းကျိုးဆက်နွယ်၍ အနက်အဓိပ္ပာယ်ထင်ရှားခြင်း
(၄) အသုံးတွင်ကျယ်ခြင်း ဟူသည့်အချက်ကြီး (၄) ရပ်ကို မှီငြမ်းပြုခဲ့ပါသည်။
(မြန်မာစာအဖွဲ့၊ ၁၉၈၆၊ စာ ခ)

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် မြန်မာစာအရေးအသားထုံးမီစံမျှ ဖြစ်စေရေးတွင် မြန်မာစာအဖွဲ့သာမက ပြည်ထဲရေးဝန်ကြီးဌာန၏ စာပေစိစစ်ရေးအဖွဲ့ကလည်းများစွာ အကျိုး သက်ရောက်မှု ဖြစ်စေခဲ့သည်။ စာပေစိစစ်ရေးအဖွဲ့၏ မူလတာဝန်သည် ပုံနှိပ်ထုတ်ဝေမည့် စာပေအရေး အသားများကို ထိုခေတ်ထိုကာလ အစိုးရ၏ မူဝါဒနှင့်ကိုက်ညီမှုရှိ မရှိကို အဓိကစိစစ်ခြင်း ဖြစ်သော်လည်း မြန်မာစာအရေးအသား ထုံးမီစံမျှဖြစ်စေရေးကိုလည်း ဆောင်ရွက်ခဲ့သည်။ စာအုပ်များတွင် မြန်မာစာ စာလုံးပေါင်းသတ် ပုံမှားယွင်းပါက ဒဏ်ကြေးပေးဆောင်စေသဖြင့် စာပေပုံနှိပ်ထုတ်ဝေရာတွင် စာလုံး ပေါင်းသတ်ပုံမှန်ကန်မှုကများစွာ အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။

၆။ မျက်မှောက်ကာလ မြန်မာစာအခြေအနေနှင့် ကြိုးပမ်းဆောင်ရွက်ချက်များ

မျက်မှောက်ခေတ်တွင် မြန်မာစာအရေးအသားများ ပျက်ယွင်းလာသည်သည်ကို တွေ့ရသည်။ လက်ရအခြေအနေတွင် ရုံးလုပ်ငန်းများဆောင်ရွက်နေသူ၊ ရုံးစာရေးသားနေကြသူများသည် မြန်မာစာလုံး ပေါင်း သတ်ပုံကျမ်းကိုအသုံးပြုမှု လွန်စွာအားနည်းလျက်ရှိကြောင်း တွေ့ရသည်။ မြန်မာစာလေ့လာမှု အားနည်းသကဲ့သို့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကိုလည်း အသုံးမပြုသည့်အတွက် ရုံးစာရေးသား ရာတွင် မမှားသင့်သောအမှားများကို မကြာခဏ တွေ့မြင်နေရပါသည်။ မကြာခဏတွေ့ရလေ ရှိသောအမှားများမှာ "နေ့လယ်"ကို "နေ့လည်" ဟုရေးသားခြင်း၊ "ဥက္ကဋ္ဌ"ကို "ဥက္ကဋ္ဌ" ဟု ရေးသားခြင်း၊ "ဌာန" ကို "ဋ္ဌာန" ဟုရေးသားခြင်း၊ "လပတ်အစည်းအဝေး" ကို "လပက်အစည်းအဝေး" ဟု ရေးသား ခြင်း၊"အခမ်းအနား" ကို"အခန်းအနား" ဟုရေးသားခြင်းစသည်ဖြင့် အမျိုးမျိုးတွေ့မြင်ရပါသည်။ စာလုံး ပေါင်းသတ်ပုံကျမ်းကိုသာ လက်စွဲပြုပါက ရုံးစာရေးသားရာတွင် စာလုံးပေါင်းသတ်ပုံမှားယွင်မည် မဟုတ် တော့ပေ။

ရုံးစာများရေးသားရာတွင် အမှားများသော စာလုံးပေါင်းတစ်မျိုးမှာ “တ နှင့် တစ်” ဖြစ်သည်။ “တ”သည် ကြိယာဝိသေသနပြု ပစ္စည်းစကားဖြစ်သည့်အတွက် ကြိယာဝိသေသနပြု စကားဖြစ်လျှင် “တ” ဖြင့် စာလုံးပေါင်းရပါသည်။ “တထစ်ချ၊ တမြန်နေ့၊ တမင်တကာ” စသည်တို့တွင် “တ” ဖြင့်ပေါင်း ပါသည်။ “တစ်” သည် အရေအတွက်ပြစကား ဖြစ်သည့်အတွက် ကိန်းအရေအတွက်ပြ စကားဆိုလျှင် “တစ်စုံတစ်ရာ၊ တစ်စိတ်တစ်ဝမ်း၊ တစ်တပ်တစ်အား” စသည်ဖြင့် “တစ်” ပေါင်းပါသည်။

ရုံးစာရေးသားရာတွင် အသုံးအနှုန်းမှန်ကန်ရန်လည်း အရေးကြီးပါသည်။ ရုံးစာရေးသားသူများသည် ရုံးသုံးဘာသာစကားဖြစ်သော မြန်မာစာအသုံးအနှုန်းကို ကောင်းစွာသိရှိနားလည် သဘော ပေါက်ရန်လိုအပ်ပါသည်။ ဥပမာ – မြန်မာစာအသုံးအနှုန်းတွင် အချိန်နှင့်ပတ်သက်၍ သူ့အချိန်နှင့်သူ ခေါ်ဝေါ်အသုံးပြုသော ဝေါဟာရများရှိပါသည်။ အရုဏ်ကျင်း၊ အရုဏ်တက်၊ နံနက်၊ နေ့လယ် (နေ့၏ အလယ်ဗဟိုအချိန်)၊ မွန်းတည့် (နေမွန်း တည့်ချိန်)၊ မွန်းလွဲ၊ ညနေစသည့်ဖြင့် ပိုင်းခြားခေါ်ဝေါ်သော အခေါ်အဝေါ်များရှိပါသည။ နံနက် မိုးသောက်အချိန်ကို အရုဏ်ကျင်း၊ အရုဏ်တက်၊ ထို့နောက် နေ့လယ် ၁၂ နာရီမတိုင်မီအထိကို နံနက်၊ မွန်းတည့်ချိန်ကိုနေ့လယ် ၁၂ နာရီ၊ မွန်းတည့်နှင့်ညနေ အကြားအချိန်ကို မွန်းလွဲ၊ မွန်းလွဲ ၃နာရီခန့်မှ နေဝင်ချိန် ခန့်အတွင်းကာလကို ညနေဟူ၍ သတ်မှတ်ပါ သည်။ ထို့ကြောင့် ရုံးစာများတွင် အချိန်ကိုဖော်ပြရာ၌ နံနက် ၁၀ နာရီ၊ နံနက် ၁၁ နာရီ၊ နေ့လယ် ၁၂း၀၀ နာရီ၊ မွန်းလွဲ ၁း၀၀ နာရီ၊ မွန်းလွဲ ၂း၀၀ နာရီ၊ ညနေ ၃း၀၀ နာရီ စသည်ဖြင့် အသုံးပြုသင့်ပါသည်။

‘ကိုယ့်ကိုယ်ကိုယ်’ ဟူသော အသုံးသည်လည်း မှားတတ်သော အသုံးအနှုန်းဖြစ်ပါသည်။ ‘ကိုယ့်ကိုကိုယ်’၊ ‘ကိုယ့်ကိုယ်ကို’ မည်သည့်အသုံးအနှုန်းက မှန်သည်ကို ဇဝေဇဝါဖြစ်တတ် ပါသည်။ အသုံးအနှုန်း မှန်ကန်စေရန်အတွက် ယှဉ်ကြည့်နိုင်သည့် အသုံးများရှိပါသည်။ ‘ငါ့ကိုယ်ငါ’၊ ‘မိမိကိုယ်မိမိ’ ‘သင့်ကိုယ်သင်’ စသည့် အသုံးများဖြင့် ယှဉ်ကြည့်ပါက အသုံးအနှုန်းအမှန်ကို ရရှိမည်ဖြစ်ပါသည်။

ထို့ပြင် ‘မှ’ နှင့် ‘က’ သည်လည်း အများဆုံးမားတတ်ကြပါသည်။ ‘မှ’ သည် ထွက်ခွာရာပြ စာသုံးဖြစ်ပါသည်။ ‘အိမ်မှလာသည်’ ‘ကျောင်းမှလာသည်’ စသည်ဖြင့် အသုံးပြုနိုင်ပါသည်။ လူတိုင်း အတွက် အသုံးချမြန်မာစာ စာအုပ်တွင် – မြန်မာဘာသာစကား၏ သဒ္ဒါစည်းကမ်းအရ ‘က’ မှာ ကတ္တား (ပြုလုပ်သူ) ကိုပြသောပစ္စည်းဖြစ်သည်။ ထွက်ခာရာကိုပြသော ပစ္စည်းလည်း ဖြစ်သည်ဟူ၍ ရှင်းလင်း ဖော်ပြထားပါသည်။

‘ပါမောက္ခချုပ် ဆရာမကြီးက ဆုချီးမြှင့်သည်’

‘မန္တလေးက ပြန်လာသည်’

ဟူ၍ ‘က’ ကို ပြုလုပ်သူသာမက ထွက်ခွာရာပြအဖြစ်ပါ အသုံးပြုနိုင်ပါသည်။ ‘မှ’ ကို မသုံးဘဲ ထား၍လည်း ရပါသည်ဟု (ခင်မင်၊ ၂၀၁၀၊ စာ၂၅) ဆိုထားပါသည်။

လက်အောက်ငယ်သားက အထက်လူကြီးကို တင်ပြသည့်စာတွင် ‘လေးစားမှုဖြင့်’၊ ‘လေးစားလျက်’ ဟုအသုံးပြုနိုင်ပါသည်။ ရုံးသုံးမြန်မာစာရေးသားနည်းစာအုပ်တွင် ‘လေးစားစွာဖြင့်’ ဟူသောအသုံးသည် များယွင်းကြောင်း ပညာရှင်အစဉ်အဆက် ထောက်ပြခဲ့ကြပါသည်။ ကြိယာ အထူးပြုနောက်တွင် ‘ဖြင့်’ ထည့်ရန်မလိုအပ်ပေ။ ‘လေးစားမှုဖြင့်’၊ ‘လေးစားလျက်’ ဟုနှစ်သက်သလို အသုံးပြုနိုင်ပါသည်။ ‘လေးစားစွာဖြင့်’ ကိုသတိထား ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ခုနှစ်သက္ကရာဇ်ကိုဖော်ပြရာ၌ ‘၁၃၈၁ ခုနှစ်’၊ ‘၂၀၁၉ ခုနှစ်’ စသည်ဖြင့် အသုံးပြုရပါသည်။ ကိန်းပြည့်များဖြင့်ဆုံးလျှင် ‘၂၀၁၀ ပြည့်နှစ်’ ‘၁၃၈၀ ပြည့်နှစ်’ ‘၂၀၂၀ ပြည့်နှစ်’ စသည်ဖြင့်ခွဲခြား၍

အသုံးပြုရမည်ဖြစ်ပါသည်။ မြန်မာဝေါဟာရ အသးအနှုန်းများ၏ အဓိပ္ပာယ်ကိုသိရှိနားလည်ပြီး မှန်ကန်စွာအသုံးပြုနိုင်မှသာ မြန်မာစာအရေးအသား ပြေပြစ်ချောမွေ့မည် ဖြစ်ပါသည်။ မှန်ကန်စွာအသုံးပြုနိုင်ရေးအတွက် မြန်မာစာအဖွဲ့ကထုတ်ဝေသော မြန်မာအဘိဓာန်စာအုပ်က အထောက်အကူပြုမည်ဖြစ်ပါသည်။

ရုံးစာရေးသားရာတွင် သဒ္ဒါမှန်မှန်ကန်ကန် ရေးသားရန်လိုအပ်ပါသည်။ သဒ္ဒါပုဒ် အထားအသို မမှန်ကန်ပါက အဓိပ္ပာယ်လွဲမှားပြီး ဝေဝါးရှုပ်ထွေးနိုင်ပါသည်။ ဥပမာ – "ရုး၏ ခွင့်ပြုချက်မရဘဲ သေဆုံးသွားသူ၏ လစာငွေကို အဘယ်ကြောင့်ထုတ်ပေးလိုက်သည်ကို ဖြေရှင်းရန်" ဟူသောဝါကျတွင် "ရုံး၏ခွင့်ပြုချက်မရဘဲ" ဟူသောပုဒ်သည် သဒ္ဒါသဘောအရ ကြိယာဝိသေသန သဘောဆောင်လျက်ရှိပါသည်။ ထိုပုဒ်ကို သက်ဆိုင်ရာကြိယာဖြစ်သော ထုတ်ပေးလိုက်သည်နှင့်တွဲမှသာ တိကျသောအဓိပ္ပာယ်ကို ရရှိမည်ဖြစ်သည်။ ယခုဖော်ပြထားသည့် အတိုင်းဆိုပါက "ရုံး၏ခွင့်ပြုချက်မရဘဲ သေဆုံးသွားသည်" ဟူသောအဓိပ္ပာယ်ကို ဖြစ်ပေါ်စေပါသည်။ "တစ်ဦးပြီးမှတစ်ဦး ရုံးအတွင်းသို့ ထောက်ခံစာယူမည့်သူများ ဝင်ရောက်ကြရန်" ဟူသော ဝါကျမျိုးမှာလည်း အဓိပ္ပာယ်ဝေဝါးရှုပ်ထွေးနေသည်။ ဆိုလိုသည့်အဓိပ္ပာယ်မှာ "ထောက်ခံစာ ယူမည့်သူများ ရုံးအတွင်းသို့ တစ်ဦးပြီးမှတစ်ဦး ဝင်ရောက်ကြရန်" ဟုဆိုလိုခြင်းဖြစ်သည်။

နေ့စဉ်ထုတ် သတင်းစာများတွင်လည်း အဓိပ္ပာယ်ရှုပ်ထွေးစေနိုင်သော အရေးအသားများကို တွေ့ရှိရပါသည်။

> "အမှတ်စဉ် (၁၈) မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်" (မြန်မာ့အလင်း၊ ၂၀၁၈ နိုဝင်ဘာ ၁၁၊ စာ ၅)

အထက်ပါဝါကျတွင် အမှတ်စဉ် ၁၈ မော်တော်ယာဉ်ကိုသာ ပြုပြင်ထိန်းသိမ်းသည့် သင်တန်းဟူသော အဓိပ္ပာယ်သက်ရောက်နေပါသည်။ 'အမှတ်စဉ် (၁၈)' နှင့် သက်ဆိုင်သော 'သင်တန်း'နှင့်တွဲမှသာ လိုရင်းအနက်ရောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် "မော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းခြင်းသင်တန်း အမှတ်စဉ် (၁၈)ဖွင့်လှစ်" ဟုရေးမှသာ အဓိပ္ပာယ်ရှင်းလင်းမည်ဖြစ်ပါသည်။ ဆိုလိုသည့်အနက်အဓိပ္ပာယ် ရောက်စေရန် သက်ဆိုင်ရာပုဒ်အချင်းချင်း ကပ်ထားလျှင် အဓိပ္ပာယ်မမှားနိုင်၊ မရှုပ်ထွေးနိုင်ပါ။

> "အီစတာပွဲတော် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ကာကွယ်ရေးဝန်ကြီးနှင့် ရဲတပ်ဖွဲ့အကြီးအကဲ တို့ကို နှုတ်ထွက်ရေး သမ္မတောင်းဆို"
>
> (မြန်မာ့အလင်း၊ ၂၀၁၉ ဧပြီ ၂၆၊ စာ ၁၄)

ဟူသော ဝါကျကိုကြည့်လျှင် အဓိပ္ပာယ်ရှုပ်ထွေးစေနိုင်ပါသည်။ 'နှုတ်ထွက်ပေးရန် သမ္မတကတောင်းဆို' ဟူ၍ သုံးမှသာ ဆိုလိုသော အနက်အဓိပ္ပာယ် ရရှိနိုင်မည်ဖြစ်ပါသည်။

လူမှုကွန်ရက် အင်တာနက်တွင်လည်း အမှားများကိုလည်း များစွာတွေ့နေရပါသည်။ လူငယ်များဟန်လုပ်၍သော်လည်းကောင်း၊ အများနှင့်မတူ တစ်မူထူးခြားချင်သော်လည်းကောင်း မြန်မာစာအရေးအသားများကို ဖျက်၍အသုံးပြုကြသည်ကိုတွေ့ရသည်။ လူမှုကွန်ရက် အင်တာနက်တွင် မမှားသင့်သော စာလုံးပေါင်းသတ်ပုံ အမှားများကို များစွာတွေ့ရှိရပါသည်။ စာလုံးပေါင်းသတ်ပုံ အမှားများသာမက ဗျည်းပြောင်းလဲ အသုံးပြုပုံများ၊ အသတ်ပြောင်းလဲ အသုံးပြုပုံများကို တွေ့ရပါသည်။ 'သတိရတယ်' ကို 'သတိယတရ်'၊ 'အစ်ကို၊ အစမ' ကို 'အယ်ကို၊ အယ်မ'၊ 'တစ်ယောက်' ကို 'တျောက်' 'သူငယ်ချင်း'ကို 'သယ်ရင်း'စသည်ဖြင့် မြန်မာစာလုံးပေါင်း သတ်ပုံများကိုဖျက်၍ ရေးသားလာကြသည်ကိုလည်း တွေ့ရပါသည်။ ထို့ပြင် မြန်မာအသံထွက်များကို အင်္ဂလိပ်အက္ခရာများဖြင့်ဖလှယ်၍ အသုံးပြု

ခြင်း၊ မြန်မာစကားလုံးများ ကြားတွင အင်္ဂလိပ်စကားလုံးများ ရောသုံးခြင်းများကိုလည်း တွေ့ရပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာ မြန်မာလူငယ်များသည် စာလုံးပေါင်းသတ်ပုံအမှန်ကို မသိခြင်းကြောင့်လည်းကောင်း၊ မြန်မာ စကားကိုဖျက်ပြီးရေးမှ ခေတ်မီသည်ဟု ယူဆခြင်းကြောင့်လည်းကောင်း မြန်မာစာအရေး အသားများပျက်စီးတိမ်းချော်လာပါသည်။ ထို့ပြင် မြန်မာကလေးငယ်များသည် အင်္ဂလိပ်ကျောင်း များတွင် ပညာသင်ယူနေကြပြီး မြန်မာဘာသာစကားနှင့် မြန်မာစာပေကို အလေးအနက် မထားတော့ချေ။

၂၀၁၅ ခုနှစ်တွင် မြန်မာစာအဖွဲ့ဦးစီးဌာနကို မြန်မာတိုင်းရင်းသား ဘာသာစကား ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ မြန်မာစာပညာရှင်များပါရှိသော မြန်မာစာအဖွဲ့ကို ဆက်လက်ထားရှိကာ မြန်မာစာအရေးအသား ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်စေခဲ့ပါသည်။

မြန်မာစာအဖွဲ့က မြန်မာစာစာလုံးပေါင်းသတ်ပုံကျမ်း၊ မြန်မာအင်္ဂလိပ် အဘိဓာန်၊ မြန်မာ အဘိဓာန်၊ မြန်မာဘာသာစကားနှင့်ဆိုင်သော စာအုပ်များကို ပုံနှိပ်ထုတ်ဝေလျက်ရှိပါသည်။

အခြေခံပညာ မြန်မာစာသင်ကြားရေးနှင့် တက္ကသိုလ်မြန်မာစာ သင်ကြားရေးတို့က မြန်မာစာ အရေးအသား ထုံးမိစံမျှဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါသည်။ တက္ကသိုလ် မြန်မာစာဌာန များကလည်း ရုံးသုံးမြန်မာစာသင်ကြားခြင်း၊ အသုံးချမြန်မာစာသင်ကြားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါ သည်။

မျက်မှောက်ကာလတွင် မြန်မာစာရေးထုံး ထုံးမိစံမျှဖြစ်စေရေးအတွက် စာတမ်းများ၊ စာအုပ်များ ရေးသားပြုစုခဲ့ကြသည်။ ထိုသို့ရေးသားပြုစုကြသော မြန်မာစာပညာရှင်များတွင် ဆရာကြီး မောင်ခင်မင် (ဓနုဖြူ) သည်အထင်ရှားဆုံးနှင့် အများဆုံးရေးသားပြုစုခဲ့သူဖြစ်သည်။ ဆရာကြီးပြုစုခဲ့သော "မြန်မာ စကား မြန်မာစာရုပ်ပုံလွှာ"စာအုပ်သည် မြန်မာစာရေးထုံး အခြေခံမှန်ကန်စေရန်နှင့် အပြောအဆိုမှန်ကန် စေရန် လက်စွဲပြုရသည့် စာအုပ်တစ်အုပ်ဖြစ်သည်။

ဆရာကြီးပြုစုခဲ့သော "ပြည်သူ့အတွက်မြန်မာစကားပြေ"စာအုပ်တွင်လည်း အများပြည်သူတို့ မြန်မာစကားပြေအရေးအသားကို မှန်မှန်ကန်ကန်ထုံးမိစံမျှ ရေးသားနိုင်ရေးအတွက် လမ်းညွှန်ပေးသော စာအုပ်တစ်အုပ်ဖြစ်သည်။ စာအုပ်အမှာစာတွင် ဆရာကြီးက စကားပြေသည် ပြည်သူတို့အတွက် နေ့စဉ် မသုံးမဖြစ်သော အသုံးအဆောင်ပစ္စည်းဖြစ်ကြောင်း၊ စကားပြေရေးသားရာတွင် အခြေခံလိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ပြီး ဤစာအုပ်ကို ပြုစုရခြင်းဖြစ်ကြောင်း ဖော်ပြထားပြီး စကားပြေ ၏ အခြေခံလိုအပ်ချက်များဖြစ်သော မှန်မှန်ကန်ကန် ရေးတတ်ရန်၊ ရှင်းရှင်းလင်းလင်းရေးတတ်ရန်၊ တိတိကျကျရေးတတ်ရန၊ ကျစ်ကျစ်လျစ်လျစ်ရေးတတ်ရန်၊ ပြေပြေပြစ်ပြစ်ရေးတတ်ရန်၊ လိုက်ဖက်ညီညီ ရေးတတ်ရန် နည်းလမ်းများကို ဖော်ပြထားသည်။ ဆရာကြီးသည် မြန်မာစာအရေးအသားနှင့် ပတ်သက်၍ "ငယ်ပေါင်းကြီးဖော် မြန်မာစာနှင့်အရေးအသားပြဿနာများ"၊ "သတ်ပုံ၏နေရာ"၊"မေးလိုရာရာမြန်မာစာ" စသည့် စာအုပ်များကိုလည်း ပြုစုခဲ့သည်။

ဆရာဦးသောင်းလွင်၏ "နည်းသစ်မြန်မာသဒ္ဒါ" စာအုပ်သည်လည်း မြန်မာသဒ္ဒါကို မှန်ကန်စွာ ရေးသားနိုင်ရေးအတွက် အထောက်အကူပေးသော စာအုပ်များဖြစ်သည်။

ထိုသို့ မြန်မာစာအရေးအသား ပျက်ယွင်းတိမ်းချော်မှုကို ပြန်လည်တည့်မတ်အောင် ကြိုးပမ်း ဆောင်ရွက်မှုများကို များစွာပြုလုပ်သင့်ပါသည်။ သတင်းစာများတွင် မြန်မာစာအရေးအသားနှင့် ပတ်သက်သောဆောင်းပါးများ အပတ်စဉ် ထည့်သွင်းဖော်ပြထားပါသည်။

ခြုံငုံသုံးသပ်ချက်

ဘာသာစကား၊ စာအရေးအသားနှင့် စာပေအဆင့်အတန်းသည် လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို ဖော်ပြလျက်ရှိသည်။ ယဉ်ကျေးမှုအဆင့် မြင့်မားလာခြင်းသည် ဘာသာ စကားနှင့် စာပေအရေးအသားတို့ကြောင့် ဖြစ်သည်။ ဘာသာစကားနှင့်စာပေ အဆင့်အတန်း နိမ့်ကျမသွားအောင် မြန်မာဘုရင်များ အဆက်ဆက် အမိန့တော်များပြဋ္ဌာန်းကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက် ရောက်ခဲ့သော်လည်း မြန်မာစာမြန်မာစကား ပျောက်ပျက်မသွားအောင် ဆက်လက်ဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရချိန်မှစ၍ မြန်မာစာမြန်မာစကား ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းခဲ့ကြပါသည်။ မြန်မာစာအဖွဲ့ဖွဲ့စည်းကာ စာလုံးပေါင်းသတ်ပုံကျမ်း တစ်ပြေးညီဖြစ်စေရေး အတွက်ဆောင်ရွက်စေခဲ့ပါသည်။ မျက်မှောက်ခေတ်တွင်လည်း မြန်မာစာအရေးအသား ထုံးမံစံမျှဖြစ်စေရေးအတွက် မြန်မာစာအဖွဲ့သာမက တစ်ဦးတစ်ယောက်ချင်းကလည်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပါသည်။ မြန်မာစာအရေးအသား ထုံးမံစံမျှဖြစ်စေရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းမသာ မြန်မာဘာသာစကား၊ မြန်မာစာပေအဆင့်အတန်း မြင့်မားနေမည်ဖြစ်ပါသည်။

နိဂုံး

မြန်မာစာအရေးအသားကို ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ မျက်မှောက်ခေတ်တွင်လည်း မြန်မာဘာသာစကားနှင့် အရေးအသား မပျက်စီးရလေအောင်၊ ပျောက်ပျက်မသွားရလေအောင် မြန်မာဘာသာစကားဆိုင်ရာ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာ လိုက်နာဆောင်ရွက်ခြင်းဖြင့် မြန်မာဘာသာစကားကို ထိန်းသိမ်းရမည်ဖြစ်ပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်(ခနုဖြူ)။ (၂၀၀၅)။ သက်တံရောင်စုံဘာသာစကား။ ရန်ကုန်၊ ကြယ်နီစာပေတိုက်။

ခင်မင်၊ မောင်(ခနုဖြူ)။ (၂၀၁၈)။ ဘာသာစာပေ သုတေသနစာတမ်းများ။ ရန်ကုန်၊ သီရိဂုဏ်ဝေ ပုံနှိပ်တိုက်။

ခင်မင်၊မောင်(ခနုဖြူ)။(၂၀၁၉)။အသက်ဆက်ရှင်သန်မှုအတွက် ဘာသာစကားနှင့် မြန်မာစာထိန်းသိမ်း စောင့်ရှောက်ရေး။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မင်းသုဝဏ်နှင့်အများ။ (၂၀၀၉)။ လွတ်လပ်ရေးခေတ်ကြိုကဗျာများနှင့် စာရေးသူစိတ်ကြိုက်။ ရန်ကုန်၊ နေရီရီ စာအုပ်တိုက်။

မောင်မောင်ကြီး(တက္ကသိုလ်–)။ (၁၉၇၀)။ အသုံးချမြန်မာစာ စာပေဆောင်းပါးများ။ ရန်ကုန်၊ လုပ်အား ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။(၁၉၈၆)။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာမင်းလွတ်တော်သုံးသတ်ပုံ စာစဉ်(၂)။ (၁၉၆၇)။ တတိယအကြိမ်။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်။

မြန်မာမင်းလွတ်တော်သုံးသတ်ပုံ စာစဉ်(၉)။ (၁၉၆၃)။ တတိယအကြိမ်။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်။

သတေသနစာစဉ်သမိုင်း သုတေသနစာစဉ်စာရင်း သုတေသနစာစဉ် စာတည်းများ။ (၁၉၇၀)။ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း။

တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံစနစ်ချက်

မောင်မောင်ဦး*

ဓာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစကားပုံ စာအုပ်တွင်ပါဝင်သော တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများသည် မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို သိနိုင်ရန်ရည်ရွယ်ပါသည်။ အလေ့လာခံအဖြစ် မြန်မာစာအဖွဲ့မှ ထုတ်ဝေခဲ့သော 'မြန်မာစကားပုံ' စာအုပ်ကိုအသုံးပြုပါသည်။ ယင်းစာအုပ်တွင်ပါဝင်သည့် တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများ၏ ဝါကျဖွဲ့ပုံကို ဘာသာဗေဒပညာရပ်ရှုထောင့်မှတင်ပြပါမည်။ တင်ပြရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံများတွင် ဝါကျရိုးနှင့် ဝါကျရောဘယ်နှခုပါဝင်ပုံ၊ ယင်းဝါကျများကို မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို အသေးစိတ်ခြင်း၊ ခြုံငုံသုံးသပ်ချက်ဟူ၍ ကဏ္ဍ(၃)ခုပါဝင်ပါမည်။ ဤစာတမ်း၏တင်ပြချက်များကြောင့် 'မြန်မာစကားပုံ'စာအုပ်တွင်ပါဝင်သော တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများသည် ဘာသာဗေဒရှုထောင့်အရ မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို အသေးစိတ်သိလာမည် ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ။ စကားပုံ၊ ဘာသာဗေဒ၊ ဝါကျ၊ ဝါကျရိုး၊ ဝါကျရော၊ နာမ်၊ နာမ်အထူးပြု၊ ကြိယာ၊ ကြိယာအထူးပြု၊ ပစ္စည်း

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည်။ ထိုတိုင်းရင်းသား လူမျိုးပေါင်းစုံတွင် ၎င်းတို့နှင့် သက်ဆိုင်သောစကားပုံများရှိကြသည်။ ယင်းတို့မှ ဗမာတစ်နည်း မြန်မာတို့တွင်လည်း စကားပုံများရှိသည်။ မြန်မာစကားပုံများတွင် တိရစ္ဆာန်ကိုတရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများလည်းပါဝင်သည်။ ထိုစကားပုံများတွင် ဝါကျရိုး၊ဝါကျ ရောဘယ်နှခုရှိသနည်း။ ထိုဝါကျများကို မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို သိသင့်ပါသည်။

၁။ ပြုစုရသောရည်ရွယ်ချက်

ဗမာတစ်နည်း မြန်မာတို့တွင်ရှိသော စကားပုံများကို လေ့လာသူတို့သည် အားသန်ရာ ရှုထောင့်မှ ပုံစံအမျိုးမျိုးဖြင့် လေ့လာခဲ့ကြပါသည်။ သို့သော်လည်း မည်သူမျှ မလေ့လာဘူးသေးသော 'တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံ'ကို ယခင်နှစ်က လေ့လာဖြစ်ခဲ့ပါသည်။ ထိုဝါကျများသည် ဘာသာဗေဒ ပညာရပ်ရှုထောင့်မှ မည်သို့မည်ပုံ ရေးထားသည်ကို စိစစ်တင်ပြမှ ပြီးပြည့်စုံမည်ဟု ထင်မြင်ယူဆမိသောကြောင့် 'တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံ စိစစ်ချက်' ဤစာတမ်းကို တင်ပြရခြင်းဖြစ်ပါသည်။ ယင်းမှာဤစာတမ်းကို ပြုစုရခြင်း၏ရည်ရွယ်ချက် ဖြစ်ပါသည်။

၂။ အချက်အလက်ကောက်ယူစုဆောင်းခြင်း

(၁၉၉၆)ခုနှစ်တွင် မြန်မာစာအဖွဲ့က တတိယအကြိမ် ထုတ်ဝေခဲ့သော မြန်မာစကားပုံစာအုပ်မှ အချက်အလက်ကောက်ယူ စုဆောင်းပါသည်။ ယင်းစာအုပ်တွင် လူမှုအခြေအနေအမျိုးမျိုးကို ခိုင်းနှိုင်းရေးသားတင်ပြထားသော စကားပုံ(၈၇၀) ပါဝင်သည်။ ယင်းတို့တွင် တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်း

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်

စကားပုံ (၆၁)ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ဤသို့တွေ့ရှိရသော တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံကို အကြိမ်ကြိမ်အထပ်ထပ် စိစစ်လေ့လာခဲ့ပါသည်။

၃။ လေ့လာသောနယ်ပယ်

သုတေသနပြုသူ အကြိမ်ကြိမ်အထပ်ထပ် လေ့လာခဲ့သောကြောင့် မြန်မာစကားပုံစာအုပ်ရှိ တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျဘယ်နှခု ပါဝင်သည်ကို သိလာရသည်။ ထို စကားပုံများသည် မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို ဘာသာဗေဒပညာရပ်ရှုထောင့်မှ စိစစ်တင်ပြ ရလျှင် ပို၍ဆီလျော်မည်ဟု ယူဆမိပါသည်။ ထို့ကြောင်တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံ များ၏ဝါကျဖွဲ့ပုံစိစစ်ချက်ကို တင်ပြရာတွင် ဘာသာဗေဒပညာရပ်ကို အခြေပြုပါသည်။

၄။ ပြဿနာပုံ

'တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံစိစစ်ချက်ကို တင်ပြသော ဤ သုတေသနတွင် ဝါကျဟုဆိုလျှင် **ဝါကျရိုး၊ဝါကျရော၊ ဝါကျပေါင်း** ဟူ၍(၃)မျိုး ရှိသည်။ အမှန်စင်စစ် ဝါကျရောနှင့် ဝါကျပေါင်းသည် ဆက်စပ်နေသည့်သဘောရှိသောကြောင့် ဤသုတသနတွင် ဝါကျရော ဟုသာ ခေါ်ဝေါ် အသုံးပြုပါသည်။ထို့ပြင် ဘာသာဗေဒအရ 'နာမ်၊ နာမ်အထူးပြု၊ ကြိယာ၊ ကြိယာ အထူးပြု၊ ပစ္စည်း' ဟူသည့် ဝါစင်္(၅)မျိုးရှိသည်ဟူသော အယူအဆကို အခြေပြုတင်ပြ ထားပါသည်။

၅။ သုတေသနအစီအစဉ်

'တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံစိစစ်ချက်ကို လေ့လာသော ဤ သုတေသနတွင် –

(၁) စကားပုံများ၏ဝါကျဖွဲ့ပုံ

(၂) စကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်မှု

(၃) ခြုံငုံသုံးသပ်ချက်

ဟူ၍ (၃)ပိုင်း ခွဲခြားကာတင်ပြမည် ဖြစ်ပါသည်။

၁။ စကားပုံများ၏ဝါကျဖွဲ့ပုံ

မြန်မာတို့က **စကားပုံ**ဟုခေါ်သည်ကို အင်္ဂလိပ်တို့က' **'proverb' =ဆိုရိုး။ စကားပုံ။**'(လိပ်မြန်ဘိ။ ၂၀၁၆၊ ၇၅၃။)ဟု ခေါ်ကြသည်။ အင်္ဂလိပ်ဝေါဟာရ **'proverb'** သည် ထွေပြားသည့်သဘောသက် ရောက်နေသည်။ ယင်းကို မြန်မာအဘိဓာန်တွင် ဖွင့်ဆိုချက်များဖြင့် ဆန်းစစ်ကြည့်မည်ဆိုပါက

စကားပုံ၏အဓိပ္ပာယ်မှာ **'လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုနိုင်းနှိုင်းလေ့ ရှိသော ထိရောက်ကျစ်လျစ် ပြေပြစ်သည့်စကား'** (မြန်ဘိ။ ၂၀၀၈၊ ၉၀။) ဖြစ်ပါသည်။ **ဆိုရိုးစကား**၏ အဓိပ္ပာယ် မှာ **'အစဉ်အလာပြောဆိုခဲ့ကြသော မှတ်သားဖွယ်ရာစကား'** (မြန်ဘိ။ ၂၀၀၈၊ ၁၂၁။) ဖြစ်သည်။ ထိုအချက်များအရ မှတ်သားဖွယ်ရာစကားတစ်ခုတွင် **တင်စားခိုင်းနှိုင်းမှုပါလျှင် စကားပုံ**ဟု သတ်မှတ်နိုင် ပြီး **တင်စားခိုင်းနှိုင်းမှု မပါလျှင်ဆိုရိုး**ဟု သတ်မှတ်ရမည်ဖြစ်သည်။

ဝါကျသည် အဆစ်အပိုင်း၊ အစိတ်အပိုင်းမဟုတ် အဓိပ္ပာယအရ၊ သဒ္ဒါအရသီးခြားလွတ်လပ်စွာ ရည်တည်နိုင်သော အဖွဲ့အစည်းဖြစ်သည်။ မြန်မာစကားပုံစာအုပ်တွင် ဇာတ်နိပါတ်၊ သမိုင်း၊ ပုံပြင်ကို အခြေပြုသော၊ ပေါင်းသင်းဆက်ဆံမှုကို အခြေခံသော၊ လူ့သဘာဝအဆိုးအကောင်းကို ဖော်ပြသော၊ ဇွဲလုံ့လအားမာန်ကိုဖော်ကျူးသော၊ ဖြစ်ပျက်ပြောင်းလဲတတ်သော၊ လောကဓံကိုပုံဆောင်သောစသဖြင့် စကားပုံပေါင်း(၈၇၀)ပါဝင်သည်။ ယင်းတို့တွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံ အခု (၆၁)ပါဝင်သည်။ ထိုစကားပုံများကို ဝါကျရိုးပုံစံဖြင့် ရေးထားသကဲ့သို့ ဝါကျရောပုံစံဖြင့်လည်း ရေးထားပါသည်။ ဤကဏ္ဍတွင် –

(၁) စကားပုံများမ**ဝါကျရိုး(si**mple sentence)

(၂) စကားပုံများမှ**ဝါကျရော(c**omplex sentence)

ဟူ၍ ကဏ္ဍ(၂)ခု ပါဝင်ပါမည်။

၁၊ ၁။ စကားပုံများမှဝါကျရိုး

ဝါကျရိုးသည် ဖွဲ့စည်းပုံအရရိုးသောဝါကျဖြစ်သည်။ **ကြိယာ**(verb) တစ်ခုတည်းဖြင့် ဝါကျရိုးဖြစ်နိုင်သကဲ့သို့ အခြားသော ပုဒ်တစ်ခု၊ တစ်ခုမကသောပုဒ်တို့လည်း ဝါကျရိုးတွင် ပါဝင်နိုင်သည်။ ဝါကျရိုးသည် အဆိုဝါကျ၊ အဖြေဝါကျ၊ အမေးဝါကျစသည် တစ်ခုခု ဖြစ်နိုင်သည်။ သို့သော် ဝါကျရိုးတွင် ကြိယာတစ်ခုသာ ပါဝင်ရခြင်း၊ **ဝါကျနောက်ဆုံးပစ္စည်း**(sentence paticle) ပါသည်လည်း ရှိနိုင်သည်၊ မပါသည်လည်း ရှိနိုင်ပါသည်။ဝါကျရိုးဖွဲ့စည်းပုံကို ပုံသေနည်း၊ သင်္ကေတတို့ဖြင့် ဖော်ပြရလျှင်–

ပုံသေနည်း	ဝါကျရိုး→	သီးခြားဝါကျ	+ဝါကျပစ္စည်း
သင်္ကေတ	Ss'simple sentence'	ICL	+'ဝါကျပစ္စည်းရှိခြင်း/–'ဝါကျပစ္စည်းမရှိခြင်း

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် ဝါကျရိုး(၁၈)ခု ပါဝင်သည်။ ယင်းတို့မှာ–

ဝါကျရိုး	→ သီးခြားဝါကျ		ဝါကျပစ္စည်းမရှိ
Ss	ICL'independent clause'		-
	ကျီးတစ်ကောင်အတွက် ကျီးများ	ပျက်	-
	ကြောင်တစ်သက် ကြက်တမြို့	–	-
	ကြွက်နားရွက် ဝက်	တတ်	-
	ခြင်္သေ့မင်းရှေ့ ယုန်သငယ်	မသန်းဝံ့	-
	ဂဠုန်ပြည်ဂဠုန် နဂါးပြည်နဂါး	–	-
	ငါးကြင်းဆီနှင့် ငါးကြင်း	ကြော်	-
	ဆင်ခေါင်း ခွေး	မချီနိုင်	-
	ဆင်ဖြူမျက်နှာ ဆင်မဲ	မကြည့်ဝံ့	-
	ဆင်သေကို ဆိတ်ရေနှင့်	ဖုံး	-
	ဆင်လည်း ဆင့်အထွာနှင့်		

ပုရွက်ဆိတ်လည်း		
ပုရွက်ဆိတ်အထွာနှင့်	–	-
ဆင့်နားရွက် ကြက်	တတ်	-
ဧးကွက်လောက်တော့ ငှက်တိုင်း	လှ	-
နဂါးပြည်နဂါး ဂဠုန်ပြည်ဂဠုန်	–	-
နွားကလေးနို့ နွားကြီး	စို့	-
နွားထီးငါးကျပ် နွားမငါးကျပ်	–	-
မျောက်မြီးနှင့် မျောက်	ချည်	-
လင်းတလောက် ငှက်တိုင်း	လှ	-
ဝက်နားရွက် ကြွက်	တတ်	-

တို့ ဖြစ်ပါသည်။

၁၊ ၂။ စကားပုံများမှဝါကျရော

ဝါကျရောသည် ဝါကျရိုးထက် အဆစ်အပိုင်း၊ အစိတ်အပိုင်း ပိုများသည်။ ဝါကျရောတွင် **သီးခြားဝါကျခွဲ**တစ်ခုပါကိုပါရမည်။ သီးခြားဝါကျခွဲ၏ နောက်ဆုံးနေရာတွင် **ဝါကျနောက်ဆုံးပစ္စည်း** တစ်ခု/တစ်ခုမက မပါမဖြစ် ပါရမည်။**အမှီဝါကျခွဲ**(dependent clause 'DCL') သည်အနည်းဆုံး တစ်ခု သို့မဟုတ် တစ်ခုမကသော အမှီဝါကျ ခွဲများ ပါနိုင်သည်။ ယင်းကား ဝါကျရော၏ဖွဲ့စည်းပုံ ဖြစ်သည်။ ဝါကျရောဖွဲ့စည်းပုံကို ပုံသေနည်း၊ သင်္ကေတိုဖြင့် ဖော်ပြရလျှင်–

ပုံသေနည်း

ဝါကျရော → အမှီဝါကျခွဲ +သီးခြားဝါကျခွဲ ဝါကျပစ္စည်း တစ်ခု/အတွဲ

သင်္ကေတ

cpl.s →DCL ICL sp/ P

ဝါကျရောပုံစံဖြင့် ရေးထားသောစကားပုံ(၄၃)ခု ရှိပါသည်။ ယင်းတို့ကို –

(၁) အမှီဝါကျခွဲတစ်ခုပါသော စကားပုံများ

(၂) အမှီဝါကျခွဲနှစ်ခုပါသော စကားပုံများ

(၃) အမှီဝါကျခွဲသုံးခုပါသော စကားပုံများ

ဟူ၍ ကဏ္ဍ(၃)ခု ခွဲခြားကာ တင်ပြသွားပါမည်။

၁၊ ၂၊ ၁။ အမှီဝါကျခွဲတစ်ခုပါသော စကားပုံများ

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် အမှီဝါကျခွဲတစ်ခုပါသော ဝါကျရော အရေ (၃၄) ပါဝင်သည်ကို တွေ့ရသည်။ယခုတင်ပြမှုသည် စကားပုံများအရ သိရသော ဝါကျရောဖွဲ့ပုံကို

တင်ပြခြင်း ဖြစ်သောကြောင့် ဝါကျများတွင် ဝါကျနောက်ဆုံးပစ္စည်းပါသည်၊ မပါသည်ကိုတွေ့ရပါသည်။ ၎င်းတို့မှာ–

ဝါကျရော →အမှီဝါကျခွဲ	+သီးခြားဝါကျခွဲ		ဝါကျပစ္စည်း
cpl.s →DCL	+ICL		+/–
ကျားလည်းကြောက်ရ	ကျားချေးလည်း	ကြောက်ရ	-
ကျားသနားမှ	နွား	ချမ်းသာ	-
ကျီးဘုတ်ရိုသေ	ဘုတ်ကျီး	ရိုသေ	-
ကျောင်းခံတွင်းပျက်နှင့်	ဆက်ရက်တောင်ပံ	ကျိုး	သည်
ကြောင်မရှိ	ကြွက်	ထ	-
ကြောင်မရှိ	ကြွက်	မြူး	-
ကြောင်ရုပ်ဖြစ်စေ			
ကြွက်သေတာ		လိုရင်း	-
ကြောင်အို	ကြွက်	မလေး	-
ခွေးကျိုးနဲ့	ယုန်	လိုက်	-
ငါးကြော်မကြိုက်	ကြောင်	မိုက်	-
ငါးစိမ်းမြင်	ငါးကင်	ပြစ်	-
ငါးပွက်ရာ	ငါးစာ	ချ	-
ငှက်မသိတော့	ဆရက်	ချိုးထင်	-
စာဥ ဒေါင်းအုပ်	ဒေါင်းဥ	စာအုပ်	-
ဆင်ကျီစားရာ	ဆိတ်မခံသာ	–	-
ဆင်ပိန်	ကျွဲလောက်	–	-
ဆင်မတတ်နိုင်	ကြွက်	တတ်နိုင်	၏
တောကြောင့် ကျားလုံ	ကျားကြောင့်	တောလုံ	-
နွားကွဲ	ကျား	ကိုက်	-
နွားပျိုသန်လှ	နွားအို	ပေါင်ကျိုး	-
ပျားလည်းစွဲသာ	ရှဉ့်လည်းလျှောက်သာ	-	-
ဖားကိုလို	ဖားပေါင်ဖြင့်	မျှား	-
ဖားတုလို့	ခရု	ခုန်	-
မျောက်သားစားချင်	မျောက်မျက်နှာ	ကြည့်	-
မျောက်သားစားချင်	မျောက်မျက်နှာ	မကြည့်	နှင့်
မြွေပူရာ	ကင်း	မှောက်	-
ယုန်ကျူးချည်	ခွေးကျူးချည်	-	-

ယုန်တောင်ပြေး	ခွေးမြောက်	လိုက်	-
ယုန်ထောင်	ကြောင်	မိ	-
ရှေ့ဆောင်နွားလား	နောက်နွားတစ်သိုက်		
ကောက်ကောက်သွားက	ကောက်ကောက်	လိုက်	၏
ရှေ့ဆောင်နွားလား	နောက်နွားတစ်သိုက်		
ဖြောင့်ဖြောင့်သွားက	ဖြောင့်ဖြောင့်	လိုက်	၏
ရှဉ့်လည်းလျှောက်သာ	ပျားလည်းစွဲသာ	-	-
လင်းတလောက်တော့	ငှက်တိုင်း	လှ	-
လုံဖျား ပုစဉ်းနား	ကျီးကန်း	ချေး	ပါ

၁၊ ၂၊ ၂။ **အမှီဝါကျခွဲနှစ်ခုပါဝါကျရော**

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် **အမှီဝါကျခွဲနှစ်ခ**ပါသော ဝါကျရော (၆)ခု ပါဝင်သည်ကို တွေ့ရသည်။ ယခုတင်ပြမည့် အမှီဝါကျခွဲနှစ်ခုပါ စကားပုံအများစုတွင် ဝါကျ နောက်ဆုံးပစ္စည်း မပါဝင်သည်ကို တွေ့ရပါသည်။ ၎င်းတို့မှာ–

ဝါကျရော →**'အမှီဝါကျခွဲ. . .'**၂	+သီးခြားဝါကျခွဲ	ဝါကျပစ္စည်း
cpls →DCL. . .	+ICL	+/–
ကျားချင်း**ကိုက**ရာ		
သမင်**ကူ**	မှား	သည်
ကျားချင်း**ကိုက်**ရာ		
သမင်**လမ်းကူး**	မှား	-
ငါးရံ့**ရ**အတူတူ		
ငါး**ခူရ**	ခွဲခြမ်းခွဲခြမ်း	-
ငါး**တု ခရပွက်**	အိုင်ပျက်	-
ဆင်ကောင်**ကြီးတွေ့**မှ		
ဆင်ခြေရာ**ရှာ**ရန်	မလို	-
သမင်**မွေး**ရင်း		
ကျား**စား**ရင်း	-	-

၂၊ ၂၊ ၃။ **အမှီဝါကျခွဲသုံးခုပါသော ဝါကျရော**

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် အမှီဝါကျခွဲလေးခုပါသော ဝါကျရော (၃)ခု ပါဝင်သည်ကို တွေ့ရသည်။ ယခုတင်ပြမည့် အမှီဝါကျခွဲသုံးခုပါ စကားပုံများတွင် ဝါကျ နောက်ဆုံး ပစ္စည်းမပါဝင်သည်ကို တွေ့ရပါသည်။

ၵင်းတို့မှာ–

ဝါကျရော	→**'အမှိဝါကျခွဲ. . .'**ၵ့	+သီးခြားဝါကျခွဲ	ဝါကျပစ္စည်း
cpls	→DCL[3]. . .	+ICL	+/–
	ဆင်ချည်သေၵကြိုး		
	ကြက်**ချည်**သေ်**မမြ**		
	ကြက်ချည်သေၵကြိုး		
	ဆင်**ချည်**သေ်	+မခိုင်	-
	ဖား**နိုင်** ဖား**စား** ငါး**နိုင**	+ငါးစား	-
	'လင်းနို့ခွန်**တောင်း** ကြွက်		
	ကြက်ခွန်**တောင်း**	+ လင်းနို့	-

၂။ စကားပုံများ၏ဝါကျဖွဲ့ပုံခြစ်မှု

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရိုး(၁၈)ခု၊ ဝါကျရော(၄၃)ခု ပါဝင်သည်ကို ရှေ့တွင်တင်ပြချက်အရ သိခဲ့ရပါသည်။ ဤကဏ္ဍတွင် ထိုဝါကျများကို မည်သို့မည်ပုံ ဝါကျဖွဲ့ကာ ရေးထားသည် စိစစ်တင်ပြပါမည်။ ထို့သို့တင်ပြရာတွင် –

(၁) ဝါကျရိုးဖွဲ့ပုံစိစစ်မှု

(၂) ဝါကျရောဖွဲ့ပုံစိစစ်မှု

ဟူ၍ခွဲခြားကာ စိစစ်တင်ပြသွားပါမည်။

၂၊ ၁။ ဝါကျရိုးဖွဲ့ပုံခြစ်မှု

စကားပုံအများစုသည် အပြောစကားကို အခြေပြု၍ရေးထားကြောင့် **၁၊ ၁။**တွင် တင်ပြချက်များအရ ဝါကျရိုးပံစံဖြင့်ရေးထားသော စကားပုံ(၁၈)ခုတွင် အချို့ဝါကျ၌ **ပုဒ်(phrase)**နှစ်ခုဖြင့်၊ အချို့ဝါကျတွင်ပုဒ်သုံးခုဖြင့် ဝါကျရိုးဖွဲ့ထားသည်။ ဝါကျအဆုံးသတ်မပါဝင်ဘဲ ရေးထားသည်ကို လေ့လာတွေ့ ရှိရပါသည်။ ယင်းတို့ကို

(၁) ဝါကျတွင်ပါသော နာမ်ပုဒ်များ

(၂) ဝါကျအဆုံးသတ်ကြိယာ

ဟူ၍ ကဏ္ဍ(၂)ခုခွဲခြားကာ စိစစ်တင်ပြသွားပါမည်။

၂၊ ၁၊ ၁။ ဝါကျတွင်ပါသောနာမ်ပုဒ်များ

စကားလုံးတစ်လုံး သို့မဟုတ် တစ်လုံးထက်ပိုသော စကားလုံးအစုအဝေး တစ်နည်းအားဖြင့် **ဝက်နားရွက်** သို့မဟုတ် **ကျီးတစ်ကောင်အတွက်**တို့သည် ဝါကျထဲတွင် ပါဝင်နေပါက ပုဒ်ဖြစ်သည်။ ထိုအချက် အရ ဝါကျထဲတွင် စကားလုံးနှင့် ပုဒ်သည် အဆင့်ထပ်သည်ဟု ဆိုနိုင်ပါသည်။

နာမ်ပုဒ်ဟူသည် **နာမ်စကားလုံးတစ်ခု/ တစ်ခုထက်ပိုသည့်စကားလုံးများနှင့် ဖွဲ့စည်းထားသော စကာလုံးအစုအဝေး (ကိုလေး၊ ၂၀၀၃၊ ၉၄။)**ဖြစ်သည်။

ဝါကျရိုးပုံစံဖြင့် ရေးထားသော စကားပုံများတွင် ပုဒ်နှစ်ခုတစ်နည်း **နာမ်ပုဒ်(noun phrase)**၊ **ကြိယာပုဒ်(verb phrase)**တို့ဖြင့် ရေးထားသည့် ဝါကျ(၆)ခု ရှိသည်။ ယင်းတို့မှာ–

(၁) ဆင်ခေါင်း ခွေးမချီနိုင်

(၂) နွားကလေးနို့ နွားကြီးစို့

(၃) ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်ဝံ့

(၄) ဇီးကွက်လောက်တော့ ငှက်တိုင်းလှ

(၅) နွားထီးငါးကျပ် နွားမငါးကျပ်

(၆) လင်းတလောက်တော့ ငှက်တိုင်းလှ တို့ ဖြစ်သည်။

ယင်းတို့တွင် ပါဝင်သော နာမ်ပုဒ်တို့ကို စိစစ်လေ့လာကြည့်သောအခါ–

– စကားပုံ'(၁)နှင့်(၂)'တွင်ပါသော နာမ်ပုဒ်တို့မှာ ပြုလုပ်ခြင်းကိုခံရသူ

– စကားပုံ'(၃)မှ(၆)'ထိတွင်ပါသော နာမ်ပုဒ်တို့မှာ ပြုလုပ်သူ

အဖြစ်လည်းကောင်း ဝါကျဖွဲ့ထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဝါကျရိုးပုံစံဖြင့် ရေးထားသောစကားပုံများရှိ ပုဒ်သုံးခုတစ်နည်း **နာမ်ပုဒ်နှစ်ခု၊ ကြိယာပုဒ်**တို့ဖြင့် ရေးထားသည့် ဝါကျ(၁၂)ခုမှာ–

(၁) ကြွက်နားရွက် ဝက် တတ်

(၂) ဆင့်နားရွက် ကြွက် တတ်

(၃) ဝက်နားရွက် ကြွက် တတ်

(၄) ကျီးတစ်ကောင်အတွက် ကျီးများ ပျက်

(၅) ကြောင်တစ်သက် ကြက်တမြို့

(၆) နဂါးပြည်နဂါး ဂဠုန်ပြည်ဂဠုန်

(၇) မျောက်မြီးနှင့် မျောက် ချည်

(၈) ဆင်သေကို ဆိတ်ရေနှင့် ဖုံး

(၉) ဆင်လည်း ဆင့်အထွာနှင့် ပုရွက်ဆိတ်လည်း ပုရွက်ဆိတ်အထွာနှင့်

(၁၀) ခြင်္သေ့မင်းရှေ့ ယုန်သူငယ် မသန်းဝံ့

(၁၁) ငါးကြင်းဆီနှင့် ငါးကြင်း ကြော်

(၁၂) နဂါးပြည်နဂါး ဂဠုန်ပြည် ဂဠုန် တို့ ဖြစ်သည်။

ယင်းတို့တွင် ပါဝင်သော နာမ်ပုဒ်(၂)ခုကို စိစစ်လေ့လာကြည့်သောအခါ–

- စကားပုံ‘(၁)မှ(၃)’တွင် ပြုလုပ်ခြင်းကိုခံရသူနှင့် နေရာပြပုဒ်
- စကားပုံ(၄)တွင် ရည်စူးချက်ပြနှင့် ပြုလုပ်သူ
- စကားပုံ(၅)တွင် အကြောင်းပြနှင့် ပြုလုပ်သူ
- စကားပုံ(၆)တွင် နေရာပြ(၂)ခုအဖြစ်
- စကားပုံ(၇)တွင် အသုံးခံပြနှင့် ပြုလုပ်ခြင်းခံရသူ
- စကားပုံ(၈)တွင် ပြုလုပ်ခြင်းခံရသူနှင့် အသုံးခံပြ
- စကားပုံ(၉)တွင် အသုံးခံပြ(၂)ခုအဖြစ်
- စကားပုံ(၁၀)တင် နေရာပြနှင့် ပြုလုပ်သူ
- စကားပုံ(၁၁)တွင် ယှဉ်တွဲပြနှင့် ပြုလုပ်ခြင်းခံရသူ
- စကားပုံ(၁၂)တွင် နေရာပြ(၂)ခု အဖြစ်လည်းကောင်း

ဝါကျဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ထူးခြားချက်မှာ ယခုတင်ပြခဲ့သည့်စကားပုံ(၁၂)ခုမှ စကားပုံ(၄၊ ၇၊ ၈)တွင် ရှေ့တွင်ရသော နာမ်ပုဒ်တို့တွင်သာ နာမ်ပုဒ်ဖြစ်ကြောင်း အဆုံးသတ်ပစ္စည်းပါဝင်ပြီး ကျန်စကားပုံများရှိ နာမ်ပုဒ်များတွင် နာမ်ပုဒ်ဖြစ်ကြောင်း အဆုံးသတ်ပစ္စည်းမပါဝင်ဘဲ ရေးထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၂၊ ၁၊ ၂။ ဝါကျအဆုံးသတ်ကြိယာ

ကြိယာသည် ဤစာတမ်းတွင် ဖော်ပြမည့် သဒ္ဒါအမျိုးအစားများအနက် တစ်ခုဖြစ်သည်။ မြန်မာသဒ္ဒါက ကြိယာကို အနက်အဓိပ္ပာယ်အရ(**ပြုခြင်းကိုဖြစ်စေ၊ ဖြစ်ခြင်းကိုဖြစ်စေ၊ ရှိခြင်းကိုဖြစ်စေ ပြသော ပုဒ်မြန်မာသဒ္ဒါ၊ ၂၀၀၅၊ ၁၃။**’) သတ်မှတ်၍ ဘာသာဗေဒက ဖွဲ့စည်းတည်ဆောက်ပုံအရ သတ်မှတ်သည့် သဘောရှိသည်။

ဘာသာဗေဒသဘောအရ **အမေးဝါကျ**(question sentence) ‘. . . သလား’ကွက်လပ်တွင် အစားထိုးနိုင်ပါက ကြိယာဟုသတ်မှတ်ပါသည်။ သာဓကအားဖြင့် ‘စား၊ သနား’တို့ကို ရှေ့ဝါကျကွက်လပ်တွင် အစားထိုးလိုက်လျှင် မြန်မာစကားပြောသူတက လက်ခံနိုင်သောကြောင့် ကြိယာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မြန်မာစကားရှိကြိယာတို့ကို **ကြိယာရိုး**(simple verb)၊ **ကြိယာရော** (com plex verb)၊ **ကြိယာပေါင်း** (compound verb) ဟူ၍ (၃)မျိုး ခွဲခြားနိုင်သည်။

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများရှိ ဝါကျရိုး(၁၈)ခုကို စိစစ်ကြည့် သောအခါ ကြိယာမပါဘဲ ရေးထားသည့် ဝါကျရိုး၊ လုံးချင်းကြိယာဖြင့် ရေးထားသည့် ဝါကျရိုး၊ လုံးတွဲကြိယာဖြင့် ရေးထားသည့် ဝါကျရိုးဟူ၍ (၃)မျိုး ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။

ကြိယာမပါဘဲ ရေးထားသည့် ဝါကျရိုး(၅)ခု ပါဝင်သည်။ ယင်းတို့ကို တင်ပြရလျှင် –

ဝါကျရိုး	→ သီးခြားဝါကျ		ဝါကျပစ္စည်းမရှိ
Ss	ICL		-
	ကြောင်တစ်သက် ကြက်တမြို့	–	-
	ဂဠုန်ပြည်ဂဠုန် နဂါးပြည်နဂါး	–	-

ဆင်လည်း ဆင့်အထွာနှင့် ပုရွက်ဆိတ်လည်း
ပုရွက်ဆိတ်အထွာနှင့် – -
နဂါးပြည်နဂါး ဂဠုန်ပြည်ဂဠုန် – -
နွားထီးငါးကျပ် နွားမငါးကျပ် – -

ကြိယာရိုးဖြင့် ရေးထားသည့်ဝါကျရိုး(၁၀)ခု ပါဝင်သည်။ ယင်းတို့ကို တင်ပြရလျှင်–

ဝါကျရိုး	→	သီးခြားဝါကျ		ဝါကျပစ္စည်းမရှိ
Ss		ICL		-
		ကျီးတစ်ကောင်အတွက် ကျီးများ	ပျက်	-
		ကြွက်နားရွက် ဝက်	တတ်	-
		ငါးကြင်းဆီနှင့် ငါးကြင်း	ကြော်	-
		ဆင်သေကို ဆိတ်ရေနှင့်	ဖုံး	-
		ဆင့်နားရွက် ကြွက်	တတ်	-
		ဓိးကွက်လောက်တော့ ငှက်တိုင်း	လှ	-
		နွားကလေးနို နွားကြီး	စို့	-
		မျောက်မြီးနှင့် မျောက်	ချည်	-
		လင်းတလောက် ငှက်တိုင်း	လှ	-
		ဝက်နားရွက် ကြွက်	တတ်	-

အငြင်းပစ္စည်း+ကြိယာ+အကူကြိယာ‘auxiliary’**ဖြင့် ရေးထားသည့်ဝါကျရိုး(၃)ခု** ပါဝင်သည်။ ယင်းတို့ကို တင်ပြရလျှင်–

ဝါကျရိုး	→	သီးခြားဝါကျ		ဝါကျပစ္စည်းမရှိ
Ss		ICL		-
		ခြသေ့မင်းရှေ့ ယုန်သငယ်	**မ**သန်းဝံ့	-
		ဆင်ခေါင်း ခွေး	**မ**ချီနိုင်	-
		ဆင်ဖြူမျက်နှာ ဆင်မဲ	**မ**ကြည့်ဝံ့	-

တို့ ဖြစ်ပါသည်။

၂၊ ၂။ ဝါကျရောပွဲ့ပုံစီစဉ်မှု

စကားပုံများ၏ဝါကျရောဖွဲ့ပုံကို အမှီဝါကျတစ်ခုပါသော၊ အမှီဝါကျနှစ်ခုပါသော၊ အမှီဝါကျနှစ်ခု မကပါသော ဝါကျရောဖွဲ့ပုံ ဟူ၍ ကဏ္ဍ(၃)ခုခွဲခြားကာ စိစစ်တင်ပြသွားပါမည်။

၂၊ ၂၊ ၁။ အမှီဝါကျတစ်ခုပါသောဝါကျရောဖွဲ့ပုံ

၁၊ ၂၊ ၁။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီ ဝါကျ တစ်ခုပါသော ဝါကျရောဖွဲ့ပုံ(၃၄)ခု ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းတို့ကို

(၁)ဝါကျရောအတွင်းရှိပုဒ်

(၂)ဝါကျရောအတွင်ရှိ ကြိယာပုဒ်

ဟူ၍ (၂)ပိုင်းခွဲခြားကာ အသေးစိတ်စိစစ်လေ့လာ တင်ပြသွားပါမည်။

၂၊ ၂၊ ၁၊ ၁။ဝါကျရောအတွင်းရှိပုဒ်

အမှီဝါကျခွဲအများစုသည် ကြိယာပုဒ်တစ်ခုတည်းသာပါဝင်ပြီး ယခုတင်ပြမည့် စကားပုံ (၇)ခုတွင်သာ နာမ်ပုဒ်နှင့်ကြိယာပုဒ် တစ်နည်း ပုဒ်(၂)ခုဖြင့် ရေးထားသည်ကို လေ့လာတွေ့ရှိ ရသည်။ ယင်းတို့မှာ–

အမှီဝါကျခွဲ	**+သီးခြားဝါကျခွဲ**		**ဝါကျပစ္စည်း**
(၁) ကျီးဘုတ်ရိုသေ	ဘုတ်ကျီး	ရိုသေ	-
(၂) ကြောင်ရုပ်ဖြစ်စေ			
ကြွက်သေတာ		လိုရင်း	-
(၃) စာဥ ဒေါင်းအုပ်	ဒေါင်းဥ	စာဥ	-
(၄) တောကြောင့် ကျားလုံ	ကျားကြောင့်	တောလုံ	-
(၅) ရွှေဆောင်နွားလား	နောက်နွားတစ်သိုက်		
ကောက်ကောက်သွားက	ကောက်ကောက်	လိုက်	၏
(၆) ရွှေဆောင်နွားလား	နောက်နွားတစ်သိုက်		
ဖြောင့်ဖြောင့်သွားက	ဖြောင့်ဖြောင့်	လိုက်	၏
(၇) လုံဖျား ပုစဉ်းနား	ကျီးကန်း	ချေး	ပါ

တို့ ဖြစ်ပါသည်။

ထိုအတူ သီးခြားဝါကျခွဲအများစုသည်လည်း ကြိယာပုဒ်တစ်ခုတည်းသာပါဝင်ပြီး ယခုတင်ပြ မည့် စကားပုံ(၁၃)ခုတွင်သာ နာမ်ပုဒ်နှင့်ကြိယာပုဒ် တစ်နည်းပုဒ်(၂)ခု၊နာမ်ပုဒ်(၂)ခု၊ကြိယာ ပုဒ်တစ်ခု တစ်နည်းပုဒ်(၃)ခုဖြင့် ရေးထားသည်ကို လေ့လာတွေ့ရှိရသည်။

နာမ်ပုဒ်နှင့်ကြိယာပုဒ် တစ်နည်းပုဒ်(၂)ခုဖြင့် ရေးထားသော သီးခြားဝါကျခွဲများမှာ

အမှီဝါကျခွဲ	**+သီးခြားဝါကျခွဲ**		**ဝါကျပစ္စည်း**
(၁) ကျားလည်းကြောက်ရ	ကျားချေးလည်း	ကြောက်ရ	-
(၂) ဆင်ပိန်	ကျွဲလောက်	–	-
(၃) တောကြောင့် ကျားလုံ	ကျားကြောင့်	တောလုံ	-
(၄) ပျားလည်းစွဲသာ	ရှဉ့်လည်းလျှောက်သာ	-	-

(၅) ဖားကိုလို	ဖားပေါင်ဖြင့်	မျှား	-
(၆) မျောက်သားစားချင်	မျောက်မျက်နှာ	ကြည့်	-
(၇) မျောက်သားစားချင်	မျောက်မျက်နှာ	မကြည့်	နှင့်
(၈) ရှဉ့်လည်းလျှောက်သာ	ပျားလည်းစွဲသာ	-	-
(၉) လင်းတလောက်တော့	ငှက်တိုင်း	လှ	-

တို့ ဖြစ်သည်။

နာမ်ပုဒ်(၂)ခုနှင့် ကြိယာပုဒ် တစ်နည်းပုဒ်(၃)ခုဖြင့် ရေးထားသော သီးခြားဝါကျခွဲများမှာ–

(၁)ကျီးဘုတ်ရိုသေ	ဘုတ်ကျီး	ရိုသေ	-
(၂)ယုန်တောင်ပြေး	ခွေးမြောက်	လိုက်	-
(၃)ရှေ့ဆောင်နွားလား	နောက်နွားတစ်သိုက်		
ကောက်ကောက်သွားက	ကောက်ကောက်	လိုက်	၏
(၄)ရှေ့ဆောင်နွားလား	နောက်နွားတစ်သိုက်		
ဖြောင့်ဖြောင့်သွားက	ဖြောင့်ဖြောင့်	လိုက်	၏

တို့ ဖြစ်သည်။

၂၊ ၂၊ ၁၊ ၂။ဝါကျရောအတွင်းရှိကြိယာပုဒ်

အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခုတွင် အမှီဝါကျခွဲပြု ပစ္စည်းမပါဘဲ ရေးထားသော ဝါကျရော(၂၂)ခု ပါဝင်နေသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ယင်းတို့မှာ–

အမှီဝါကျခွဲ	**+သီးခြားဝါကျခွဲ**		**ဝါကျပစ္စည်း**
(၁) ကျားလည်းကြောက်ရ	ကျားချေးလည်း	ကြောက်ရ	-
(၂) ကျီးဘုတ်ရိုသေ	ဘုတ်ကျီး	ရိုသေ	-
(၃) ကြောင်မရှိ	ကြွက်	ထ	-
(၄) ကြောင်မရှိ	ကြွက်	မြူး	-
(၅) ကြောင်အို	ကြွက်	မလေး	-
(၆) ငါးကြော်မကြိုက်	ကြောက်	မိုက်	-
(၇) ငါးစိမ်းမြင်	ငါးကင်	ပြစ်	-
(၈) ငါးပွက်ရာ	ငါးစာ	ချ	-
(၉) စာဥ ဒေါင်းအုပ်	ဒေါင်းဥ	စာအုပ်	-
(၁၀) ဆင်ပိန်	ကျွဲလောက်	–	-
(၁၁) ဆင်မတတ်နိုင်	ကြွက်	တတ်နိုင်	၏
(၁၂) တောကြောင့် ကျားလုံ	ကျားကြောင့်	တောလုံ	-

(၁၃) နွားကွဲ		ကျား	ကိုက် -
(၁၄) နွားပျိုသန်လှ	နွားအိုး	ပေါင်ကျိုး	-
(၁၅) ပျားလည်းစွဲသာ	ရှဉ့်လည်းလျှောက်သာ	-	-
(၁၆) ဖားကိုလို	ဖားပေါင်ဖြင့်	မျှား	-
(၁၇) မျောက်သားစားချင်	မျောက်မျက်နှာ	ကြည့်	-
(၁၈) မျောက်သားစားချင်	မျောက်မျက်နှာ	မကြည့်	နှင့်
(၁၉) ယုန်ကျူးချည်	ခွေးကျူးချည်	-	-
(၂၀) ယန်တောင်ပြေး	ခွေးမြောက်	လိုက်	-
(၂၁) ယုန်ထောင်	ကြောင်	မိ	-
(၂၂) လုံဖျား ပုစဉ်းနား	ကျီးကန်း	ချေး	ပါ

တို့ ဖြစ်ပါသည်။

တစ်ဖန် သီးခြားဝါကျခွဲ အများစုသည်းလည်း ဝါကျအဆုံးသတ်ပစ္စည်းမပါဘဲ ဝါကျရော (၆)တွင်သာ ဝါကျအဆုံးသတ်ပစ္စည်းထည့်ကာ ရေးထားသည်ကို လေ့လာတွေ့ရှိရပါသည်။ယင်း တို့မှာ–

အမှီဝါကျခွဲ	**+သီးခြားဝါကျခွဲ**	**ဝါကျပစ္စည်း**
(၁) ကျောင်းခံတွင်းပျက်နှင့်	ဆက်ရက်တောင်ပံကျိုး	သည်
(၂) ဆင်မတတ်နိုင်	ကြွက်တတ်နိုင်	၏
(၃) မျောက်သားစားချင်	မျောက်မျက်နှာမကြည့်	နှင့်
(၄) ရွှေဆောင်နွားလား	နောက်နွားတစ်သိုက်	
ကောက်ကောက်သွားက	ကောက်ကောက်လိုက်	၏
(၅) ရွှေဆောင်နွားလား	နောက်နွားတစ်သိုက်	
ဖြောင့်ဖြောင့်သွားက	ဖြောင့်ဖြောင့်လိုက်	၏
(၆) လုံဖျား ပုစဉ်းနား	ကျီးကန်းချေး	ပါ

တို့ ဖြစ်သည်။

အမှီဝါကျခွဲတွင် ဖြစ်စေ၊ သီးခြားဝါကျခွဲတွင်ဖြစ်စေ တူညီသည့် **ကြိယာအထူးပြု**(adverbial) ပါဝင်သော စကားပုံ(၂)ခုကိုလည်းလေ့လာစိစစ်တွေ့ရှိရပါသည်။ ယင်းတို့မှာ–

အမှီဝါကျခွဲ	**+သီးခြားဝါကျခွဲ**	**ဝါကျပစ္စည်း**
(၁)ရွှေဆောင်နွားလား	နောက်နွားတစ်သိုက်	
ကောက်ကောက်သွားက	**ကောက်ကောက်**လိုက်	၏
(၂)ရွှေဆောင်နွားလား	နောက်နွားတစ်သိုက်	
ဖြောင့်ဖြောင့်သွားက	**ဖြောင့်ဖြောင့်**လိုက်	၏

တို့ ဖြစ်သည်။

တစ်ဖန် သီးခြားဝါကျခွဲတွင် အငြင်းပြပစ္စည်းပါသောဝါကျရော(၁)ခု၊ အကူကြိယာပါသော ဝါကျရော(၂)ခု၊ အပြောပုံစံဖြင် အဆုံးသတ်ကာ ရေးထားသောဝါကျ(၁)ခုကိုလည်း လေ့လာစိစစ်တွေ့ရှိရပါသည်။ ယင်းတို့မှာ –

အမှီဝါကျခွဲ	**+သီးခြားဝါကျခွဲ**	**ဝါကျပစ္စည်း**
(၁)ကြောင်အို	ကြွက်	**မလေး** -
(၂)ကျားလည်းကြောက်ရ	ကျားချေးလည်း	ကြောက်**ရ** -
(၃)ဆင်မတတ်နိုင်	ကြွက်	တတ်**နိုင်** **၏**
(၄)မျောက်သားစားချင်	မျောက်မျက်နှာ	မကြည့် **နှင့်**

တို့ ဖြစ်ပါသည်။

၂၊ ၂၊ ၂။ **အမှီဝါကျနှစ်ခုပါသောဝါကျရောပွဲ့ပုံ**

၁၊ ၂၊ ၂။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီဝါကျနှစ်ခုပါသော ဝါကျရောဖွဲ့ပုံ(၆)ခု ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းတို့ကို

(၁)ဝါကျရောအတွင်းရှိပုဒ်

(၂)ဝါကျရောအတွင်ရှိ ကြိယာ

ဟူ၍ (၂)ပိုင်းခွဲခြားကာ အသေးစိတ်စိစစ် လေ့လာတင်ပြသွားပါမည်။

၂၊ ၂၊ ၂၊ ၁။ **ဝါကျရောအတွင်းရှိပုဒ်**

၁၊ ၂၊ ၂။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီ ဝါကျနှစ်ခုပါသော ဝါကျရောဖွဲ့ပုံများကို လေ့လာကြည့်သောအခါ ဝါကျရော(၆)ခုရှိ အမှီဝါကျတိုင်းသည် နာမ်ပုဒ်နှင့် ကြိယာပုဒ်တို့ဖြင့် ဖွဲ့စည်းထားသည်။

ဝါကျရောရှိ သီးခြားဝါကျခွဲများကို လေ့လာကြည့်သောအခါ သီးခြားဝါကျခွဲအများစု ပုဒ်တစ်ခုတည်းဖြင့် ရေးထားပြီး ဝါကျရောတစ်ခုတွင်မူ သီးခြားဝါကျခွဲအဖြစ် သတ်မှတ်ရမည့် ပုဒ်တစ်ခုမှ မပါဝင်ပါ။ သို့သော်လည်း အဓိပ္ပာယ်အဆက်အစပ်အရ သီးခြားဝါကျခွဲကို မြှုပ်၍ရေးထားသည့်သဘော စိစစ်တွေ့ရှိရပါသည်။

၂၊ ၂၊ ၂၊ ၂။ **ဝါကျရောအတွင်းရှိကြိယာ**

၁၊ ၂၊ ၂။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီဝါကျနှစ်ခုပါသော ဝါကျရောဖွဲ့ပုံများကို လေ့လာကြည့်သောအခါ ဝါကျရော(၅)ခုရှိ အမှီဝါကျ တိုင်းသည် လုံးချင်းကြိယာဖြင့်ရေးထားပြီး ဝါကျရောတစခုရှိ အမှီဝါကျတစ်ခုတွင်သာ **'လမ်းကူး'** ကြိယာပေါင်းဖြင့် ရေးထားသည်။

ထို့ပြင် ဝါကျရော(၅)ခုရှိ အမှီဝါကျတိုင်းတွင် ဝါကျအဆုံးသတ်ပစ္စည်းပါဝင်ပြီး **'ငါးတု ခရုပွက် အိုင်ပျက်'**ဝါကျရောရှိ အမှီဝါကျများတွင်သာ ဝါကျအဆုံးပစ္စည်း မပါဝင်သည်ကို စိစစ် တွေ့ရှိရပါသည်။

ဝါကျရော(၅)ခုရှိ သီးခြားဝါကျခွဲများသည် ဝါကျအဆုံးပစ္စည်းမပါဝင်ဘဲ 'ကျားချင်းကိုက်ရာ သမင်ကူ **မှားသည်**'ဝါကျရောရှိ သီးခြားဝါကျခွဲတွင်သာ ဝါကျအဆုံးပစ္စည်းပါဝင်ပါသည်။

ထို့ပြင် သီးခြားဝါကျခွဲများတွင် ကြိယာတစ်ခုတည်းဖြင့် ရေးထားသော ဝါကျရော(၂)ခု၊ ကြိယာပုဒ် တစ်ခုတည်းဖြင့် ရေးထားသောဝါကျရော(၁)ခု၊ ကြိယာအထူးပြု+ ကြိယာမပါဘဲရေးထားသော ဝါကျရော (၁)ခု၊ ကြိယာမပါဘဲရေးထားသောဝါကျရော(၁)ခု၊ အငြင်းပြပစ္စည်း+ကြိယာ ဖြင့်ရေးထားသော ဝါကျရော(၁)ခုတို့ ဖြစ်သည်ကို စိစစ်တွေ့ရှိရပါသည်။

၂၊ ၂၊ ၃။ အမှီဝါကျသုံးခုပါသောဝါကျရောဖွဲ့ပုံ

၁၊ ၂၊ ၃။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီ ဝါကျ သုံးခုပါသော ဝါကျရောဖွဲ့ပုံ(၃)ခု ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းတို့ကို

(၁) ဝါကျရောအတွင်းရှိပုဒ်

(၂) ဝါကျရောအတွင်ရှိ ကြိယာ

ဟူ၍ (၂)ပိုင်းခွဲခြားကာ အသေးစိတ်စိစစ် လေ့လာတင်ပြသွားပါမည်။

၂၊ ၂၊ ၃၊ ၁။ ဝါကျရောအတွင်းရှိပုဒ်

၁၊ ၂၊ ၃။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီဝါကျ သုံးခုပါသော ဝါကျရောဖွဲ့ပုံများတွင် ပါဝင်သောပုဒ်ဖွဲ့ပုံကို လေ့လာကြည့်သောအခါ –

အမှီဝါကျခွဲတွင် **နာမ်အထူးပြု**(adjectival) + နာမ် + ကြိယာပေါင်းဖြင့် ရေးထားသော ဝါကျ ရော(၁)ခု၊ ကြိယာပေါင်းဖြင့် ရေးထားသောဝါကျရော(၁)ခု၊ ကျန်ဝါကျရောသည် ကံပုဒ်+ ကြိယာပေါင်း ဖြင့် ရေးထားသည်ကို စိစစ်တွေ့ရှိရပါသည်။

သီခြားဝါကျခွဲတွင် ကြိယာပုဒ်တစ်ခုတည်းဖြင့် ရေးထားသောဝါကျရော(၂)ခု၊ ကြိယာပုဒ်မြှုပ်၍ ရေးထားသော ဝါကျရော(၁)ခုဟူ၍ စိစစ်တွေ့ရှိရပါသည်။

၂၊ ၂၊ ၃၊ ၂။ ဝါကျရောအတွင်းရှိကြိယာ

၁၊ ၂၊ ၃။တွင် တင်ပြချက်များအရ တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် အမှီဝါကျ သုံးခုပါသော ဝါကျရောဖွဲ့ပုံများတွင် ပါဝင်သောကြိယာဖွဲ့ပုံကို လေ့လာကြည့်သောအခါ –

အမှီဝါကျခွဲရှိ ကြိယာများမှာ နာမ်ပေါင်းကြိယာ(ကြက်ချည်၊ ဖားနိုင်)ဖြင့်ရေးထားပြီးကြိယာ မြှုပ်၍ရေးထားသည်ကိုလည်း စိစစ်တွေ့ရှိရပါသည်။

သီးခြားဝါကျခွဲရှိ ကြိယာများမှာ အငြင်းပြ+ကြိယာ(မခိုင်)၊ နာမ်ပေါင်းကြိယာ(ငါစား)နှင့် ကြိယာ မြှုပ်၍ရေးထားသည်လည်း ပါဝင်နေသည်ကို စိစစ်တွေ့ရရပါသည်။

ခြုံငုံသုံးသပ်ချက်

မြန်မာစာအဖွဲ့ကထုတ်ဝေခဲ့သော မြန်မာစကားပုံစာအုပ်တွင် ပါဝင်သော တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်ချက်ကို စကားပုံများ၏ဝါကျဖွဲ့ပုံနှင် စကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်မှု ဟူ၍တင်ပြခဲ့ပါသည်။ ဤသို့တင်ပြခဲ့သည်များကို အခြေပြုကာ ကဏ္ဍ(၂)ခု ခွဲခြားကာ အသေးစိတ်သုံးသပ် တင်ပြသွားမည်။

၃၊ ၁။ စကားပုံများ၏ဝါကျဖွဲ့ ပုံသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများ၏ဝါကျဖွဲ့ပုံကို ဝါကျရိုးဖွဲ့ပုံသုံးသပ်ချက်နှင့် ဝါကျရောဖွဲ့ပုံ သုံးသပ်ချက်ဟူ၍ ကဏ္ဍ(၂)ခုခွဲကာ သုံးသပ်တင်ပြသွားပါမည်။

၃၊ ၁၊ ၁။ ဝါကျရိုးဖွဲ့ပုံသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရိုး(၁၈)ခုပါဝင်သည်။ ယင်းတို့ကို လေ့လာကြည့်သောအခါ–

(၁) 'ကျီးတစ်ကောင်းအတွက် ကျီးများပျက်၊ မျောက်မြီးနှင့် မျောက်ချည်'စသည့် စကားပုံတစ်ခု အဓိပ္ပာယ်တစ်ခုဖြင့် ရေးထားသောဝါကျရိုး(၁၃)ခု၊

(၂) 'ကြွက်နားရွက် ဝက်တတ်၊ ဆင့်နားရွက် ကြွက်တတ်၊ ဝက်နားရွက် ကြွက်တတ်၊ ဂဠုန်ပြည်ဂဠုန်နဂါးပြည်နဂါး၊ နဂါးပြည်နဂါး ဂဠုန်ပြည်ဂဠုန်'ဟူသည့် ပြောင်းပြန်သဘောဖြင့် ရေးထားသော ဝါကျရိုး(၅)ခု ပါဝင်နေသည်ကို စိစစ်တွေ့ရှိရပါသည်။

၃၊ ၁၊ ၂။ ဝါကျရောဖွဲ့ပုံသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရော(၄၃)ခုပါဝင်သည်။ ယင်းတို့တွင် အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခု၊ အမှီဝါကျနှစ်ခုပါသော ဝါကျရော (၆)ခု၊ အမှီဝါကျသုံးခုပါသော ဝါကျရော(၃)ခု ပါဝင်သည်ကို တွေ့ရှိရပါသည်။

အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခုကို လေ့လာကြည့်သောအခါ –

(၁) 'ကျားသနားမှ နွားချမ်းသာ၊ ဆင်ပိန် ကျွဲလောက်'၊ စကားပုံတစ်ခု အဓိပ္ပာယ်တစ်ခုဖြင့်ရေးထားသော ဝါကျရော(၂၆)ခု

(၂) ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာ၊ ရှဉ့်လည်းလောက်သာ ပျားလည်းစွဲသာ၊ မျောက်သားစားချင် မျောက်မျက်နှာကြည့်၊ မျောက်သားစားချင် မျောက်မက်နှာမကြည့်နှင့်၊ ရှေ့ဆောင်နွားလားကောက်ကောက်သွားက နောက်နွားတစ်သိုက် ကောက်ကောက်လိုက်၏၊ ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏'ပြောင်းပြန်သဘောဖြင့် ရေးထားသော ဝါကျရော(၆)ခု

(၃) ကြောင်မရှိ ကြွက်**ထ**၊ ကြောင်မရှိ ကြွက်**မြူး**'အဓိပ္ပာယ်တူသော်လည်း ကြိယာအသုံး ပြောင်းထားသည့် ဝါကျရော(၂)ခု ပါဝင်နေသည်ကို စိစစ်တွေ့ရှိရပါသည်။

အမှီဝါကျနှစ်ခုပါသော ဝါကျရော(၆)ခုကို လေ့လာကြည့်သောအခါ သမင်မွေးရင်း ကျား စားရင်း၊ ကျားချင်းကိုက်ရာ သမင်ကူမှားသည်'စသဖြင့် စကားပံတစ်ခုအဓိပ္ပာယ်တစ်ခုဖြင့် ရေးထားသောဝါကျရောများသာ ဖြစ်သည်ကို စိစစ်တွေ့ရှိရပါသည်။

အမှီဝါကျသုံးခုပါသော ဝါကျရော(၃)ခကို လေ့လာကြည့်သောအခါ 'ဖားနိုင်ဖားစားငါးနိုင်ငါးစား'စသဖြင့် စကားပုံတစ်ခုအဓိပ္ပာယ်တစ်ခုဖြင့် ရေးထားသောဝါကျရောများသာ ဖြစ်သည်ကို စိစစ်တွေ့ရှိရပါသည်။

၃၊ ၂။ စကားပုံများ၏ဝါကျဖွဲ့ပုံစိစစ်မှု သုံးသပ်ချက်

စကားပုံသည် တစ်ဦးကတစ်ဦးကို တစ်ဦးကတစ်ဖွဲ့ကို သိလွယ်မြင်လွယ်အောင် ရှေးကပြောဆိုခဲ့သည်များကို ပမာပြု၍ ခိုင်းနှိုင်းသည့်အပြောစကား ဖြစ်နေ၍ စကားပုံအများစုတွင် 'နာမ်ပုဒ်ဖြစ်ကြောင်း၊ ကြိယာပုဒ်ဖြစ်ကြောင်း'ပစ္စည်းမပါဝင်ပါ။ တစ်နည်းစကားပုံအများစုသည် အပြောပုံ သဏ္ဌာန်ဖြင့် ရေးထားသည်ကများပြီး အရေးပုံသဏ္ဌာန်ဖြင့် ရေးထားသည်က နည်းပါသည်။ အချို့စကားပုံများဆိုလျှင် ကြိယာပင်မြှုပ်၍ရေးထားသည်။ ထိုအချက်ကြောင့် ဝါကျဖွဲ့ပုံများကို စိစစ်တင်ပြရာတွင် စကားပုံများ၏အဓိပ္ပာယ်ကိုလည်းကောင်း၊ စကားပုံတစ်ခုချင်းအနေအထားနှင့် ယင်းတွင်ပါသော ပုဒ်တို့၏သဘောသဘာဝကိုလည်းကောင်း အခြေပြု၍စိစစ်မှု ပြုလုပ်ခဲ့ရပါသည်။

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများ၏ဝါကျဖွဲ့ပုံစိစစ်မှုကို ဝါကျရိုးဖွဲ့ပုံစိစစ်မှုသုံးသပ်ချက်နှင့် ဝါကျရောဖွဲ့ပုံစိစစ်မှုသုံးသပ်ချက်ဟူ၍ ကဏ္ဍ(၂)ခုခွဲကာ သုံးသပ်တင်ပြသွားပါမည်။

၃၊ ၂၊ ၁။ ဝါကျရိုးဖွဲ့ပုံစိစစ်မှုသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရိုးပုံစံဖြင့် ရေးထားသော ဝါကျ(၁၈) ခု ရှိသည်။ ယင်းတို့ကို အသေးစိတ်စိစစ်ကြည့်သောအခါ –

(၁) 'နွားကလေးနို့ နွားကြီးစို့'စသည့် နာမ်ပုဒ်တစ်ခု+ကြိယာဖြင့် ရေးထားသော ဝါကျရိုး(၆)ခု

(၂) 'ကြွက်နားရွက် ဝက်တတ်'စသည့် နာမ်ပုဒ်နှစ်ခု+ကြိယာဖြင့် ရေးထားသော ဝါကျရိုး(၁၂)ခု

(၃) 'ကြောင်တစ်သက် ကြက်တမြို့'စသည့် ကြိယာပုဒ် မပါဘဲ ရေးထားသော ဝါကျရိုး(၅)ခု

(၄) 'မျောက်မြီးနှင့် မျောချည်'စသည့် ကြိယာရိုးဖြင့် ရေးထားသော ဝါကျရိုး(၁၀)ခု

(၅) 'ဆင်ဖြူမျက်နှာ ဆင်မဲ မကြည့်ဝံ့'စသည့် အငြင်းပစ္စည်း+ကြိယာ+အကူကြိယာဖြင့် ရေးထားသည့် ဝါကျရိုး(၃)ခုတို့ ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

၃၊ ၂၊ ၂။ ဝါကျရောဖွဲ့ပုံစိစစ်မှုသုံးသပ်ချက်

တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများတွင် ဝါကျရောပုံစံဖြင့် ရေးထားသော ဝါကျ(၄၃)ခု ရှိသည်။ ယင်းတို့တွင် အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခု၊ အမှီဝါကျနှစ်ခုပါသော ဝါကျရော (၆)ခု၊ အမှီဝါကျသုံးခုပါသော ဝါကျရော(၃)ခု ပါဝင်သည်ကို တွေ့ရှိရပါသည်။

အမှီဝါကျတစ်ခုပါသော ဝါကျရော(၃၄)ခုကို အသေးစိတ် စိစစ်ကြည့်သောအခါ –

(၁) ဝါကျရောရှိ 'ကြောင်အိုကြွက်မလေး'စသည့် အမှီဝါကျခွဲ(၂၇)ခုသည် ပုဒ်တစ်ခုတည်းဖြင့် ရေးထားခြင်း၊

ကျီးဘုတ်ရိုသေ ဘုတ်ကျီးရိုသေ'စသည့် အမှီဝါကျခွဲ(၇)ခုသာ နာမ်ပုဒ်+ကြိယာပုဒ် တစ်နည်းပုဒ်(၂)ခုဖြင့် ရေးထားခြင်း

(၂) ဝါကျရောရှိ 'ယုန်ထောင်ကြောင်မိ'စသည်သီးခြားဝါကျခွ (၂၁)ခုသည် ပုဒ်တစ်ခုတည်းဖြင့် ရေးထားခြင်း

'ဆင်ပိန်ကျွဲလောက်'စသည့် သီးခြားဝါကျဝါကျခွဲ(၉)ခုသည် နာမ်ပုဒ်+ကြိယာပုဒ် တစ်နည်းပုဒ်(၂)ခုဖြင့် ရေးထားခြင်း

'ကျီးဘုတ်ရိုသေ ဘုတ်ကျီးရိုသေ'စသည့် သီးခြားဝါကျဝါကျခွဲ(၄)ခုသည် နာမ်ပုဒ်နှစ်ခု+ကြိယာပုဒ် တစ်နည်း ပုဒ်(၃)ခုဖြင့် ရေးထားခြင်း

(၃) ဝါကျရောရှိ 'ဖားတုလို့ခရုခုန်'စသည့် အမှီဝါကျခွဲ(၁၂)ခုတွင်သာ အမှီဝါကျခွဲပြပစ္စည်း ပါဝင်ခြင်း

'ယုန်ထောင်ကြောင်မိ'စသည့် အမှီဝါကျခွဲ(၂၂)ခုတွင်သာ အမှီဝါကျခပြပစ္စည်း မပါဝင်ခြင်း

(၄) ဝါကျရောရှိ 'ဆင်ပိန်ကျွဲလောက်'စသည့် သီးခြားဝါကျခွဲ(၂၈)ခုတွင် ဝါကျအဆုံးသတ်ပစ္စည်း မပါဝင်ခြင်း

ဝါကျရောရှိ 'ဆင်မတတ်နိုင် ကြွက်တတ်နိုင်၏'စသည့် သီးခြားဝါကျခွဲ(၆)ခုတွင်သာဝါကျအဆုံးသတ်ပစ္စည်း ပါဝင်ခြင်းရှိသည်ကို လေ့လာစိစစ်တွေ့ရှိရပါသည်။

အမှီဝါကျနှစ်ခုပါသော ဝါကျရော(၆)ခုကို အသေးစိတ် စိစစ်ကြည့်သောအခါ –

(၁) ဝါကျရောရှိ 'ကျားချင်းကိုက်ရာ သမင်ကူမှားသည်' စသည့် အမှီဝါကျခွဲအားလုံးသည် နာမ်ပုဒ်+ကြိယာပုဒ်တို့ဖြင့် ရေးထားခြင်း

(၂) ဝါကျရောရှိ 'ကျားချင်းကိုက်ရာ သမင်လမ်းကူ မှားသည်'စသည့် သီးခြားဝါကျခွဲ အားလုံးသည် ကြိယာပုဒ်တစ်ခုတည်းဖြင့် ရေးထားခြင်း

(၃) 'သမင်မွေးရင်း ကျားစားရင်း' ဝါကျရောတစ်ခုတွင်သာ သီးခြားဝါကျခွဲအဖြစ် သတ်မှတ်ရမည့် ပုဒ်တစ်ခုမှ မပါဝင်ဘဲ ရေးထားခြင်းတို့ကို လေ့လာစိစစ်တွေ့ရှိရပါသည်။

အမှီဝါကျသုံးခုပါသော ဝါကျရော(၃)ခုကို အသေးစိတ် စိစစ်ကြည့်သောအခါ –

(၁) 'ဆင်ချည်သောကြိုး ကြက်**ချည်**သော်**မမြဲ** ကြက်ချည်သောကြိုး ဆင်**ချည်**သော် မခိုင် အမှီဝါကျခွဲတွင် နာမ်အထူးပြု+နာမ်+ နာမ်ပေါင်းကြိယာဖြင့် ရေးထားခြင်း

'ဖား**နိုင်** ဖား**စား** ငါး**နိုင** ငါးစား'အမှီဝါကျခွဲများကို နာမ်ပေါင်းကြိယာဖြင့် ရေးထားခြင်း

'လင်းနို့ခွန်**တောင်း** ကြွက် ကြွက်ခွန်**တောင်း** လင်းနို့' အမှီဝါကျခွဲများကိုကံပုဒ်+ကြိယာပေါင်းဖြင့် ရေးထားခြင်း

(၂) 'ဖားနိုင် ဖားစား ငါးနိုင် **ငါးစား**'စသည့် သီခြားဝါကျခွဲတင် ကြိယာပုဒ်တစ်ခုတည်းဖြင့် ရေးထားသောဝါကျရော(၂)ခုကို ကြိယာပုဒ်တစ်ခုတည်းဖြင့် ရေးထားခြင်း

လင်းနို့ခွန်**တောင်း** ကြွက် ကြွက်ခွန်**တောင်း** လင်းနို့'ဟူသည့် သီးခြားဝါကျခွဲတွင်ကြိယာပုဒ် မပါဝင်ဘဲ ရေးထားခြင်း

(၃) 'ဖား**နိုင်**ဖား**စား** ငါး**နိုင**ငါး**စား**'စသဖြင့် အမှီဝါကျခွဲများအားလုံးကို ကြိယာပစ္စည်းမြှုပ်၍ရေးထားခြင်း

(၄) ဖား**နိုင်** ဖား**စား** ငါး**နိုင်** ငါး**စား**'စသဖြင့် သီးခြားဝါကခွဲ(၂)တွင် ကြိယာပစ္စည်းမြှုပ်၍ရေးထားခြင်း၊ သီးခြားဝါကျခွဲတစ်ခုတွင်မူ ကြိယာပုဒ် မြှုပ်၍ ရေးထားခြင်းတို့ကို လေ့လာစိစစ်တွေ့ရှိရပါသည်။

နိဂုံး

'တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျဖွဲ့ပုံ စိစစ်ချက်'ဟူသော ဤစာတမ်းတွင် (၃)ပိုင်းခွဲကာ တင်ပြခဲ့ပါသည်။ **အပိုင်းတစ်**တွင် တိရစ္ဆာန်ကိုတိရစ္ဆာနဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ဝါကျရိုးဖွဲ့ပုံ၊ ဝါကျရောဖွဲ့ပုံများကို တင်ပြခဲ့သည်။ **အပိုင်းနှစ်**တွင် ဝါကျရိုးဖွဲ့ပုံ၊ ဝါကျရောဖွဲ့ပုံများကို မိမဖတ်မှတ်ထားသည့် စာပေများ၊ ပညာရှင်ဆရာကြီးများ၏သင်ပြမှုအရ သိလာရသော အတွေးအမြင်နှင့် သိမှတမှုများအရ အသေးစိတ်စိစစ်တင်ပြခဲ့သည်။ **အပိုင်းသုံး**တွင် 'ကဏ္ဍတစ်နှင့် ကဏ္ဍနှစ်'တို့တွင် တင်ပြခဲ့သည်များကို မိမိညွှန်ပညာအရ ခွခြမ်းစိတ်ဖြာ စိစစ်သုံးသပ်တင်ပြခဲ့ပါသည်။ ထို့ကြောင့်လည်း **'တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသောစကားပုံများ၏ ဝါကျဖွဲ့ပုံစိစစ်ချက်'** ဟူသော ဤ စာတမ်းသည် ဘာသာစကားကို အထူးပြုလေ့လာနေသူများအတွက် အထောက်အပံ့ကောင်း ဖြစ်လိမ့်မည်ဟု စာတမ်းပြုစုက ယုံကြည်မိပါသည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

ကိုလေး၊ **မောင်**။ (၂၀၀၃)။ ***မြန်မာသဒ္ဒါ (ဘာသာဗေဒလေ့လာချက်)*** ။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

မြန်မာစာအဖွဲ့။ (၁၉၉၆)။ ***မြန်မာစကားပုံ***၊ တတိယအကြိမ်။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၀၈)။ ***မြန်မာအဘိဓာန်***၊ ဒုတိယအကြိမ်။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မြန်မာစာနှင့် ဘာသာစကား ပညာဦးစီးဌာန။ (၂၀၁၆)။ ***ခရီးဆောင်အင်္ဂလိပ်–မြန်မာအဘိဓာန်***၊ ဒုတယအကြိမ်။ ရန်ကုန်၊ ပုံနှိပ်တိုက်မပါ။

မြန်မာသဒ္ဒါ၊ ပထမအကြိမ်။(၂၀၀၅)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

အင်္ဂလိပ်ဘာသာ

Crystal, D.(2004). ***A Dictionary of Linguistics and Phonetics***.(5th.edn.) Malden, Blackwell Publishing Ltd.

လေ့လာဖတ်မှတ်သောစာအုပ်

ထွန်းမြင့်၊ **ဦး**။ (၁၉၉၅)။ ***ဘာသာဗေဒ***။ ရန်ကုန်တကသိုလ်၊ ဂျီအီးစီ (ပညာရေး)သမဝါယမလီမိတက်။

မျက်မှောက်ခေတ် မြန်မာသတင်းစာနှင့် ဂျာနယ်များတွင်တွေ့ရသော မြန်မာဝါကျ အထားအသိုအမှားများကို လူမှုဘာသာဗေဒရှုထောင့်မှလေ့လာချက်

မွန်မွန်အောင်*

စာတမ်းအကျဉ်း

ဤစာတမ်းတွင် မျက်မှောက်ခေတ် မြန်မာသတင်းစာနှင့် ဂျာနယ်များတွင်တွေ့ရသော မြန်မာဝါကျဖွဲ့ပုံရ အထားအသိုအမှားများကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ဤ စာတမ်းကိုပြုစုရသည့် ရည်ရယ်ချက်မှာ ဝါကျဖွဲ့ပုံအမှားများကြောင့် ဆိုလိုချက်လွဲမှားရပုံနှင့် မျက်မှောက်ခေတ် သတင်းစာနှင့်ဂျာနယ်များတွင်တွေ့ရသော ဝါကျဖွဲ့ပုံအမှားများကို အမှန်ဖြစ်လာစေရန်၊ တည့်မတ်ပေးရန် ရည်ရွယ်ပါသည်။ ဝါကျဖွဲ့ပုံမှားလျှင် အနက်အဓိပ္ပာယ်ကောက်ယူရာတွင်လည်း မှားယွင်းနိုင်ပါသည်။ ဝါကျဖွဲ့ပုံအမှားဟူသည် ဝါကျတစ်ကြောင်းအတွင်းရှိ ပုဒ်အထားအသို မှားယွင်းမှုပင်ဖြစ်သည်။ မျက်မှောက်ခေတ် မြန်မာသတင်းစာနှင့် ဂျာနယ်ဟုဆိုရာ၌ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာဘာသာစကားဖြင့် ထုတ်ဝေသော သတင်းစာနှင့်ဂျာနယ် များကိုဆိုလိုပါသည်။ မြန်မာသတင်းစာနှင့် ဂျာနယ်များအတွင်းရှိ မြန်မာဝါကျဖွဲ့ပုံရှိ အထားအသို အမှားများကင်းစင်စေရန် ပြုလုပ်ရန်လိုအပ်ပါသည်။ ယင်းပြဿနာကို ဖြေရှင်းရာတွင် သရုပ်ဖော်နည်း descriptive method ကို အသုံးပြုလျက် လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ဤစာတမ်းသည် မျက်မှောက်ခေတ် မြန်မာသတင်းစာနှင့် ဂျာနယ်များတွင် ဝါကျအထားအသို မှန်ကန်စေရန် အထောက်အပံ့ပေးနိုင်လိမ့်မည်ဟု ယူဆပါသည်။

သော့ချက်ဝေါဟာရများ– မြန်မာဝါကျဖွဲ့ပုံ၊ မြန်မာဂျာနယ်၊ လူမှုဝန်းကျင်၊ သရုပ်ဖော်နည်း၊ လူမှုဘာသာဗေဒရှုထောင့်။

နိဒါန်း

ဤစာတမ်းသည် မျက်မှောက်ခေတ်သတင်းစာနှင့် ဂျာနယ်များတွင်တွေ့ရသော မြန်မာဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများကို လူမှုဘာသာဗေဒရှုထောင့်မှ (၁) လူမှုဘာသာဗေဒနှင့် ဝါကျ၏အခန်းကဏ္ဍ (၂) မျက်မှောက်ခေတ်သတင်းစာနှင့် ဂျာနယ်များတွင်တွေ့ရသော ဝါကျဖွဲ့ပုံရှိအထားအသို အမှားများ လေ့လာချက်ဟု အပိုင်းနှစ်ပိုင်းခွဲ၍ လေ့လာတင်ပြပါမည်။

ရည်ရွယ်ချက်

ဤစာတမ်းကို ပြုစုရသည့် ရည်ရွယ်ချက်မှာ မျက်မှောက်ခေတ် သတင်းစာနှင့်ဂျာနယ်များတွင် တွေ့ရသော ဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများကို အမှန်ဖြစ်လာစေရန် ရည်ရွယ်ပါသည်။

သုတေသနပြဿနာနှင့် အသုံးပြုသောနည်းလမ်း

ဤစာတမ်း၏ သုတေသနမေးခွန်းများမှာ (၁) မြန်မာသတင်းစာနှင့်ဂျာနယ်များအတွင်းရှိ မြန်မာဝါကျဖွဲ့ပုံရှိ အထားအသိုအမှားမှား ကင်းစင်စေရန် မည်သို့ပြုလုပ်ရမည်နည်း။ (၂) မြန်မာ သတင်းစာနှင့် ဂျာနယ်များတွင်တွေ့ရသော မြန်မာဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများသည် မြန်မာ့လူမှုဝန်းကျင်တွင် မည်သည့် အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သနည်းတို့ဖြစ်ပါသည်။ ယင်းပြဿနာကို ဖြေရှင်းရာတွင် သရုပ်ဖော်နည်း descriptive methodကို အသုံးပြုလျက် လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

*ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်။

မျှော်မှန်းရလဒ်

လူမှုဝန်းကျင်ရှိ သတင်းစာနှင့်ဂျာနယ်များတွင် ဝါကျဖွဲ့ရာ၌ ပုဒ်အထားအသိုတို့ကို မှန်ကန်စွာ ရေးသားခြင်းဖြင့် ဝါကျဖွဲ့ပုံမှန်ကန်ပြီး အနက်အဓိပ္ပာယ်ပြည့်စုံသည့် ဝါကျများကြောင့်လူတိုင်း နားလည်စွာ ဖတ်နိုင်မည်ဖြစ်ပါသည်။

၁။ လူမှုဘာသာဗေဒနှင့် ဝါကျ၏အခန်းကဏ္ဍ

လူမှုဘာသာဗေဒဟူသည် ဘာသာဗေဒ၏ ပညာရပ်ခွဲတစ်ခုဖြစ်ပြီး၊ ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်နွယ်မှုသွင်ပြင်လက္ခဏာအားလုံးကို လေ့လာသောပညာဖြစ်သည်။[၁] လူမှုအချက်အလက်များဖြစ်သော လူမှုအဆင့်အတန်း၊ ပညာရေးအမျိုးအစား၊ အသက်၊ လိင်၊ လူမျိုးစုနှင့်ဆိုင်သော အရင်းအမြစ်စသည်တို့နှင့် ဘာသာစကား၏ ဆက်စပ်မှုကိုလေ့လာပါသည်။[၂]

လူမှုဘာသာဗေဒဟူသော ဝေါဟာရကိုပထမဦးဆုံး သုံးခဲ့သူမှာ သောမတ်[၃] ဖြစ်ပြီး ၁၉၃၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မန်းပုံနှိပ်တိုက်မှထုတ်သော 'အိန္ဒိယနိုင်ငံအတွင်းရှိ လူမှုဘာသာဗေဒ'[၄] စာအုပ်တွင် တွေ့ရပါသည်။[၅]

လူမှုဘာသာဗေဒဟူသော ဝေါဟာရကို ပညာရပ်ဆိုင်ရာဝေါဟာရအဖြစ် စတင်အသုံးပြုခဲ့သူမှာ ကဗျာဆရာနှင့ ဒဿနိကဗေဒပညာရှင် တစ်ဦးဖြစ်သူဟားဗား[၆]ဖြစ်ပြီး၊ ၁၉၅၂ ခုနှစ်တွင်အသုံးပြုခဲ့ပါသည်။[၇] ၁၉၆၀ ပြည့်နှစ်အစောပိုင်းကာလတွင် ပထမဆုံးလူမှုဘာသာဗေဒဆိုင်ရာ နိုးနှောဖလှယ်ပွဲကို ကျင်းပခဲ့ပါသည်။ ထိုအချိန်မှစ၍ လူမှုအဖွဲ့အစည်းများ၏ ဘာသာစကားအပြုအမူဆိုင်ရာ သုတေသနစာအုပ်စာတမ်းများ ရာပေါင်းများစွာ ပေါ်ထွက်လာခဲ့သည်။[၈]

လူမှုဘာသာဗေဒတွင် ပြီးပြည့်စုံသော ဘာသာစကားတစ်ခုအဖြစ်အသုံးပြုနိုင်ရန်ဘာသာ စကား၏ အလုပ်တာဝန်များရှိပါသည်။ ဘာသာစကားတာဝန် ခုနစ်ရပ်ကိုစီခရစ်ပါ[၉]နှင့် အိပ်ချ်ဂျီဝစ်ဒိုဆန်[၁၀]တို့က ခွဲခြားပြခဲ့ပါသည်။ ယင်းတို့မှာ

(၁) ရည်ညွှန်းတာဝန်[၁၁]

(၂) ခံစားမှုပြတာဝန်[၁၂]

(၃) ညွှန်ကြားတာဝန်[၁၃]

---

[၁] Crystal, 2003, 422.

[၂] Richard, 1992, 339.

[၃] Thomas Callan Hadson

[၄] Sociolinguistics in India

[၅] www.wiki. Sociolinguistics.com

[၆] Harver C. Curie

[၇] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၉။

[၈] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၅၊ ၂။

[၉] C- Criper

[၁၀] H. G. Widdowson

[၁၁] referential function

[၁၂] emotive function

[၁၃] directive function

(၄) ဆက်သွယ်မှုပြတာဝန်[၁]

(၅) လူမှုအခြေပြတာဝန်[၂]

(၆) ဖွင့်ဆိုရှင်းပြတာဝန်[၃]

(၇) ဖွဲ့နွဲ့ရှင်းပြတာဝန်[၄] တို့ဖြစ်ပါသည်။[၅]

လူမှုဘာသာဗေဒရှုထောင့်မှ ဘာသာစကားနှင့် လူ့အဖွဲ့အစည်းအကြားရှိ အပြန်အလှန်ဆက်သွယ်မှုကို လေ့လာနိုင်ပါသည်။ ဤစာတမ်းတွင် မြန်မာသတင်းစာနှင့် ဂျာနယ်များတွင်တွေ့ရသော ဝါကျဖွဲ့ပုံရှိ အထားအသို အမှားများကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

၁ ၊ ၁။ ဝါကျ၏အခန်းကဏ္ဍ

ဝါကျကို မြန်မာသဒ္ဒါအတွဲ(၃) တွင်

ဆိုလိုသည့်အဓိပ္ပာယ်ရောက်အောင် စနစ်တကျစီစဉ်ထားသော ပုဒ်အစုအပေါင်းကို ဝါကျဟုခေါ်သည်။[၆] ဟု ဖွင့်ဆိုထားပါသည်။

အလယ်တန်းမြန်မာသဒ္ဒါတွင်

ကျွန်ုပ်တို့သည် မိမိတို့စိတ်ကူးစိတ်သန်းများကို ပြောဆိုရေးသားရာ၌ လိုရင်းအဓိပ္ပာယ် ပြည့်စုံအောင် လိုအပ်သောစကားလုံးများကို စီစဉ်ကာပြောဆို ရေးသားကြ၏။ ဤကဲ့သို့ ဆိုလိုရင်း အဓိပ္ပာယ် ပြည့်စုံအောင် စီစဉ်ထားသောစကားလုံးစုကို ဝါကျဟုခေါ်၏။[၇] ဟုဖွင့်ဆို ထားပါသည်။

အောက်စဖို့ဒ်အဘိဓာန်တွင်

ထုံးစံအားဖြင့် ကတ္တားတစ်ခု၊ ကြိယာတစ်ခုပါဝင်ပြီး၊ အဓိန့်ပေးမှုသို့မဟုတ် မေးခွန်း၊ ထင်မြင်ယူဆချက်တို့ကို စကားလုံးများဖြင့် စုစည်းဖော်ပြချက်[၈] ဟုဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ဝါကျဟူသည် ဆိုလိုသည့်အဓိပ္ပာယ်ရောက်အောင် စကားလုံးများဖြင့် စနစ်တကျ စုစည်းဖော်ပြချက်ဟု ဆိုရပါမည်။

မြန်မာစကားတွင် ဝါကျများကို ဖွဲ့စည်းတည်ဆောက်ပုံအရ အမျိုးအစားခွဲလျှင် ဝါကျရိုးနှင့်ဝါကျရော ဟု နှစ်မျိုးခွဲနိုင်ပါသည်။

ဝါကျရိုးတွင် ကတ္တားပုဒ်နှင့်ကြိယာပုဒ်ဟူ၍ အခြေခံပုဒ်နှစ်ပုဒ်ပါဝင်သည်။[၉]

---

[၁] phatic function

[၂] contextual function

[၃] metalinguistic function

[၄] poetic function

[၅] Crisper & Widdowson, 1975, 195-197.

[၆] မြန်မာစာအဖွဲ့၊ ၁၉၈၈၊ ၆၂။

[၇] ဖေမောင်တင်ဦး၊ ၁၉၆၃၊ ၉။

[၈] Wehmeier, 2000, 1165.

[၉] မြန်မာစာအဖွဲ့၊ ၁၉၈၈၊ ၆၂

ဝါကျရောတွင် ဝါကျရိုးနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောဝါကျရိုးများကို ဝါကျတစ်ခုတည်း ဖြစ်စေရန်ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓတစ်ခုခုဖြင့်ဆက်ရေးသော ဝါကျကိုဝါကျရောဟုခေါ်သည်။

ဝါကျရောတွင် ကတ္တားနှင့်ကြိယာပါရှိပြီး၊ သီးခြားရပ်တည်နိုင်သော အဓိပ္ပာယ်ပြည့်စုံသောပုဒ် အစုအပေါင်းကို အမှီခံဝါကျကဏ္ဍဟု ခေါ်သည်။[၁]

ထ့ကြောင့် ဝါကျတွင်ဝါကျရိုးနှင့် ဝါကျရောဟုနှစ်မျိုးတွေ့ရပြီး၊ ဝါကျရောတွင် အမှီဝါကျကဏ္ဍ နှင့် အမှီခံဝါကျကဏ္ဍဟု နှစ်မျိုးတွေ့ရပါသည်။

ဝါကျများဖြစ်တည်လာစေရန် စကားလုံးများကို ပေါင်းစပ်ဖွဲ့စည်းထားသည့်စည်းမျဉ်း စည်းကမ်း များကို လေ့လာသောပညာရပ်ကို **ဝါကျဖွဲ့ပ**[၂]ဟုခေါ်သည်။[၃]

မြန်မာဝါကျဖွဲ့ပုံ တိမ်းချော်မှုနှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ) "မြန်မာဘာသာစကား အပြော အဆိုအရေးအသား တိမ်းချော်လာမှုများကို ပြန်လည်တည့်မတ်ထိန်းသိမ်းရေး" သုတေသန စာတမ်းတွင်

> ဝါကျတိမ်းချော်မှုများတွင် မြန်မာဝါကျ၏ပုဒ်အထားအသိုကို ပြောင်းပြန်လှန်သုံးသော ပုဒ်ထားပြောင်းပြန်ဝါကျများသည်လည်း တွင်ကျယ်ခေတ်စားနေသော တိမ်းချော်မှု တစ်ခုဖြစ်ပါသည်။[၄] ဟု ဖော်ပြထားပါသည်။

ထို့ကြောင့်ဝါကျဖွဲ့ရာတွင် ပုဒ်အသီးသီးကို နေထားတကျစီစဉ်ဖွဲ့စည်းရသည်။ ဝါကျတွင် ရှိသော ပုဒ်တို့သည် နေထားတကျမရှိပါက ဆိုလိုသည့်အဓိပ္ပာယ်သို့ မရောက်ရုံမျှမက လွဲမှားသွားတတ်သည်။ သို့ဖြစ်၍ ဝါကျဖွဲ့ရာ၌ပုဒ်တို့ကို နေထားတကျထားသိုရန်လိုသည်။ ဝါကျဖွဲ့ရာ၌အောက်ပါ အချက် အလက်များကို သတိပြုရမည်။

(က) ကတ္တားအထားအသို

(ခ) နာမဝိသေသနအထားအသို

(ဂ) ကြိယာဝိသေသနအထားအသို[၅] တို့ဖြစ်သည်။

(က) ကတ္တားအထားအသို

ကတ္တားကို ဝါကျ၏အစ၌ဖြစ်စေ၊ ကြိယာ၏ရှေ့၌ကပ်လျက်ဖြစ်စေ ထားလေ့ရှိသည်။[၆]

(ခ) နာမဝိသေသနအထားအသို

သောပစ္စည်းပါသည့် နာမဝိသေသနကို အထူးပြုခံရမည့် နာမ်၏ရှေ့တွင် ကပ်ထားရသည်။[၇]

(ဂ) ကြိယာဝိသေသနအထားအသို

ကြိယာဝိသေသနကို ကြိယာ၏ရှေ့တွင် ကပ်ထားရသည်။[၈]

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၈၈၊ ၇၄။
[၂] Syntax
[၃] Finich, 2000, 77.
[၄] ခင်မင်၊မောင်(ဓနုဖြူ)၊၂၀၁၈၊ ၉၉။
[၅] မြန်မာစာအဖွဲ့၊ ၁၉၉၂၊ ၉၀။
[၆] မြန်မာစာအဖွဲ့၊ ၁၉၉၂၊ ၉၀။
[၇] မြန်မာစာအဖွဲ့၊ ၁၉၉၂၊ ၉၃။
[၈] မြန်မာစာအဖွဲ့၊ ၁၉၉၂၊ ၉၅။

အထက်ပါ ပုဒ်အထားအသိုတို့ကိုဝါကျဖွဲ့ရာ၌ နေထားတကျအသုံးပြုနိုင်လျှင် အနက် မှန်ကန်သည့် ဝါကျတစ်ကြောင်းကို ရရှိနိုင်ပါသည်။ ဤစာတမ်းတွင် မျက်မှောက်ခေတ် မြန်မာသတင်းစာနှင့် ဂျာနယ်များအတွင်းရှိ ဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများကို လေ့လာရာ၌ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာဘာသာစကားဖြင့် ထုတ်ဝေသောသတင်းစာနှင့် ဂျာနယ်များကို လူမှု ဘာသာဗေဒရှုထောင့်မှ ဘာသာစကားတာဝန် ခုနစ်ရပ်နှင့် သရုပ်ဖော် လေ့လာသွားပါမည်။

၁ ၊ ၂။ မြန်မာဝါကျနှင့်ဆိုင်သောသုတေသနစာတမ်းများ

မြန်မာဝါကျနှင့်ဆိုင်သော သုတေသနများမှာ ၂၀၀၃ ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့အတွက်တင်သွင်းသော မောင်ကိုလေး၏ "မြန်မာသဒ္ဒါ"ကျမ်းတွင် မြန်မာသဒ္ဒါကိုစကားလုံး၊ ပုဒ်၊ ဝါကျခွဲ၊ ဝါကျအဆင့်အတန်းဟု လေးစုခွဲကာ ဘာသာဗေဒနည်းဖြင့် လေ့လာထားသည်။

၂၀၀၆ ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့အတွက် တင်သွင်းသော မချုံမမ၏ "မြန်မာဘာသာစကားရှိ ဝါကျများ၏ အနက်အဓိပ္ပာယ်နှင့် အဆက်အစပ်သဘော" ကျမ်းတွင် မြန်မာဘာသာစကားရဝါကျများ၏ အနက်အဓိပ္ပာယ်နှင့် အဆက်အစပ်သဘောကို လက်တွေ့အတ္ထဗေဒအမြင်ဖြင့် လေ့လာထားပါသည်။

၂၀၀၇ ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့အတွက် တင်သွင်းသောမိုးမိုး၏ "မြန်မာဝါကျများ၏ အနက်အဓိပ္ပာယ်လေ့လာခြင်း" ကျမ်းတွင် မြန်မာဝါကျ၏သဘောသဘာဝနှင့် အနက်အဓိပ္ပာယ်ကို သဒ္ဒါဖွဲ့ပုံရှုထောင့်၊ အတ္ထဗေဒရှုထောင့်နှင့် လူမှုဘာသာဗေဒရှုထောင့်တို့မှ လေ့လာထားပါသည်။

အထက်ပါသုတေသနစာတမ်းများတွင် မြန်မာဝါကျများကို ဘာသာဗေဒရှုထောင့်၊ အတ္ထဗေဒရှုထောင့်၊ လူမှုဘာသာဗေဒရှုထောင့်တို့မှ အဓိကလေ့လာထားပြီး မြန်မာဝါကျဖွဲ့ပုံ အမှားများကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာသည့် သုတေသနစာတမ်းမရှိသေးပါ။ ထို့ကြောင့်ဤစာတမ်းသည် အဆိုပါလိုအပ်ချက်ကို ဖြည့်စွက်ပေးနိုင်မည်ဟု ယုံကြည်မိပါသည်။

၂။ မျက်မှောက်ခေတ်မြန်မာသတင်းစာနှင့်ဂျာနယ်များတွင်တွေ့ရသောဝါကျဖွဲ့ထုံး အမှားများလေ့လာချက်

မျက်မှောက်ခေတ် မြန်မာသတင်းစာဂျာနယ်များတွင် တွေ့ရတတ်သော ဝါကျဖပုံရှိ အထားအသို အမှားများကိုလေ့လာရာတွင် (၁) မြန်မာသတင်းစာများတွင်တွေ့ရသော ဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများ လေ့လာချက်နှင့် (၂) မြန်မာဂျာနယ်များတွင်တွေ့ရသော ဝါကျဖွဲ့ပုံရှိအထားအသိုအမှားများ လေ့လာချက်ဟု အပိုင်းနှစ်ပိုင်း ခွဲခြားတင်ပြပါမည်။

၂ ၊ ၁။ မြန်မာသတင်းစာများတွင်တွေ့ရသော ဝါကျဖွဲ့ပုံရှိအထားအသို အမှားများ လေ့လာချက်

၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်ဖေဖော်ဝါရီလအတွင်း ထုတ်ဝေသော မြန်မာသတင်းစာများတွင် တွေ့ရသော ဝါကျဖွဲ့ပုံရှိအထားအသို အမှားများကို ကောက်နုတ်တင်ပြပါမည်။

(၁) ၂၀၁၆ ခုနှစ် ဧပြီလ(၁) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာသားတွင်

ရဘတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်၏အမျိုးသမီးများ ကိုယ်ဝန်ဖျက်ချလျှင် အပြစ်ပေးမည်ဟူသော ပြောကြားချက်ကြောင့် ဝေဖန်မှုအမြောက်အမြား ရင်ဆိုင်နေရကြောင်း သိရသည်။[၁]

ဝါကျတွင်တွေ့ရသောအမှား –ဒေါ်နယ်ထရန့်၏အမျိုးသမီးများ ကိုယ်ဝန်ဖျက်ချလျှင်

သဒ္ဒါအမျိုးအစား – အမှီဝါကျကဏ္ဍ

ဖြည့်သင့်သည့်စကားလုံး – မိန့်ခွန်းတွင်

ဖြည့်သင့်သည့်သဒ္ဒါအမျိုးအစား–နာမ်ပုဒ်

ဖြစ်သင့်သည့်**ဝါကျအမှန်**–

ရီဘတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်၏**မိန့်ခွန်းတွင်** အမျိုးသမီးများ ကိုယ်ဝန်ဖျက်ချလျှင်အပြစ်ပေးမည်ဟူသော ပြောကြားခ|က်ကြောင့် ဝေဖန်မှု အမြောက်အမြားရင်ဆိုင်နေရကြောင်း သိရသည်။

ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ ညွှန်ကြားတာဝန်၊ လူမှုအခြေပြတာဝန်၊ ခံစားမှုပြတာဝန်

သုံးသပ်ချက်

ဤတွင် 'ရီဘတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်၏အမျိုးသမီးများ ကိုယ်ဝန်ဖျက် ချလျှင် အပြစ်ပေးမည်' ဟသော ဝါကျအရ'ဒေါ်နယ်ထရန့်၏' ဟူသောပိုင်ဆိုင်မှုပြနာမ်၏ နောက်တွင် အပိုင်ခံနာမ် 'အမျိုးသမီးများ' ကပ်လိုက်သဖြင့် ဒေါ်နယ်ထရန့် ပိုင်ဆိုင်သော အမျိုးသမီးများဟု စာဖတ်သူများက အနက်ကောက်ယူနိုင်ပါသည်။ ထို့ကြောင့် 'ရီဘတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်၏**မိန့်ခွန်းတွင်** အမျိုးသမီးများကိုယ်ဝန်ဖျက်ချလျှင် အပြစ်ပေးမည်ဟူသော ပြောကြားခ|က်ကြောင့် ဝေဖန်မှုအမြောက်အမြား ရင်ဆင်နေရကြောင်းသိရသည်။' ဟု ရေးမှအနက်မှန်ကို ရနိုင်ပါသည်။

အဆိုပါဝါကျတွင် 'ရီဘတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်၊ အမျိုးသမီးများ' **ဟူသော စကားအရ** လူမှုအခြေပြတာဝန၊ 'ကိုယ်ဝန်ဖျက်ချသည့်အမျိုးသမီးများ'ကို ရည်ညွှန်းသဖြင့်**ရည်ညွှန်း တာဝန**နှင့်၊ အမျိုးသမီးများကိုယ်ဝန် ဖျက်ချလျှင်အပြစ်ပေးမည်ဖြစ်ကြောင်း **ညွှန်ကြားတာဝန**နှင့် ခံစားမှုပြ တာဝန်တို့ကိုတွေ့ရပါသည်။

(၂) ၂၀၁၆ခုနှစ် ဒီဇင်ဘာလ(၂)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏သတင်းခေါင်းစဉ်တွင်

'အမြန်လမ်းတွင် ဝါယာရှော့ဖြစ်၍ ယာဉ်တစ်စီးမီးလောင်'[၂]

ဝါကျတွင်တွေ့ရသောအမှား – အမြန်လမ်းတွင် ဝါယာရှော့ဖြစ်၍

သဒ္ဒါအမျိုးအစား – အမှီဝါကျကဏ္ဍ

ဖြည့်သင့်သည့်စကားလုံး – ယာဉ်တစ်စီး

ပြင်သင့်သည့်သဒ္ဒါအမျိုးအစား – နာမ်

[၁] မြန်မာ့အလင်း၊ ၁၈၄၂၀၁၆၊ ၄။
[၂] မြန်မာ့အလင်း၊ ၂၁၂၂၀၁၆၊ ၁၄။

ဖြစ်သင့်သည့်**ဝါကျအမှန်** – အမြန်လမ်းတွင်ယာဉ်တစ်စီးဝါယာရှော့ဖြစ်၍ မီးလောင်

ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ ခံစားမှုပြတာဝန်

သုံးသပ်ချက်

ဤတွင်'အမြန်လမ်းတွင် ဝါယာရှော့ဖြစ်၍ ယာဉ်တစ်စီးမီးလောင်'ဟု ရေးထားသဖြင့် အမြန်လမ်းတွင် ဝါယာရှော့ဖြစ်သည်ဟုစာဖတ်သူများက ထင်မြင်ယူဆနိုင်ပါသည်။ သတင်းစာသားတွင် 'ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်းသာခေါင်း မောင်းနှင်လာသော ကင်တာယာဉ်မှာ ယနေ့နံနက်ကိုးနာရီခွဲက ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်'ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် **သတင်းခေါင်းစဉ်အမှန်မှာ** 'အမြန်လမ်းတွင် ယာဉ်တစ်စီး ဝါယာရှော့ဖြစ်၍ မီးလောင်'ဟု ဖြစ်ရပါမည်။

အဆိုပါဝါကျတွင် ယာဉ်တစ်စီး မီးလောင်သည်က ညွှန်းသည့်အတွက် ရည်ညွှန်းတာဝန်နှင့် ခံစားမှုပြတာဝန်တို့ကို တွေ့ရပါသည်။

(၃) ၂၀၁၆ခုနှစ် ဒီဇင်ဘာလ(၂)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာသားတွင်
ကမ္ဘာအေးဘုရားလမ်းပေါ်၌ တည်ဆောက်ခဲ့သော ကုက္ကိုင်းခုံးကျော်တံတားပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီမှ စတင်မောင်းနှင်ခွင့် ပြုလိုက်ပြီဖြစ်သည်။[၁]

ဝါကျတွင်တွေ့ရသောအမှား –ကုက္ကိုင်းခုံးကျော်တံတားပေါ်**မ** မော်တော်ယာဉ်များ

သဒ္ဒါအမျိုးအစား – နာမ်ပုဒ်

ပြင်သင့်သည့်စကားလုံး – ကုက္ကိုင်းခုံးကျော်တံတားပေါ်တွင်

ပြင်သင့်သည့်သဒ္ဒါအမျိုးအစား – နာမ်ပုဒ်

ဖြစ်သင့်သည့်**ဝါကျအမှန်** – ကမ္ဘာအေးဘုရားလမ်းပေါ်၌ တည်ဆောက်ခဲ့သော ကုက္ကိုင်းခုံးကျော် တံတားပေါ်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွား လာခွင့်ကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီမှ စတင်မောင်းနှင်ခွင့် ပြုလိုက်ပြီဖြစ်သည်။

ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ **ညွှန်ကြားတာဝန**

သုံးသပ်ချက်

ဤတွင် 'ကမ္ဘာအေးဘုရားလမ်းပေါ်၌ တည်ဆောက်ခဲ့သော ကုက္ကိုင်းခုံးကျော်တံတားပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ကို' ဟုဖော်ပြထားသဖြင့် 'ကုက္ကိုင်းခုံးကျော်တံတားပေါ်မှ မော်တော်ယာဉ်များ' ဟု ထွက်ခွာရာပြဝိဘတ် 'မှ' ကိုသုံးထားကြောင်းတွေ့ရပါသည်။ နေရာပြဝိဘတ်မှာ '၌၊ မှာ၊ တွင်၊ ဝယ်၊ က' တို့ဖြစ်ပါသည်။ ထို့ကြောင့် ဝါကျအမှန်မှာ 'ကမ္ဘာအေးဘုရား လမ်းပေါ်၌ တည်ဆောက်ခဲ့သော ကုက္ကိုင်းခုံးကျော်တံတားပေါ်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီမှ စတင် မောင်းနှင်ခွင့် ပြုလိုက်ပြီဖြစ်သည်' ဟု ဖြစ်ရပါမည်။

အဆိုပါဝါကျတွင် 'ကမ္ဘာအေးဘုရားလမ်းပေါ်၌ တည်ဆောက်ခဲ့သော ကုက္ကိုင်းခုံးကျော် တံတားပေါ်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ကို' ရည်ညွှန်းသဖြင့် ရည်ညွှန်းတာဝန်၊ 'ဇန်နဝါရီ ၃၁

[၁] မြန်မာ့အလင်း၊ ၁.၂.၂၀၁၆၊ ၅။

ရက် နံနက် ၈ နာရီမှ စတင်မောင်းနှင်ခွင့် ပြုလိုက်ပြီဖြစ်သည်' ဟု ညွှန်ကြားထားသဖြင့် ညွှန်ကြား တာဝန်တို့ကို တွေ့ရပါသည်။

(၄) ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့ထုတ် 7 Day နေ့စဉ်သတင်းစာသားတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဝန်ကြီးချုပ်အိုလီတို့ ရှေ့မှောက်တွင်နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သည်။[၁]

ဝါကျတွင်တွေ့ရသောအမှား –လက်မှတ်ရေးထိုးသူများ (ကတ္တားပုဒ်) မပါခြင်း။

သဒ္ဒါအမျိုးအစား – ကတ္တားပုဒ်

ပြင်သင့်သည့်နေရာအထားအသို – အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကျော်ထင် နှင့် နီပေါနိုင်ငံခြားရေး ဝန်ကြီးတို့က

ပြင်သည့်သဒ္ဒါအမျိုးအစား – ကတ္တားပုဒ်

ဖြစ်သင့်သည့်**ဝါကျအမှန်**–

ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဝန်ကြီးချုပ်အိုလီတို့ ရှေ့မှောက်တွင် <u>အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကော်ထင်နှင့် နီပေါနိုင်ငံခြားရေးဝန်ကြီးတို့က</u> နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သည်။

ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ လူမှုအခြေပြုတာဝန်၊ ဖွင့်ဆိုရှင်းပြတာဝန်

သုံးသပ်ချက်

ဤတွင် 'ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဝန်ကြီးချုပ်အိုလီတို့ ရှေ့မှောက်တွင်နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သည်။'ဟု ဖော်ပြထားသဖြင့် လက်မှတ်ရေးထိုးသူများ (ကတ္တားပုဒ်)မပါကြောင်း တွေ့ရသည်။ ထို့ကြောင့်ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါ ဝန်ကြီးချုပ်အိုလီတို့ ရှေ့မှောက်တွင် မည်သူကလက်မှတ်ထိုးသည်ကို မသိရပေ။ သို့သော် နောက်တစ်ပိုဒ်တွင်မူ 'အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဦးကျော်ထင်နှင့် နီပေါနိုင်ငံခြားရေး ဝန်ကြီးတို့က နှစ်နိုင်ငံကိုယ်စား အသီးသီးလက်မှတ်ရေးထိုးခြင်း ဖြစ်သည်'ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် 'ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဝန်ကြီးချုပ်အိုလီတို့ ရှေ့မှောက်တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဦးကျော်ထင်နှင့် နီပေါနိုင်ငံခြားရေး ဝန်ကြီးတို့က နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သည်။' ဟုရေးမှသာ အဓိပ္ပာယ်ပြည့်စုံသည့် ဝါကျကိုရရှိင်ပါမည်။

အဆိုပါဝါကျတွင်'ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဝန်ကြီးချုပ်အိုလီတို့ ရှေ့မှောက်တွင်'ဟု ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဝန်ကြီးချုပ်အိုလီတို့ကို ရည်ညွှန်းသဖြင့် ရည်ညွှန်းတာဝန်၊ နီပေါဝန်ကြီးချုပ်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး၊နီပေါနိုင်ငံခြားရေး ဝန်ကြီးဟုပါရှိသဖြင့် လူမှု

[၁] 7 Day Daily၊ ၁. ၁၂. ၂၀၁၈၊ ၁။

အခြေပြတာဝန်၊ **'နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ**ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သည်' ဟုစာချုပ်ကို ဖော်ပြရှင်လင်းထားသဖြင့် ဖွင့်ဆိုရှင်းပြတာဝန်တို့ကို တွေ့ရပါသည်။

(၅) ၂၀၁၈ခုနှစ် ဧန်နဝါရီလ(၃)ရက်နေ့ထုတ် 7 Day နေ့စဉ်သတင်းစာသားတွင် အင်ဒိုနီးရှားနိုင်ငံမှ လာရောက်သည့် ပင်လယ်ကူးစားအုန်းဆီတင် သင်္ဘော တစ်စီးသည် <u>ရန်ကုန်မြစ်ဝသို့ ပြန်လည်ထွက်ခွာစဉ်</u> ဧန်နဝါရီ ၂ ရက် နံနက်ကအလုံမြို့နယ်ရှိ ဆိပ်ခံတံတားတစ်ခုကို တိုက်မိခဲ့သည်။[၁]

ဝါကျတွင်တွေ့ရသောအမှား –အင်ဒိုနီးရားနိုင်ငံမှ လာရောက်သည့် ပင်လယ်ကူးစားအုန်းဆီတင် သင်္ဘောတစ်စီးသည် <u>ရန်ကုန်မြစ်ဝသို့ ပြန်လည်ထွက်ခွာစဉ်</u>

သဒ္ဒါအမျိုးအစား – အမှီဝါကျကဏ္ဍ

ပြင်သင့်သည့်နေရာအထားအသို – အင်ဒိုနီးရှားနိုင်ငံမှ လာရောက်သည့် ပင်လယ်ကူးစားအုန်းဆီတင် သင်္ဘောတစ်စီးသည် ရန်ကုန်မြစ်ဝမှ ပြန်လည်ထွက်ခွာစဉ်

ပြင်သည့်သဒ္ဒါအမျိုးအစား – အမှီဝါကျကဏ္ဍ

ဖြစ်သင့်သည့်**ဝါကျအမှန်** – အင်ဒိုနီးရှားနိုင်ငံမှ လာရောက်သည ပင်လယ်ကူးစားအုန်းဆီတင် သင်္ဘောတစ်စီးသည် ရန်ကုန်မြစ်ဝမှ ပြန်လည်ထွက်ခွာစဉ် ဧန်နဝါရီ ၂ ရက် နံနက်က အလုံမြို့နယ်ရှိ ဆိပ်ခံတံတားတစ်ခုကို တိုက်မိခဲ့သည်။

ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ ဖွင့်ဆိုရှင်းပြတာဝန်

သုံးသပ်ချက်

ဤတွင်'အင်ဒိုနီးရှားနိုင်ငံမှ လာရောက်သည ပင်လယ်ကူးစားအုန်းဆီတင် သင်္ဘောတစ်စီးသည် ရန်ကုန်မြစ်ဝသို့ ပြန်လည်ထွက်ခွာစဉ်'ဟု ဆိုက်ရောက်ရာပြဝိဘတ် (ရန်ကုန်မြစ်ဝသို့)ကိုသုံးပြီး ရေးထားသည်။ ဝါကျအမှန်မှာ 'အင်ဒိုနီးရှားနိုင်ငံမှ လာရောက်သည့် ပင်လယ်ကူး စားအုန်းဆီတင်သင်္ဘောတစ်စီးသည် ရန်ကုန်မြစ်ဝမှ ပြန်လည်ထွက်ခွာစဉ်'ဟု ထွက်ခွာရာပြဝိဘတ် (ရန်ကုန်မြစ်ဝမှ)ကိုအသုံးပြုပြီးရေးမှ ဝါကျအမှန်ရနိုင်ပါမည်။

'အင်ဒိုနီးရှားနိုင်ငံမှ လာရောက်သည့် ပင်လယ်ကူးစားအုန်းဆတင် သင်္ဘောတစ်စီး'ဟု သင်္ဘောကို ရည်ညွှန်းပြောဆိုသဖြင့် ရည်ညွှန်းတာဝန်၊ 'အင်ဒိုနီးရှားမှ လာရောက်သည့် ပင်လယ်ကူးစားအန်းဆီတင် သင်္ဘောတစ်စီးသည် ရန်ကုန်မြစ်ဝမှ ပြန်လည်ထွက်ခွာစဉ် ဧန်နဝါရီ ၂ ရက် နံနက်က အလုံမြို့နယ်ရှိ ဆိပ်ခံတံတားတစ်ခုကို တိုက်မိခဲ့သည်'ဟု ရှင်းလင်းတင်ပြထားသဖြင့် ဖွင့်ဆိုရှင်းပြတာဝန်တို့ကို တွေ့ရပါသည်။

(၆) ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာသတင်းခေါင်းစဉ်တွင် <u>သမ္မတထရမ့်၏ အရေးပေါ်အခြေအနေကြေညာမ</u> အဆုံးသတ်ရန် အမေရိကန် အောက်လွှတ်တော်၌ မဲခွဲ[၂]

---

[၁] 7 Day Daily၊ ခု. ၁. ၂၀၁၈၊ ၃။

[၂] မြန်မာ့အလင်း၊ ၂၈.၂.၂၀၁၉၊ ၁၄။

ဝါကျတွင်တွေ့ရသောအမှား – သမ္မတထရမ့်၏အရေးပေါ်အခြေအနေကြေညာမှု

သဒ္ဒါအမျိုးအစား – နာမ်ပုဒ်

ပြင်သင့်သည့်နေရာအထားအသို – သမ္မတထရမ့်၏နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာမှု

ပြင်သည့်သဒ္ဒါအမျိုးအစား – နာမ်ပုဒ်

ဖြစ်သင့်သည့်**ဝါကျအမှန်** – သမ္မတထရမ့်၏ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာမှု အဆုံး သတ်ရန် အမေရိကန် အောက်လွှတ်တော်၌ မဲခွဲ

ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ဖွင့်ဆိုရှင်းပြတာဝန်

သုံးသပ်ချက်

ဤတွင် 'သမ္မတထရမ့်၏အရေးပေါ်အခြေအနေကြေညာမှု' ဟု ဖော်ပြထားသဖြင့် သမ္မတထရမ့်၏ ကျန်းမာရေး သို့မဟုတ် ကိုယ်ရေးကိုယ်တာ အရေးပေါ်အခြေအနေကို ကြေညာမှုအဆုံးသတ်ရန် အမေရိကန်အောက်လွှတ်တော်၌ မဲခွဲသည်ဟု စာဖတပရိသတ်က ထင်မြင်နိုင်ပါသည်။ သတင်းစာသားတွင်မူ သမ္မတထရမ့်၏နိုင်ငံတော် အရေးပေါ်အခြေအနေကြေညာမှု ဟုဖော်ပြထားသောကြောင့် 'သမ္မတထရမ့်၏ နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာမှု အဆုံးသတ်ရန် အမေရိကန် အောကလွှတ်တော်၌ မဲခွဲ' ဟု ရေးမှ ဝါကျအမှန်ရနိုင်ပါမည်။

အဆိုပါဝါကျတွင် 'သမ္မတထရမ့်၏ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာမှု'ကို ရည်ညွှန်းသဖြင့် ရည်ညွှန်းတာဝန်နှင့် ယင်းကြေညာမှုကို အဆုံးသတ်ရန် အမေရိကန် အောက်လွှတ်တော်၌ မဲခွဲဟု ရှင်းပြထားသဖြင့် ဖွင့်ဆိုရှင်းပြတာဝန်တို့ကို တွေ့ရပါသည်။

၂၊၂။ မြန်မာဂျာနယ်များတွင်တွေ့ရသော ဝါကျဖွဲ့ပုံရှိ အထားအသို အမှားများလေ့လာချက်

၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်ဖေဖော်ဝါရီလအတွင်း ထုတ်ဝေသော မြန်မာဂျာနယ်များတွင် တွေ့ရသောဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများကို ကောက်နုတ်တင်ပြပါမည်။

(၁) မြန်မာတိုင်းဂျာနယ်[၁] သတင်းခေါင်းစဉ်တွင်

သမီးရည်းစား နေမကောင်းသတင်းမေးရာမှ ဓားဖြင့်ထိုးသည့်ညီမ ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခံရ။

ဝါကျတွင်တွေ့ရသောအမှား –သမီးရည်းစားနေမကောင်း သတင်းမေးရာမှ ဓားဖြင့်ထိုးသည့်ညီမ

သဒ္ဒါအမျိုးအစား – နာမ်ပုဒ်

ဖြည့်သင့်သည့်စကားလုံး – **ရည်းစားဖြစ်သူ၏ညီမ**

ပြင်သည့်သဒ္ဒါအမျိုးအစား – နာမ်ပုဒ်

ဝါကျအမှန်– ရည်းစားနေမကောင်း သတင်းမေးသော**အမျိုးသမီးကို** ဓားဖြင့်ထိုးသည့်ရည်းစားဖြစ်သူ၏ညီမထောင်ဒဏ် ၂၀ ချမှတ်ခံရ။

ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ ညွှန်ကြားတာဝန်၊ လူမှုအခြေပြုတာဝန်၊ ခံစားမှုပြတာဝန်

[၁]Times News Journal၊ ၁၃. ၆. ၂၀၁၈၊ ၄။

သုံးသပ်ချက်

ဤတွင် ရည်းစားနေမကောင်းသည်ကို သတင်းမေးသည့် 'အမျိုးသမီးကို' ကံပုဒ်ကိုမြုပ်ထားသဖြင့် သမီးရည်းစား နေမကောင်းသတင်းမေးသည်ကို ဓားဖြင့်ထိုးသည့်ညီမ ဟူသည့်အတွက် အဓိပ္ပာယ် ရှုပထွေးနိုင်ပါသည်။ သတင်းစာသားတွင် 'ခစ်သူနေမကောင်းသဖြင့် နေအိမ်သို့သွားရောက် သတင်းမေး သည့် (၂၄)နှစ်အရွယ် အမျိုးသမီးအသတ်ခံရမှုမှ အပြစ်ကျူးလွန်သူ (၂၁)နှစ်အရွယ် အမျိုးသမီးကို အရှေ့ပိုင်းခရိုင်တရားရုံးက အမြင့်ဆုံးအပြစ်ဒဏ်ထောင်ဒဏ် နှစ် ၂၀ကို ဇွန် ၁၂ ရက်နေ့က ချမှတ်ခဲ့ သည်။' ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် **'ရည်းစား နေမကောင်း သတင်းမေးသော အမျိုးသမီးကို ဓားဖြင့်ထိုးသည့်ရည်းစား ဖြစ်သူ၏ညီမထောင်ဒဏ် ၂၀ ချမှတ်ခံရ။' ဟုရေးမှမှန်ပါမည်။**

အဆိုပါဝါကျတွင် 'သမီးရည်းစား၊ ညီမ' ဟူသောစကားအရ လူမှုအခြေပြတာဝန်၊ **'ဓားဖြင့် ထိုးသည့်ညီမ'** ထောင်ဒဏ်ကျခံရကြောင်းဖော်ပြထားသဖြင့် **ရည်ညွှန်းတာဝန**နှင့် ခံစားမှုပြတာဝန်၊ ထောင်ဒဏ်နှစ် ၂၀ ချမှတ်ကြောင်း **ညွှန်ကြားတာဝန**တို့ကို တွေ့ရပါသည်။

(၂) ၇ ရက်သတင်းဂျာနယ်[၁] သတင်းစာသားတွင်

> ရှေးဟောင်းမြို့တော် ပုဂံဒေသကိုယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်၊ မဝင်နိုင် အစီရင်ခံစာရေးရန် လာရောက်စစ်ဆေးသော ပညာရှင်က စာမေးပွဲအောင်ဟုပြော ကြောင်းသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို က စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ဝါကျတွင်တွေ့ရသောအမှား–အစီရင်ခံစာရေးရန် လာရောက်စစ်ဆေးသော ပညာရှင်က စာမေးပွဲအောင

သဒ္ဒါအမျိုးအစား – ကတ္တားပုဒ်နှင့် ကြိယာပုဒ်

ဖြည့်သင့်သည့်စကားလုံး – ရှေးဟောင်းမြို့တော် ပုဂံဒေသကို

ဖြည့်သည့်သဒ္ဒါအမျိုးအစား – ကံပုဒ်

ဝါကျအမှန်– ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်၊ မဝင်နိုင်အစီရင်ခံစာရေးရန် လာရောက် စစ်ဆေးသောပညာရှင်က ရှေးဟောင်းမြို့တော်ပုဂံဒေသကို စာမေးပွဲအောင်သည်ဟု ပြောကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက စက်တင်ဘာ ၂၇ ရက် တွင် ပြောကြားသည်။

ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ လမှုအခြေပြတာဝန်၊ ခံစားမှုပြတာဝန်၊ဖွင့်ဆိုရှင်းပြတာဝန်

သုံးသပ်ချက်

ဤတွင် 'လာရောက်စစ်ဆေးသော ပညာရှင်ကးပွဲအောင်'ဟု ဖော်ပြထားသဖြင့်အဆိုပါ ပညာ ရှင်စာမေးပွဲအောင်သည်ဟု စာဖတ်သူများက အဓိပ္ပာယ်ယူနိုင်ပါသည်။ 'ရှေးဟောင်းမြို့တော် ပုဂံဒေသကို' ဟူသောကံပုဒ်ကို 'အောင်မြင်သည်' ဟူသော ကြိယာပုဒ်နှင့်မတွဲဘဲ 'လာရောက်စစ်ဆေးသော ပညာရှင်က' ဟုတွဲထားသဖြင့် နားလည်မှုလွဲမှားနိုင်ပါသည်။

[၁] 7 Day News၊ ၃.၁၀. ၂၀၁၈၊ ၁၁။

အဆိုပါဝါကျတွင် 'အစီရင်ခံစာရေးရန် လာရောက်စစ်ဆေးသော ပညာရှင်"သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး'ဟု ဖော်ပြချက်အရ လူမှုအခြေပြတာဝန်၊ ရှေးဟောင်းမြို့တော် ပုဂံဒေသကို ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ကြောင်း ရှင်းလင်းဖော်ပြထားသဖြင့် ရည်ညွှန်းတာဝန်နှင့် ဖွင့်ဆိုရှင်းပြတာဝန်၊ ရှေးဟောင်းမြို့တော် ပုဂံဒေသအတွက် ဂုဏ်ယူဝင့်ကြွားသည့် ခံစားမှုပြတာဝန်တို့ကို တွေ့ရပါသည်။

(၃) ၇ ရက်သတင်းဂျာနယ်[၁]

ခေါင်းစဉ်တွင် ရဲမှူးချုပ်ငါးဦး နေရာအပြောင်းအရွှေ့ပြုလုပ်

ဝါကျတွင်တွေ့ရသောအမှား –ရဲမှူးချုပ်ငါးဦး
သဒ္ဒါအမျိုးအစား – ကတ္တားပုဒ်
ဖြည့်သင့်သည့်စကားလုံး – ကို
ဖြည့်သည့်သဒ္ဒါအမျိုးအစား – ကံဝိဘတ်
ဝါကျအမှန် – ရဲမှူးချုပ်ငါးဦးကို နေရာအပြောင်းအရွှေ့ပြုလုပ်
ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ လမူအခြေပြတာဝန်၊ ညွှန်ကြားတာဝန်၊ ခံစားမှုပြတာဝန်

သုံးသပ်ချက်

ဤတွင် 'ရဲမှူးချုပ်ငါးဦး နေရာအပြောင်းအရွှေ့ပြုလုပ်'ဟု ဖော်ပြထားသဖြင့် ရဲမှူးချုပ်ငါးဦးက နေရာအပြောင်းအရွှေ့ ပြုလုပ်သည်ဟု စာဖတ်သူများက အဓိပ္ပာယ်ယူနိုင်ပါသည်။ 'ရဲမှူးချုပ်ငါးဦး' သည် ကတ္တားပုဒ် ဖြစ်သောကြောင့် 'ရဲမူးချုပ်ငါးဦးကို' ဟူသော ကံပုဒ်ဖြစ်မှသာ မှန်ပါမည်။

အဆိုပါဝါကျတွင် 'ရဲမှူးချုပ်' ဟူသော စကားအရ**လူမှုအခြေပြတာဝန်**နှင့်**ရည်ညွှန်းတာဝန်**၊ နေရာအပြောင်းအရွှေ့ ပြုလုပ်ကြောင်း **ညွှန်ကြားတာဝန်နှင့် ခံစားမှုပြတာဝန်**တို့ကို တွေ့ရပါသည်။

(၄) Newsweek ဂျာနယ်[၂]သတင်းခေါင်းစဉ်တွင်

ဆူးလေရှုန်ဂရီလာ အဆောက်အအုံသစ်မှ အများသုံးသန့်စင်ခန်းထားရှိမှုအပေါ် ပန်းပဲတန်းပြည်သများကန့်ကွက်

ဝါကျတွင်တွေ့ရသောအမှား – ဆူးလေရှုန်ဂရီလာ အဆောက်အအုံသစ်မှ
သဒ္ဒါအမျိုးအစား – နာမ်ပုဒ်
ဖြည့်သင့်သည့်စကားလုံး – မှာ
ဖြည့်သည့်သဒ္ဒါအမျိုးအစား – နေရာပြဝိဘတ်
ဝါကျအမှန် –ဆူးလေရှုန်ဂရီလာ အဆောက်အအုံသစ်မှာ အများသုံးသန့်စင်ခန်းထားရှိမှုအပေါ်
ပန်းပဲတန်းပြည်သူများ ကန့်ကွက်
ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ လမူအခြေပြတာဝန်၊ ညွှန်ကြားတာဝန်၊ ခံစားမှုပြတာဝန်

[၁] 7 Day News၊ ၆.၁၀. ၂၀၁၇၊ ၁။
[၂] Newsweek Journal၊ ၂၀.၁၀.၂၀၁၆၊ အချပ်ပို။

သုံးသပ်ချက်

ဤတွင် 'ဆူးလေရှုန်ဂရီလာ အဆောက်အအုံသစ်မှ'ဟု ဖော်ပြထားပြီး 'မှ' သည် ထွက်ခွာရာဝိဘတ် ဖြစ်ပါသည်။ နေရာပြဝိဘတ်မှာ '၌၊ မှာ၊ တွင်၊ ဝယ်၊ က' တို့ဖြစ်ပါသည်။ ထို့ကြောင့် ဆူးလေရှုန်ဂရီလာ အဆောက်အအုံသစ်မှာ အများသုံးသန့်စင်ခန်းထားရှိမှုအပေါ် ပန်းပဲတန်းပြည်သူများကန့်ကွက်' ဟုရေးမှ မှန်ပါမည်။

အဆိုပါဝါကျတွင် ဆူးလေရှုန်ဂရီလာ အဆောက်အအုံသစ်မှာ အများသုံးသန့်စင်ခန်း ထားရှိမှုကို ရည်ညွှန်းသဖြင့် ရည်ညွှန်းတာဝန်၊ 'ပန်းပဲတန်းပြည်သူများ' ဟူသောစကားအရ လူမှုအခြေပြတာဝန်နှင့် အများသုံးသန့်စင်ခန်း ထားရှမှုကိုကန့်ကွက်ကြောင်း ညွှန်ကြားတာဝနနှင့် ခံစားမှုပြတာဝန်တို့ကို တွေ့ရပါသည်။

(၅) Newsweek ဂျာနယ်[၁] သတင်းခေါင်းစဉ်တွင်

ပေါင်းတည်တွင် **<u>ကျောင်းအုပ်ဆရာအား</u>** သားမယားပြုကျင့်မှုဖြင့်အမှုဖွင့်။

ဝါကျတွင်တွေ့ရသောအမှား – ကျောင်းအုပ်ဆရာအား

သဒ္ဒါအမျိုးအစား – လက်ခံပြပုဒ်

ဖြည့်သင့်သည့်စကားလုံး – ကို

ဖြည့်သည့်သဒ္ဒါအမျိုးအစား – ကံဝိဘတ်

ဝါကျအမှန်– ပေါင်းတည်တွင်<u>ကျောင်းသူကို</u> သားမယားပြုကျင့်မှုဖြင့် ကျောင်းအုပ်ဆရာကိုအမှုဖွင့်။

ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ လူမှုအခြေပြတာဝန်၊ ခံစားမှုပြတာဝန်၊ ညွှန်ကြားတာဝန်၊

သုံးသပ်ချက်

ဤတွင် 'ကျောင်းအုပ်ဆရာအား' သည် လက်ခံပြပုဒ်ဖြစ်သောကြောင့် ကျောင်းအုပ်ဆရာက သားမယားအပြုခံဖြစ်နေပါသည်။ သတင်းစာသားတွင် 'ပဲခူးတိုင်းပေါင်းတည်မြို့၌ ၁၅ နှစ်အရွယ် ကျောင်းသူတစ်ဦးကို သားမယားပြုကျင့်ခဲ့သည့် မူလတန်းကျောင်းဆရာတစ်ဦးအား အမှုဖွင့်အရေးယူ ထားကြောင်းသိရသည်။' ဟုဖော်ပြချက်အရ 'ကျောင်းအုပ်ဆရာကို' ဟူသော ကံပုဒ်သဖြစ်ရပါမည်။ ထို့ကြောင့် အဆိုပါဝါကျတွင်မြုပ်ထားသော 'ကျောင်းသူကို' ထည့်မှသာ 'ကျောင်းသူကို သားမယားပြုကျင့်မှု' ဟူသော သဒ္ဒါမှန်သည့် ဝါကျကိုရနိုင်ပါမည်။

အဆိုပါဝါကျတွင် 'ကျောင်းသူ' 'ကျောင်းအုပ်ဆရာ'ဟူသော လူမှုအခြေပြတာဝန်၊ 'ကျောင်းအုပ်ဆရာ'ကို အမှုဖွင့်ကြောင်းဖော်ပြသည့်အတွက် ရည်ညွှန်းတာဝန်၊ ခံစားမှုပြတာဝန်နှင့် ညွှန်ကြားတာဝန်တို့ကို တွေ့ရပါသည်။

(၆) News watch ဂျာနယ်[၂] သတင်းခေါင်းစဉ်တွင်

[၁] Newsweek Journal၊ ၂၁.၉.၂၀၁၇၊ ၁။

[၂] News watch Journal၊ ၂.၆.၂၀၁၈၊ အချပ်ပို။

တိုင်ကြားခံထားရသော ဘုတလင်မြို့နယ်ဆေးရုံအုပ်ကြီးက စစ်ဆေးသည့်အခါ အမှန်တရားပေါ်ပေါက်လာလိမ့်မည်ဟုပြော

ဝါကျတွင်တွေ့ရသောအမှား – ဘုတလင်မြို့နယ်ဆေးရုံအုပ်ကြီးက
သဒ္ဒါအမျိုးအစား – ကတ္တားပုဒ်
ပြင်သင့်သည့်စကားလုံး – ဘုတလင်မြို့နယ်ဆေးရုံအုပ်ကြီးကို
ပြင်သည့်သဒ္ဒါအမျိုးအစား – ကံပုဒ်
ဝါကျအမှန် – တိုင်ကြားခံထားရသော ဘုတလင်မြို့နယ် ဆေးရုံအုပ်ကြီးကို စစ်ဆေးသည့် အခါ အမှန်တရား ပေါ်ပေါက်လာလိမ့်မည်ဟုပြော။
ဘာသာစကားတာဝန် – ရည်ညွှန်းတာဝန်၊ လူမှုအခြေပြုတာဝန်၊ ခံစားမှုပြုတာဝန်

သုံးသပ်ချက်

ဤတွင် 'တိုင်ကြားခံထားရသော ဘုတလင်မြို့နယ်ဆေးရုံအုပ်ကြီးက စစ်ဆေးသည့်အခါ အမှန်တရား ပေါ်ပေါက်လာလိမ့်မည်ဟုပြော' ဟုကတ္တားပုဒ်ဖြင့် ဖော်ပြထားသဖြင့် စာဖတ်သူများက ဆေးရုံအုပ်ကြီးက စစ်ဆေးမည်ဟုထင်မြင်နိုင်ပါသည်။ 'တိုင်ကြားခံထားရသော ဘုတလင်မြို့နယ် ဆေးရုံအုပ်ကြီးကို စစ်ဆေးသည့် အခါ' ဟုကံပုဒ်ကိုသုံးမှမှန်ပါမည်။

အဆိုပါဝါကျတွင် 'တိုင်ကြားခံထားရသော ဘုတလင်မြို့နယ် ဆေးရုံအုပ်ကြီး'ကို ရည်ညွှန်းသဖြင့် ရည်ညွှန်းတာဝန်၊ လူမှုအခြေပြုတာဝန်နှင့် ခံစားမှုပြုတာဝန် တို့ကိုတွေ့ရပါသည်။

ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် မျက်မှောက်ခေတ်သတင်းစာနှင့် ဂျာနယ်များတွင်တွေ့ရသော မြန်မာဝါကျဖွဲ့ပုံရှိအထားအသိုအမှားများကို လူမှုဘာသာဗေဒရှုထောင့်မှ (၁) လူမှုဘာသာဗေဒနှင့် ဝါကျ၏အခန်းကဏ္ဍ (၂) မျက်မှောက်ခေတ် မြန်မာသတင်းစာနှင့် ဂျာနယ်များတွင်တွေ့ရသော ဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများ လေ့လာချက်ဟု အပိုင်းနှစ်ပိုင်းခွဲ၍ လေ့လာတင်ပြခဲ့ပါသည်။

ထိုသို့တင်ပြရာတွင် မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ 7 Day Daily သတင်းစာ မြန်မာတိုင်းဂျာနယ်၊ ၇ ရက်သတင်းဂျာနယ်၊ Newsweek ဂျာနယ်၊News watch ဂျာနယ်တို့တွင်တွေ့ရသော အထားအသိုအမှားများကို လေ့လာတင်ပြခဲ့ပါသည်။ ဝါကျတွင်းရှိအမှားများကို ကြည့်လျှင်

(၁) နာမ်ပုဒ်ဖြုတ်ထားခြင်း (မိန့်ခွန်းတွင်)
(၂) နာမ်ပုဒ်နေရာများသုံးခြင်း (အမြန်လမ်းတွင် ဝါယာရှော့ဖြစ်)
(၃) ကံပုဒ်ကိုမြှုပ်ထားခြင်း (အမျိုးသမီးကို၊ ပုဂံဒေသကို၊ ကျောင်းသူကို)
(၄) ကံဝိဘတ် 'ကို' ကိုမြှုပ်ထားခြင်း (ရဲချုပ်ငါးဦး(ကို))
(၅) ကတ္တားပုဒ်ကို မြှုပ်ထားခြင်း (အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကျော်ထင်နှင့် နီပေါနိုင်ငံခြားရေး ဝန်ကြီးတို့က)
(၆) ဆိုက်ရောက်ရာပြဝိဘတ်(သို့)နှင့် ထွက်ခွာရာပြဝိဘတ်(မှ)မှားသုံးခြင်း
(၇) ထွက်ခွာရာပြဝိဘတ်(မှ)နှင့် နေရာပြဝိဘတ်(တွင်/မှာ) မှားသုံးခြင်း
(၈) ကတ္တားပုဒ်(ဘုတလင်မြို့နယ်ဆေးရုံအုပ်ကြီးက)နှင့်

ကံပုဒ်(ဘုတလင်မြို့နယ်ဆေးရုံအုပ်ကြီးကို)မှားသုံးခြင်း တို့ကိုတွေ့ရပါသည်။

အဆိုပါဝါကျတို့သည် လူမှုဘာသာဗေဒရှိ ဘာသာစကားတာဝန်တို့ကိုလည်း ထမ်းဆောင်နိုင်ကြောင်း တွေ့ရပါသည်။

မြန်မာသတင်းစာနှင့်ဂျာနယ်များမှ ဝါကျ(၁၂)ကြောင်းတွင်တွေ့ရသော ဘာသာစကားတာဝန် ရာခိုင်နှုန်းပြဇယား

စဉ်	ဝါကျ	ဘာသာစကားတာဝန်	ကြိမ်နှုန်း	ရာခိုင်နှုန်း
၁။	ဝါကျ(၁၂)ကြောင်းတွင်	ရည်ညွှန်းတာဝန်	၁၂	၁၀၀%
	တွေ့ရသော	ခံစားမှုပြတာဝန်	၈	၆၆.၆၇%
	ဘာသာစကားတာဝန်များ	ညွှန်ကြားတာဝန်	၆	၅၀%
		ဆက်သွယ်မှုပြတာဝန်	–	–
		လူမှုအခြေပြတာဝန်	၈	၆၆.၆၇%
		ဖွင့်ဆိုရှင်းပြတာဝန်	၄	၃၃.၃၃%
		ဖွဲ့နွဲ့ရှင်းပြတာဝန်	–	–



အထက်ပါဇယားအရ ဝါကျ(၁၂)ကြောင်းတွင် တွေ့ရသော လူမှုဘာသာဗေဒရှိ ဘာသာစကားတာဝန်များမှာရည်ညွှန်းတာဝန်၁၀၀%၊ ခံစားမှုပြတာဝန်နှင့် လူမှုအခြေပြတာဝန် ၆၆.၆၇%ညွှန်ကြားတာဝန် ၅၀% နှင့် ဖွင့်ဆိုရှင်းပြတာဝန် ၃၃.၃၃% တို့ကို တွေ့ရပါသည်။ အပြောစကားမဟုတ်သဖြင့် ဆက်သွယ်မှုပြတာဝန်နှင့် ဖွဲ့နွဲ့ရှင်းပြတာဝန်တို့ကို မတွေ့ရချေ။

အထက်ပါသတင်းစာများထဲမှ ဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများကိုကြည့်လျှင် သတင်းစာသားဝါကျအထားအသိုမှားယွင်းမှု (၄) ခုနှင့် သတင်းခေါင်းစဉ်ဝါကျအထားအသို မှားယွင်းမှု (၂)ခုတွေ့ရပါ

သည်။ အထက်ပါဂျာနယ်များထဲမှ ဝါကျအထားအသိုအမှားများကို ကြည့်လျှင် သတင်းစာသားဝါကျ အထားအသိုမှားယွင်းမှု (၁)ခုနှင့် သတင်းခေါင်းစဉ် ဝါကျအထားအသို မှားယွင်းမှု (၅)ခုတွေ့ရပါသည်။ သတင်းခေါင်းစဉ် ဝါကျအထားအသိုအမှားကို သုံးသပ်ကြည့်လျှင် အများအားဖြင့် အတိုချုပ်ရေးခြင်း ကြောင့် မှားကြောင်းတွေ့ရပါသည်။ ဝါကျအထားအသိုအမှားများကို ခြုံငုံသုံးသပ်ကြည့်လျှင် ဝိဘတ် နှင့်ပုဒ်အထားအသိုတို့မှားယွင်းမှု၊ မြုပ်ထားမှုနှင့် ဖြုတ်ထားမှုတို့ကြောင့် မှားကြောင်းတွေ့ရပါသည်။

သတင်းစာနှင့်ဂျာနယ်များထဲမှ ဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများကို စာဖတ် ပရိသတ်များ ဖတ်ပြီး၊ အနက်အဓိပ္ပာယ်ကောက်ယူမှု လွဲမှားနိုင်ပါသည်။ ထို့ပြင် လူမှုကွန်ယက် စာမျက်နှာတွင် ဝါကျ အမှားပါသော သတင်းစာ/ဂျာနယ်ကို ဓာတ်ပုံရိုက်တင်ပြီး ရယ်စရာဖြစ်စေ နိုင်သည့်အပြင် မြန်မာနိုင်ငံ တွင်နေသောမြန်မာဖြစ်ပြီး မြန်မာစာကို မြန်မာနားလည်အောင်မရေးနိုင်ဟု အထင်အမြင်သေးနိုင်ပါ သည်။

ထို့ကြောင့် သတင်းစာ/ဂျာနယ်များတွင်တွေ့ရသော ဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများကို သိမြင်ပြီး သတိထား ပြင်ဆင်ခြင်းအားဖြင့် ဝါကျအမှန်များကို အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ခြုံ၍ဆိုရလျှင် လူမှုဝန်းကျင်ရှိ သတင်းစာနှင့်ဂျာနယ်များတွင် ဝါကျဖွဲ့ရာ၌ ပုဒ်အထားအသို တို့ကို နေထားတကျအသုံးပြုခြင်းဖြင့် ဝါကျဖွဲ့ပုံမှန်ကန်ပြီး အနက်အဓိပ္ပာယ်ပြည့်စုံသည့် ဝါကျများကို လူတိုင်း နားလည်စွာ ဖတ်နိုင်ပါမည်။

နိဂုံး

ဤစာတမ်းတွင် မျက်မှောက်ခေတ်သတင်းစာနှင့် ဂျာနယ်များတွင်တွေ့ရသော မြန်မာဝါကျဖွဲ့ပုံရှိ အထားအသိုအမှားများကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြခဲ့ပါသည်။ ဝါကျအမှားကိုမြင်ပြီး အမှန်ပြင်ခြင်းအားဖြင့် မြန်မာ့ယဉ်ကျေးမှုစာပေ မပျောက်ပျက်စေရန် ထိန်းသိမ်းကြိုးပမ်းကြရပါမည်။

ကျမ်းကိုးစာရင်း

ကိုလေး။(၂၀၀၃)။***မြန်မာသဒ္ဒါ(ဘာသာဗေဒလေ့လာချက်)***။ပါရဂူဘွဲ့အတွက်တင်သွင်းသောကျမ်း၊ ရန်ကုန်တက္ကသိုလ်။

ခင်မင်၊မောင်(ခနဲဖြူ)။(၂၀၁၈)။ ***ဘာသာစာပေသုတေသနစာတမ်းများ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ချုံမမ။(၂၀၀၆)။***မြန်မာဘာသာစကားရှိ ဝါကျများ၏ အနက်အဓိပ္ပာယ်နှင့် အဆက်အစပ်သဘော***။
ပါရဂူဘွဲ့အတွက်တင်သွင်းသောကျမ်း၊ရန်ကုန်တက္ကသိုလ်။

ဖေမောင်တင်၊ဦး။(၁၉၆၃)။ ***အလယ်တန်း မြန်မာသဒ္ဒါ***။ ရန်ကုန်၊စာပေဗိမာန်။

မိုးမိုး။(၂၀၀၇)။ ***မြန်မာဝါကျများ၏အနက်အဓိပ္ပာယ်လေ့လာခြင်း***။ပါရဂူဘွဲ့အတွက်တင်သွင်း
သောကျမ်း၊ရန်ကုန်တက္ကသိုလ်။

မြန်မာစာအဖွဲ့။(၁၉၈၈)။ ***မြန်မာသဒ္ဒါအတွဲ(၃)***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။(၁၉၉၂)။ ***မြန်မာသဒ္ဒါအတွဲ(၂)***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်မြင့်ဦး၊ဒေါက်တာ။(၂၀၀၃)။***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ဒေါက်တာ။(၂၀၀၅)။***လူမှုဘာသာဗေဒသဘောတရား***။ရန်ကုန်၊ပညာတန်ဆောင် ပုံနှိပ်တိုက်။

Criper, C. & Widdowson H.G.(1975).***Sociolinguistics and Language Teaching***. Edinburgh

Course in Applied Linguistics. Vol.II.

Crystal, David.(2003). ***A Dictionary of Linguistics and Phonetics***.(5th edn.).Oxford:Black Well Publishing.

Finch, Geoffery.(2000). ***Linguistic Terms and Concepts.***Newyork: PALGRAVE.

Richards,Jack C.(1992).***Dictionary of Language Teaching and Applied Linguistics***.(2nd edn). England: Longman Group UK Ltd.

Wehmeier, Sally.(2000).***Oxford Advanced Learner's Dictionary***. Oxford: Oxford University Press.

Internet Reference

http://en.m.wikipedia.org>wiki>Sociolinguistics.htm

ကိုးကားသော မြန်မာသတင်းစာနှင့်ဂျာနယ်စာရင်း

မြန်မာ့အလင်းသတင်းစာ၊၁.၄.၂၀၁၆။

မြန်မာ့အလင်းသတင်းစာ၊၁.၂.၂၀၁၆။၇

မြန်မာ့အလင်းသတင်းစာ၊၂.၁၂.၂၀၁၆။

မြန်မာ့အလင်းသတင်းစာ၊ ၂၈.၂.၂၀၁၉။

7 Day Daily သတင်းစာ၊ ၁.၁၂.၂၀၁၈။

7 Day Daily သတင်းစာ၊၃.၁.၂၀၁၈။

မြန်မာတိုင်းဂျာနယ်၊ ၁၃.၆.၂၀၁၈။

ရက်သတင်းဂျာနယ်၊ ၆.၁၀.၂၀၁၇။

၇ ရက်သတင်းဂျာနယ်၊ ၃. ၁၀. ၂၀၁၈။

Newsweek ဂျာနယ်၊ ၂၀. ၁၀. ၂၀၁၆။

Newsweek ဂျာနယ်၊ ၂၁. ၉. ၂၀၁၇။

News watch ဂျာနယ်၊ ၂. ၆. ၂၀၁၈။

ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ သိမ့တ်ဖွယ်ဝေါဟာရများ

ဝင်းဝင်းခိုင်*

ဓာတမ်းအကျဉ်း

ဤစာတမ်းသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ သိမ့တ်ဖွယ်ဝေါဟာရများကို လူမှုဒေသိယရှုထောင့်မှ လေ့လာတင်ပြထားခြင်းဖြစ်သည်။ ရှေးယခင်က ရှင်ပြုပုံမှာ ဆရာတော်ထံတွင် သင်္ကန်းတောင်းရွတ်ဆိုပြီး သင်္ကန်းတောင်း၊ ဆံချသင်္ကန်းဝတ်ပေးပါသည်။ ထိုရိုးရှင်းသောရှင်ပြုပုံမှစ၍ ယခုခေတ်တွင် အဆောင်အယောင်၊ အခမ်းအနား၊ အတီးအမှုတ်များ၊ အကျွေးအမွေးစည်ခံမှုများ ချဲ့ထွင်အလှူပြုလာကြပါသည်။ ဤသို့သောရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ သိမ့တ်ဖွယ်ဝေါဟာရများကို တင်ပြရာတွင်အလှူပွဲများကို အလေ့လာခံအဖြစ်အသုံးပြုရပါသည်။ အလှူပွဲများတွင် ကိုယတိုင်တွေ့ကြုံပါဝင်ခြင်း၊ အခြားသူများအား တွေ့ဆုံမေးမြန်းဆွေးနွေးခြင်းဖြင့် အချက်အလက်များကို စုဆောင်းပါသည်။ စုဆောင်းရရှိသော ဝေါဟာရများကို အလှူစည်ခံသည့်နေရာတွင်သုံးသော ဝေါဟာရများ၊ အကျေးအမွေး စည်ခံခြင်း ဆိုင်ရာ ဝေါဟာရများ၊ ရှင်လောင်းလှည့်ခြင်းဆိုင်ရာ ဝေါဟာရများ၊ ဘိသိက်မြှောက်ခြင်းဆိုင်ရာ ဝေါဟာရများ၊ ရှင်မည်ခံပွဲဆိုင်ရာ ဝေါဟာရများနှင့် အထွေထွေဝေါဟာရများ ဟူ၍ခွဲခြား တင်ပြထား ပါသည်။ အခေါ်ဝေါဟာရများ တိုးပွားလာကြောင်းကို ဗဟုသုတဖြစ်ဖွယ်သိရှိစေပြီး အလှူပြုရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ – *အလှူ၊ ရှင်ပြု၊ နားသ၊ မောင်ရှင်လောင်း၊ ရေစက်ချ*။

နိဒါန်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည် သာသနာ့အမွေကိုခံယူရန် သား၊ မြေး၊ မြစ်တို့ကိုရှင်ပြုပြီး သမီး၊ မြေး၊ မြစ်တို့ကို နားထွင်းမင်္ဂလာ ပြုလုပ်ပေးကြပါသည်။ မြတ်စွာဘုရားရှင်လက်ထက် ကပင် သားတော်ရာဟုလာကို သာသနာ့အမွေသာမဏေ ဝတ်ပေးခဲ့ပါသည်။ ထို့နောက်အာသောကမင်းလက်ထက်တွင် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းရှစ်သောင်း လေးထောင်နှင့် လမ်းဖောက်၊ တံတားဆောက်စသည့် အမှုကစ္စတို့ပြုလုပ်ခဲ့ပါသည်။ ထိုသို့သောလုပ်ဆောင်ချက်များဖြင့် "သာသနာ့အမွေကို ခံထိုက်သူ"[၁] ဟု မှတ်တမ်းတင်ပြီး ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်အား မေးမြန်းရာ မိမိရင်နှစ်သည်းချာ သားသမီးတို့ကို ရဟန်းပြုသူများသာ သာသနာ့အမွေခံထိုက်သည်ဟု လမ်းညွှန်ပါသည်။ သို့ကြောင့် "သီရိဓမ္မာသောကမင်းကြီးသည် အိမ်ရှေ့မင်းလောင်းလျာ သားတော်မဟိန္ဒအား သူ့ဆန္ဒအလျောက် ရဟန်းပြုခွင့်ပေးခြင်းဖြင့်လည်းကောင်း၊ သမီးတော်သင်္ဃမိတ္တာအား သာမဏေရီပြုပေးခြင်းဖြင့်လည်းကောင်း သာသနာ့အမွေကိုခံယူတော်မူခဲ့"[၂] ပါသည်။ ရှင်ပြုနားသအလှူတော် မင်္ဂလာများသည် ရှေးအစဉ်အဆက်မှ ယနေ့တိုင်တည်မြဲနေခဲ့ပါသည်။ ရှင်ပြုနားသအလှူတော်မင်္ဂလာ ကျင်းပပုံမှာ တစ်နယ်နှင့် တစ်နယ်မတူညီကြပါ။ ယနေ့ခေတ်တွင် ရှင်ပြုနားသအလှူတော်မင်္ဂလာကို အလှူရှင်တို့တတ်နိုင်လျှင် တတ်နိုင်သလောက် ချဲ့ထွင်လှူလာကြပါသည်။ ယခုတင်ပြသည့် သုတေသန စာတမ်းမှာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်နှင့် ၎င်းအနီးဝန်းကျင် ကျေးရွာများ၏

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ကျိုင်းတုံတက္ကသိုလ်။
[၁] ဝိသုတာဘိဝံသ၊ အသျှင်၊ ၂၀၁၁၊ ၆။
[၂] အောင်သိန်း၊ ဆင်ဖြူကျွန်း၊ ၂၀၀၉၊ ၁၉၀–၁၉၁။

အလှူပြုပုံကို လေ့လာ၍တင်ပြထားသော ဝေါဟာရများဖြစ်ပါသည်။ ထိုသို့တင်ပြခြင်းဖြင့် ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ ဝေါဟာရများကို ဗဟုသုတဖြစ်ဖွယ် သိရှိစေမည်ဖြစ်ပါသည်။

လူမှုဒေသိယ

ဒေသိယတွင် "ဒေသအလိုက် ကွဲပြားသည့် ဒေသဒေသိယ၊ လူမှုအခြေအနေအလိုက် ကွဲပြားသည့် လူမှုဒေသိယ"[၈] ဟူ၍ အဓိကအမျိုးအစား နှစ်ရပ်ရှိသည်။ ထို့ပြင် အချိန်ကာလအလိုက် ကွဲပြားသည့် ကာလဒေသိယ၊ လူတစ်ဦးချင်းစီ၏ ပုဂ္ဂလအလေ့အလိုက် ကွဲပြားသည့်ပုဂ္ဂလဒေသိယ၊ လူတစ်ဦးတည်း ကပင် လူမှုအခြေအနေအမျိုးမျိုးအလိုက် ကွဲပြားသည့် ပုဂ္ဂလဟန်တို့သည်လည်း ဘာသာစကားတစ်ခု၏ အသွင်ကွဲများ ဖြစ်ပါသည်။

လူမှုဒေသိယဟူသည် "လူမှုအခြေအနေအရပ်ရပ်ကြောင့် ဖြစ်ပေါ်လာသော ဘာသာစကား အသွင် ကွဲ"[၂]ကို ခေါ်ပါသည်။ "လူမှုအခြေအနေအရပ်ရပ်နှင့်ဆိုင်သည့် အမျိုးမျိုးသော အကြောင်းခံများကြောင့် လည်း လူမှုဒေသိယများ ဖြစ်ပေါ်နိုင်သည်"[၃]။ လူမှုဆိုင်ရာ အကြောင်းရင်းခံများမှ ယဉ်ကျေးမှုနောက်ခံနှင့် ဘာသာရေးတို့ကြောင့် လူမှုဒေသိယများ ဖြစ်ပေါ်လာပါသည်။

၁။ အလှူဧည့်ခံသည့်နေရာတွင် သုံးသော ဝေါဟာရများ

တေးဂီတစက်

တေးဂီတစက်ဟူသည် တေး–"သီချင်း"[၄]နှင့် ဂီတ–"သီချင်း(ပါ၊ ဂီတ)"[၅]ဟူသောဝေါဟာရနှစ်ခုကို အင်္ဂလိပ်စကားစက်(Machine) ဖြင့်ပေါင်းထားခြင်း ဖြစ်သည်။ အသံချဲ့စက်ဟုလည်း ခေါ်သည်။ Sound Boxes များနှင့်ချိတ်၍ တေးသီချင်းများဖွင့်သောစက် ဖြစ်ပါသည်။ အလှူကြီးမတိုင်ခင် တရားပွဲနေ့ မနက်ခင်းတွင်ရောက်ရှိပြီး အလှူရေစက်ချ၊ ရှင်မည်ခံပွဲ ပြီးသည်အထိဖွင့်၍ ဧည့်ခံပေးပါသည်။

ပန္နက်ရိုက်

ပန္နက်သည် "အဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ဦးစွာစိုက်သော ငုတ်(မွန်၊ တ္နက်)"[၆] ဖြစ်သည်။ ထို့ကြောင့် ပန္နက်ရိုက်ဟူသည် မဏ္ဍပ်ဆောက်လုပ်မည့်နေရာ သတ်မှတ်ခြင်း ဖြစ်ပါသည်။ အလှူရက်နှင့် မဏ္ဍပ်ဆောက်လုပ်မည့်ရက် ရေးပြီးနောက် မဏ္ဍပ်နေရာသတ်မှတ်ကြသည်။ မဏ္ဍပ် ဆောက်ရန်မည်သည့်အချိန်၊ မည်သည့်နေ့သားက မည်သည့်အရပ်တွင် နေရမည်ဟူ၍ရွေးချယ်ပြီး ကြိုးတန်းကာ တစ်ဖက်ချွန် ဝါးတံကလေးများ ရိုက်၍ နေရာမှတ်ပါသည်။

ဘုရားခန်း

"သစ္စာလေးပါးကို အလိုလိုသိသည့် ပုဂ္ဂိုလ်မြတ်။ ဘုရားဆင်းတုတော်၊ စေတီ၊ ပုထိုးစသည်"[၇] တို့ကိုဘုရားဟု ခေါ်ဆိုသည်။ ထိုကြောင့် ဘုရားခန်းဟူသည် အလှူမဏ္ဍပ်အတွင်းတွင ဘုရားအား ပူဇော်ထားရှိသည့်နေရာဖြစ်ပါသည်။ သစ်သားခုံစင် အမြင့်ကလေးပေါ်တွင် ဘုရားပန်းအိုး၊ ပန်းအခြောက်

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၃၆။
[၂] –ယင်း–၊ ၄၁။
[၃] –ယင်း။
[၄] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၄၇။
[၅] –ယင်း–၊ ၇၆။
[၆] –ယင်း–၊ ၂၂၅။
[၇] –ယင်း–၊ ၂၅၇။

အိုးများ၊ ပန်းဖလားများ၊ ရောင်စုံမီးကြိုး လေးများ၊ သစ်သီးမျိုးစုံ၊ ဆွမ်း၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်ပါသည်။ မဏ္ဍပ်၏ အရှေ့ဘက်ခြမ်း(သို့မဟုတ်) တောင်ဘက်ခြမ်း ခေါင်းရင်းပိုင်းတွင် ထားလေ့ရှိပါသည်။

မဏ္ဍပ်

မဏ္ဍပ်သည် "(ပါဠိ) မဏ္ဍပ"[၁]မှ ဆင်းသက်လာပြီး "လူအများစုဝေးရာ၌ နေပူကိုကာကွယ်ရန် ဆောက်လုပ်ထားသော အဆောက်အအုံ"[၂]ဖြစ်သည်။ ရှင်ပြုနားသ အလှူတော် မင်္ဂလာပွဲသို့ ကြွရောက်လာသော ဧည့်ပရသတ်များအား ဧည့်ခံရာနေရာဖြစ်ပါသည်။

ရှင်လောင်းစင်

ရှင်လောင်းသည် "ရှင်ပြုမည့်ဆဲဆဲ သူငယ်"[၃] ဖြစ်သည်။ စင်သည် "တင်ရန်၊ တက်ရန် ခပ်မြင့်မြင့် ပြုလုပ်ထားသော အပြင်အပြန့်"[၄]ဖြစ်သည်။ ရှင်လောင်းစင်မှာ မဏ္ဍပ်အတွင်း မောင်ရှင်လောင်းနှင့် နားဖောက်သည်များထိုင်ရန် ပြုလုပ်ထားသောနေရာဖြစ်ပါသည်။ မဏ္ဍပ်၏အရှေ့ဘက်(သို့မဟုတ်) တောင်ဘက်တွင်သစ်သားဖြင့် နှစ်ထပ်စင်ပြုလုပ်ထားပြီး ဖဲရောင်စုံလိုက်ကာများချထားပါသည်။ နောက်ခံတွင် အလှူဒါယကာ၊ အလှူဒါယိကာမတို့၏အမည် စာလုံးများကို ပုံဖော်ဆေးခြယ်ကာကပ် ထားပါသည်။

လှူရန်ပစ္စည်း

လှူကို "ပေးကမ်းသည်။ ဒါနပြုသည်"[၅] ဟု ဖွင့်ဆိုထားသည်။ ပစ္စည်းသည် "အသုံးအဆောင် အရာဝတ္ထု"[၆] ဖြစ်သည်။ ထို့ကြောင့် လှူရန်ပစ္စည်းမှာ အလှူတွင် ပင့်ဖိတ် ထားသော သံဃာတော်များအား လှူဒါန်းရန် ပစ္စည်း၊ ဝတ္ထုတို့ဖြစ်ပါသည်။ ပိုက်ဆံကိုယပ်တောင်တွင် ခေါက်ကပ်ထားသော ငွေယပ်တောင်များ၊ ငွေကြာပွင့်ကြာခိုင်များ စသည်တို့ပြုလုပ်၍ အလှူဝတ္ထုငွေများလှူကြပါသည်။ အလှူရှင်တို့၏ ငွေကြေးတတ်နိုင်သည့်အပေါ် မူတည်၍ သင်္ကန်းပရိက္ခရာ(၈)ပါး၊ ဆန်အိတ်၊ ဆီပုံး၊ ဆေး၊ စောင်၊ ဆပ်ပြာ စသည်ဖြင့် လှူကြ ပါသည်။ အလှူပစ္စည်းများကို ဘုရားခန်းအနီး မဏ္ဍပ်အတွင်း ထားပါသည်။ အချို့ကလည်း အလှူပစ္စည်းများကို ပဒေသာပင် သီးကြပါသည်။

သံဃာစင်

အလှူမဏ္ဍပ်အတွင်း သံဃာတော်များထိုင်ရန် ပြုလုပ်ထားသောစင်ဖြစ်ပါသည်။ အလှူတွင် ပင့်ဖိတ်ထားသော သံဃာတော်များထိုင်ရန် သစ်သားပြားခင်း၍ ပြုလုပ်ထားခြင်းဖြစ်ပါသည်။ ယခုအခါ မဏ္ဍပ်အတွင်း သံဃာစင်များ မထားတော့ဘဲ ရေစက်ချတရားနာချိန်တွင်မှ တန်းလျားများ၊ ကုလားထိုင်များ တန်းစီချထားပါသည်။

---

[၁] ထွန်းမြင့်၊ ဦး၊ ၂၀၁၆၊ ၂၅၈။
[၂] –ယင်း–။
[၃] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၃၂၂။
[၄] –ယင်း–၊ ၁၀၆။
[၅] –ယင်း–၊ ၃၄၉။
[၆] –ယင်း–၊ ၂၂၃။

အလှူဧည့်ခံဆိုင်း

အလှူကို "ပေးကမ်းစွန့်ကြဲခြင်း။ ရဟန်းခံ၊ ရှင်ပြုစသည့် မင်္ဂလာအခမ်းအနား"[၈]ဟု ဖွင့်ဆိုထားသည်။ ဆိုင်းသည် "ကြေး၊ သားရေ၊ လေ၊ လက်ခုပ် တူရိယာများပါဝင်သော အတီးအမှုတ် ဝိုင်း"[၂] ဖြစ်သည်။ ထို့ကြောင့်အလှူဧည့်ခံဆိုင်းမှာ အလှူပွဲသို့ ကြွရောက်လာသော ဧည့်ပရိသတ်အား ဧည့်ခံသည့် မြန်မာ့ဆိုင်းဝိုင်း ဖြစ်ပါသည်။ မှန်စီရွှေချထားသော ဆိုင်းဝိုင်းကြီး၊ ကြေးဝိုင်း၊ မောင်းဝိုင်း၊ ပတ်မချောင်၊ လင်းကွင်းအုပ်စုံတီး၊ နှ၊ ဝါးလက်ခုပ်၊ စည်းနှင့်ဗြောက်ဟူသည့် တူရိယာစုံတီးမှုတ်ခြင်းဖြစ်ပါသည်။ ဧည့်ခံဆိုင်းသည် အလှူဝင်နေ့ညတွင် ခေတ်လူငယ်အကြိုက် ဆိုင်းတီးဧည့်ခံပြီး နောက်ပိုင်းတွင် လူကြီးများအကြိုက် ဗလာဆိုင်းဖြင့်ဧည့်ခံပါသည်။ အလှူကြီးနေ့ နံနက်ပိုင်းတွင်လည်း ဧည့်ခံပြီးနေ့လယ်ပိုင်းတွင် ဘိသိက်နှင့်တွဲ၍ ဧည့်ခံပါသည်။

၂။ အကျွေးအမွေးဧည့်ခံခြင်းဆိုင်ရာ ဝေါဟာရများ

ကုလားပဲနှပ်

ကုလားပဲသည် "(ဆင်ခေါင်းသဏ္ဌာန်) အညိုရောင် အစေ့ခွံပါသော သီးတောင့်များသီးသည့် ပဲပင်တစ်မျိုး"[၃] ဖြစ်သည်။ ကုလားပဲနှပ်ကို ပဲကြော်၊ ပဲနှပ်ဟုလည်းခေါ်ပါသည်။ ကုလားပဲကိုနူးအိနေအောင် ပြုတ်၍ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဂျင်းနှင့်ဆီသတ်၍ ပြန်နှပ်ထားခြင်းဖြစ်ပါသည်။ အလှူပွဲတိုင်း လိုလိုပင် ကျွေးမွေးပါသည်။

ငရုတ်သီးကြော်

ငရုတ်သည် "ပူစပ်သော အသီးတောင့်သီးသည့် အပင်ငယ်တစ်မျိုး"[၄] ဖြစ်သည်။ ငရုတ်သီးကြော်သည် ထိုငရုတ်ပင်မှရရှိသော ငရုတ်သီးခြောက်အမှုန့်ကို ကြက်သွန်နီ၊ ငါးပိအနည်းငယ်တို့ဖြင့်ကြော်ထားခြင်းဖြစ်ပါသည်။

ငါးခြောက်ချက်

ငါးခြောက်သည် "ခွဲစိတ်၍ ဆားနယ်ကာ အခြောက်လှန်းထားသောငါး"[၅] ဖြစ်သည်။ ငါးခြောက်ချက်မှာ စိန်ငါးရောင် ငါးခြောက်အမျိုးအစားကိုရွေး၍ အတုံးလိုက်ချက်ခြင်း ဖြစ်ပါသည်။ ငါးခြောက်ပြား၏ အလယ်ရိုးကိုဖယ်၍ အသားအတုံးများကို အင်နှုတ်၊ ဆီနှင့်ကြော်ပြီးမှ ကြက်သွန်နီ၊ နှံ့ဆီ၊ နှံ့စိမ်း၊ မြေပဲဆံ၊ ဒိန်ခဲနှင့်ရောရ၍ ချက်ကြသည်လည်းရှိပါသည်။

ငါးပေါင်း

ငါးသည် "ပါးဟက်ရှိ၍ များသောအားဖြင့် အကြေးခဖုံးအုပ်နေပြီးလျှင် ရေယက်ဖြင့်သွားလာသောကျောရိုးပါ ရေနေသွေးအေးသတ္တဝါ"[၆] ဖြစ်သည်။ ထိုငါးကို စားသုံးနိုင်ရန် ပေါင်းထားသောဟင်းမှာ ငါးပေါင်း ဖြစ်ပါသည်။ ငါးကြင်းဖြူ(သို့မဟုတ်) ငါးအုံတုံကို လက်လေးလုံးခန့်၊ လက်လေးလုံးသာသာ အတုံးကြီးကြီးတုံး၍ ဆန္ဒင်း၊ ဆား၊ အချိုမှုန့်၊ သံပုရာရည်၊ ရှာလကာရည်၊ ဂျင်း၊ ကြက်သွန်ဖြူတို့ဖြင့်

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၄၂၃။
[၂] –ယင်း–၊ ၁၂၅။
[၃] –ယင်း–၊ ၉။
[၄] –ယင်း–၊ ၈၁။
[၅] –ယင်း–၊ ၈၂။
[၆] –ယင်း–။

နယ်ထားပြီး ဒန်အိုးအကြီးကြီးတွင်အောက်မှ စပါးလင်များခံကာရေထည့်ပြီး ငါးရိုးနူးသည်အထိပေါင်းခြင်း ဖြစ်ပါသည်။

ညကျွေး

ညကို "နေဝင်မှ နေထွက်ထိအချိန်"[၁] ဟု ဖွင့်ဆိုထားသည်။ ညကျွေးမှာ အလှူကြီး နေ့မတိုင်ခင် ရှင်လောင်းလှည့်သည့် အလှူဝင်နေ့ညနေတွင် ကျွေးမွေးဧည့်ခံသော ထမင်းဟင်း ဖြစ်ပါသည်။ ပဲဟင်းချို၊ အချဉ်၊ ငရုတ်သီးကြော်တို့ဖြင့် ကျွေးမွေးပါသည်။ ငွေကြေးတတ်နိုင်သော အလှူရှင်များမှာ ညကျွေးတွင် ပုဇွန်ခြောက်၊ ငါးခြောက်များပါ ချက်ကျွေးကြပါသည်။ အချို့ကကျောက်ဖရုံသီးနှင့် ဝက်သား၊ ဝက်ရိုးများ ရောကျို၍ သားပြွမ်းဟင်းလည်း ကျွေးပါသည်။

ထမင်းစားလက်မှတ

ထမင်းသည် "ဆန်ကို ချက်ထားသည့်စားဖွယ်"[၂] ဖြစ်သည်။ လက်မှတ်သည် "တစ်စုံတစ်ခုသော အခွင့်အရေးရှိကြောင်း အသိအမှတ်ပြုသည့် စက္ကူ၊ ကတ်ပြားစသည်"[၃]တို့ ဖြစ်သည်။ ထို့ကြောင့် ထမင်းစားလက်မှတ်မှာ အလှူလာသည့် ဧည့်သည်များအား မဏ္ဍပ် ပေါက်တွင် ကမ်းလိုက်သောလက်မှတ် ဖြစ်ပါသည်။ ထမင်းစားလက်မှတ်ကို ပန်းရောင်၊ အပြာ ရောင်၊ အစိမ်းရောင်၊ အဝါရောင် စသည်ဖြင့် အရောင်များ ခွဲခြားထားပါသည်။ မဏ္ဍပ်အတွင်းမှ ဧည့်သည်များအား "ပန်းရောင်လက်မှတ် ကိုင်ဆောင်ထားသများ၊ ထမင်းစားကြွရန် ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျာ"ဟူ၍ တာဝန်ယူထားသူတစ်ဦးမှ ပန်းရောင်ယပ်တောင်လေးကို ကင်မြှောက်ပြီး ထမင်းစားဖိတ်ပါသည်။ ထိုအခါမှ ပန်းရောင်လက်မှတ်ကိုင်ထားသူများက အသင့်ပြင်ထားသော ထမင်းရုံတွင်ဝင်စားကြပါသည်။ နောက်တစ်ကြိမ် အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်စသည်ဖြင့် ထမင်းရုံများသို့ဖိတ်၍ ကျွေးမွေးကြပါသည်။ ထမင်းရုံမဆန့်၍ မစားရသည့်သူလည်းမရှိ၊ နောက်မှရောက်ပြီး အရင်စားရတာမျိုးလည်းမဟုတ်၊ အလှည့်ကျကျွေးမွေးဧည့်ခံပါသည်။

ထမင်းရုံ

ရှင်ပြုနှားသအလှူတော် မင်္ဂလာပွဲသို့လာသော ဧည့်သည်များအား ကျွေးမွေးရန်နေရာဖြစ်ပါသည်။ ကျေးရွာများမှ ထမင်းရုံများကို စားပွဲ၊ ထိုင်ခုံများချထားပြီး ဘေးဘက်များတွင် ဝါးလုံးများ၊ ရာဇမတ်ကွက်များဖြင့် ကာတန်းထားပါသည်။ မိမိရပ်ကွက်၊ ကျေးရွာမှထမင်းရုံများအပြင် အခြားရပ်ကွက်၊ ကျေးရွာများမှ ထမင်းရုံများကို ငှားရမ်းရပါသည်။

ပလောချက်

ပုစွန်ခြောက်ကို ကြက်သွန်နီနှင့် ချက်ထားသောဟင်း ဖြစ်ပါသည်။ အလှူရှင်တို့ တတ်နိုင်သည့်အပေါ် မူတည်၍ ပုစန်ခြောက်အကောင် အကြီးအသေးအလိုက်ဝယ်၍ အငန်ရည်နူတ်ပြီး ကြက်သွန်နီနှင့် ချက်ထားခြင်း ဖြစ်ပါသည်။ ပုစွန်ခြောက်ကို ပလောချက်ဟုခေါ်၍ ပလောကျွေးဟု ပြောကြပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၃၆။
[၂] –ယင်း–၊ ၁၆၅။
[၃] –ယင်း–၊ ၃၃၈။

ပဲဟင်းချို

ပဲသည် "အသီးအစေ့စားရသော အသီးတောင့်သီးသည့် အပင်မျိုး"[၁] ဖြစ်သည်။ ပဲဟင်း ချိုမာ ကုလားပဲကိုပြုတ်ကာ ထောင်းခေ၍ရရှိသော အနှစ်ကိုဟင်းရည်ချက်ခြင်း ဖြစ်ပါသည်။ အလှူပဲဟင်းကို သံဒယ်၊ သတ္တုဒယ်ကြီးများနှင့် ချက်ကြပါသည်။

မှန်ရောင်ဟင်းချို

မှန်ကို "ကြည်လင်သော ဖန်သားအချပ်"[၂]ဟု ဖွင့်ဆထားသည်။ ထို့ကြောင့် မှန်ရောင်ဟင်းချမှာ ကြည်လင်နေသည့် ဟင်းချိုရည်ဖြစ်ပါသည်။ ဂျင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ ဆား၊ အချိုမှုန့်၊ တရုတ်နံနံတို့နှင့်သာ ချက်ထားခြင်း ဖြစ်ပါသည်။

ရုံပြန်

ရုံကို "အဆောက်အအုံ"[၃]ဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် ထမင်းစားသုံးရသော အဆောက်အအုံကို ထမင်းရုံဟုခေါ်ပါသည်။ ထိုထမင်းရုံမှ ပြန်ယူလာသော ထမင်းနှင့်ဟင်းများမှာမူ ရုံပြန်ဖြစ်ပါသည်။ ထမင်းရုံတွင် ထမင်းကျွေးပြီး၍ ထမင်းဝိုင်းများမှကျန်သော ထမင်း၊ ဟင်းများကို တူရာစုပြီး အလှူအိမ်သို့ ပြန်ပို့သော ထမင်း၊ ဟင်းများ ဖြစ်ပါသည်။ ပိုလျှံ သည်များကို ရုပ်နီး၊ ရုပ်ဝေး၊ ဆွေမျိုး၊ မိတ်ဆွေ၊ ကူညီလုပ်ကိုင်သူများကို ဝေငှပေးကြပါသည်။

ဝက်သားဗလာကျွေး

ဝက်ကို "အဆီများ၍ အခေါက်ထူသော ခြေလေးချောင်း နို့တိုက်သတ္တဝါတစ်မျိုး"[၄]ဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် ဝက်သားဗလာကျွေးဟူသည် ဝက်သားကို အရောအနှောမပါ အချိုချက်၍ ကျွေးခြင်းဖြစ်ပါသည်။ လူအများစာကျွေးရန် ဒယ်အိုးအကြီးကြီးများနှင့် ချက်သည့် အိုးကြီးနှပ်ချက် ဖြစ်ပါသည်။

ဟင်းလေးချက်

ဟင်းလေးသည် "ဟင်းအမျိုးမျိုးကို အရသာလေးအောင် ရောကျိုထားသောဟင်း"[၅] ဖြစ်သည်။ ဝက်သားကို သရက်သီးခြောက် စသည်ဖြင့် ရောချက်ထားသောဟင်း"[၅] ဖြစ်သည်။ ဝက်သားကို သရက်သီးခြောက်၊ ဇီးဖြူသီးခြောက်၊ ဖန်ခါးသီးခြောက်များ ထည့်ရောချက်ထားခြင်းဖြစ်ပါသည်။ အရောင်မှာ မည်းတူးတူးဖြစ်ပါသည်။

အချိုပွဲ

အချိုပွဲသည်"တည်ခင်းထားသောမုန့်၊ သစ်သီးစသည်စားဖွယ်"[၆]ဖြစ်သည်။ အလှူပွဲသို့လာရောက်သော ဧည့်သည်များအား ဧည့်ခံသောမုန့်များဖြစ်ပါသည်။ ရေနွေးကြမ်း၊ လက်ဖက်သုပ်တို့နှင့်အတူ ဆန္ဒင်းမကင်း၊ ထိုးမုန့်၊ ကျောက်ကော၊ ချစ်တီးလုံး၊ နာနတ်ယို၊ ထမနဲစသည်တို့ကို အလှူရှင်တတ်နိုင်သည့်အပေါ် မူတည်၍ လေးမျိုးငါးမျိုး ဧည့်ခံကျွေးမွေးပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၁၆။
[၂] –ယင်း–၊ ၂၉၅။
[၃] –ယင်း–၊ ၃၁၈။
[၄] –ယင်း–၊ ၃၆၀။
[၅] –ယင်း–၊ ၃၉၄။
[၆] –ယင်း–၊ ၃၉၉။

အချဉ်သုပ်

အချဉ်သုပ်ကို ပဲတီချဉ်(သို့မဟုတ်) သရက်ချဉ်(ဓားပေါက်ချဉ်)ကို ကြက်သွန်နီပါးပါးဖြင့် နယ်၍ သုပ်ထားခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ သရက်ခဉ်ကို ငှက်ပျောဖူးပါ ထည့်သုပ်ပါသည်။

၃။ ရှင်လောင်းလှည့်ခြင်းဆိုင်ရာ ဓေါဟာရများ

ကံဆောင်အိုး

လည်ပင်းသိမ်သော နှုတ်ခမ်းအနားလုံး မြေအိုးအသေး(တာအိုး)တွင် ရေထည့်ထားသော အိုး ဖြစ်ပါသည်။ ကံဆောင်အိုးနှုတ်ခမ်းကို ငှက်ပျောဖက်ခေါက်လေးများကို အပ်ချည်နှင့်တွဲသီပြီး ပတ်ထား ပါသည်။ အိုးအဝပေါ်မှ စေတီပုံပြုလုပ်ကြပြီး ထားတော်များတပ်ကြပါသည်။ အချို့မှာအိုးပေါ်တွင် စေတီပုံ မလုပ်တော့ဘဲ အိုးထဲတွင်ပန်းအစိ၊ ပန်းအခြောက်များ ထိုးကြပါသည်။ ကံဆောင်အိုးကို "အလုံးစုံသော ကံတို့၏ကုန်ခြင်းကို ပြုတတ်သော မဂ်လေးပါးကိုရခြင်း၏ ပုဗ္ဗနိမိတ်ကိုအကြောင်းပြု၍ ကံဆောင် အိုးလေးလုံး"[၆] ပြုလုပ်ကြပါသည်။ အချို့မှာအပျိုများသဖြင့် ကံဆောင်အိုး (၆)လုံး၊ (၈)လုံး ပြုလုပ်ကြပါ သည်။

ကွမ်းတောင်

ကွမ်းတောင်သည် "ကွမ်းထည့်သည့် ကလပ်တစ်မျိုး။ ကွမ်းအစ်တင်ထားသော ကလပ်တစ်မျိုး"[၂] ဖြစ်သည်။ သစ်သားကလပ်(သို့မဟုတ်) ရွှေရည်သုတ် သစ်သားကလပ်ပေါ်တွင် ငှက်ပျောဖက်ခေါက်လေး များကို အပ်ချည်ကြိုး၊ တဲစပ်တို့ဖြင့်တဲ၍ ပြုလုပ်ထားသော ပစ္စည်းများဖြင့် စုပေါင်းချည်နှောင်ထား သောအရာ ဖြစ်ပါသည်။ ကွမ်းတောင်ကို ကလပ်၏အောက်ဆုံးမှ အထက်သို့ဆင့်လျှင် ကြာမှောက်၊ ကွေးထောက်ကုံး၊ ကြာလှန်၊ ကြာလှန်အောက်မှ အပေါ်သို့ထောင်၍ နတ်လမ်း(၃)ခု၊ စိန်တောင်အပြား (၃)ခု၊ ကြာလှနပေါ်တွင် ငှက်ပျောလက်ရိုးထည့်ပတ်ထားသော စေတီ၊ စေတီဘေးတွင် မုခ်ပေါက်၊ စေတီပေါ်မှ ကလပ်၊ ကလပ်ပေါ်မှ ဖောင်းရစ်၊ ဖောင်းရစ်ပေါ်မှ ထီးတော်၊ ထီးတော်ပေါ် စိန်ဖူးတပ်ပါ သည်။ စိနဖူးတော်ကို ခါကြက်ဥနှင့် လုပ်ပါသည်။ ယခင်က ရွှေဖရုံသီးနှင့် လုပ်ပါသည်။ ကွမ်းတောင်ကို ကလပပေါ်တွင်မြဲစေရန် ရောင်စုံချည်ကြိုးများနှင့် ရစ်ပတ်ချည်နှောင်ရပါသည်။ ထို့နောက်မှ ကွမ်းတောင် ပတ်လည်တွင် ထီးရံ(၃) ခု၊ ကွမ်းရွက်ငှက်ရုပ် (၃)ခု၊ စကားဝါဖူး(၃)ခုနှင့် ပန်းပွင့်များကို ထိုးစိုက်ကြပါ သည်။

ကွမ်းတောင်ကိုင်

ကွမ်းတောင်ကိုင်သည် "ရှင်လောင်းလှည့်ရာတွင် ကွမ်းတောင်ကိုကိုင်၍ လိုက်ရသည့်အမျိုးသမီး"[၃] ဖြစ်သည်။ ကွမ်းတောင်ကိုင် အပျိုရွေးရာတွင် ရုပရည်ချောမောပြေပြစ်သူ၊ မိစုံဖစုံရှိသူတို့ကိုရွေးကြရပါ သည်။

---

[၁] အောင်ချိန်၊ သခင်၊ သာယာဝတီ၊ ၁၉၇၈၊ ၃၈၆။
[၂] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၄၃။
[၃] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၄၃။

စည်တော်ကြီး

စည်သည် "သစ်သားခေါင်းပေါက်ဝကို သားရေကြက်၍ တီးခတ်ရသောတူရိယာ"[၁] ဖြစ်သည်။ စည်တော်ကြီးသည် အလှူလှည့်ရာတွင် စည်တီး၍သဆိုကပြ ဖျော်ဖြေသောအဖွဲ့ ဖြစ်ပါသည်။

ဆင်နှင့်လှည့်

ဆင်သည် "နှာမောင်းကို လက်ကဲ့သို့အသုံးပြုနိုင်သော အစွယ်ပါသည့် ခြေလေးချောင်း တိရစ္ဆာန်ကြီး"[၂]ဖြစ်သည်။ ဆင်နှင့်လှည့်ဟူသည် မောင်ရှင်လောင်းကို ဆင်ပေါ်တင်လှည့်ခြင်း ဖြစ်ပါသည်။ အလှူလှည့်ရာတွင် ငွေကြေးတတ်နိုင်သော အလှူရှင်တို့က ဆင်ငှား၍သားမောင် ရှင်လောင်းအား ဆင်ပေါ်တင်လှည့်ခြင်း ဖြစ်ပါသည်။

တေးဂီတ

တေးဂီတသည် တေး–"သီချင်း"[၃]နှင့် ဂီတ–"သီချင်း(ပါ၊ ဂီတ)"[၄] ဟူသော ဝေါဟာရနှစ်ခုကို ပေါင်းထားခြင်း ဖြစ်သည်။ အလှူလှည့်ရာတွင် တေးသီချင်းများ သီဆိုဖျော်ဖြေရသော အဖွဲ့ဖြစ်ပါသည်။ ကားဖြင့်လှည့်၍ ကားကိုပတ်ချာလည် တန်ဆာဆင်ထားပါသည်။

တံခွန်လုံးကိုင်

တံခွန်လုံးသည် "အဝတ်ဖြင့် ဝါးလုံးသဏ္ဌာန် လုပ်ထားသောတံခွန်"[၅] ဖြစ်သည်။ အလှူ လှည့်ရာတွင် တံခွန်လုံးကိုင်ရသော မိန်းမပျိုလေးများ ဖြစ်ပါသည်။ တံခွန်လုံးကို အဝါရောင်ပိတ်စ (သို့မဟုတ်) ပိုးဖဲသားအတွင်းတွင် ဝါးကရွတ်ခွေလေးများခံကာ အလုံးချုပ်ထားပါသည်။ အပြင်ဘက်တွင် ရွှေရောင်၊ အပြာရောင်၊ ပန်းရောင်ကုလားရေစက္ကူနှင့် အပွင့်လေးများ ဖော်ကာကပ်ထားပါသည်။ တံခွန်တိုင်လုံး၏ အစွန်းနှစ်ဖက်တွင် ယခုအခါ ကြိုးကွင်းလေးများသာ တပ်ထားသည်။ အလှူလှည့်ရာတွင် တံခွန်လုံးကိုင် မိန်းမပျိုနှစ်ဦးက တံခွန်လုံးကို အလယ်ထား၍ တစ်ဖက်စီကိုင်ကာ လိုက်ကြပါသည်။

ထီးမိုး

ထီးသည် "နေမိုးဒဏ်ကာကွယ်ရန် အရိုးတပ်ဆောင်းစရာ"[၆] ဖြစ်သည်။ ထီးမိုးဟူသည် အလှူလှည့်ရာတွင် မောင်ရှင်လောင်းအား အရိုးရှည်တပ် ရွှေထီးမိုးပေးသူ ဖြစ်ပါသည်။

နားဖောက်သည်

နားဖောက်သည် "နားပေါက်ဖောက်ခြင်း"[၇]ဖြစ်သည်။ နားထွင်းဟုလည်းခေါ်ပါသည်။ အလှူတွင်ပါသော အလှူရှင်၏ သမီးနှင့်ဆွေမျိုး မိတ်ဆွေတို့၏ သမီးငယ်၊ အပျိုလေးများ ဖြစ်ပါသည်။ နားဖောက်ပြီးသော်လည်း နောက်ထပ်အလှူရှင်များ တောင်းလာပါက နားဖောက်သည် ထပ်လုပ်ကြပါသည်။ နားဖောက်သည်သည် ဘော်ကြယ်၊ သဒ္ဓါစေ့၊ ကျောက်များထိုးထားသော ပြန့်ထမီနှင့် ရင်ခံ (ယခုအခါ ရင်စီး)ပေါ်တွင် အင်္ကျီထပ်ဝတ်ရပါသည်။ ဘော်ကြယ်၊ သဒ္ဓါစေ့၊ ကျောက်ထိုးထားသော

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၀၉။
[၂] –ယင်း–၊ ၁၂၂။
[၃] –ယင်း–၊ ၁၄၇။
[၄] –ယင်း–၊ ၇၆။
[၅] –ယင်း–၊ ၁၄၉။
[၆] –ယင်း–၊ ၁၆၆။
[၇] –ယင်း–၊ ၁၉၁။

မယ်ညို(မယ်တောင်ညို)ကို ပခုံးပေါ်မှ ရင်ဘတ်ရှေ့စုံချ၍ အပ်ချိတ်နှင့်တွယ်ရပါသည်။ လက်တွင် လက်စည်းဝတ်၍ ခေါင်းတွင် စည်းပုံဆောင်းရပါသည်။ ရှေးကနားထွင်းများသည် အသက်(၁၂)နှစ်ခန့် အရွယ်မှစ၍ မဟလ္လတာတန်ဆာဝတ်ရပါသည်။ မလ္လိကာတန်ဆာဟု ခေါ်ကြပါသည်။ အလှူလှည့်ရာတွင် နားဖောက်သည်(နားထွင်း)များသည် လှည်းယဉ်ကို စီးကြပါသည်။ ယခုအခါ ရွှေလှည်းယဉ်များကိုလည်း ငှားစီးကြပါသည်။

ပိဋကတ်သုံးပုံကိုင်

ပိဋကတ်သည် "သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ပိဋကတ်သုံးပုံ(ပါ၊ ပိဋကတ်)"[၁] ဖြစ်သည်။ ပိဋကတ်သုံးပုံကိုင်သည် အလှူလှည့်ရာတွင် ထိုပိဋကတ်သုံးပုံကို ကိုင်ရသောသူ ဖြစ်ပါသည်။ မြတ်စွာဘုရားဟောကြားသော တရားဒေသနာတော်များကို ပုံနှိပ်ထားသော စာအုပ်များဖြစ်ပါသည်။ အလှူလှည့်ရာတွင် ကလပ်ပေါ်တင်၍ လိုက်ပါသည်။

ပုဂံဝင်း

ဝင်းခင်းကို "မင်းဧကရာဇ်၏ ထွက်တော်မူသောအခါ စစ်သည်တပ်ဖွဲ့များ ရှေ့နောက်ဝဲယာခင်းကျင်းလိုက်ပါသည်"[၂] ဟု ဖွင့်ဆိုထားပါသည်။ ပုဂံဝင်းသည်လည်း အလှူလှည့်ရာတွင် ပုဂံခေတ် အဝတ်အစားများ ဝတ်ဆင်၍လှည့်ခြင်းဖြစ်ပါသည်။ ပုဂံစစ်သူကြီး၊ အနော်ရထာနှင့် မိဖုရား၊ ကျန်စစ်သားနှင့်မဏိစန္ဒာ၊ အပျိုတော်များ(ပုဂံသူ)၊ လူပျိုတော်များ(ပုဂံသား)၊ ပုဂံဝန်၊ ပုဂံပုဏ္ဏားတို့ ပါဝင်ပါသည်။

ပေါက်ပေါက်ပက်

ပေါက်ပေါက်သည် "လှော်ထား၍ ပွင့်အာနေသော ကောက်ညှင်းစပါးစေ့ စသည်"[၃] တို့ ဖြစ်သည်။ ပက်သည် "ရေစသည်ကို ပစ်လွှင့်သည်"[၄]ကို ဆိုလိုသည်။ ထို့ကြောင့် ဆန် ပေါက်ပေါက် ပက်ကြဲခြင်းကို ပေါက်ပေါက်ပက်ဟု ခေါ်ဆိုသည်။ ရှင်လောင်းလှည့်ရာတွင် ဘုရားကားဘေးတစ်ဖက်စီ(သို့မဟုတ်) ဘုရားကားနောက်မှ မိန်းမပျိုနှစ်ဦးက ငွေဖလားနှင့်ထည့်ထားသော ဆန်ပေါက်ပေါက်ကို ပက်ကြဲပါသည်။ ယခုအခါ ပေါက်ပေါက်နှင့်အတူ ပိုက်ဆံ ခေါက်၊ ချိုချဉ်တိကိုပါ ကြဲလေ့ရှိပါသည်။

ပန်းတောင်

"အပင်စသည်မှ မျိုးပွားရန် ပွင့်သောအပွင့်"[၅]ကို ပန်းဟုခေါ်ဆိုသည်။ ပန်းတောင်သည် သစ်သားကလပ် (သို့မဟုတ်) ရွှေရည်သုတ် သစ်သားကလပ်ပေါ်တွင် ငှက်ပျောဖက်ခေါက်လေးများကို အပ်ချည်ကြိုးနှင့်သီ၊ တဲစပ်နှင့်တဲ၍ ပြုလုပ်ထားသော ပစ္စည်းများဖြင့်စုပေါင်း ချည်နှောင်ထားသောအရာ ဖြစ်ပါသည်။ ပန်းတောင်ကို ကလပ်၏အောက်ဆုံးမှ အထက်သို့ဆင်လျှင် ကြာမှောက်၊ ကွေးထောက်ကုံး၊ ကြာလှန်၊ ကြာလှန်အောက်မှ အပေါ်သို့ထောင်၍ စိန်တောင်အပြား(၃)ခု၊ စိန်တောင်အလုံး(၃)ခု၊ ကြာလှန်ထဲတွင် ဖက်ခွက်နှင့်ထည့်ထားသော လက်ဖက်၊ ကွမ်းသီး၊ ပေါက်ပေါက်တို့ ထည့်ပါသည်။ ပန်းတောင်ကို ကလပ်ပေါ်တွင်မြဲစေရန် ရောင်စုံချည်ကြိုးများနှင့် ရစ်ပတ်ချည်နှောင်ရပါသည်။ ထို့နောက်မှ ပန်းတောင်ပတ်လည်တွင် ထီးတော်၊ ကွမ်းရွက်ငှက်ရုပ်၊ စကားဝါဖူး(ခါကြက်ဥနှင့်လုပ်)၊ ပန်းပွင့်များကို ထိုးစိုက်ကြပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၁၃။
[၂] –ယင်း–၊ ၃၆၁။
[၃] –ယင်း–၊ ၂၁၉။
[၄] –ယင်း–၊ ၂၁၉။
[၅] –ယင်း–၊ ၂၂၅။

ပန်းတောင်ကိုင်

အလှူလည့်ရာတွင် ပန်းတောင်ကိုကိုင်ရသူဖြစ်ပါသည်။ ပန်းတောင်ကိုင် အပျိုရွေးရာတွင် ရုပ်ရည်ချောမောပြေပြစ်သူ၊ မိစုံဖစုံရှိသူကို ရွေးကြပါသည်။

ပန်းဖလားကိုင်

ဖလားသည် "ဒန်၊ ကြေး စသည်ဖြင့်လုပ်သော ခွက်ဝိုင်းတစ်မျိုး"[၁] ဖြစ်သည်။ ပန်းဖလားကိုင်သည်အလှူလည့်ရာတွင် ပန်းအစိုနှင့် ပန်းအခြောက်များရောရှေ့ ထည့်ထားသော ငွေဖလားကို ကိုင်ရခြင်းဖြစ်ပါသည်။ အချို့ရွာများတွင် ဆွေမျိုးတော်သူ ညီ၊ မောင်များနှင့် ရင်းနှီးသူလူပျိုလူရွယ်များက တိုက်ပုံ၊ ပုဆိုးများဝတ်၍ ပန်းဖလားများပိုက်ကာ အလှူလှည့်လိုက်ကြပါသည်။

ဗြောတီး

ဗြောသည် "နှစ်ဖက်ပိတ် စည်တစ်မျိုး"[၂] ဖြစ်သည်။ အလှူဝင်နေ့ညနေတွင် အလှူဧည့်ခံဆိုင်းရောက်သည့်အခါ ပစ္စည်းများ ချထားပြီးလျှင် ဦးစွာဗြောတီးပါသည်။ ရှင်ပြုပွဲနှင့် ဗြောသံမှာ ဆက်စပ်နေပါသည်။

ဘုရားကား

ကားသည် "မော်တော်ကား(လိပ်၊ Car)"[၃] ဖြစ်သည်။ ဘုရားကားသည် မြတ်စွာဘုရားရှင်၏ ပုံတော်ရုပ်ထုကို ကားခေါင်းပေါ်တွင် တင်ထားသောကား ဖြစ်ပါသည်။ ရှင်လောင်းလှည့်ရာတွင် ရှေ့ဆုံးမှလိုက်ပါပြီး ကား၏ဘေးပတ်လည်တွင် ပန်းချီကားချပ်များ ရေးဆွဲ၍ တန်ဆာဆင်ထားပါသည်။ ကားနောက်ပိုင်းတွင် ထိုင်ခုံများ တင်ထားပြီး အလှူ့ဒါယကာ၊ အလှူ့ ဒါယိကာမတို့၏ မိခင်၊ ဖခင်၊ အဖိုး၊ အဖွားနှင့် ဆွေမျိုးအရင်းအချာများ လိုက်ပါကြပါသည်။

ဘုရားလူကြီး

လူကြီးသည် "အသက်အရွယ်ကြီးရင့်သူ။ ရုပ်ရေးရွာရေး စသည်တွင် ရှေ့ဆောင်ရှေ့ရွက်ပြုသူ"[၄] ဖြစ်သည်။ ဘုရားလူကြီးသည်မြို့၊ ကျေးရွာများတွင် ဘုရား၏သာယာရေးနှင့် ဝေယျာဝစ္စများကို ပြုလုပ်တိုင်ပင်ဆွေးနွေးကြသော အမျိုးသားများဖြစ်ပါသည်။ ရှင်လောင်းလှည့်ရာတွင် ဘုရားလူကြီးတို့က ဘုရားပင့်၊ ဘုရားပန်းအိုး၊ စက္ကူရောင်စုံနှင့် လုပ်ထားသော တခွန်၊ ကုက္ကား၊ မုလေးပွားများကိုကိုင်၍ လိုက်ကြပါသည်။

မောင်ရှင်လောင်း

မောင်ရှင်သည် "သာမဏေ။ ကိုရင်"[၅] ဖြစ်သည်။ မောင်ရင်လောင်းသည် အလှူတော် မင်္ဂလာတွင် အဓိကပါဝင်သော ရှင်ပြုမည့်သာမဏေ အလောင်းအလျာဖြစ်ပါသည်။ မောင်ရှင်လောင်းသည် သင်္ကန်းမဝတ်ခင် ဘော်ကြယ်များ၊ ကျောက်များ ထိုးထားသော ရင်ခံပါ ဖဲဖြူအင်္ကျီ၊ ကနုကမာစဖြင့် ချုပ်ထားပြီး

---

[၁] –ယင်း–၊ ၂၄၀။
[၂] –ယင်း–၊ ၂၅၄။
[၃] –ယင်း–၊ ၈။
[၄] –ယင်း–၊ ၂၅၇။
[၅] –ယင်း–၊ ၂၇၇။

ဘော်ကြယ်ထိုး၊ ကျောကထိုးထားသော ခါးရှည်သိုရင်း အင်္ကျီထပ်ဝတ်ရပါသည်။ ခေါင်းတွင် ဆံထုံးထုံး၍ ဘော်ကြယ်ထိုးထားသော ဖောလုံးကိုဆောင်းရသည်။ ယခင်က ဥသျှောင်ကိုဆောင်းသည်။ အင်္ကျီလက်များတွင် လက်စည်းများဝတ်ပြီး ကိယ်တွင်စလွယ် လွယ်ရသည်။ စလွယ်ကိုယခင်က ပတ်သားပေါ်တွင် ဘော်ကြယ်ထိုး၍ ယခုအခါဖဲပေါ်တွင် ကျောက်၊ ပုလဲ၊ သဒ္ဒါစေ့များထိုးကြပါသည်။ ယခင်က မောင်ရှင်လောင်းဝတ်စုံမှာ အင်္ကျီအဖြူရောင်၊ ပုဆိုးအဖြူရောင်၊ ပုဆိုးပန်းရောင်နှင့် ရွှေဝါရောင်တို့သာ ဖြစ်ပါသည်။ ယခုအခါ အနီရောင်၊ အစိမ်းရောင်၊ စိမ်းပြာရောင်၊ လိမ္မော်ရောင်၊ သခွားရောင်၊ မရမ်းစေ့ရောင်စသည်ဖြင့် အင်္ကျီနှင့်ပုဆိုး အရောင်တူဝတ်လာကြပါသည်။ အခြားရှင်လောင်းများနှင့် အရောင်ကွဲအောင် အလှူ့တကာ၊ အလှူ့အမတို့ဝတ်သည့် အရောင်ကိုလိုက်၍ သားသမီးအရင်းအချာများကို ဆင်ပါသည်။ ခြေထောက်တွင် ဘော်ကြယ်ထိုး၊ ကျောက်ထိုးခြေနင်းစီးပါသည်။ မောင်ရှင်လောင်းသည် အလှူဝင်နေ့ နေ့ခင်းအလှူလှည်သည့်အခါ အလှူရှင်တို့တတ်နိုင်သည့်အပေါ်မူတည်၍ ဆင်ရတနာကို ငှားစီးပါသည်။ များသောအားဖြင့် မြင်းစီးကြပါသည်။ အချို့မှာ မြင်းနှစ်ကောင်ဆွဲ၊ မြင်းသုံးကောင်ဆွဲ ရွှေမြင်းလှည်းကို ငှားစီးကြပါသည်။

မြင်းကိုင်

မြင်းသည် "စီးရန်၊ ရထားဆွဲရန် အသုံးပြုသော၊ လည်ဆံမွေးနှင့် အမြီးဖွားရှိသော၊ ဟီတတ်သော၊ အပြေးမြန်သော ခွာရှိ ခြေလေးချောင်းတိရစ္ဆာန်"[၁] ဖြစ်သည်။ ကိုင်သည် "လက်ဖြင့်ဆုပ်သည်။ လက်၌ထားသည်"[၂] ဟုဖြစ်သည်။ ထို့ကြောင့်မြင်းကိုင်သည် အလှူလှည့်ရာတွင် မောင်ရှင်လောင်းစီးသည့် မြင်း၏ဇက်ကြိုးကို ထိန်းကိုင်ပေးသူ ဖြစ်ပါသည်။

ရာဇဝင်း

ရတနာပုံဝင်းဟုလည်း ခေါ်ပါသည်။ ရှင်လောင်းလှည့်ရာတွင် ဝင်းခင်း၍လှည့်ခြင်း ဖြစ်ပါသည်။ ရာဇဝင်းတွင် ရွှေတော်ပြေးဗန္ဓုလစစ်သူကြီး၊ ရှင်ဘုရင၊ မိဖုရား၊ သမီးတော်၊ အပျိုတော်များ၊ လူပျိုတော်များ၊ ဝန်နီ၊ ဝန်စိမ်း၊ ပုဏ္ဏားတို့ လိုက်ပါရပါသည်။ ရွှေဝင်းဟုဆိုပါသည်။ ထို့နောက် တပ်မှူး၊ အိမ်ရှေ့မင်းသား၊ အိမ်ရှေ့မင်းသမီး၊ အပျိုတော်များ၊ လူပျိုတော်များ၊ ဝန်နီ၊ ဝန်စိမ်း၊ ပုဏ္ဏားတို့နှင့် ဝေဿန္တရာဇာတ်တော် ဝေဿန္တရာမင်းကြီး၊ မယ်မဒ္ဒီ၊ သားတော်၊ သမီးတော်၊ ပုဏ္ဏားတို့လိုက်ပါကြပါသည်။ နောက်ဝင်းဟု ဆိုပါသည်။

ရွှေမြင်းလှည်း

ရွှေမြင်းလှည်းသည် အလှူလှည့်ရာတွင် မောင်ရှင်လောင်းရော နားဖောက်သည်ပါစီးသည် "ရွှေကဲ့သို့ အဝါရောင်ရှိသော"[၃]ယာဉ်ဖြစ်ပါသည်။ ရွှေမြင်းလှည်းကို မြင်းတစ်ကောင်၊ မြင်းနှစ်ကောင်၊ မြင်းသုံးကောင် ဟူ၍ တိုးချဲ့မွမ်းမံ ပြုလုပ်လာကြပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၉၀။
[၂] –ယင်း–၊ ၁၆။
[၃] –ယင်း–၊ ၃၂၃။

ရွှေလှည်း

ရွှေလှည်းသည် အလှူလှည့်ရာတွင် နားဖောက်သည်စီးသည့် "ရွှေကဲ့သို့ အဝါရောင် ရှိသော"[၈] လှည်း ဖြစ်ပါသည်။ လှည်းယဉ်ကို ရွှေရောင်ဆေးသုတ်၍ လှည်းအိမ်ကို မှန်စီရွှေချပြီး ကနုတ်ပန်းများ၊ ရုပ်ပုံများ၊ လှေကားငယ်များဖြင့် ပြုပြင်စီရင်ထားခြင်းဖြစ်ပါသည်။ လှည်းအိမ်ပေါ်တွင် ပြာသာဒ်ဘုံ အဆင့်ဆင့်တို့ဖြင့် ကနုတ်ပန်း၊ ပန်းပုရုပ်များဖြင့် မှန်စီရွှေချထားသော လှည်းကို ဘုံခုနစ်ဆင့်ရွှေလှည်းဟု ခေါ်ပါသည်။ ရွှေရောင်လည်းများအပြင် စိန်လှည်း၊ မြလှည်း၊ ပတ္တမြားလှည်း ဟူ၍ ချဲ့ထွင်မွမ်းမံ လာကြပါသည်။

ရွှေသင်္ကန်းကိုင်

သင်္ကန်းသည် "ရဟန်းများ ဝတ်ရုံသော ဖန်ရည်ဆိုးအဝတ်"[၂]ဖြစ်သည်။ ရွှေသင်္ကန်းကိုင်သည် အလှူလှည့်ရာတွင် မြတ်စွာဘုရားကိုယ်တော်အား ရည်စူး၍လှူသော သင်္ကန်းကိုကိုင်ရသည့်သူ ဖြစ်ပါသည်။ အဝါရောင်ပိတ်စ(သို့မဟုတ်) ဖဲသားပေါ်တွင် ရွှေရောင်စီးကရက် စက္ကူလေးများဖြင့် အပွင့်များ ဖော်ကာကပ်ထားပါသည်။ အလှူလှည့်ရာတွင် ရွှေသင်္ကန်းကို အခေါက်လိုက် ကလပ်ပေါ်တင်၍ ချည်ကြိုးလေးများ ချည်နှောင်ကာကိုင်ကြပါသည်။ အပျိုများသည့်ရွာတွင် ရွှေသင်္ကန်းကိုဖြန့်၍ တစ်ဖက်စီကြိုးချည်၍ (၂)ယောက် ကိုင်ကြပါသည်။

ရွဲ

ရွဲသည် သျှိုးလိုက်ရတု ဖြစ်သည်။ သျှိုးလိုကရတုသည် "ရှင်လောင်းလှည့်ရာတွင်တစ်ပိုဒ် ပြီးတိုင်း သျှိုးဟုလိုက်ဆိုသော ရတုတစ်မျိုး"[၃] ဖြစ်သည်။ ရှေးယခင်က အမျိုးသား၊ အမျိုးသမီးများ အပြန်အလှန် ရတု ရွတ်ဆို၍ ရွဲလိုက်ကြပါသည်။ ယခုအခါအချို့ရွာများ၌သာ အမျိုးသားများက ရတုရွတ်ဆို၍ ရွဲလိုက်ကြပါသည်။ အမျိုးသမီးများ ရတုမဆိုရွဲမလိုက်တော့ပါ။

လှူရန်ကိုင်

ရှင်လောင်းလှည့်ရာတွင် သံဃာတော်တို့အားလှူရန် ပစ္စည်းများကို ကိုင်ရခြင်းဖြစ်ပါသည်။ ငွေဖလားတွင်သင်္ကန်း၊ ယပ်(သို့မဟုတ်) ငွေယပ်တောင်၊ ငွေပန်းခိုင်များကိုထည့်ပြီး အပျိုများက အလှူလှည့်လိုက်ကြပါသည်။

၄။ ဘိသိက်မြှောက်ခြင်းဆိုင်ရာ ဓလေ့ဟာရများ

ချည်မန်းကွင်း

ချည်သည် "ဝါ၊ ပိုးမျှင် စသည်ကို ကျစ်ထားသည့် အလွန်သေးငယ်သော ကြိုး။ အလွန် သေးငယ်သော အမျှင်"[၄] ဖြစ်သည်။ "ဘေးအန္တရာယ်ပျောက်ပြယ်စေရန် မန္တန်ကို ရွတ်ဆိုသည်"[၅] ကို မန်းသည်ဟု ခေါ်ဆိုသည်။ ထို့ကြောင့် ချည်မန်းကွင်းသည် ပရိတ်ရွတ်ထားသောချည်ကို ကွင်းပြုထားခြင်း ဖြစ်ပါသည်။ မောင်ရှင်လောင်း၊ နားဖောက်သည်တို့အား အန္တရာယ်ကင်းစေရန် ဘိသိက်ဆရာက လည်တွင် စွပ်ပေးခြင်း ဖြစ်ပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၃၂၃။
[၂] –ယင်း–၊ ၃၈၁။
[၃] –ယင်း–၊ ၃၂၄။
[၄] –ယင်း–၊ ၆၄။
[၅] –ယင်း–၊ ၃၂၄။

ငွေခရု

ငွေသည် "တွင်းထွက်သတ္တုဖြူ ရတနာတစ်မျိုး"[၈] ဖြစ်သည်။ ခရုသည် "အသားစိုင်ကို အခွံမာဖုံးလျက်ရှိသော ကျောရိုးမဲ့ ရေသတ္တဝါ"[၂] ဖြစ်သည်။ ထို့ကြောင့် ငွေခရုသည် ဘိသိက် မြှောက်ရာတွင် အဓိကပါဝင်သော လက်ယာရစ်ငွေခရု ဖြစ်ပါသည်။ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းဖြစ်၍ လက်ယာရစ် ငွေခရုကိုသုံးရပါသည်။ ကြည်လင်သန့်ရှင်းသောရေ၊ သပြေ၊ မြေဖာများ ထည့်ပါသည်။ မောင်ရှင်လောင်း၊ နားဖောက်သည်တို့အား ဘေးရန်အန္တရာယ် ကင်းစေကြောင်း ဘိသိက်ဆရာက ဦးထိပ်ထက်ငွေခရုနှင့် ရေစင်သွန်းလောင်းပါသည်။ အောင်ရေဖြန်းပါသည်။

ထမင်းခွံ

ထမင်းသည် "ဆန်ကိုချက်ထားသည့်စားဖွယ်"[၃] ဖြစ်သည။ ခွံ့သည် "စားစရာစသည်ကို သူတစ်ပါး ၏ ပါးစပ်ထဲသို့ထည့်ပေး"[၄] ခြင်းဖြစ်သည်။ ဘိသိက်မြှောက်ရာတွင် ဘိသိက်ဆရာက မောင်ရှင်လောင်း၊ နားဖောက်သည်တို့အား ထမင်းခွံ့ပေးခြင်း ဖြစ်ပါသည်။

နတ်ပို့

နတ်သည် "ချမ်းသာရှိသော၊ တောက်ပသော၊ ကိုးကွယ်ရာဖြစ်သောပုဂ္ဂိုလ်"[၅] ဖြစ်သည်။ ဘိသိက မြှောက်ခန်းပြီးမြှောက်၍ မိမိတို့ စံမြန်းရာနေရာသို့ ပြန်ကြွရန် နတများအား ပြန်လည်ပို့ခြင်း ဖြစ်ပါသည်။

နတ်ပင့်

နတ်သည် "ချမ်းသာရှိသော၊ တောက်ပသော၊ ကိုးကွယ်ရာဖြစ်သောပုဂ္ဂိုလ်"[၆]ဖြစ်သည်။ ဘိသိက် မြှောက်ခါနီးတွင် ဘိသိက်ဆရာက နတ်ကောင်းနတ်မြတ်အပေါင်းကို ပင့်ဖိတ်ခြင်းဖြစ်ပါသည်။

ဘိသိက်

ဘိသိက်ဟူသော စကားလုံးသည် "အဘိသေက"ဟူသော ပါဠိသက်စကားလုံး ဖြစ်ပါသည်။ "ရေစင်သွန်း၍ မင်္ဂလာပြုခြင်း(ပါ၊ အဘိသေက)"[၇] ဟု အဓိပ္ပာယ်ရပါသည်။

ဘိသိက်ကန်တော့ပွဲ

ဘိသိက်ကန်တော့ပွဲ "ဘုရားပွဲ–၁၊ ရှင်ပြုမင်္ဂလာခံယူသူ သတို့သားငယ်၏ မိဘပွဲ–၁၊ နားထွင်းမင်္ဂလာခံယူသူ သတို့သမီးငယ်၏ မိဘပွဲ–၁၊ အထက်နတ်ပွဲ–၁၊ အောက်နတ်ပွဲ–၁ဟူ၍ ၅–ပွဲ ဖြစ်သည်"။[၉]

ဘိသိက်ခန်းဖွင့်

ဘိသိက်မြှောက်ရန် ဘိသိက်ဆရာက ဘိသိက်ခန်းစဖွင့်ကြောင်း ဟောပြောဆိုပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈။ ၈၈။
[၂] –ယင်း–၊ ၄၇။
[၃] –ယင်း–၊ ၁၆၅။
[၄] –ယင်း–၊ ၇၃။
[၅] –ယင်း–၊ ၁၉၈။
[၆] –ယင်း–။
[၇] –ယင်း–၊ ၂၅၆။
[၈] ခရီးဆောင်မြန်မာအဘိဓာန်၊ ၂၀၁၃၊ ၂၃၆။

ဘိသိက်ဆရာ

ဘိသိက်မြှောက်ပေးသောသူ ဖြစ်ပါသည်။ ဘိသက်ဆရာသည် ခေါင်းပေါင်း၊ သိုရင်းအင်္ကျီ၊ တောင်ရှည်ပုဆိုး ဝတ်ဆင်ပါသည်။ အချို့မှာ ပဝါသိုင်းကြပါသည်။ ဘိသိက်ဆရာသည် အလှူတကာ၊ အလှူအမတို့ လှူတတ်တန်းတတ်အောင် အကျိုးရှိသောစကားကို ပြောဆိုရသူ ဖြစ်ပါသည်။ မောင်ရှင်လောင်း၊ သာမဏေလောင်းတို့ သာမဏေဘဝ လိုက်နာကျင့်ကြံဖွယ်များ၊ ကြွရောက်လာသော ပရိသတ်တို့ အကျိုးရှိအောင် လူမှုရေးအရ၊ ယဉ်ကျေးမှုအရ၊ ဘာသာရေးအရ သွန်သင်တတ်သောသူ ဖြစ်ပါသည်။ ဘိသိက်ဆရာက ခွန်းထောက်မဖြစ်မနေ ဆိုတတ်ရပါသည်။

ဘိသိက်မြှောက်

"ရေစင်သွန်း၍ ကျက်သရေမင်္ဂလာပြည့်စုံအောင် ဆောင်ရွက်သည်"[၈]ကို ဘိသိက်မြှောက် သည်ဟု ခေါ်ဆိုသည်။ ဘိသိက်ဆရာသည် သာမဏေပြုတော့မည့် မောင်ရင်လောင်းအား ဘေးရန်အန္တရာယ် အပေါင်းမှ ကင်းဝေးစေရန် ရေစင်သွန်းဖြန်းပေးခြင်း၊ ပရိတ်ချည်စွပ်ပေးခြင်း၊ ထမင်းခွံခြင်းစသည်တို့ ပြုလုပ်ပေးခြင်း ဖြစ်ပါသည်။ အဓိကရည်ရယ်ချက်မှာ ဆုတောင်းမေတ္တာ ပို့သရုပါသည်။ အတုယူစရာများ ပြောတတ်ရပါသည်။

၅။ ရှင်မည်ခံပွဲဆိုင်ရာ ဝေါဟာရများ

ရှင်မည်ခံ

ရှင်သည် "ရဟန်းသာမဏေ"[၂]ကို ဆိုလိုသည်။ မောင်ရှင်လောင်းဘဝမှ ဆံချ၊ သင်္ကန်းဝတ်ပြီး သာမဏေဖြစ်သောအခါ ဘွဲ့အမည်ပေးခြင်း ဖြစ်ပါသည်။ ရှင်အမည်ခံခြင်းကို ရှင်မယ်ခံဟု ပြောပါသည်။ ရှင်မည်ခံပွဲကို အလှူကြီးပြီး နောက်တစ်နေ့မနက်တွင် ရွာဦးဘုန်းကြီးက ကိုရင်လေးများအား မွေးနေ့နံအလိုက် ရှင်အမည်ပေးပါသည်။ ရှင်မည်ခံပွဲသို့ အရင်းအချာဆွေမျိုး မိတ်ဆွေများ၊ နီးစပ်ရာဆွေမျိုးများ၊ မိတ်ဆွေများသာ ကြွရောက်တရားနာ သီလယူကြပါသည်။

၆။ အထွေထွေဝေါဟာရများ

ဆံချ

"သူငယ်၊ ရှင်လောင်း၏ ဆံပင်ကို ရိတ်သည်"[၃]ကို ဆံချသည်ဟု ခေါ်ဆိုသည်။ သင်္ကန်းဝတ်မည့် မောင်ရှင်လောင်း၏ ဆံပင်ကို သံဃာတော်များက ရိတ်ပေးခြင်းဖြစ်ပါသည်။ အလှူရှင်မိဘနှစ်ပါးက မောင်ရှင်လောင်း၏ ဆံပင်ကို ပိတ်စအဖြူနှင့် ခံယူကြပါသည်။

နတ်ပြ

နတ်ပြသည် "ရှင်လောင်းစသည်ကို နတ်စင်၊ နတ်ကွန်းရှိရာသို့ခေါ်သွားပြီး စောင့်ရှောက်ပါရန် ပြသ"[၄] ခြင်းဖြစ်ပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၅၆။
[၂] –ယင်း–၊ ၃၂၂။
[၃] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၂၀။
[၄] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၉၉။

ဗာဟီရအဖွဲ့.

ဗာဟီရကိစ္စသည် (ပါ–ဗာဟိရ+ကိစ္စ)မှလာပြီး "အမည်မတပ်သာသော ကိစ္စအထွေထွေ"[၁] ဖြစ်သည်။ ဗာဟီရအဖွဲ့သည် ကျေးရွာများတွင် သာရေး၊ နာရေးတို့၌ ကူညီလုပ်ကိုင်ပေးရသော အဖွဲ့ဖြစ်ပါသည်။ အလှူမတိုင်ခင်ကတည်းက အလှူအိမ်အတွက် လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေး ကြရပါသည်။

ဗျိုးဟစ

ဗျိုးဟစ်သည် "ဗျိုးဟူ၍ ဟစ်အော်ပြီး ရပ်ရွာကိစ္စကို လူအများကြားသိအောင် ကြေညာ"[၂]ခြင်းဖြစ်သည်။ ရက်ကွက်၊ ကျေးရွာ၊ မြို့ထဲတွင် လှည့်လည်အော်ဟစ် ဖိတ်ကြားခြင်းဖြစ်ပါသည်။ ရှင်ပြု အလှူတော်အတွက် မိမိနေထိုင်သော ကျေးရွာ၊ ဆွေမျိုးမိတ်ဆွေရင်းချာများရှိသော ရွာများကို ဖိတစာ၊ ဆေးလိပ်တို့နှင့် ရွေးမဖိတ်ဘဲ အားလုံးကို အော်ဟစ်ဖိတ်ကြားခြင်း ဖြစ်ပါသည်။

ရေစက်ချတရား

ရေစက်ချသည် "ကုသိုလ်ကောင်းမှု အထမြောက်ပြီးစီးသောအခါ မြေစောင့်နတ်ကို တိုင်တည်သည့်အမှတ်ဖြင့်မြေသို့ ရေစင်သွန်းလောင်း"[၃] ခြင်းဖြစ်သည်။ တရားသည် "မြတ်စွာဘုရား၏ အဆုံးအမ"[၄] ဖြစ်သည်။ အလှူကြီးပြီးမြောက်သည့်အခါ အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမ မိသားစုတို့နှင့ ဆွေမျိုးမိတ်ဆွေများက ရေစက်ချတရားနာခြင်း ဖြစ်ပါသည်။ အလှူကြီးနေ့ညနေတွင် မောင်ရှင်လောင်းများဆံချ၊ သင်္ကန်းဝတ်ပြီးချိန် အလှူပင့်ဖိတ်ထားသော သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး တရားနာ၍ ကုသိုလ်ကောင်းမှု အားလုံးအတွက် ရေစက်ချပါသည်။ မိမိအလှူ ကောင်းမှုကို အားလုံးရကြစေရန် အမျှပေးဝေ သာဓုခေါ်ဆိုစေပါသည်။

လူပျိုခေါင်း

လူပျိုသည် "အရွယ်ရောက်ပြီး လက်မထပ်ရသေးသော ယောကျ်ား"[၅] ဖြစ်သည်။ ခေါင်းသည် "ဦးဆောင်သူ"[၆] ဟုအနက်ရသည်။ ထို့ကြောင့် လူပျိုခေါင်းသည် ကျေးရွာများတွင် လူပျိုတို့၏ အကြီးအကဲ ဖြစ်ပါသည်။ လူပျိုခေါင်း၏စီမံမှုဖြင့် အလှူတွင် လက်ဖက်ရည်ပွဲ ချခြင်း၊ ဘုန်းကြီးများ ဆွမ်းကပ်ရန် သယ်ယူစီစဉ်ပေးခြင်း စသည်ဖြင့် ကူညီလုပ်ကိုင်ပေးရပါသည်။

အပျိုခေါင်း

အပျိုသည် "လက်မထပ်ရသေးသော အရွယ်ရောက်သူ မိန်းကလေး"[၇] ဖြစ်သည်။ အပျိုခေါင်းသည် ကျေးရွာများတွင် အပျိုတို့၏ အကြီးအကဲ ဖြစ်ပါသည်။ အလှူလှည့်ရာတွင် အပျိုခေါင်းက ဦးဆောင်၍ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်၊ ကံဆောင်အိုးကိုင် စသည်ဖြင့် အလှည့်ကျ သင့်တင့်အောင် စီမံပေးပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၂၅၀။
[၂] –ယင်း–၊ ၂၅၃။
[၃] –ယင်း–၊ ၃၀၆။
[၄] –ယင်း–၊ ၁၄၃။
[၅] –ယင်း–၊ ၃၂၈။
[၆] –ယင်း–၊ ၅၆။
[၇] –ယင်း–၊ ၄၁၂။

အမျှဝေ

အမျှဝေသည် “ကုသိုလ်ကောင်းမှု၏ အကျိုးကိုသူတစ်ပါးအား ထပ်တူထပ်မျှရစေရန် ပေးဝေ”[၁] ခြင်းဖြစ်ပါသည်။

အလှူကူငွေ

အလှူသည် “ပေးကမ်းစွန့်လွှတ်ခြင်း။ ရဟန်းခံ၊ ရှင်ပြုစသည့် မင်္ဂလာအခမ်းအနား”[၂] ဖြစ်သည်။ ကူသည် “ဆောင်ရွက်ပေးသည်။ မစသည်”[၃] ဟု အနက်ရသည်။ ထို့ကြောင့် အလှူကူငွေသည် အလှူတော် မင်္ဂလာသို့ ဖိတ်ကြားခံရသောသူများက မိမိတို့တတ်နိုင်သလောက်အလှူတွင် ပါဝင်ကူညီသောငွေ ဖြစ်ပါသည်။

ဤသို့ဖြင့်ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာသိမှတ်ဖွယ် ဝေါဟာရများကို လေ့လာတင်ပြခဲ့ခြင်းဖြစ်ပါသည်။ ယဉ်ကျေးမှုနှင့် ဘာသာရေးကို အခြေခံ၍ပေါ်ပေါက်လာသော ဝေါဟာရတို့သည် အလှူရှင်တို့၏ ချဲ့ထွင် လှူဒါန်းလာမှုအပေါ်တွင် တိုးပွားလာကြောင်း တွေ့ရပါသည်။

ခြုံငုံသုံးသပ်ချက်

ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ သိမှတ်ဖွယ်ဝေါဟာရများကို လေ့လာကြည့်သောအခါ အလှူကြီးနှင့်ပတ်သက်သော ဝေါဟာရများကို မှတ်သားဖွယ် တွေ့ရှိရပါသည်။ ဤစာတမ်းရှိ ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ သိမှတ်ဖွယ်ဝေါဟာရများသည် ယဉ်ကျေးမှုနောက်ခံနှင့် ဘာသာရေးကို အခြေခံ၍ ပေါ်ပေါက်လာသော လူမှုဒေသိယများ ဖြစ်ပါသည်။ ဝေါဟာရများကို နှစ်လုံးသုံးလုံးတွဲ၍ သုံးစွဲကြောင်း တွေ့ရပါသည်။ အလှူဧည့်ခံသည့်နေရာ မဏ္ဍပ်ကိုပင် ငွေကြေး တတ်နိုင်သည့်အပေါ် မူတည်၍ ပြင်ဆင်ကြပါသည်။ မဏ္ဍပ်ဘေးနှစ်ဖက်တွင် လှေကားတပ်၍ နှစ်ထပ်မဏ္ဍပ်များလည်း ပြုလုပ်လာကြပါသည်။ ကျွေးမွေးဧည့်ခံသည့်အခါတွင်လည်း ငါး ခြောက်၊ ပလော၊ ဝက်သား၊ အချဉ်သုပ်၊ ငရုတ်သီးကြော်၊ ပဲနပ်၊ မှန်ရောင်ဟင်းချိုတို့မှာ အလှူအတွက် အဓိကကျွေးမွေးသည့်ဟင်းများ ဖြစ်ပါသည်။ ယခုခေတ်ရောက်မသာ ငါးပေါင်း၊ ကြက်ကန်းဘောင်၊ ကြက်ချဉ်စပ်စသည်ဖြင့် ပိုမိုကျွေးမွေးလာပါသည်။ တရုတ်အစားအစာ၊ ယိုးဒယားအစားအစာစသည်ဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံလာကြသည့်အခါ ယဉ်ကျေးမှုချင်း ထိတွေ့ရင်းနှီးလာကြောင်းလည်း တွေ့ရပါသည်။ ရှင်လောင်းလှည့်ရာတွင်လည်း တတ်နိုင်သည့် အလှူရှင်တို့မှာ မိမိတို့သား မောင်ရှင်လောင်းအား ဆင်စီး၊ မြင်းရံဝင်းခင်းပြီး မင်းခမ်းမင်းနား စုံလင်အောင် ချဲ့ထွင်ပြီး စည်ကားသိုက်မြိုက်စွာ လှူကြပါသည်။ အလှူလှည့်ရာတွင် ယခုခေတ် နားထွင်းများမှာ မလွိကာတန်ဆာကို မဝတ်တော့ဘဲပြန့်ထမီနှင့် အင်္ကျီတို့ကိုသာ ဝတ်သောကြောင့် နားထွင်းလှည်းစီးများနှင့် ရောနေတော့သည်။ အလှူလှည့်ရာတွင် သျှိုးလိုက်ရတုဆိုခြင်းဓလေ့မှာ တဖြည်းဖြည်း တိမ်ကောလာပေသည်။ ရိုးရာယဉ်ကျေးမှု၊ စာပေ အမွေအနှစ်များကို ဆက်လက် ထိန်းသိမ်းသင့်ပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈။ ၄၁၇။
[၂] –ယင်း–၊ ၄၂၃။
[၃] –ယင်း–၊ ၁၀။

ရှင်သာမဏေပြုတော့မည့် မောင်ရှင်လောင်းအား ဘေးရန်အန္တရာယ်များ ကင်းရှင်းစေရန်၊ မိဘ ဘိုးဘွားတို့၏ ကျေးဇူးကိုသိတတ်စေရန်၊ သာမဏေဘဝတွင် နေထိုင်ကျင့်ကြံလိုက်နာတတ် စေရန်တို့ကို ဘိသိက်ဆရာက ပြောရဟောရ ပြုလုပ်ပေးရပါသည်။ ထို့ကြောင့် ဘိသိက်၏ အခန်း ကဏ္ဍမှာလည်း အရေးကြီးပါသည်။ လက်ျာရစ်ဝဲခရ၊ သန့်စင်သောရေ၊ သပြေ၊ မြေဇာ၊ ချည်မန်းကွင်း၊ ထမင်းခွံ ဟင်းခွံတမှာ ဘိသိက်တွင် မပါမဖြစ် အသုံးပြုကြရပါသည်။ ရှင်မည်ခံ သည်လည်း ဆံချပြီး သင်္ကန်းဝတ် သော မောင်ရှင်လောင်းအား ဘွဲ့မည်ရည်ပေးပြီး ဆွမ်းကပ်၊ တရားနာ၊ ရေစက်ချပွဲဖြစ်ပါသည်။

ထို့ကြောင့် ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ သိမှတ်ဖွယ်ဝေါဟာရများသည် အလှူရှင်တို့ အလှူပြုပုံ ဆန်းသစ်သည်နှင့်အမျှ ဝေါဟာရများတိုးပွားလာပြီး စိတ်ဝင်စားဖွယ်ကောင်းလာကြောင်း လေ့လာသိရှိရပါသည်။

နိဂုံး

ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ သိမှတ်ဖွယ်ဝေါဟာရများသည် စဉ့်ကိုင်မြို့နှင့် အနီးအနား ကျေးရွာများမှ အလှူတော်မင်္ဂလာတွင် ခေါ်ဝေါ်သုံးနှုန်းကြသော ဝေါဟာရများဖြစ်ပါသည်။ အခြား မြို့နယ်ကျေးရွာများ၏ ခေါ်ဝေါ်သုံးနှုန်းမှုများနှင့် ကွဲပြားမှုများလည်း ရှိနေပါလိမ့်မည်။ သို့သော်မိမိတို့ အိမ်မှအလှူပွဲ အတွေ့အကြုံများ၊ အခြားဆွေမျိုးများနှင့် အသိမိတ်ဆွေတို့၏ အလှူပွဲအတွေ့ အကြုံများကို စာအုပ်စာပေများနှင့် ပူးပေါင်းပြီး ဝေါဟာရများကို တတ်နိုင်သလောက် လေ့လာတင်ပြထားပါသည်။ ထို့ကြောင့်ရှင်ပြုနားသ အလှူတော်မင်္ဂလာဆိုင်ရာ သိမှတ်ဖွယ်ဝေါဟာရများကို ဗဟုသုတ ဖြစ်ဖွယ်သိရှိပြီး မြန်မာ့ရိုးရာအစဉ်အလာအတွက် အကျိုး ကျေးဇူးရရှိစေမည် ဖြစ်ပါသည်။

ကျမ်းကိုးစာရင်း

ထွန်းမြင့်၊ **ဦး**။ (၂၀၁၆)။ ***ပါဠိသက်ဝေါဟာရအဘိဓာန်***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်(ဒုတိယအကြိမ်)***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၁၃)။ ***ခရီးဆောင်မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ဝိသုတာဘိဝံသ၊ **အသျှင်**။ (၂၀၁၁)။ ***မြန်မာ့ဓလေ့ရှင်ပြုမင်္ဂလာ***။ ရန်ကုန်၊ စွယ်တော်ပုံနှိပ်တိုက်။

အောင်ချိန်၊ **သခင်**(သာယာဝတီ)။ (၁၉၇၈)။ ***ဆရာဖြစ်သင်ဘိသိက်မင်္ဂလာကျမ်း***။ ရန်ကုန်၊ သီဟ ရတနာပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

အောင်သိန်း၊ ဆင်ဖြူကျွန်း။ (၂၀၀၉)။ ***မြန်မာ့ရိုးရာကျေးလက်မြန်မာမှုဓလေ့များ***။ ရန်ကုန်၊ အောင်တံခွန်ပုံနှိပ်တိုက်။

တွေ့ဆုံမေးမြန်းသူများ

စဉ်	အမည်	အသက်	အလုပ်အကိုင်	နေရပ်
၁	ဦးသန်းထွန်း	၉၅	တောင်သူ (ရဟန်းဝတ်ဖူးသူ)	စဉ့်ကိုင်မြို့
၂	ဦးမွတ္တားနှင့် အဖွဲ့	၄၅ နှင့် ၇၀ကြား	ထမင်း၊ ဟင်းချက်	အရေးမဆိုကျေးရာ
၃	မန္တလေးမြဒေါင်း	၆၀	ဆိုင်းဆရာ	မန္တလေး
၄	တက္ကသိုလ်မင်းသွေး	၂၈	ဆိုင်းဆရာ	မန္တလေး
၅	မြမိုးအောင်	၆၃	ဘိသိက်ဆရာ	စဉ့်ကိုင်မြို့
၆	ညီနေမင်း	၃၈	ဘိသိက်ဆရာ	မန္တလေး
၇	ကိုအောင်ဇော်+မချို	၅၁ နှင့် ၅၀	မဏိရွှေစင်ရွှေချည်ထိုးလုပ်ငန်းနှင့် ရှင်ပြု၊ နားသ၊ ဝင်းခင်းတန်ဆာများ ငှားရမ်းခြင်း	တောင်နောက်ရွာ ကျောက်ဆည် မြို့နယ်
၈	ဦးကြည်တင် + ဒေါ်ညိုတင်	၇၅	အဆင့်မြင့်ရွှေလှည်းအငှားနှင့် ရွှေလှည်းယဉ်အမျိုးမျိုး ထုတ်လုပ် ရောင်းချရေး	အင်းနား၊ ပုလိပ်မြို့
၉	ဒေါ်ခင်ထွေးနှင့် အဖွဲ့	၄၀ နှင့် ၅၃ကြား	ကွမ်းတောင်ပန်းတောင် ထိုးပေးသူ အမျိုးသမီးများ	ချောင်းပတ်ရွာ၊ စဉ့်ကိုင်မြို့နယ်

မဏ္ဍပ်

မဏ္ဍပ်

ဘုရားခန်း

ဘုရားကား

ကွမ်းတောင်

ပန်းတောင်

ကံဆောင်အိုး

ပေါက်ပေါက်ပက်

အလှူရှင်နှင့် ရှင်လောင်း နားထွင်းများ

ရှင်လောင်းမိဘစုံတွဲများ

ကွမ်းတောင် ပန်းတောင်ကိုင်များ

ဝင်းခင်း

ဆင်နှင့်လှည့်

မြင်းနှင့်လှည့်

ရွှေလှည်းယဉ်များ

ဘုံခုနစ်ဆင့် ရွှေလှည်း

အကျေးအမွေးဖြင့် ဧည့်ခံ

ဆိုင်း

ချည်မန်းကွင်းစွပ်

ငွေခရုနှင့် အောင်ရေဖြန်း

နားထွင်း

ဆံချ

လှူရန်ကပ်

ရေစက်ချ

ဘာသာစကားထိတွေ့မှုပုံစံများကို လူမှုဘာသာဗေဒအမြင်ဖြင့်လေ့လာခြင်း

နန်းဝေစံ *

ဓာတမ်းအကျဉ်း

ဤစာတမ်းတွင် ဘာသာဗေဒပညာရပ်၏ပညာရပ်ခွဲတစ်ခုဖြစ်သော လူမှုဘာသာဗေဒ ပညာရပ်ရှိ ဘာသာ စကားထိတွေ့မှု သဘောတရားနှင့် ဘာသာစကားထိတွေ့မှုကို ဖြစ်ပေါ်စေသော အကြောင်းရင်းများ ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အကြောင်းရင်းတို့ကို သုတေသနပြုလေ့လာတင်ပြ ထားပါသည်။ ထို့နောက် ဘာသာစကားထိတွေ့ရသည့် အကြောင်းရင်းများ အပေါ်မူတည်၍ ဖြစ်ပေါ်လာသော ဘာသာစကားထိတွေ့မှု ပုံစံများဖြစ်သည့် ဘာသာစကားများကို တက်ရိုက်ချေးငှားအသုံးပြုခြင်း၊အသံဖလှယ်ချေးငှားအသုံးပြုခြင်း၊ ဘာသာပြန် မွေးစားအသုံးပြုခြင်း၊ ပေါင်းစပ်မွေးစား အသုံးပြုခြင်း၊ အတိုကောက်စကားလုံး အသုံးပြုခြင်း၊ စကားသင်္ကေတ ရောနှောအသုံးပြုခြင်း စသည့် ဘာသာစကား ထိတွေ့မှုပုံစံများကို လေ့လာတင်ပြထားပါသည်။ ဤသို့တင်ပြရာတွင် မြန်မာဘာသာစကားနှင့် ဘာသာစကား အဖွဲ့အစည်းမတူသော မြန်မာဘာသာ စကားတွင် လက်ရှိအသုံးပြုလျက်ရှိသော ပါဠိ၊ သက္ကတ၊ မွန်၊ ရှမ်း၊ အင်္ဂလိပ် စသည့် ဘာသာစကား များမှ မြန်မာဘာသာစကားအတွင်း ရောက်ရှိ နေသော စကားလုံးများကို အဓိကထား လေ့လာ တင်ပြထားပါသည်။

သော့ချက်ဝေါဟာရ။ ။*ဘာသာစကား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စကားလုံး၊ ချေးငှား၊ မွေးစား၊ ထိတွေ့မှု၊ ဝေါဟာရ* ။

နိဒါန်း

လူမှုဘာသာဗေဒပညာရပ်တွင် ဘာသာစကားထိတွေ့မှုသည်လည်း မဖြစ်မနေကြုံတွေ့ရမည့် ဖြစ်ရပ် တစ်ခုဖြစ်ပါသည်။ ဘာသာစကားများထိတွေ့ရာ၌ ဘာသာစကားထိတွေ့မှုကို ဖြစ်ပေါ်စေသော အကြောင်းရင်း များရှိပါသည်။ ထိုအကြောင်းရင်းများမှာ နိုင်ငရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခြေခံ အကြောင်းတရားများ ဖြစ်ပါသည်။ ထိုအကြောင်းရင်းပေါ်မူတည်၍ ဘာသာစကားတို့သည် ထိတွေ့မှု ပုံစံအမျိုးမျိုးဖြင့် ထိတွေ့ကာ မြန်မာဘာသာစကားများအတွင်း ဝင်ရောက်လာခဲ့သည်။ ဘာသာစကားများ ထိတွေ့ရာတွင် ဘာသာစကား များအတွင်း ဘာသာစကားပြောင်းလဲမှု၊ စကားလုံးဝေါဟာရအသစ်များ တိုးပွားမှု၊ အနက်အဓိပ္ပာယ်အသစ်များ တိုးပွားလာမှု၊ မွေးစားစကားလုံးများပေါ်ပေါက်လာမှု စသည်တို့ ဖြစ်ပေါ်လာပါသည်။ ဤစာတမ်းတွင် မြန်မာဘာသာစကားနှင့် ဘာသာစကားအဖွဲ့အစည်းမတူသော ပါဠိ၊ သက္ကတ၊ မွန်၊ ရှမ်း၊ အင်္ဂလိပ် ဘာသာ စကားများ ထိတွေ့ရာမှ မြန်မာဘာသာစကားအတွင်း စကားလုံး ဝေါဟာရအသစ်များ တိုးပွားလာမှုကို လေ့လာ တင်ပြထားပါသည်။

၁။ လူမှုဘာသာဗေဒသဘောတရား

သမိုင်းဦးခေတ် နောက်ပိုင်းကာလ လူသားတို့၏အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်လာပြီး နောက်ပိုင်း တွင် လူတို့သည် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြရာတွင် ဆက်သွယ်မှုကြားခံအဖြစ် ဘာသာ စကားကို အသုံးပြု၍ ဆက်သွယ်ခဲ့ကြသည်။ သမိုင်းဦးခေတ်ကာလနောက်ပိုင်းတွင် လူတို့၏ ဆကသွယ်မှုကြားခံအဖြစ် ဘာသာ စကားသည်မရှိမဖြစ်သော ဆက်သွယ်ရေး သကေတအဖြစ် အရေးပါလာခဲ့သည်။ ထိုသို့လူသားတို့၏ ဆက်သွယ်ရေးတွင်မရှိမဖြစ် အရေးပါလာသော ဘာသာ စကားနှင့်ပတ်သက်၍ ၁၉ရာစုခေတ်လောက်ကပင် ဘာသာစကားကို သိပ္ပံနည်းကျလေ့လာသော ဘာသာစကားပညာရှင်များ ပေါ်ထွန်းလာခဲ့သည်။ ထို့နောက် ၂၀ ရာစုဝန်းကျင်တွင် ဘာသာစကားကို

* ဒေါက်တာ၊ တွဲဖက်ပါမောက၊ ဌာနမှူး၊ မြန်မာစာဌာန၊ ကွန်ပျူတာတက္ကသိုလ်(သထုံ)

သိပ္ပံနည်းကျလေ့လာသော ပညာရပ်သည် အထူးထွန်းကားလာခဲ့ သည်။ ထိုသို့ဘာသာစကားကို သိပ္ပံနည်းကျလေ့လာသော ပညာရှင်များကို ဘာသာဗေဒပညာရှင်များ[1]အဖြစ် သတ်မှတ်ခဲ့ကြသည်။

ဘာသာဗေဒပညာရှင်များက ဘာသာစကားကို လူသားတို့၏စိတ်ခံစားမှုများကို ဖော်ထုတ်ရန်နှင့် ဆက်သွယ်မှုပြုရန် အသုံးပြုကြသည်။ ဘာသာစကားဟူသည် စကားသံများ[2]ဖြင့် ဖွဲ့စည်းထားသော သင်္ကေတ စနစ်[3] တစ်ရပ်ဖြစ်သည်။ ယင်းစနစ်သည် အများသဘောတူသတ်မှတ်ထားသည့် စနစ်တစ်ရပ် ဖြစ်ပါသည်။ ဘာသာစကားတွင် စကားသံများ၊ စကားလုံးများ[4]၊ ဝါကျများ[5]၊ အဓိပ္ပာယ်များ[6] ပါဝင်ပါသည်။ ဘာသာစကား ကို သိပ္ပံနည်းကျလေ့လာရာ၌ ဘာသာစကားအဆောက်အအုံစနစ်များ[7]နှင့် စည်းမျဉ်းစည်းကမ်းများ[8]ပေါ်တွင် အခြေခံ၍လေ့လာပါသည်။ ဘာသာဗေဒပညာရပ်ထဲတွင် ဘာသာရပ် ခွဲပေါင်းများစွာရှိသည့်အနက် လူမှု ဘာသာဗေဒ[9] ပညာရပ်သည်လည်း ၂၀ရာစုနှောင်းပိုင်း ကာလများတွင် အထူးထွန်းကားလာခဲ့သည်။

လူမှုဘာသာဗေဒသည် ဘာသာစကားနှင့် လူမှုအဖွဲ့အစည်းကြားရှိ အပြန်အလှန်ဆက်စပ်မှုကို လေ့လာ သည့်ပညာရပ်ဖြစ်သည်။ ဘာသာစကားတစ်ခုကို လေ့လာရာ၌ ထိုဘာသာစကားကို အမှန်တကယ် ပြောဆိုနေ သော လူမှုဝန်းကျင်ရှိ လူမှုအဖွဲ့အစည်းနှင့် ဆက်စပ်လေ့လာခြင်း ဖြစ်သည်။

လူမှုဘာသာဗေဒဝေါဟာရနှင့်ပတ်သက်၍ ပညာရင်အသီးသီးက အဓိပ္ပာယ်အမျိုးမျိုး။

၂၁–ရာစုအဘိဓာန်တွင် ချိန်ဘာ[10]က

လူ့အဖွဲ့အစည်းတစ်ခုနှင့် ယင်း၏ဘာသာစကား ဆက်နွယ်နေပုံကို လေ့လာသည့်ဘာသာရပ်ဖြစ် သည်[11] ဟု ဖွင့်ဆိုထားသည်။

ဝဲလင်တန်တက္ကသိုလ် အင်္ဂလိပ်စာပေနှင့်ဘာသာစကားဌာနမှ ပညာရှင်တစ်ဦးဖြစ်သူ ဂျေဘီပရိုက်[12]က လည်း လူမှုရေးနှင့်ယဉ်ကျေးမှုကို အစိတ်အပိုင်းတစ်ခုအနေနှင့် အထူးပြုလေ့လာသော ဘာသာရပ်[13]ဖြစ်သည်။ ဟု ဖွင့်ဆိုထားသည်။

ဟတ်ဆန်[14] က ဘာသာစကားကို လူမှုရေးနယ်ပယ်နှင့် ဆက်စပ်လေ့လာခြင်း[15] ဟု ဖွင့ဆိုခဲ့ သည်။

လူမှုဘာသာဗေဒပညာရှင်များထဲတွင် အထူးထင်ရှားသူမှာ ကဗျာဆရာနှင့် ဒဿနိကပညာ ရှင်တစ်ဦး ဖြစ်သူဟာဗာဒ်ကာရိုင်း[16] ဆိုသူဖြစ်သည်။ ကာရိုင်းကလူမှုဘာသာဗေဒ၏ မူရင်းအခေါ် ဖြစ်သော SOCIOLINGUISTICS ဟူသည့်ဝေါဟာရကို ၁၉၅၂–ခုနှစ်တွင် စတင်တီထွင်အသုံးပြု ခဲ့သည်။

---

[1] linguists
[2] speech sounds
[3] sign system
[4] words
[5] sentences
[6] meaning
[7] systems
[8] principles
[9] Sociolinguistics
[10] Chamber
[11] Chamber, 1996, 1330
[12] Pride
[13] Pride, 1970, 287
[14] Hudson
[15] Hudson, 1980, 1
[16] Harver C Currie

ကာရိုင်းက အမေရိကန်ပြည်ထောင်စုတွင် ပြောဆိုသော အင်္ဂလိပ်ဘာသာစကား၏ လူမှုရေး ဆိုင်ရာ သွင်ပြင်လက္ခဏာများကို စူးစမ်းလေ့လာခဲ့သည်။ ကာရိုင်းကဘာသာဗေဒဆိုင်ရာ သုတေသနတွင် ကွက်လပ ဖြစ်နေသည့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို ထောက်ပြခဲ့သည်။

ထို့ကြောင့် လူမှုဘာသာဗေဒဟူသည် ဘာသာစကားကိုလေ့လာရာတွင် သဒ္ဒါဖွဲ့စည်းမှုထက် မည်သူက မည်သူ့ကို မည်သည့်နေရာ မည့်သည့်အချိန်တွင် မည်သည့်ရည်ရွယ်ချက်ဖြင့် ဘာသာစကားကို မည်သို့ မည်ပုံ ပြောဆိုသည်ဟူသော အချက်များကို အဓိကထားပြီး လေ့လာသည့်ပညာရပ်ဖြစ်ပါသည်။

၂။ ဘာသာစကားထိတွေ့မှု

ဘာသာစကားတူသော လူမှုအဖွဲ့အစည်းတွင်ဖြစ်စေ၊ ဘာသာစကားမတူသော လူမှု အဖွဲ့အစည်းတွင် ဖြစ်စေ လူတစ်ဦးနှင့်တစ်ဦးသော်လည်းကောင်း၊ မိသားစုတစ်စုနှင့်တစ်စုသော လည်းကောင်း၊ လူမှုအဖွဲ့အစည်း တစ်ခုနှင့် တစ်ခုသော်လည်းကောင်း ဘာသာစကားချင်းထိတွေ့ပြောဆို ဆက်ဆံကြရသည်။ ထိုမှဘာသာ စကားထိတွေ့မှု[1] ဖြစ်ပေါ်လာပါသည်။ ဘာသာစကားထိတွေ့မှုကို ဖြစ်ပေါ်စေသော အကြောင်းရင်းများစွာ ရှိသည့်အနက် ဧင်ငံရေး[2]၊ စီပွားရေး[3]၊ လူမှုရေး[4] အရ ထိတွေ့မှု တို့သည် အထင်ရှားဆုံးဖြစ်သည်။

၂၊ ၁။ နိုင်ငံရေးအရထိတွေ့မှု

နိုင်ငံရေးအရထိတွေ့မှုဆိုရာ၌ နိုင်ငံတစ်နိုင်ငံ၏နိုင်ငံရေး အပြောင်းအလဲလှုပ်ရှားမှုကြောင့် ဘာသာ စကား အဖွဲ့အစည်း မတူသောလူမျိုးများ ထိတွေ့ဆက်ဆံကြရာမှ နိုင်ငံရေးအရဘာသာစကား ထိတွေ့မှုများ ဖြစ်ပေါ်လာခဲ့သည်။ ထိုသို့နိုင်ငံရေးအရ ဘာသာစကားထိတွေ့ရခြင်း၏ အကျိုးဆက်မှာ အုပ်စိုးသူ၊ အုပ်ချုပ်သူတို့၏ ဘာသာစကားသည် အုပ်ချုပ်ခံ၊ လက်အောက်ခံနိုင်ငံ၏ ဘာသာစကား များအတွင်း ဝင်ရောက်စိုးမိုး နေရာယူလာခြင်းပင်ဖြစ်သည်။ ယင်းကိုနယ်ချဲ့စနစ်ကြောင့် ဖြစ်ပေါ်လာသော ဘာသာစကားထိတွေ့မှုဟု လည်းဆိုကြသည်။

၂၊ ၁။ နိုင်ငံရေးအရထိတွေ့မှု

နိုင်ငံရေးအရထိတွေ့မှုဆိုရာ၌ နိုင်ငံတစ်နိုင်ငံ၏နိုင်ငံရေး အပြောင်းအလဲလှုပ်ရှားမှုကြောင့် ဘာသာ စကား အဖွဲ့အစည်း မတူသောလူမျိုးများ ထိတွေ့ဆက်ဆံကြရာမှ နိုင်ငံရေးအရဘာသာစကား ထိတွေ့မှု များ ဖြစ်ပေါ်လာခဲ့သည်။ ထိုသို့နိုင်ငံရေးအရ ဘာသာစကားထိတွေ့ရခြင်း၏အကျိုးဆက်မှာ အုပ်စိုးသူ၊ အုပ်ချုပ်သူတို့၏ ဘာသာစကားသည် အုပ်ချုပ်ခံ၊ လက်အောက်ခံနိုင်ငံ၏ ဘာသာစကားများအတွင်း ဝင်ရောက်စိုးမိုး နေရာယူလာခြင်းပင်ဖြစ်သည်။ ယင်းကိုနယ်ချဲ့စနစ်ကြောင့် ဖြစ်ပေါ်လာသော ဘာသာ စကားထိတွေ့မှုဟုလည်း ဆိုကြသည်။

နယ်ချဲ့စနစ်အရ အုပ်စိုးခံ (သို့မဟုတ်) အမှီခိုခံနိုင်ငံတစ်ခုက မွေးစား၍သော်လည်းကောင်း၊ ရုံးသုံးစကား အဖြစ်သော်လည်းကောင်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုရေးရာ ကိစ္စအဝဝတို့အတွက် အသုံး ပြုရာတွင် ယင်းနိုင်ငံ၏ မိခင်ဘာသာစကား[5]နှင့် ယှဉ်တွဲ၍ဖြစ်စေ၊ အစားထိုး၍ဖြစ်စေ အသုံးပြုသော စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုအရ အားသာသောနိုင်ငံ၏ စကားကိုဆိုလိုခြင်းဖြစ်သည်။

---

[1] Language Contact
[2] poltical
[3] economical
[4] social
[5] morther tongue

ဤတွင်နိုင်ငံရေးအရ အားသာသူတို့၏ဘာသာစကားကို အားနည်းသ အုပ်ချုပ်ခံတို့က အတုယူ မွေးစား ပြောဆိုကြ၍ အုပ်ချုပ်ခံတို့၏ ဘာသာစကားကိုမူ အားသာသူတို့က အတုယအသုံးပြုခြင်းမရှိပေ။ ထိုဘာသာ စကားသည် အုပ်စိုးခံသူတို့အသုံးပြုသော ဘာသာစကား[၁] ဖြစ်သည်။

နိုင်ငံရေးကြောင့် ဘာသာစကားအချင်းချင်း ထိတွေ့မှုဖြစ်ရာတွင် ဘာသာစကားတိုးပွားခြင်း[၂]၊ မွေးစား စကားလုံးများ[၃] ပေါ်ပေါက်လာခြင်း၊ နှစ်ဘာသာသုံးစနစ်[၄] ဖြစ်ပေါ်လာခြင်းစသည့်ဖြစ်ရပ်များ ကြုံတွေ့ရ လေ့ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအရထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသော ဘာသာစကားမှာ အင်္ဂလိပ် ဘာသာစကား၊ ဂျပန်ဘာသာစကားနှင့် မွန်ဘာသာစကားတို့မှာထင်ရှားသည်။ အင်္ဂလိပ်ဘာသာစကားမှာ မူကမ္ဘာသုံးဘာသာစကား ဖြစ်သည့်အားလျော်စွာ ယနေ့ထက်တိုင် မြန်မာဘာသာစကားနှင့် ထိတွေ့မှု ဆက်လက်ဖြစ်ပေါ်နေပြီး တွင်ကျယ်စွာအသုံးပြုလျက် ရှိသည်ကိုတွေ့ရသည်။ ဂျပန်ဘာသာစကားမှ ရယူ အသုံးပြုထားသည့် စကားလုံးများမှာ ရှေးကအသုံးပြုခဲ့ကြသော်လည်း နောက်ပိုင်းတွင် အသုံးပြုမှု နည်းပါသွားသည်ကို တွေ့ရသည်။ မွန်ဘာသာစကားသည်လည်း နိုင်ငံရေးအရထိတွေ့ခဲ့ပြီး နောက်ပိုင်း တွင် လူမှုရေး အရ ဆက်လက်ထိတွေ့မှု ဖြစ်ပေါ်ခဲ့သည်။

၂၊၂။ စီးပွားရေးအရထိတွေ့မှု

ဒေသတစ်ခုနှင့် တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်နေရာနှင့်တစ်နေရာ ကုန်စည် ကူးသန်း ရောင်းဝယ်ရန် ခရီးသွားလာကြရင်း စီးပွားရေးလုပ်ငန်းများကြောင့် လူတို့တစ်ဦးနှင့်တစ်ဦး၊ လူမျိုးစု တစ်စုနှင့် တစ်စု စကားပြောဆို အဆက်အသွယ်ပြုလုပ်ကြရာမှ ဘာသာစကားများထိတွေ့ကြသည်။ ယင်းကို စီးပွားရေး အရထိတွေ့မှုဟု ဆိုနိုင်ပါသည်။

စီးပွားရေးအရထိတွေ့မှုသည် နယ်စပ်ဒေသများ၊ ဆိပ်ကမ်းဒေသများသည် ထင်ရှားသည်။ နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငကုန်စည် ကူးသန်းရောင်းဝယ်မှုပြုကြခြင်း၊ ကုမ္ပဏီများတည်ထောင်ခြင်း၊ စက်ရုံ များအသစ်ဖွင့်လှစ်ခြင်း စသည့်စီးပွားရေးလုပ်ငန်းများအရ တစ်နေရာနှင့်တစ်နေရာ အပြန်အလှန် သွားလာ၍လုပ်ငန်းများ ကူးလူးဆက်သွယ်ကြရသည်။ ထိုအခါလူမျိုးမတူ၊ ဘာသာစကားမတူသောသူတို့ အချင်းချင်း ထိတွေ့ပြောဆို ဆက်ဆံရာမှအစပြု၍ ဘာသာစကားတို့သည်လည်း ထိတွေ့လာရသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးအရ ထိတွေ့မှုဖြစ်ပေါ်သော ဘာသာစကားများအနက် မြန်မာဘာသာ စကားနှင့် ထိတွေ့မှုအများဆုံးမှာ ပါဠိဘာသာစကား၊ သက္ကတဘာသာစကားနှင့် အင်္ဂလိပ်ဘာသာ စကားပင်ဖြစ်သည်။ ပါဠိဘာသာစကားနှင့် သက္ကတဘာသာစကားက အသုံးပြုသော အိန္ဒိယနိုင်ငံသား တို့သည်ပထမဦးစွာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ ကုန်စည်ကူးသန်း ရောင်းဝယ်ရင်း၊ နယ်မြေသစ်ရှာဖွေရင်း ဝင်ရောက်လာရာ ထိုအိန္ဒိယသားတို့နှင့်အတူ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု များလည်းရောက်ရှိခဲ့သည်။ စီးပွားရေးအရ ထိတွေ့မှုကြောင့် မြန်မာဘာသာ စကား အတွင်း ယနေ့ ထက်တိုင် အသုံးအများဆုံး အထင်ရှားဆုံး ဘာသာစကားမှာ အင်္ဂလိပ်ဘာသာ စကားဖြစ် သည်။ အင်္ဂလိပ်တို့သည် ပထမဦးစွာ စီးပွားရေးအရ မြန်မာနိုင်ငံသို့ဝင်ရောက်လာခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံရေး အရထိတွေ့ခဲ့ကြ သည်။ ယနေ့ခေတ်တွင်မူ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ အရ ထိတွေ့မှုများ ဆက်လက် ဖြစ်ပေါ်လျက်ရှိ သည်။

---

[၁] language of the ruler
[၂] language derivation
[၃] loan words
[၄] bilingualism

၂၃။ လူမှုရေးအရထိတွေ့မှု

ဘာသာစကားမတူသော လူ့အဖွဲ့အစည်းနှစ်ခုရှိ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ထိတွေ့ရင်းနှီးပေါင်းသင်း ဆက်ဆံကြရာမှ မတူသောဘာသာစကားနှစ်ခု ထိတွေ့ကြခြင်းသည် လူမှုရေးအရထိတွေ့မှု ပင်ဖြစ်ပါသည်။ လူမှုရေးအရထိတွေ့မှုတွင် ဘာသာစကားမတူသော လူ့အဖွဲ့အစည်းများ ယဉ်ကျေးမှုအရ ဘာသာစကား ကူးလူးဆက်ဆံခြင်း၊ ဘာသာရေးအရ ဘာသာစကား ကူးလူးဆက်ဆံခြင်း၊ ပညာရေးအရ ဘာသာစကား ကူးလူးဆက်ဆံခြင်းတို့လည်း ပါဝင်ပါသည်။

ပြည်ထောင်စုတစ်ခု (သို့မဟုတ်) နိုင်ငံတစ်နိုင်ငံအတွင်း ဘာသာစကားမတူသော တိုင်းရင်းသား လူမျိုးအချင်းချင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင် ပေါင်းသင်းဆက်ဆံကြရာမှ ဘာသာစကားထိတွေ့မှု ဖြစ်ပေါ် နိုင်ပါသည်။

လူမျိုးစုတစ်စုနှင့်တစ်စု၊ တစ်နေရာနှင့်တစ်နေရာ၊ ဒေသတစ်ခုနှင့်တစ်ခု ယုံကြည်ကိုးကွယ်သော အယူဝါဒ များကိုအကြောင်းပြု၍ ဘာသာစကားမတူသော လူ့အဖွဲ့အစည်းများကြား ဘာသာစကား ထိတွေ့မှုများ ဖြစ်ပေါ်နိုင်ပါသည်။

ယနေ့တိုးတက်ထွန်းကားလာသော သိပ္ပံခေတ်ကြီးတွင် ခေတ်မီသိပ္ပံနည်းပညာရပ်များကို သင်ယူ ရာမှလည်းကောင်း၊ မသင်မနေရအနေဖြင့် နိုင်ငံခြားဘာသာရပ်များကို သင်ယူရာမှ လည်းကောင်း၊ ပညာရေး နှီးနှောဖလှယ်ပွဲများအရ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ပညာရပ်များနှီးနှော ဖလှယ် ကြရာမှ လည်းကောင်း ပညာရေးအရ ဘာသာစကားထိတွေ့မှုများ ဖြစ်ပေါ်ခဲ့ကြသည်။

ဤသို့ ဘာသာစကားအဖွဲ့အစည်းမတူသော ဘာသာစကားများအချင်းချင်း ယဉ်ကျေးမှုအရ လည်းကောင်း၊ ဘာသာရေးအရလည်းကောင်း၊ ပညာရေးအရလည်းကောင်း ထိတွေ့မများ ဖြစ်ပေါ်ကြ သည်။ ထိုထိတွေ့မှုများသည် လူမှုရေးအရ ဘာသာစကားထိတွေ့မှုများတွင် အကျုံးဝင်ပါသည်။

မြန်မာနိုင်ငံတွင် လူမှုရေးအရ မြန်မာဘာသာစကားနှင့် ထိတွေ့မှုဖြစ်ပေါ်ခဲ့သော ဘာသာ စကားများ များစွာရှိသည့်အနက် ပါဠိဘာသာစကား၊ သက္ကတဘာသာစကား၊ မွန်ဘာသာစကား၊ ရှမ်း ဘာသာစကား၊ အင်္ဂလပ်ဘာသာစကားတို့မှ စကားလုံးများမှာ မြန်မာဘာသာစကားအတွင်း ယနေ့ ထက်တိုင် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက် ရှိသည်ကိုတွေ့ရသည်။

အိန္ဒိယမှဝင်ရောက်လာသော အိန္ဒိယသားတို့နှင့်အတူ ဗုဒ္ဓအယူဝါဒလည်း ရောက်ရှိခဲ့သည်။ ထိုအိန္ဒိယ သားတို့နှင့် ထိတွေ့ဆက်ဆံရာမှ လည်းကောင်း၊ ပါဠိပိဋကတ်တော်များကိုလေ့လာရာမှ လည်းကောင်း ပါဠိဘာသာစကားနှင့် သက္ကတဘာသာစကားမှ စကားလုံးတို့သည် မြန်မာဘာသာ စကားအတွင်း ဘာသာရေးကို အကြောင်းပြု၍ လူမှုရေးအရ ဝင်ရောက်လာခဲ့သည်။

မွန်ဘာသာစကားပြောသော မွန်လူမျိုးနှင့် ရှမ်းဘာသာစကားပြောသော ရှမ်းလူမျိုးတို့မှာ မြန်မာတစ်နိုင်ငံ အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများဖြစ်ပါသည်။ သို့သော် မြန်မာ ဘာသာစကားနှင့် ဘာသာစကားအဖွဲ့အစည်းမတူသော ဘာသာစကားများဖြစ်ကြသည်။ ဤတွင် တိုင်းရင်းသား အချင်းချင်းလူမှုရေးအရ ထိတွေ့ရာမှ မြန်မာဘာသာစကားအတွင်း မွန်ဘာသာစကားနှင့် ရှမ်းဘာသာစကားမှ စကားလုံးများ ဝင်ရောက်လာခဲ့ပါသည်။

ဘာသာစကားမတူသည့် လူ့အဖွဲ့အစည်းနှစ်ခုတို့သည် အထက်ပါနိုင်ငံရေး၊ စီးပွားရေးနှင့် ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှုစသည့် လူမှုရေးအကြောင်းတစ်စုံတစ်ရာကြောင့် ဆုံစည်းမိကြသော အခါ ဘာသာစကား ထိတွေ့မှုများ ဖြစ်ပေါ်လာပါသည်။

ဘာသာစကားအဖွဲ့အစည်းမတူသော ဘာသာစကားနှစ်ခုထိတွေ့ရာမှ အောက်ပါဖြစ်ရပ်များ ဖြစ်ပေါ် လာနိုင်ပါသည်။



ပုံတွင် ဘာသာစကားအဖွဲ့အစည်း A နှင့် ဘာသာစကားအဖွဲ့အစည်း B တို့သည် ဘာသာစကား အဖွဲ့အစည်း မတူကြပေ။ ထိုမတူသော အဖွဲ့အစည်းနှစ်ခုသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အကြောင်းရင်းများအနက် အကြောင်းရင်းတစ်ခုခုကြောင့် ဆုံစည်းမိကြသောအခါ ဘာသာစကား ထိတွေ့မှု ဖြစ်ပေါ်လာပါသည်။ ပုံတွင် မျဉ်းစောင်းပြထားသောနေရာသည် ဘာသာစကားအဖွဲ့အစည်း A နှင့် ဘာသာစကားအဖွဲ့အစည်း B တို့ ထိတွေ့ရာနေရာဖြစ်ပြီး ထိတွေ့မှုကာလပေါ်မူတည်၍ အပြန် အလှန် သက်ရောက်မှု ဖြစ်ပေါ်လာသည့် ဘာသာစကားထိတွေ့မှုဇရိယာ (သို့မဟုတ်) သက်ရောက်မှု ဇရိယာ[၁] ဖြစ်သည်။

ထိုသက်ရောက်မှုဇရိယာအတွင်း ဘာသာစကားပြောင်းလဲမှုဖြစ်နိုင်သည်။ ဘာသာစကား အဖွဲ့အစည်း A နှင့် ဘာသာစကားအဖွဲ့အစည်း B တို့ ထိတွေ့ရာနေရာ၌ ဘာသာစကားအဖွဲ့အစည်း Aတွင် လည်းကောင်း၊ ဘာသာစကားအဖွဲ့အစည်း B တွင်လည်းကောင်း ပြောင်းလဲမှုဖြစ်ပေါ်နိုင်သည်။ တစ်ခါ တစ်ရံ ဘာသာစကားအဖွဲ့အစည်း A နှင့် ဘာသာစကားအဖွဲ့အစည်း B နှစ်ခုစလုံးတွင် ပြောင်းလဲခြင်း ဖြစ်ပေါ်နိုင်ပါသည်။ ပြောင်းလဲရာ၌ ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲနိုင်သကဲ့သို့ အနည်းအကျဉ်း ပြောင်းလဲခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိတွေ့မှုအတိုင်းအတာ အချိန်ကာလများလေ ပြောင်းလဲခြင်းများ လေ ဖြစ်နိုင်ပါသည်။

ဘာသာစကားထိတွေ့မှုကြောင့် ဘာသာစကားပြောင်းလဲမှု ဖြစ်ပေါ်နိုင်ပါသည်။ ဘာသာစကား ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသော ဘာသာစကားပြောင်းလဲမှုကို ပြင်ပပြောင်းလဲမှု[၂]ဟု ခေါ်ပါသည်။ ပြင်ပပြောင်းလဲမှု၏ ထင်ရှားသော ဝိသေသလက္ခဏာတစ်ရပ်မှာ စကားလုံးချေးငှားခြင်း ဖြစ်ပါသည်။

၃။ ဘာသာစကားထိတွေ့မှုပုံစံများ

ဘာသာစကားအဖွဲ့အစည်းမတူသော ဘာသာစကားများထိတွေ့ကြရာ၌ ဘာသာစကားတို့သည် အောက်ဖော်ပြပါ ထိတွေ့မှုပုံစံများဖြင့် ထိတွေ့ခဲ့ကြပါသည်။ ယင်းတို့မှာ –

(၁) တိုက်ရိုက်ချေးငှားခြင်း[၃]

(၂) အသံဖလှယ်ချေးငှားခြင်း[၄]

(၃) ဘာသာပြန်မွေးစားခြင်း[၅]

---

[၁] area of interation

[၂] external change

[3] borrowing

[4] borrowing transliteration

(၄) ပေါင်းစပ်မွေးစားခြင်း[4]

(၅) အတိုကောက်အသုံးပြုခြင်း[5]

(၆) စကားသင်္ကေတရောသုံးခြင်း[6] တို့ ဖြစ်ပါသည်။

ဘာသာစကားအဖွဲ့အစည်းမတူသော ဘာသာစကားတို့ အချင်းချင်းထိတွေ့ရာတွင် အထက်ပါ ထိတွေ့မှုပုံစံများဖြင့် အများဆုံးထိတွေ့ကာ စကားလုံးများ ရယူအသုံးပြုထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၃၊၁။ တိုက်ရိုက်ချေးငှားခြင်း

